

အဏ္ဏဝါစိုးမိုး
အဖေအလိုရှိသည်

ကျွန်တော်သည် သင်္ဘောသားဘဝအနှစ် ၂၀ အတွေ့အကြုံတွေကို (**အဏ္ဏဝါခရီးသည်**) (**ပင်လယ်ပျော်ကြီး**) နှင့် (**အိုပယ်ကြီး၏နောက်ဆုံးနေ့များ**) စာအုပ်ကြီးသုံးအုပ်ကို ရေးပြီးသွားသောအခါ ရင်ထဲမှာ ပေါ့သွားသည်။ ဝတ္ထုရှည်တွေ ရေးရန် ဇာတ်လမ်းဆင်ထားသည့် မှတ်စုလေးတွေကို စတင်ကိုင်တွယ်ကြည့်သည်။ ရေးတော့မည်ဟု ရည်ရွယ်သည်။ ဝတ္ထုရှည်ရေးရန်ပျင်းသည့် အကျင့်က ပြန်ပေါ်လာပြန်သဖြင့် မရေးဖြစ်ဘဲ ကြာသွားပြန်သည်။

သင်္ဘောသားဘဝအနှစ် ၂၀ အတွေ့အကြုံတွေရဲ့ ရှေ့ပိုင်းဘဝလို့ဆိုရမည့် ကျွန်တော်၏ငယ်ဘဝမှ သင်္ဘောသား ဖြစ်တဲ့အထိ ကိုယ်ရေးအတ္ထုပ္ပတ္တိစာအုပ်ကို ရေးပြန်သောအခါ ဝတ္ထုတွေဘက်ကို မလှည့်နိုင်ဖြစ်သွားပြန်သည်။ ကျွန်တော့်ငယ်ဘဝမှ သင်္ဘောသားဖြစ်တဲ့အထိ အတ္ထုပ္ပတ္တိကို ရေးသားထားသည့် (**နှစ်ပေါင်းလေးဆယ်ကြာသောခါဝယ်**) စာအုပ်ကို ရေးသားပြီးသောအခါမှာတော့ ကျွန်တော့်ရဲ့ စာပေတာဝန် ကျေပြွန်ပြီလို့ တောင် ခံယူလိုက်ပါသည်။ ရင်ထဲမှာလည်း ပေါ့သွားပါသည်။ ဝတ္ထုရှည်တွေ ရေးကြည့်ဦးမည်ဟု ဆုံးဖြတ်လိုပ်ပါသည်။

ဝတ္ထုရှည်တွေရေးရန် ဇာတ်လမ်းဆင်ထားသည့် မှတ်စုတွေထဲက (**အမှောင်ထဲကအဖေ**) အမည်ဖြင့်ရေးရန် ရည်ရွယ်ထားသော ဝတ္ထုဇာတ်လမ်းကို (**အဖေအလိုရှိသည်**) အမည်ဖြင့် ရေးသားလိုက်ပါသည်။

ပင်ကိုယ်စရိုက်ကို အောင့်အီးမျိုသိပ်ဖုံးဖိထားရသည့် လူကြီးလူကောင်းတစ်ယောက်နှင့် ကျေးဇူးရှင်မိသားစု၏ ဂုဏ်သိက္ခာကို အဝပျက်ချပြီး တုံ့ပြန်ပေးဆပ်သည့် အိမ်ဖော်မတစ်ယောက်၏ အကြောင်းဖြစ်ပါသည်။

ကျေနပ်ကြလိမ့်မည်ဟုထင်ပါသည်။

## ( ၁ )

ရန်ကုန်မြို့ရှိ အဆင့်မြင့်အိမ်ရာ ရပ်ကွက်ထဲက လုံးချင်းတိုက်၏ ခြံဝန်းကျယ်ကြီးတစ်ခုရှေ့မှာ စာနယ်ဇင်းအသီးသီးက သတင်းသမားအုပ်စုတစ်စု ရောက်ရှိနေကြသည်။ ဆယ်ယောက်ခန့်ရှိသည့် အုပ်စုထဲမှာ အမျိုးသမီးသုံးလေးယောက်လောက်ပါသေးသည်။ တစ်ချို့က ကင်မရာတွေကို လည်ပင်းမှာချိတ်ဆွဲထားကြသည်။ အများစုကတော့ ကင်မရာနှင့်အတူ အသံဖမ်းကစ်ဆက်ကလေးတွေ ကိုယ်စီပါကြသည်။ တစ်ချို့က ကိုယ်ပိုင်ကားဖြင့် လာကြဟန်တူသည်။ ခြံဝင်းကြီးရှေ့မှာ ကိုယ်ပိုင်ကားနှစ်စီး ရပ်ထားတာတွေ့ရသည်။

နံနက်-၇ နာရီမျှသာရှိသေးသည်။ ခြံဝင်းကြီး၏တံခါးမဖွင့်သေးလို့ အိမ်ထဲကိုဝင်ခွင့်ရရန် စောင့်နေကြတာဖြစ်သည်။

ခြံဝင်းကြီး၏ သံတံခါးမြင့်မြင့်ကြီးသည် အမြဲပိတ်ထားသောတံခါး ဖြစ်သည်။ ခြံဝင်းထဲမှာရှိသည့် အိမ်လှလှကြီးက တစ်ယောက် တစ်လေ အပြင်ကိုသွားစရာရှိမှ ဖွင့်ပေးသောတံခါးကြီးဖြစ်သည်။

ဒီအိမ်ကြီးထဲကို အိမ်ရှင်၏ခွင့်ပြုချက်မရဘဲ ဘယ်သူမှ ဝင်ခွင့်မရှိသော ခြံဝင်းဖြစ်သည်။ ခြံစောင့်၊ တံခါးစောင့်၊ ဂိတ်စောင့် လူတစ်ယောက်အမြဲရှိသော်လည်း ခြံပိုင်ရှင်၊ အိမ်ပိုင်ရှင်၏ ခွင့်ပြုချက်ရမှသာ ဒီတံခါးကြီးကိုဖွင့်ပေးသည်။ ဒါကို သိလျက်ဖြင့် ဒီခြံထဲကိုဝင်ပြီး ဒီအိမ်ပိုင်ရှင်နှင့် တွေ့ဆုံမေးမြန်းခွင့်ရရန် စောင့်နေကြသော သတင်းထောက်တွေဖြစ်သည်။

သတင်းသမားတွေဖြစ်လို့ သတင်းဦးသတင်းထူးကို သူ့ထက်ငါ အလျင်ဦးအောင်ရယူဖို့ လာကြတာဖြစ်သည်။ ခြံဝင်းကြီးထဲကို ဝင်ခွင့်ရမည် မရဘူးဆိုတာ မသိကြသေး ဖြစ်နေသည်။ ခြံဝင်းကြီးထဲကိုဝင်ခွင့်ရပြီးနောက် ခြံပိုင်ရှင် အိမ်ပိုင်ရှင်ဖြစ်သည့် မိမိတို့တွေ့ဆုံမေးမြန်းလိုသူနှင့် တွေ့ဆုံခွင့်ရမည် မရဘူးဆိုတာကိုလည်း မသိကြသေးဘဲ မျှော်လင့်ချက်ဖြင့် စောင့်နေကြခြင်းဖြစ်သည်။

ဒီအိမ်နှင့်ခြံဝင်းကြီးရှေ့ကို သတင်းသမားတွေ ရောက်လာကြသည့်အကြောင်းက၊ ယနေ့ထုတ် နေ့စဉ်သတင်းစာတွေမှာ ပါလာသည့် ကြော်ငြာတစ်ခုကြောင့် ဖြစ်သည်။ ဒီကြော်ငြာသည် သတင်းသမားလောက တစ်ခုလုံးကိုသာမက ရုပ်ရှင်လောက တစ်ခုလုံးကို အုန်းအုန်းထအောင် လှုပ်လှုပ်ရွရွ ဖြစ်သွားစေခဲ့သည်။ သတင်းစာပါကြော်ငြာက အောက်ပါအတိုင်းဖြစ်သည်။



# အဖေအလိုရှိသည်

ကျွန်မ၏အဖွားဖြစ်သူ ဒေါ်အေးတင်သည် ရန်ကုန်မြို့ရှိ လူကုံထံ ရပ်ကွက်ကြီးတစ်ခုက သူဌေးတစ်ယောက်၏ အိမ် တွင် ထမင်းချက်၊ အဝတ်လျှော်ဘဝဖြင့် သူဌေး၏ခြံထဲတွင် တဲအိမ်လေးဖြင့်နေခဲ့ရစဉ်က၊ အဖွား၏သမီးပျိုလေး မခင်အေး (ခေါ်) မိပေါက်စကို ညအမှောင်ထဲမှာ မှားယွင်းစွာ မဖွယ်မရာ ကျူးလွန်ခဲ့သည့် ကျွန်မ၏အဖေကို တွေ့လိုပါသည်။

မခင်အေးသည် ကျွန်မ၏မိခင်ဖြစ်ပါသည်။ အမေ့ အသက် တစ်ဆယ့်ရှစ်နှစ်အရွယ်မှာ မှားယွင်းစွာ ကျူးလွန်ခဲ့သည့် အမှောင်ထဲကအဖေ အလင်းကိုထွက်လာပြီး သမီးကို တွေ့ခွင့်ပြုစေလိုပါသည်။ အဖေ့ကို သမီးတွေ့ချင်ပါသည်။ အဖေ့ကို သမီး အလိုရှိနေပါသည်။

**မိုးနတ်ကြွနွာနွယ်-**
**(ရုပ်ရှင်သရုပ်ဆောင်)**

ဒီသတင်းသည် သာမန်ပြည်သူတစ်ယောက်က ကြော်ငြာလျှင် သတင်းဖတ်ပြည်သူတွေနှင့် သတင်းသမားတွေ ဒါလောက် စိတ်ဝင်စားကြမည် မဟုတ်သော်လည်း နိုင်ငံကျော်ရုပ်ရှင်သရုပ်ဆောင်မင်းသမီး မိုးနတ်ကြွနွာနွယ်က ကြေညာလိုက်သည့်အတွက် သတင်းစာ ဖတ်မိသူအားလုံး စိတ်ဝင်စားသွားကြခြင်းဖြစ်သည်။ ဂျာနယ်နှင့် သတင်းစာစောင်အသီးသီးက သတင်းထူးကို သတင်း လက်ဦးမှုရအောင် ရုပ်ရှင်သရုပ်ဆောင် မိုးနတ်ကြွနွာနွယ်၏ အိမ်ရှေ့ကို စောစောစီးစီး ရောက်နေကြခြင်းဖြစ်သည်။

အလွန်လျင်သည့် သတင်းသမားတွေပီပီ မင်းသမီး မိုးနတ်ကြန္နာနွယ်နှင့်တွေ့ပြီး ဗျူးခွင့်ရလျှင်မေးမည့် မေးခွန်းတွေကို မှတ်စုစာအုပ်မှာ ကြိုတင်ရေးမှတ်နေကြသည်။ ခြံဝင်းတံခါးကြီး ပွင့်လာပြီး တစ်စုံတစ်ယောက်က ထွက်မေးမည့်အချိန်ကို စောင့်နေကြသည်။

နံနက် ၉-နာရီလောက်ရောက်တော့မှ ခြံဝင်းတံခါးကြီး၏သော့ကိုအတွင်းက ဖွင့်သံကြားရသည်။ သော့ပွင့်သွားသည်နှင့် ထင်ထားကြသည့်အတိုင်းပင် ခြံစောင့်အမျိုးသားကြီးက ခြံပြင်ကိုထွက်လာပြီးမေးသည်။

" ဘာကိစ္စရှိကြပါသလဲခင်ဗျာ "

" ထုံးစံအတိုင်းပဲပေါ့ ဦးလေးရယ်၊ ကျွန်တော်တို့က သတင်းထောက်တွေပဲ မင်းသမီးကို တွေ့ခွင့်တောင်းပြီး မေးချင်တာတွေ မေးမလို့ပါ "

" ဘယ်သတင်းစာတိုက်ကလို့ပြောရမလဲခင်ဗျာ "

" သတင်းစာတိုက်တွေက မဟုတ်ပါဘူး၊ မဂ္ဂဇင်းနှင့်ဂျာနယ်တိုက်တွေကပါ "

" ဟုတ်ကဲ့ ဟုတ်ကဲ့၊ ကျွန်တော်သတင်းပို့လိုက်ပါ့မယ်"

ခြံစောင့်အမျိုးသားကြီးသည် ဟထားသည့်ဝင်းတံခါးကြီးကို ပြန်ပိတ်လိုက်ပြီး အတွင်းက ကလန့်ထိုးလိုက်သည့် အသံကိုပါ ကြားလိုက်ရသည်။ သူ့တာဝန်အရ သတိကြီးစွာဖြင့် လုံခြုံရေးတာဝန်ကို ထမ်းဆောင်နေတာဖြစ်မည်။

ခြံစောင့်ကြီးသတင်းသွားပို့တာ ၁၅ မိနစ်လောက်တောင်ကြာသည်။ ခြံစောင့်ကြီးပြန်ရောက်လာပြီး တံခါးဖွင့်ပေးသည်။



သတင်းသမားတို့၏ ကားတွေရောလူတွေပါ ခြံဝင်းထဲကိုဝင်ပြီးသောအခါ ဝင်းတံခါးကြီးကို ပြန်ပိတ်ထားလိုက်တာတွေ့ရသည်။

ခြံဝင်းကြီးသည် ပေတစ်ရာပတ်လည်ခန့် ကျယ်မည်ဟု ခန့်မှန်းရသည်။ နှစ်ထပ်တိုက်ကြီးကို ခြံဝင်းကျယ်အောင်ဆိုသည့် ရည်ရွယ်ချက်ဖြင့် နောက်ကိုကပ်ဆောက်ထားသည်။ ခြံဝင်းကြီးထဲက အိမ်ရှေ့ကွက်လပ်မှာဧည့်ခံပွဲ၊ ပါတီပွဲတွေပြုလုပ်နိုင်လောက်သည့် နေရာအကျယ်အဝန်းထားလို၍ အိမ်ကိုနောက်ဆုတ်ပြီး ဆောက်ထားသည့် လက္ခဏာတွေ့ရသည်။

ခြံစောင့်ကြီးသည် သတင်းထောက်တွေကို အိမ်ကြီး၏မှန်တံခါးကြီးအနီးကိုရောက်အောင် ပို့ပေးသည်။ အိမ်ကြီး၏ ဝင်ပေါက်ဖြစ်သည့် မှန်တံခါးကြီးပွင့်လာသောအခါ အိမ်တွင်းက အိမ်ဖော်လို့ထင်ရသည့် ကလေးမတစ်ယောက်က ကြိုဆိုပါသည်။ ကလေးမသည် သတင်းထောက်တွေကို အသင့်ချခင်းထားသည့် ကုလားထိုင်တွေမှာ ထိုင်ကြပါဟုပြောသည်။ ကြိုဆိုသူက ထိုင်ကြပါဆိုတော့ အမျိုးသားတွေက ခေါင်းရင်းဘက်ကျကျ ကုလားထိုင်တွေမှာ နေရာယူကြသည်။ အမျိုးသမီး သုံးလေးယောက်က ခြေရင်းဘက်ကျကျမှာ နေရာယူလိုက်ကြသည်။

ဧည့်ခန်း၏ ထိပ်ဆုံးက နှစ်ယောက်ထိုင် ဆိုဖာကြီးမှာ မင်းသမီး မိုးနတ်ကြန္နာနွယ် ထိုင်မည်ဆိုတာကို အားလုံးကသိနေကြသည့်အတွက် ဘယ်သူမှဝင်မထိုင်ဘဲ နေရာသီးသန့်ပေးထားကြသည်။

သတင်းသမားတွေ နေရာယူပြီးသည်နှင့် မကြာမီမှာပင် အသက်ငါးဆယ်အရွယ်မျှသာရှိဦးမည့် အမျိုးသမီးကြီးတစ်ဦး အ

ခန်းတစ်ခုထဲက ထွက်လာသည်။ အိမ်နေရင်းဝတ်သည့် အဝတ်အစားတွေကိုပင် သပ်ယပ်စွာဝတ်ထားသည်။ စိတ်နေသဘောထားကလည်း ရိုးသားမည့်ပုံ မြင်တွေ့ရသည်။ သွားပေါ် ရှုံ့မဲ့ပြုံးပြီး အားလုံးကိုနှုတ်ဆက်သည်။

"ခဏလေးစောင့်ကြပါနော်၊ သမီး ရေချိုးခန်းဝင်နေလို့ပါ"

အမျိုးသမီးကြီးကပြောပြီး သူကိုယ်တိုင်လည်း နှစ်ယောက်ထိုင်ဆိုဖာကြီးပေါ်မှာ ဝင်ထိုင်သည်။ မင်းသမီး၏အမေ ဒေါ်ခင်အေးဖြစ်တယ်ဆိုတာ သိသာလှသည်။ မင်းသမီးထွက်လာလျှင် မင်းသမီးနှင့်အတူ သူပါရှိနေမည်ဆိုသည့်သဘော ဖြစ်သည်။ သတင်းထောက်တွေကို ဘယ်သတင်းစာတိုက်ကလဲ၊ ဘယ်ဂျာနယ်တိုက်ကလဲ စသည်ဖြင့် ယဉ်ယဉ်ကျေးကျေး မေးသည်။ စစ်ဆေးသည့် သဘောမျိုးမဟုတ်ဘဲ သိချင်လို့မေးတာဖြစ်သည်။ သတင်းထောက်တွေကလည်း ရည်မွန်ယဉ်ကျေးစွာ ပြန်ဖြေကြသည်။

ဒီအချိန်မှာပဲ အဆင့်အတန်းရှိသည့် ပဲရစ်ရေမွှေးနံ့ကို ရလိုက်ကြသည်။ အပေါ်ထပ်မှ အောက်ထပ်ဧည့်ခန်းကို ဆင်းသည့် လှေခါးထိပ်မှာရုပ်လျှက်ပေါ်လာသည့် မင်းသမီး မိုးနတ်ကြာနွယ်ကို မြင်တွေ့လိုက်ကြရသည်။ ရွှေပဒုံကြာအချပ်ကို လေအဟုန်လာဟပ်စဉ်က ကညာနတ်ထွက်ခဲ့တယ်ဆိုသည့် စာဘစ်ချိုးကို သတိရလိုက်ကြသည်။ သတင်းထောက်တွေအားလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားကြသည်။

မိုးနတ်ကြာနွယ်သည် သတင်းသမားတွေအားလုံးကို ပြုံးပြပြီး အသိအမှတ်ပြုသည့်အနေဖြင့် လက်ပြနှုတ်ဆက်သည်။



နာမည်ကြီး သတင်းဂျာနယ်တွေက မျက်မှန်းတန်းမိနေသည့် သတင်းထောက်တွေကို နာမည်မခေါ် ရှုံ့ပြုံးပြပြီး လှေခါးမှ ခပ်သွက်သွက် ဆင်းလာသည်။

" စောင့်နေကြရတာ အားနာစရာကောင်းလိုက်တာ၊ မိုး ရေချိုးတာ နည်းနည်းကြာသွားတယ် "

မိုးနတ်ကြာနွယ်က လှေခါးမှဆင်းလာပြီး ဧည့်ခန်းကို ရောက်သည်နှင့် ပြောသည်။ သတင်းထောက်တွေရှေ့မှ ခါးလေးကုန်းပြီး လျှောက်သွားသည်။ သူ့မိခင်ထိုင်နေသည့် နှစ်ယောက်ထိုင်ဆိုဖာကြီးမှာ သူ့မိခင်နှင့်အတူ ဝင်ထိုင်လိုက်သည်။

" ကဲ၊ မိုးဘာကူညီရမလဲ "

" ကျွန်တော်တို့သိချင်တာတွေ မေးခွင့်ပြုပါခင်ဗျာ "

" မေးပါရှင်၊ ကျွန်မ ဖြေနိုင်လျှင်ဖြေပါ့မယ် "

" ဒီနေ့ သတင်းစာမှာပါတဲ့ ကြော်ငြာကိစ္စမေးပါရစေ"

" ဒီနေ့ သတင်းစာမှာပါတဲ့ ကြော်ငြာကိစ္စက မေးစရာမလိုပဲ၊ ရှင်းအောင်ကြော်ငြာထားသားပဲ "

သတင်းထောက်တွေလှုပ်လှုပ်ရွရွဖြစ်နေကြသည်။ ဓာတ်ပုံရိုက်ယူနေကြသည့်အတွက် လျှပ်လက်သည့်မီးတွေ ဝင်းကနဲလင်းကနဲဖြစ်နေသည်။ အသံဖမ်းစက်ကလေးတွေကို ထုတ်ယူပြီး အသံဖမ်းယူနေကြသည်။

" မင်းသမီးရဲ့အဖေ ဘယ်သူဘယ်ဝါဆိုတာ မသိဘူးဆိုတဲ့သဘောလား "

" မိုးက မသိဘူးဆိုပေမဲ့ မိုးရဲ့အမေ ဟောဒီအန်တီက မသိဘူးလား "

" မိုးရဲ့ အမျိုးသားမှတ်ပုံတင်မှာ အဖေနာမည် မပါဘူးလား"

မင်းသမီးမိုးနတ်ကြာနွယ်သည် ဘယ်သူမေးတာကိုမှ မဖြေဘဲ ပြုံးပြီးနားနှစ်ဘက်ကို လက်ဝါးနှစ်ဘက်ဖြင့် ပိတ်ထားသည်။ အမေးခံရတာတွေကို စိတ်ဆိုးလို့ မကြားနိုင်လို့ နားပိတ်ထားတာမဟုတ်၊ ဘယ်ကစပြီး ဖြေရမှန်းမသိလို့ အာရုံနောက်ပြီး မဖြေတတ်လို့ နားပိတ်ထားတာဖြစ်သည်။ ရုပ်ရှင်သရုပ်ဆောင်ဖြစ်လို့ အမူအရာလုပ်သလိုဖြစ်နေသည်။ ရုပ်ချောသည့် မင်းသမီး ပြုံးရယ်ပြီး နားပိတ်ထားတော့ ချစ်စရာကောင်းနေသည်။

ရုပ်ရှင်မင်းသမီး မိုးနတ်ကြာနွယ်သည် အသက်သုံးဆယ်ပင်မပြည့်သေးလို့ နုနယ်ပျိုမြစ်ဆဲပင်ရှိသေးသည်။ အမေနဲ့တူလို့ ချောတာဖြစ်မည်။ အဖေနဲ့တူလို့ အသားဖြူပြီး အရပ်ရှည်တာဖြစ်မည်။ ကိုယ်လုံးကိုယ်ပေါက်လှတာကတော့ ဘဝအကျိုးပေးကောင်းသူဖြစ်လို့ ခန္ဓာကိုယ်အချိုးအဆစ်ပြေပြစ်တာဖြစ်မည်။ သူ့အသားအရောင်နှင့်လိုက်ဖက်သည့် အပြာနုရောင်ဝမ်းဆက်လက်ရှည်ကို ဝတ်ထားသည်။

မိုးနတ်ကြာနွယ်သည် နားနှစ်ဘက်ကိုအုပ်ထားသည့် လက်တွေကိုဖယ်လိုက်ပြီး ပြုံးပြုံးရွှင်ရွှင်ပြောသည်။

" အဲဒီလို တပြိုင်တည်းဝိုင်းမေးနေကြတော့ မိုး ဘယ်သူ့ကို ဖြေရမှန်းမသိဖြစ်နေပြီ၊ တစ်ယောက်ပြီးမှ တစ်ယောက် မေးကြပါရှင် "

" မိုးရဲ့အဖေ ဘယ်သူဆိုတာ တကယ်မသိဘူးလား "

" အဲဒီမေးခွန်းကို မိုးကိုမမေးဘဲ မိုးရဲ့မေမေ ကိုမေးပါ "



" အန်တီဖြေပေးပါ "

" သားတို့သမီးတို့ သတင်းစာဖတ်ပြီးပြီဆိုလျှင် ဒီမေးခွန်းကို ဖြေစရာမလိုဘူးထင်တယ်၊ ဒီမေးခွန်းရဲ့အဖြေဟာ သတင်းစာထဲမှာ ပါပြီးသားပါ "

" အမှောင်ထဲက အဖေဆိုတာ ဘာကိုဆိုလိုပါသလဲ "

" အမှောင်ထဲက အဖေဆိုတာ အမှောင်ထဲကအဖေပဲပေါ့၊ အမှောင်ထဲမှာ အန်တီ့ဆီကို ရောက်လာတဲ့လူပဲပေါ့ "

" ဘယ်သူဘယ်ဝါဆိုတာကို အန်တီတကယ်မသိခဲ့ဘူးလား "

" မသိခဲ့ဘူး၊ သိအောင်လည်း မကြိုးစားရဲဘူး "

" ဘာကြောင့်ပါလဲ "

" အဲဒီတုန်းက အန်တီတို့ရဲ့ဘဝနှင့်အခြေအနေဟာ အသံမထွက်ရဲဘူး၊ မလှုပ်ရဲဘူး၊ ဘယ်သူပဲမှားမှား၊ အန်တီတို့ပဲ ဘဝပျက်မယ်ဆိုတာ သိနေလို့ ညအမှောင်ထဲမှာ အန်တီ့ကို ကျူးလွန်ခဲ့တာ ဘယ်သူဘယ်ဝါဆိုတာကို သိအောင်မကြိုးစားရဲပဲ ငြိမ်ခံခဲ့ရတာပါ "

ဒေါ်ခင်အေးပြောတာတွေဟာ စိတ်ဝင်စားစရာကောင်းလာသည်။ ဒေါ်ခင်အေး၏ဘဝမှာ စိတ်ဝင်စားစရာကောင်းသည့် ဇာတ်လမ်းတစ်ပုဒ် ရှိနေခဲ့ပြီဆိုတာ သေချာသည်။ ညမှောင်မှောင်မှာ မိမိကို သားမယားအဖြစ် ပေါင်းသင်းဆက်ဆံခဲ့သူဟာ ဘယ်သူဘယ်ဝါဆိုတာကို သိအောင်တောင် မကြိုးစားရဲသည့်ဘဝက လာခဲ့တာပါဆိုသည့်အတွက် စိတ်ဝင်စားစရာကောင်းနေသည်။

" မိုးမိုးလို နိုင်ငံကျော်ရုပ်ရှင်မင်းသမီးမှာ အဖေ မရှိဘူးဆိုတာကို တိုင်းသိပြည်သိဖြစ်အောင် သတင်းစာမှာ ကြော်ငြာထည့်တာဟာ ရည်ရွယ်ချက်ရှိပါသလား "

" မိုးမှာ အဖေရှိပါတယ်၊ အဖေဘယ်သူဆိုတာ မသိတာပါ၊ တိုင်းပြည်သိအောင် ကြော်ငြာတာမဟုတ်ပါဘူး၊ မိုးရဲ့အဖေသိအောင် ကြော်ငြာတာပါ၊ တစ်ခြား ဘာရည်ရွယ်ချက်မှ မရှိပါဘူး "

" အန်တီ တစ်ဆယ့်ရှစ်နှစ်သမီးအရွယ်မှာ အန်တီ့ကို သားမယားပြုကျင့်ခဲ့သူဟာ ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာကို မသိဘူးဆိုတာ ဖြစ်နိုင်ပါ့မလား "

" ဒီကိစ္စဟာ မိုးတို့မိသားစုရဲ့ ကိုယ်ရေးကိုယ်တာကိစ္စပါ၊ ဒီမေးခွန်းကို ဒီနေရာမှာ ဖြေဖို့မလိုဘူးလို့ ထင်ပါတယ် "

" မိုးကျောင်းနေတဲ့အခါ ကျောင်းဝင်ပုံစံမှာ အဖေနာမည်ဘယ်လိုပေးခဲ့ပါသလဲ "

" မိုး ဘယ်ကျောင်းမှ မနေဘူးလို့ တစ်တန်းမှလည်း မအောင်ပါဘူး "

" မိုးဟာ မြန်မာစာနှင့် အင်္ဂလိပ်စာနှစ်မျိုးလုံး ဖတ်တတ်တယ်လို့ သိထားကြပါတယ်၊ အဲဒါ ဘယ်ကျောင်းတက်ခဲ့လို့ တတ်တာပါလဲ "

" ဘယ်ကျောင်းမှ မတက်ခဲ့ပါဘူး၊ ရုပ်ရှင်သရုပ်ဆောင်ဖြစ်တော့မှ ဆရာကို အိမ်ကိုပင့်ပြီး သင်ယူတာပါ၊ အခုချိန်အထိလည်း သင်ယူနေတုန်းပါပဲ "



" မွေးစာရင်း၊ အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်လိုစာရွက်စာတမ်းတွေမှာ ဖခင်အမည် ဘယ်သူ့ကို ထည့်ထားပါသလဲ "

" မိုးမှာ မွေးစာရင်းမရှိပါဘူး၊ အိမ်ထောင်စုစာရင်းနှင့်မှတ်ပုံတင်ကဒ်ပြားမှာ ဖော်ပြထားတဲ့နာမည်ဟာ အမှန်မဟုတ်ပါဘူး၊ အမေ့ဘက်ကတော်တဲ့ ဦးလေးတစ်ယောက်ရဲ့နာမည်ပါ"

" မိုးဟာ အဖေမသိသူ၊ လင်ကောင်မပေါ်ဘဲ မွေးခဲ့သူလို့အများပြည်သူ သိသွားပြီဖြစ်တဲ့အတွက် မိုးမိုးရဲ့ အောင်မြင်မှုနှင့်ကျော်ကြားမှုကို ထိခိုက်မှာ မစိုးရိမ်ဘူးလား "

" မစိုးရိမ်ပါဘူးရှင် မိုးမှာ အဖေရှိပါတယ်၊ အဖေ ဘယ်သူမှန်းမသိသေးတာပါ၊ အဖေ အသက်ရှင်လျက်ရှိသေးလျှင် မိုးရဲ့သတင်းစာပါကြော်ငြာကို ဖတ်မိပြီး မိုးကို လာတွေ့လိမ့်မယ်လို့ယုံကြည်နေပါတယ်။ မိုးရဲ့အဖေ ဘယ်သူမှန်းမသိသေးတဲ့အတွက်မိုးရဲ့ ကြိုးစားမှုနှင့် အနုပညာအရည်အသွေး ကျသွားလိမ့်မယ်လို့မယုံကြည်ပါဘူး "

သတင်းသမားတွေ ဘာမေးရမှန်းမသိ ဖြစ်ကုန်ကြသည်။ သူတို့သိချင်တာတွေက မင်းသမီး၏အမေ ဒေါ်ခင်အေးသည် သားမယားအဖြစ် ပြုကျင့်ခံရစဉ်က အသက် ၁၈ နှစ်တောင်ရှိနေပြီဖြစ်လို့ သူ့ကို သားမယားအဖြစ်ပြုကျင့်သူကို တကယ်ပဲမသိခဲ့ဘူးလား၊ ဘယ်နှစ်ကြိမ် ဘယ်နှစ်ခါပြုကျင့်ခဲ့သလဲ၊ သိလျက်နှင့်သဘောတူလို့ ငြိမ်ခံခဲ့တာလား၊ သိလျက်နှင့် ကြောက်လို့ ငြိမ်ခံခဲ့ရတာလား ဆိုတာတွေကို သိချင်သည်။ ဒီမေးခွန်းတွေကိုမေးလျှင် ဖြေမည်မဟုတ်၊ သူတို့မိသားစု၏ ကိုယ်ရေးကိုယ်တာ

ကိစ္စသာဖြစ်သည်ဟု ပြောမည်ဖြစ်သည်။ အခုလောက် အချိန်ပေးပြီး တွေ့ဆုံခွင့်ပေးတာ၊ ဖြေကြားပေးတာကိုပဲ ကျေးဇူးတင်ရမလိုဖြစ်နေသည်။ မင်းသမီးကလည်း သူ့လက်ကနာရီကိုရော၊ နံရံကနာရီကိုပါ မကြာခဏကြည့်သည့်အတွက် ရိုက်ကွင်းကိုသွားရန် အချိန်နီးကပ်နေပြီဟု ယူဆရသည်။

" ကျွန်တော်တို့ မေးစရာမရှိတော့ပါဘူး၊ မိုး ဘာများပြောချင်ပါသလဲ၊ ကျွန်တော်တို့ရဲ့ မီဒီယာတွေက တဆင့် ပြောပေးပါ့မယ် "

" မိုးမမြင်ဖူးသေးတဲ့ မိုးရဲ့အဖေကို မိုး တွေ့ချင်ပါတယ်၊ ဝိုင်းကူရှာပေးကြပါလို့ပဲ ပြောချင်ပါတယ်ရှင် "

" စိတ်ချပါ။ ကျွန်တော်တို့ တတ်နိုင်တဲ့ဘက်က ကူညီတွန်းပို့ပေးပါ့မယ် "

" ကျေးဇူးပါပဲရှင် "

သတင်းသမားတွေ ထိုင်ရာမှ ထလိုက်ကြသည့်အချိန်မှာပင် ခြံဝင်းထဲကို ကားတစ်စီးဝင်လာသံ ကြားလိုက်ကြရသည်။ ရိုက်ကွင်းကိုသွားရန် မင်းသမီးကိုလာခေါ်သည့် ကားဖြစ်မည်။ သတင်းသမားတွေအားလုံး မင်းသမီး မိုးနတ်ကြာနွယ်၏အိမ်မှ ပြန်လည်ထွက်ခွာသွားကြသည်။

၀

## ( ၂ )

သတင်းသမားတွေ ထွက်ခွာသွားကြပြီဖြစ်လို့ မင်းသမီး မိုးနတ်ကြာနွယ် ရုပ်ရှင်ရိုက်ကွင်းသို့ သွားတော့မည်ဖြစ်သည်။ ရိုက်ကွင်းမန်နေဂျာက အခေါ်လွှတ်လိုက်သည့် ကားလည်း ရောက်နေပြီ ဖြစ်သည်။ မိုးမိုး နေ့လည်စာစားရန် အိမ်ဖော်တလေးမ ပြင်ဆင်ပေးတာမှာ လိုတာတွေ ထပ်ဖြည့်ပေးရန် ခေါ်ခင်အေးပါ ထမင်းစားခန်းကို ဝင်လိုက်သွားသည်။ သမီး ကြိုက်တတ်သည့် သရက်ချဉ်သုပ်ကို ရေခဲသေတ္တာထဲက ထုတ်ပေးနိုင်အောင် လိုက်သွားတာဖြစ်သည်။

" မေမေပါ ဝင်စားမလား "

" မစားသေးပါဘူး သမီးရယ်၊ မေမေ မဆာပါဘူး၊ ဆာခဲစားမယ် "

မင်းသမီး မိုးနတ်ကန္ဒာနွယ်သည် ကိုယ်အလေးချိန်တက်လာမည်စိုးလို့ ထမင်း နည်းနည်းပဲစားသည်။ ခန္ဓာကိုယ်အချိုးအဆစ်နှင့်အလှကို သတိကြီးစွာ ထိန်းထားသည်။ ဝလာမှာစိုးရိမ်ပြီး မစားသလောက်ပင် အစားကိုဆင်ချင်သည်။ ဒီနေ့နံနက်စာကိုလည်း နည်းနည်းပဲစားသည်။ နေ့လည်ဆာလျှင် စားရအောင်မုန့်ဗူးထဲကို မုန့်ထည့်ပေးလိုက်သည်။ ဓာတ်ဗူးထဲမှာ ကော်ဖီဖျော်ထည့်ပေးလိုက်သည်။ ကော်ဖီမှာ သကြားပါတယ်ဆိုရုံသာထည့်သည်။

ဒီနေ့ရိုက်ရမည့် ဇာတ်ဝင်ခန်းက အင်ဒိုးလို့ခေါ်သည့် အတွင်းခန်းရိုက်ချက်တွေဖြစ်သည်။ ဒိုင်ယာလော့ခေါ် စကားပြောခန်းတွေဖြစ်လို့ အမှားအယွင်းမဖြစ်အောင် သတိထားရမည်ဟုပြောသည်။ ညက အတော်ညဉ့်နက်အောင် စကားလုံးတွေကို ကျက်မှတ်နေရသည်။

ရိုက်ကွင်းက လာခေါ်သည့် ကားဖြင့်လိုက်သွားမည်ဖြစ်လို့ အိမ်ဖော်စုစုကို ထည့်ပေးလိုက်ရသည်။ မုန့်ဗူး၊ ကော်ဖီဗူးနှင့် အဝတ်အစားထည့်သည့် သေတ္တာလေးကိုကူဆွဲရန် စုစုလိုက်ပါသွားရသည်။ သမီးကို လာခေါ်သည့် ကားထွက်သွားတော့မှ ဒေါ်ခင်အေးသည် ထမင်းစားခန်းမှ ဧည့်ခန်းကို ပြန်လာခဲ့ပြီး ဆိုဖာပေါ်မှာထိုင်ချလိုက်သည်။ ဆံထုံးမှာပတ်ထားသည့် စိပ်ပုတီးကို ဖြုတ်ယူပြီး ဂုဏ်တော်ကို စိပ်နေလိုက်သည်။

သမီး လက်ခံရိုက်ကူးနေသည့် ရုပ်ရှင်ကား၏ ဇာတ်ဝင်ခန်းတစ်ခန်းသည် သမီးကို သူ့အဖေကိုဖော်ထုတ်ရန် တိုက်တွန်းသလိုဖြစ်နေသည်။



ဇာတ်လမ်းက၊ မာနကြီးသည့် သူဌေးသမီးအမေနှင့် စန္ဒယားဆရာ အဖေတို့ သဘောချင်းမတိုက်ဆိုင်လို့ အိမ်ထောင်ပျက်ပြီး လမ်းခွဲကြသည့်အခါ ဇာတ်လိုက်မင်းသမီးကို မမွေးသေး၊ ကိုယ်ဝန်ဖြင့်ပင်ရှိသေးသည်။ ဇာတ်လိုက်မင်းသမီးကို မွေးပြီးလို့ သိတတ်သည့်အရွယ်မှာ အဖေကိုရှာသည်။ အဖေ့အကြောင်းကို အမေ့ကို မေးသည်။ အမေက နင့်အဖေ သေပြီလို့ တုံးတိတိဖြေသည်။

အဘိုး၊ အဖွားနှင့် ပတ်ဝန်းကျင်က ပြောလို့သိရတာက အဖေနှင့်အမေ စိတ်သဘောချင်း မတိုက်ဆိုင်လို့ ကွဲကွာနေကြတာဖြစ်သည်ဟု သိရသည်။ ဒီတော့ ဇာတ်လိုက်မင်းသမီးက အဖေကို တွေ့ချင်လို့ စုံစမ်းပြီးလိုက်ရှာသည့် ဇာတ်လမ်းဖြစ်သည်။

ဒီဇာတ်ကားမှာ မင်းသမီးမိုးနတ်ကန္ဒာနွယ်သည် အမေအဖြစ်လည်းကောင်း၊ သမီးအဖြစ်လည်းကောင်း နှစ်ကိုယ်ခွဲပြီး ဇာတ်ကောင်စရိုက်နှစ်မျိုးဖြင့် သရုပ်ဆောင်နေရသည်။ အထူးကြိုးစားပြီး သရုပ်ဆောင်နေရသည်။ ဇာတ်ကောင်နှစ်ယောက်၏ အပြန်အလှန်ပြောရမည့်စကား ဒိုင်ယာလော့တွေကို အလွတ်ကျက်နေရသည်။

" မေမေ သမီးကို အမှန်ပြောပါ၊ ဖေဖေဟာ အသက်ရှင်လျက်ရှိသေးလား "

" သမီးကို မေမေ ပြောပြီးပြီပဲ၊ သေပြီလို့ "

" သမီး သိထားတာက သမီးကိုမမွေးမီ မေမေနှင့် ဖေဖေ ကွဲကြတယ်လို့ သိထားတယ်၊ မေမေနဲ့ကွဲပြီးမှ ဖေဖေသေတာလား "

" ဟုတ်တယ် "

" ဖေဖေ သေပြီဆိုတာကို မေမေ ဘယ်လိုသိတာလဲ "

" သိတယ် မေမေ့စိတ်က အလိုလိုသိနေတယ်၊ မေမေ့ဘဝထဲမှာ သမီးရဲ့အဖေ မရှိတော့ဘူး၊ ညည်းအဖေအကြောင်းကို နောက်ဘယ်တော့မှမမေးနဲ့ "

အဲဒီလိုပြောပြီး အမေအဖြစ်သရုပ်ဆောင်သည့် မိုးနတ်ကြာနွယ်ကထိုင်ရာမှထသွားရမည်။ အသက်ငါးဆယ်အရွယ် ဖန်တီးထားသည့် မိတ်ကပ်ကိုမဖျက်ဘဲ အဝတ်အစားလဲပြီး နောက်ဇာတ်ဝင်ခန်းတစ်ခုကို ဆက်ရိုက်ရမည်ဖြစ်သည်။

နောက်ဇာတ်ဝင်ခန်းက အဖေကို တွေ့ချင်မြင်ချင်သည့် သမီးလေးကို သနားလို့ကြိတ်ငိုရင်း နောက်ကြောင်းပြန် စဉ်းစားသည့်အခန်းကို ဆက်ရိုက်ရမည်ဖြစ်သည်။ ဇာတ်လမ်းအရ သူဌေးသမီးကျောင်းသူဘဝမှာ အိမ်မှာလာပြီး စန္ဒယားသင်ပေးသည့် စန္ဒယားဆရာနှင့် ချစ်ကြိုက်မိပုံ၊ စန္ဒယားဆရာနောက်ကို ခိုးရာလိုက်ခဲ့ပုံ၊ မိဘတွေက အမွေဖြတ်ပြီးစွန့်ထားလို့ ဆင်းဆင်းရဲရဲနေရပုံ၊ မိမိ၏ခင်ပွန်း စန္ဒယားဆရာက သောက်သောက်စားစားဖြင့် နေချင်ပြီး ကြီးပွားချင်စိတ်မရှိပုံ၊ သမီးကိုယ်ဝန်ရှိလာသည့် အချိန်မှာ သူ့တီးဝိုင်းက အဆိုတော်အမျိုးသမီးနှင့် ဖောက်ပြန်လို့ သမီးမမွေးမီပင် လမ်းခွဲခဲ့ပုံတွေကို ပြန်ပြီးစဉ်းစားသည့် အခန်းတွေ ရိုက်ရသည်။

ဒီဇာတ်ဝင်ခန်းတွေမှာ မိုးနတ်ကြာနွယ်သည် စန္ဒယားဆရာနှင့်လိုက်ပြေးသည့် ကျောင်းသူအဖြစ်လည်းကောင်း၊ ချစ်သူ စန္ဒယားဆရာနှင့်အတူ ဆင်းရဲသားရပ်ကွက်မှာ နေရသည့်



အိမ်ရှင်မအဖြစ်လည်းကောင်း၊ ဖောက်ပြန်သည့်လင်နှင့် ရန်ဖြစ်ရသည့် ဗိုက်ကြီးသည်ဇာတ်ရုပ်ဖြင့်လည်းကောင်း သရုပ်ဆောင်ရသည်။ အတော်လည်း သတိထားရသည်။ အတော်လည်း ပင်ပန်းသည်။ ထုတ်လုပ်သူက သရုပ်ဆောင်ကြေးကို ထိုက်ထိုက်တန်တန်ပေးထားလို့ အကောင်းဆုံးဖြစ်အောင် ကြိုးစားနေရသည်။

မင်းသမီး မိုးနတ်ကြာနွယ်သည် ဒီဇာတ်ကား၏ဇာတ်ညွှန်းကိုပြီးအောင် ဖတ်ထားပြီးဖြစ်သည်။ ဇာတ်လမ်းအရ သူဌေးသမီးသည် စန္ဒယားဆရာကို ကွာရှင်းပစ်လိုက်ပြီး လမ်းဘေးမှာ ဈေးရောင်းပြီး ရပ်တည်ခဲ့သည်။ သမီးကိုမွေးခဲ့သည်။ သမီးကို ဆယ်တန်းအောင်ရုံသာမက ဆရာဝန်ဖြစ်အောင် လမ်းဘေးမှာ ဈေးရောင်းပြီး ပညာသင်ပေးခဲ့သည်။

မင်းသမီးသည် ဆရာဝန်ဖြစ်ပြီး မြို့နယ်ဆေးရုံတစ်ရုံမှာ တာဝန်ကျနေစဉ် ခိုကိုးရာမဲ့အဖိုးအိုတစ်ယောက်ကို ဆေးဝါးကုသပေးရသည်။ အဖိုးအို ကျန်းမာလာသောအခါ အဖိုးအိုက ဆရာဝန်မလေးကို သမီးလို့ခေါ်မိရာမှ ဆရာဝန်မလေးကလည်း သံယောဇဉ်ဖြစ်နေသည့် လူနာအဘိုးအိုကို အဖေလို့ခေါ်လိုက်မိသည်။

မေတ္တာငတ်နေသည့် လူနာအဘိုးအိုနှင့် အဖေငတ်နေသည့် ဆရာဝန်မလေးတို့ တစ်ဦးကိုတစ်ဦး မြင်တွေ့ကြသည့်နေ့တစ်ပြီး သံယောဇဉ်ဖြစ်နေကြသည်။ သမီးအရွယ်မို့သမီးလို့ခေါ်တာကို အဖေငတ်နေသည့် ဆရာဝန်မလေးက ယောင်ချောင်မှားမှားဖြင့် အဖေလို့ခေါ်လိုက်မိရာမှ တစ်ယောက်ကို

တစ်ယောက် စိတ်ဝင်စားပြီး တစ်ယောက်အကြောင်းတစ်ယောက် မေးမြန်းစပ်စုကြသည်။

လူမမာအဘိုးအိုသည် သူဌေးသမီးတစ်ဦးနှင့်အိမ်ထောင်ကျဖူးသည့် စန္ဒယားဆရာကြီးဖြစ်နေသည်။ သုံးနာရီကြာအောင် ခွဲတင်ပြသရမည့် ကားကြီးဇာတ်လမ်းဖြစ်လို့ ဆရာဝန်မလေးနှင့် လူမမာအဘိုးအိုတို့ သားအဖအရင်းဖြစ်နေတာကို ဇာတ်ရည်လည်အောင် ဇာတ်ပို့အများအပြားဖြင့် ဇာတ်လမ်းဆင်ထားသည်။

ဒီဇာတ်ကားကို လက်ခံရိုက်ကူးမိသည့် မင်းသမီး မိုးနတ်ကြန္နာနွယ်သည် အဖေမရှိသည့် မိမိ၏ဘဝကို သတိရလာသည်။ အဖေကို ရှာဖွေဖော်ထုတ်လိုသည့် ဆန္ဒဖြစ်ပေါ်ခဲ့ရသည်။

# ( ၃ )

လူသားတစ်ယောက်ဖြစ်လာလျှင် အဖေနှင့်အမေဆိုတာ ရှိရမည်။ ပုံပြင်တွေ ဒဏ္ဍာရီတွေထဲမှာတော့ သန္ဓေဇေပဋိသန္ဓေကြောင့် လူဖြစ်လာကြသည့်သူတွေ ရှိသည်ဟု ကြားဖူးသည်။ မယ်လမုက လမုသီးကဖြစ်သည်။ ပဒုမ္မာဒေဝီက ကြာပန်းကြီးကဖြစ်လာသည် စသည်ဖြင့်ဖြစ်သည်။

မင်းသမီးမိုးနတ်ကြန္နာနွယ်မှာ အမေတော့ရှိသည်။ အဖေမရှိဖြစ်နေသည်။ အဖေ ရှိတော့ရှိသည်။ အဖေ ဘယ်သူမှန်းမသိဖြစ်နေသည်။ ဒီကိစ္စနှင့်ပတ်သက်ပြီး ငယ်စဉ်ကအမေ့ကို မေးကြည့်ခဲ့ဖူးသည်။

" အမေ သမီးအဖေ ဘယ်သွားလဲ "

" သမီးမှာ အဖေ မရှိဘူး "

အဲဒီတုန်းက မင်းသမီး မိုးနတ်ကြွန္နာနွယ်သည် အသက် ၅ နှစ်ခန့်သာရှိသေးသည်။ မိခင် ဒေါ်ခင်အေးသည် နာမည်နှင့် လိုက်အောင်အေးသည်။ ၅ နှစ်အရွယ် သမီးလေး၏ အမေးကို ပွင့်ပွင့်လင်းလင်းဖြေသည်။ သမီးမှာ အဖေမရှိဘူးလို့ဖြစ်သည်။ ဒီအဖြေသည် ကလေးအရွယ်မျှသာဖြစ်နေသေးသည့် မိုးနတ်ကြွန္နာနွယ်ကို စိတ်ရှုပ်သွားစေခဲ့သည်။ အဖေမရှိဘဲ အမေသည် မိမိကို ဘယ်လိုကိုယ်ဝန်ရခဲ့သလဲဆိုသည့် အတွေးဖြင့် စိတ်ရှုပ်ထွေးစေခဲ့တာဖြစ်သည်။

အဲဒီတုန်းက သားအမိ (သမီးနှင့်အမေ) နှစ်ယောက်တည်း လမ်းဘေးကတစ်ဘက်ဟပ်အကြော်တဲမှာ နေခဲ့ကြသည်။ သမီးကို နာမည်မပေးရသေးလို့ သမီး လို့ပဲခေါ်ခဲ့သည်။ သမီးကို ကြာသပတေးနေ့မှာ မွေးသည့်အတွက် နာမည်ပေးဖို့လိုအပ်လာလျှင် နေ့သင့်နံသင့် နာမည်တစ်ခုပေးမည်ဟု ရည်ရွယ်သည်။ လောလောဆယ်တော့ ပြီးစလွယ် မိုးမိုး လို့ယာယီနာမည်ပေးထားခဲ့သည်။

မိမိက သမီးမို့ သမီးလို့ခေါ်နိုင်သော်လည်း အကြော်တဲအနီးက ဆိုက္ကားသမားတွေနှင့် ရပ်ကွက်ထဲကလူတွေ ခေါ်ချင်လျှင် အဆင်ပြေအောင် ဆိုက္ကားသမားတွေက ယာယီနာမည်ပေးထားခဲ့တာဖြစ်သည်။ မိသားစု အကြော်တဲကို ရောက်လာသည့်နေ့က မိုးသည်းသည်းရွာလို့ ဆိုက္ကားသမားတွေက သမီးကို မိမိုးလို့ခေါ်ခဲ့ကြတာ ဖြစ်သည်။



သမီး အသက် ၁၆ နှစ်သမီးအရွယ်လောက်မှာ ရုပ်ရှင်ဒါရိုက်တာ၊ ဓာတ်ပုံဆရာတွေက အကြော်တဲမှာ အကြော်ရောင်းနေသည့် သမီးကို ဓာတ်ပုံရိုက်ရာမှ မိမိတို့သားအမိ၏ဘဝ အပြောင်းအလဲ ဖြစ်ခဲ့ရသည်။

ရုပ်ရှင်ဒါရိုက်တာနှင့် ဓာတ်ပုံဆရာတို့က သမီးကို သဘောကျပြီး မြေတောင်မြှောက်ပေးကြလို့ ရုပ်ရှင်သရုပ်ဆောင်ဖြစ်လာသောအခါ သမီးသည် သူ့အဖေအကြောင်းကို သိချင်လာသည်။ သူ့အဖေအကြောင်းကို မေးတော့သည်။

“ သမီးရဲ့အဖေ ဘယ်သူဆိုတာ အမေ တကယ်မသိဘူးလား ”

“ မသိဘူး သမီးရယ် ”

“ ဘယ်လိုကြောင့် မသိဖြစ်ရတာလဲ ”

“ အခြေအနေနှင့် အချိန်အခါကြောင့် မသိခဲ့တာပါ သမီးရယ်၊ အခြေအနေက သူဟာ ဘယ်သူဘယ်ဝါဆိုတာကို သိအောင် မကြိုးစားရဲသည့် အခြေအနေ၊ အချိန်အခါက ညသန်းခေါင်လောက် မှောင်ကြီးမည်းမည်းမှာ သူရောက်လာပြီးဖြစ်ခဲ့ရတဲ့ကိစ္စမို့ သမီးရဲ့အဖေဟာ ဘယ်သူဆိုတာ အမေတကယ်မသိပါဘူး သမီးရယ် ”

ဒေါ်ခင်အေး၏စကားတွေဟာ စိတ်ဝင်စားစရာကောင်းလှသည်။ သူ့ကို သားမယားအဖြစ် လာရောက်ဆက်ဆံသူဟာ ဘယ်သူဘယ်ဝါဆိုတာကို သိအောင်မကြိုးစားရဲသည့် အခြေအ

နေဆိုသည့်စကားနှင့် ညသန်းခေါင် မှောင်ကြီးမည်းမည်းမှာ ရောက်ရောက်လာပြီး ဖြစ်ခဲ့ရသည့်ကိစ္စဆိုတာတွေကြောင့် စိတ်ဝင်စားစရာ ကောင်းနေတာဖြစ်သည်။

ဘယ်သူဘယ်ဝါဆိုတာကို သိအောင်မကြိုးစားရဲတာ ဘာကြောင့်လဲ၊ သိအောင်ကြိုးစားလျှင် ဘာဖြစ်မလဲ၊ ဘယ်သူလို့ ထင်သည့်အတွက် မကြိုးစားရဲတာလဲ၊ သိသွားလျှင် အဲဒီလူက ဒေါ်ခင်အေးတို့သားအမိ (ဒေါ်အေးတင်နှင့် သမီးမခင်အေး) ကို ဘာလုပ်မလဲ၊ ဘာကို စိုးရိမ်နေလို့ငြိမ်ခံနေခဲ့ရတာလဲ၊ စဉ်းစားစရာဖြစ်နေသည်။

ညသန်းခေါင် မှောင်ကြီးမည်းမည်းထဲမှာ ရောက်ရောက်လာပြီးဆိုသည့်စကားအရ သားမယားအဖြစ် လာရောက်ဆက်ဆံတာ တစ်ကြိမ်မျှမက ဖြစ်ခဲ့သည်ဆိုတာ သိသာလှသည်။

ဒီလိုဆိုလျှင် ဒေါ်ခင်အေးသည် အသက် ၁၈ နှစ်သမီးအရွယ်မှာ အလိုမတူဘဲ သားမယားအဖြစ် ဆက်ဆံတာကို ခံခဲ့ရတယ်ဆိုတာ ဟုတ်ပါ့မလား၊ အလိုတူအလိုပါ ဖြစ်နေသလား၊ စဉ်းစားစရာဖြစ်နေသည်။

ဒီကိစ္စကို မိုးနတ်က္ကန္နာနွယ် ဖြစ်လာမည့် အပျိုပေါက်ကလေးသည် နေ့စဉ်စဉ်းစားနေခဲ့သည်။ လမ်းဘေးမှာ အကြော်ရောင်းနေသည့် အပျိုပေါက်လေးကို ဓာတ်ပုံဆရာက ခေါ်သွားပြီး ရုပ်ရှင်သရုပ်ဆောင်သင်တန်း တက်ခိုင်းသည့်အခါ အပျိုပေါက်ကလေးမှာ နာမည်လိုအပ်လာလို့ ဓာတ်ပုံဆရာက မိုးနတ်နွယ်လို့ ယာယီပေးလိုက်သည်။



ဒေါ်ခင်အေး၏သမီး အပျိုပေါက်ကလေးသည် ကြာသပတေးသမီးဖြစ်လို့ မိုးနတ်နွယ်ဆိုတဲ့နာမည်သည် နေ့သင့်နံသင့်တော့ဖြစ်သွားသည်။ သရုပ်ဆောင် သင်တန်းဝင်နာမည်ဖြစ်လို့ ဒီနာမည်သည်ပင် တရားဝင်နာမည် ဖြစ်သွားခဲ့သည်။

သမီးက သူ့အဖေ ဘယ်သူဘယ်ဝါဆိုတာသိချင်လို့ မကြာခဏ မေးနေသောအခါ ဒေါ်ခင်အေး စိတ်ညစ်လာသည်။ သမီးကိုလည်း သနားလာသည်။ သမီးကို သနားလို့ သမီး၏အဖေ ဘယ်သူဖြစ်နိုင်တယ်ဆိုတာကို မိမိသိသလောက် မှတ်မိသလောက်ကို အခြေခံပြီး မိမိထင်တာကို ပြောပြချင်ပါသည်။ ပြောပြလိုက်တော့မည်ဟု ဆုံးဖြတ်သည်။

## ( ၄ )

ဒေါ်ခင်အေးသည် သူ့ဘဝကို သူ စတင်မှတ်မိတာ သီရိရတနာဂေဟာ၏ ခြံဝင်းကြီးထဲက အိမ်ကလေးမှာဖြစ်သည်။ အိမ်ကလေးသည် သီရိရတနာဂေဟာ၏ နောက်ကျောဘက်မှာရှိသည်။ ခြံဝင်းကြီးသည် ဘောလုံးကွင်းသေးသေး တစ်ကွင်းစာမျှ ကျယ်သည့်အတွက် အိမ်ကြီးနှင့် မိမိတို့နေသည့် အိမ်ကလေးတို့ အကွာအဝေးသည် ပေ - ၂၀၀ လောက်တောင်ဝေးသည်။

အိမ်ကြီးနှင့်အိမ်ကလေးကို ကူးသန်းသွားလာရန် သဲမြေလမ်းကျယ်ကျယ်ရှိသည်။ သဲမြေလမ်း၏ ဝဲယာတစ်ဘက်တစ်ချက်မှာ စားပင်သီးပင်တွေဖြစ်သည့် သရက်၊ ပိန္နဲကဲ့သို့သော နှစ်ရှည်ပင်ကြီးတွေသာမက၊ ဝါးရုံပင်တွေပါ ပေါက်နေသည့်အတွက် ဒီခြံကြီးသည် ရှေးခေတ်ဘိုးဘွားပိုင်ခြံကြီး ဖြစ်လိမ့်မည်ဟု ငယ်စဉ်ကပင် သိနေခဲ့သည်။



မခင်အေး၏အဖေသည် ဒီခြံပိုင်ရှင်သူဌေး၏ ကားကိုမောင်းသော ယာဉ်မောင်းဆိုတာကို သိလာသည်။ မခင်အေး၏ အမေသည်လည်း သီရိရတနာအိမ်ကြီးမှာ အလုပ်လုပ်ရသည်။ အိမ်ကြီးကို နေ့စဉ်သွားပြီး ထမင်းဟင်းချက်ရသည်။ အဝတ်လျှော်ရသည်။ ဒါလောက်အထိကိုတော့ မခင်အေး သိနေပြီဖြစ်သည်။ ဒါဆိုလျှင် မခင်အေး၏ အဖေသည် ဒီအိမ်က လခစားယာဉ်မောင်းဖြစ်ပြီး၊ အမေက ဒီအိမ်ကြီးမှာ အဝတ်လျှော်၊ ထမင်းချက်၊ ပေးတာယူ၊ ကျွေးတာစားနေရတာ ဖြစ်သည်ဆိုတာကိုလည်း သိနေပြီဖြစ်သည်။

မခင်အေး မှတ်မိသည့်အချိန်မှာ မခင်အေးတို့မိသားစုသည် စားဖို့လည်းမပူရ၊ နေဖို့လည်းမပူရဘဝဖြင့် နေခဲ့ရတာကို သိနေခဲ့သည်။ သီရိရတနာအိမ်ကြီးက ပို့လျှံလို့ပေးသည့် အစားအစာတွေနှင့် အဝတ်အထည်တွေကြောင့် မိသားစု မပူမပင်မကြောင့်မကျ နေခဲ့ရတာကိုလည်း မခင်အေး မှတ်မိနေသည်။

မခင်အေး၏ဘဝမှာ မမေ့နိုင်အောင် မှတ်မှတ်ရရဖြစ်နေတာက အဖေသေလို့ အမေနှင့်အတူ လိုက်သွားကြရတာဖြစ်သည်။ ဘယ်ကို လိုက်သွားရသည်ဆိုတာကို မသိသော်လည်း တားဖြင့်သွားခဲ့ရတာကို မှတ်မိနေသည်။ အမေသည် တစ်လမ်းလုံးငိုပြီး လိုက်ပါလာသည်။

တစ်ညလုံး ကားစီးသွားရလို့ မခင်အေး အိပ်ပြီးလိုက်ပါသွားသည်။ မိုးလင်းတော့ အဖေ့ အလောင်းရှိသည့်ရွာကို ရောက်သွားသည်။ အဖေနှင့်အတူ သေနေသည့် အလောင်းတစ်လောင်း

ကိုလည်း တွေ့ရသည်။ အဖေမောင်းသည့်ကား မှောက်လို့နေရာတင် ပွဲချင်းပြီးသေကြတာဟု သိရသည်။

အဖေ့အလောင်းကိုကြည့်ပြီး အမေငိုတော့ မခင်အေးပါငိုခဲ့တာကို မှတ်မိသေးသည်။ အဖေ့အလောင်းကို မြေမြှုပ်သင်္ဂြိုလ်သည်။ ရွာတစ်ရွာ၏ သုသာန်ဆိုတာပဲသိသည်။ ဘယ်နေရာဆိုတာမသိခဲ့။ နောင်အခါမှာ အမေပြောပြလို့သိရသည်။ မိုးကုတ်နှင့် သပိတ်ကျင်းအကြားက ရွာတစ်ရွာဟုသိရသည်။

သီရိရတနာအိမ်ကြီးက ဘဘကြီးတို့ မေမေကြီးတို့သည် မိုးကုတ်က ကျောက်တွင်းပိုင်ရှင် သူဌေးတွေဟုသိရသည်။ ရန်ကုန်မြို့က ဗိုလ်ချုပ်ဈေးထဲမှာလည်း ကျောက်မျက်ရတနာဆိုင်ကြီးရှိသည်။ မေမေကြီးနှင့် သူ့သမီးအပျိုတို့ ဆိုင်ထိုင်သည်။ ဘဘကြီးနှင့်မေမေကြီးတို့မိသားစုသည် ရန်ကုန်မြို့မှ ကျောက်တွင်းတွေရှိရာ မိုးကုတ်ကို မကြာခဏသွားကြသည်။ အဖေသည်လည်း ကားမောင်းပြီး မိုးကုတ်ကိုသွားရသည်။ ယခုလည်း မိုးကုတ်က အပြန်မှာ ကားမှောက်ပြီးသေတာဟု သိရသည်။

မခင်အေးသည် ကလေးအရွယ်သာဖြစ်လို့ အဖေသေတာကို ကြာကြာပူဆွေးသောက ဖြစ်မနေခဲ့ဘဲ အမေနှင့်အတူ ဒီအိမ်လေးမှာနေခဲ့တာဖြစ်သည်။ အဖေ့ကို အသုဘပို့ပြီး ပြန်ရောက်လာတော့ မေမေကြီးက အမေ့ကို ခေါ်တယ်ဆိုလို့ အိမ်ကြီးပေါ်ကိုသွားရသည်။ မခင်အေးပါ လိုက်သွားသည်။ မခင်အေးရဲ့သက်တမ်းတလျှောက်မှာ ဒါဟာ ပထမဆုံးအခေါက်အဖြစ် အိမ်ကြီးပေါ်က ဧည့်ခန်းထဲကို ရောက်ဖူးတာဖြစ်သည်။ ချမ်းသာ





သည့် ဘဘကြီးနှင့်မေမေကြီးတို့၏ အိမ်ကြီးဖြစ်လို့ ဧည့်ခန်းကြီးက ကျယ်ဝန်းခမ်းနားလိုက်တာဟု သတိထားမိသည်။

မခင်အေးတို့သားအမိ အိမ်ကြီးပေါ်က ဧည့်ခန်းထဲကို ရောက်သွားကြသောအခါ ဘဘကြီးနှင့်မေမေကြီးတို့က ဆိုဖာကြီးတွေပေါ်မှာ ထိုင်နေကြသည်။ မခင်အေးရဲ့အမေက ကုလားထိုင်တွေမှာ ဝင်မထိုင်ရဲလို့ ကြမ်းခင်းက ကော်ဇောပေါ်မှာပဲ မယ်ကြို့ထိုင်သည်။ မခင်အေးကလည်း အမေအနီးမှာ ကပ်ထိုင်ပြီး ဘဘကြီးနှင့်မေမေကြီးတို့ ပြောလာမည့်စကားကို နားထောင်နေကြသည်။

ဘဘကြီးသည် ဖြူဖြူသန့်သန့်၊ ရုပ်ဖြောင့်ဖြောင့်ဖြစ်သည်။ အသက် ၇၀ ခန့်ရှိမည်ဟု ထင်ရသည်။ အရပ်အမောင်းကောင်းသည်။ မတ်တပ်ရပ်လိုက်လျှင် ထောင်ထောင်မောင်းမောင်း ဖြစ်သိမ့်မည်ဟု ယူဆရသည်။

မေမေကြီးကလည်း ဖြူဖြူချောချောပင်ဖြစ်သည်။ အနည်းငယ်အရပ်ပုသယောင် ထင်ရသည်။ အသားဖြူဖြူမှာ ရွှေကိုင်းမျက်မှန်တပ်ထားလို့ ခန့်နေသည်။ မခင်အေး၏အမေက ခေါင်းငုံ့ထားပြီး ဘဘကြီးနှင့်မေမေကြီးတို့ ပြောလာမည့်စကားတွေကို နားထောင်ဖို့အသင့်ဖြစ်နေသည်။

" အေးတင် နင်ဘယ်လိုစဉ်းစားထားသလဲ၊ ဒီမှာပဲ ဆက်နေချင်သလား၊ နင့်ရွာကို ပြန်ချင်သလား၊ ဒီမှာပဲ ဆက်နေချင်တယ်ဆိုလျှင်နေ၊ နင့်သမီးကိုလည်း ပညာသင်ပေးမယ်၊ နင့်ရွာကိုပြန်မယ်ဆိုလျှင် နင်လုပ်ကိုင်စားလို့ရအောင် ငါ ငွေတစ်သောင်းတိတိ ပေးလိုက်မယ်၊ ရင်းနှီးလုပ်ကိုင်စားပေါ့ "

ငွေတစ်သောင်းဆိုတာ နည်းနည်းနောနောမဟုတ် မအေးတင်တို့ရွာမှာ စပါးတင်းတစ်ရာကျော်ထွက်သည့် လယ် တစ်တာကို ငါးထောင်လောက်သာပေးရသည်။ ငွေတစ်သောင်း ဆိုလျှင် ရွာမှာ အိမ်နှင့်လယ်နှင့် ဖြစ်သွားနိုင်သည်။ ဒါပေမဲ့ မအေးတင်က ရေရှည်ကိုကြည့်ပြီး အဖြေပေးလိုက်သည်။

“ ကျွန်မ ဘယ်ကိုမှမသွားချင်ဘူး၊ မေမေကြီးတို့နဲ့ပဲ တစ် သက်လုံးနေသွားမယ် ”

“ ဒါဆိုလည်းပြီးရော ညည်းသဘော ”

အဲဒီလိုဖြင့် ဘဘကြီးတို့မေမေကြီးတို့၏ အိမ်ကြီးနောက် က အိမ်ကလေးမှာ သားအမိနှစ်ယောက် နေခဲ့ကြသည် မခင်အေး၏အမေက နေ့စဉ် အိမ်ကြီးကိုသွားပြီး အဝတ်လျှော် ရသည်။ အိမ်သန့်ရှင်းရေး လုပ်ပေးရသည်။ တစ်ပတ်တစ်ခါ တစ်ခါတစ်လေ နှစ်ရက်တစ်ကြိမ်လောက် ဈေးသွားပေးရသည်

ဈေးသွားရာမှာ တစ်ခါတစ်လေ မေမေကြီးကိုယ်တိုင် သည်။ မမလေးက ဗိုလ်ချုပ်ဈေးက ဝယ်လာတဲ့အခါလည်း သည်။ မမလေးဆိုတာ ဗိုလ်ချုပ်ဈေးကကျောက်မျက်ရတနာ အရောင်းဆိုင်မှာထိုင်သည့် မေမေကြီး၏သမီး အပျိုဖြစ်သည်

မခင်အေး၏အဖေ ကွယ်လွန်ပြီးနောက် ခန့်လိုက်သည် ယာဉ်မောင်းက ဆင်မလိုက်ရပ်ကွက်မှာ သူ့အိမ်နှင့်သူနေသည် နံနက် ၆ နာရီမှာ ရောက်လာသည်။ ညနေ (၆) နာရီမှာ ပြန်သွား သည်။ ညရေးညတာ အကြောင်းကိစ္စရှိလို့ ကားဖြင့်သွားစရာ ရှိလျှင် မမလေးကိုယ်တိုင် ကားမောင်းသွားသည်။ မြို့ထဲမှာ



ထားမည့်ယာဉ်မောင်း မခန့်တော့ဘူးလို့ မေမေကြီးက ပြောတာ ကြားရသည်။ အဲဒီတော့ ယာဉ်မောင်းအတွက် ဆောက်ထား သည့် အိမ်ကလေးမှာ မခင်အေးတို့သားအမိ နေခွင့်ရနေသည်။

ဒီအိမ်လေးသည် မူလက မြင်းနှစ်ကောင်ထားသည့် မြင်း ဇောင်းဟု သိရသည်။ ဘဘကြီးသည် ပြိုင်မြင်းမွေးတာ ဝါသနာ ပါသည်ဟု သိရသည်။ မြင်းပြိုင်ပွဲတွေရှိသည့်ခေတ်မှာ သူဌေး အမက် ဘဘကြီးက မြင်းပြိုင်ကွင်းကာလပ်၏ အသင်းဝင်လူကြီး ဟု ကြားဖူးသည်။ မြင်းပွဲတွေမရှိတော့သည့်အခါ ပြိုင်မြင်းတွေ သည် လှည်းဆွဲမြင်းတွေဘဝဖြင့် သေသွားခဲ့ကြသည်။

မြင်းဇောင်းကို ယာဉ်မောင်းမိသားစုနေနိုင်အောင် ပျဉ် ခင်းပေးထားတာဖြစ်သည်။ အိမ်ကလေးသည် လုံခြုံမှုမရှိသော် လည်း သီရိရတနာအိမ်ကြီး၏ လုံခြုံမှုအရိပ်အာဝါသအောက်မှာ ရှိနေရသည့် အိမ်ကလေးဖြစ်သည့်အတွက် ဘာမျှစိုးရိမ်စရာ မလိုဘဲ တံခါးဖွင့်ပြီးအိပ်လို့ရသော အိမ်ကလေးဖြစ်နေသည်။ သွပ်မိုးထားသည့် အိမ်ကလေးမှာ မျက်နှာကြက်မရှိသော်လည်း ကိုင်းအခက်တွေ ဝေဆာအုပ်ဆိုင်းနေသည့် သစ်ပင်၊ ဝါးရုံပင် ကြီးတွေအောက်မှာ နေပြောက်ပင်မထိုးအောင် အရိပ်ရနေသည့် အတွက် အိမ်ကလေးက အေးနေသည်။

အိမ်ကြီးဘက်ကလာသည့် ရေပိုက်လိုင်းတစ်ခုသည် မခင်အေးတို့ အိမ်ကလေးရှေ့က ပန်းချုံကြီးအနီးမှာ ခေါင်း ထောင်လာပြီး ဘုံဘိုင်ခေါင်းတပ်ထားသဖြင့် အမြဲရေရနေသည်။ အိမ်ကလေး၏ အနောက်ဘက်ကျကျ ဝါးရုံပင်ကြီးအနီးမှာ

ရေလောင်းအိမ်သာလေး တစ်လုံးရှိသည်။ မိသားစု သေးသေးလေးအတွက် နေရတာအဆင်ပြေသည်။ မအေးတင်က သူ့သမီးလေး မခင်အေးကို ပြောဖူးသည်။

" သမီးကို မေမေကြီးက ပညာသင်ပေးမယ်လို့ ပြောတယ်၊ သမီး ပညာတတ်လို့ အမေတို့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်မှ ဒီအိမ်ခြံဝင်းထဲက ထွက်နိုင်မယ်၊ ကိုယ့်ခြေထောက်ပေါ် ကိုယ် မရပ်နိုင်သေးသမျှတော့ ဒီနေရာကဘယ်ကိုမှ မသွားနိုင်ဘူး "

အဲဒီတုန်းက မအေးတင် ပြောခဲ့သည့်စကားကို လေးနှစ်သမီးအရွယ်မျှသာရှိသေးသည့် သမီးလေး မခင်အေးက ဘာမျှနားမလည်လို့ မျက်လုံးလေးပြူးပြီး နားထောင်နေခဲ့သည်။ ဒီခြံကြီးထဲမှာ နေဖို့လည်း မပူရ၊ စားဖို့လည်း မပူရ၊ ဝတ်ဖို့လည်း မပူရတာ ဘယ်ကိုများ သွားစရာလိုသေးလို့လဲဟု တွေးမိသည်။

အိမ်ကြီးပေါ်ကချပေးသည့် စားကျွင်းစားကျန်တွေက သားအမိနှစ်ယောက် စားသောက်လို့မကုန် ဖြစ်နေသည်။ မေမေကြီးနှင့်မမလေးတို့ မဝတ်ချင်လို့ပေးသည့် အဝတ်အစားတွေကလည်း အရွယ်မတော်၊ အရောင်မကြိုက်တာသာ ရှိမည်၊ အသစ်တွေဖြစ်သည်။ အကောင်းစားတွေဖြစ်သည်။ ဒီတော့ ဘာမှ ပူစရာမလိုသည့်ဘဝ ဖြစ်သည်။

မအေးတင်သည် မခင်အေးကို နာမည်မခေါ်ဘဲ သမီးလို့သာ ခေါ်နေခဲ့သည်။ တနင်္လာသမီးဖြစ်လို့ နေ့သင့်နံသင့်လည်း ဖြစ်အောင် သူ့အဖေ ကိုခင်ထွန်း၏ နာမည်လည်းပါအောင်



မခင်အေးလို့ နာမည်ပေးလိုက်တော့ အဖေ နာမည်ရော အမေနာမည်ပါ ပါသွားသည်။ သမီးကလည်း နာမည်နှင့်လိုက်အောင်အေးသည်။

မခင်အေး ကျောင်းမနေမီက အိမ်မက်လိုလို တကယ်လိုလို အဖြစ်တွေကို သတိရနေသည်။ မခင်အေးကို ဒီအိမ်လေးမှာ မွေးတာမဟုတ်ဟု အမေ ပြောလို့သိရသည်။ မခင်အေးတို့မိသားစု ဒီခြံဝင်းကြီးထဲမှာ နေထိုင်ခွင့်ရသည့်အခါ မခင်အေးအခါလည်သမီးအရွယ်လောက် ရှိနေပြီဖြစ်သည်။ မခင်အေးကတော့ မမှတ်မိဟုဆိုသည်။ မခင်အေး စတင်မှတ်မိသည့်အချိန်မှာ ဒီခြံဝင်းကြီးထဲက ဒီအိမ်လေးမှာ နေကြပြီဖြစ်သည်။

မခင်အေး ပိုးတိုးဝါးတား မှတ်မိတာတွေရှိသည်။ ဘဘကြီးနှင့်မေမေကြီးတို့၏ သားကြီး ဘိလပ်ကိုပညာသင်သွားလို့ မိသားစုတွေ မင်္ဂလာဒုံလေဆိပ်ကို လိုက်ပို့ခဲ့ကြတာကိုမှတ်မိသည်။ ဘဘကြီးနှင့် မေမေကြီးတို့ရဲ့ သားကြီးဖြစ်လို့ မမလေးက ကိုကိုလို့ခေါ်တာ မှတ်မိသည်။ ကိုကိုသည် အသားဖြူသည်။ ရုပ်ချောသည်။ ဥရောပဝတ်စုံဖြင့် အတော်ကြည့်ကောင်းသူ ဖြစ်သည်ဆိုတာကိုအထိ မှတ်မိနေသည်။ ကိုကိုသည် လေယာဉ်ပေါ်တက်ခါနီးမှာ ဘဘကြီးနှင့်မေမေကြီးတို့ကို ကန်တော့တာ၊ မမလေးရဲ့နဖူးကို နမ်းတာတွေကို မြင်ယောင်နေသည်။

အိမ်ကြီးပေါ်မှာ မိသားစု ဘယ်နှစ်ယောက်ရှိတယ်ဆိုတာကို မခင်အေးကတော့ တိတိကျကျမသိ၊ မခင်အေး၏ အမေဒေါ်အေးတင်ကတော့ နေ့စဉ် အိမ်ကြီးပေါ်တက်ပြီး အလုပ်လုပ်

ရသူဖြစ်လို့ မိသားစု ဘယ်နှစ်ယောက်ရှိသည်ဆိုတာကို တိတိကျကျ သိမည်ဖြစ်သည်။ မခင်အေး သိတာကတော့ မိခင်ဒေါ်အေးတင်က ဘဘကြီး၊ မေမေကြီးလို့ ခေါ်နေကြသည့် ဘဘကြီး၊ မေမေကြီးနှင့် မမလေးတို့သာရှိသည်။ ကိုကိုက ဘိလပ်မှာ ပညာသင်နေသည်။ တစ်ခါတစ်လေ မိုးကုတ်က လာကြသည့် ဧည့်သည်တွေက ကြာကြာမနေဘဲ ပြန်သွားကြသည်။

ခြံစောင့်ကုလားအဘိုးကြီးသည် သူ့အတွက် ဆောက်ပေးထားသည့် ကင်းတဲအရွယ်မျှသာရှိသည့် တဲကလေးမှာပဲနေသည်။ နေ့ဘက်မှာ ဥယာဉ်မှူးလုပ်သည်။ ညဘက်မှာ ညစောင့်လုပ်သည်။ ဘယ်အချိန်မှာ အိပ်သည်မသိရ ဖြစ်နေသည်။ ခြံစောင့် မာလီကုလားကြီးသည် အိမ်ကြီးပေါ်ကို ဘယ်တော့မှ မတက်၊ သူ့တဲကလေးမှာပဲနေသည်။ သူ့အလုပ်က ဒီခြံထဲကို ဝင်လာသည့် မော်တော်ကားကို ခြံဝင်းတံခါးဖွင့်ပေးမည်။ ဒီခြံထဲက ထွက်သွားသည့်ကားကိုလည်း ဖွင့်ပေးမည်။ ခြံထဲကထွက်သွားမည့် ကားကိုသာ မစစ်ဆေးသော်လည်း ခြံထဲကိုဝင်မည့်ကားကိုမူ သေသေချာချာ မေးစစ်ပြီးလို့ ယုံကြည်စိတ်ချရမှ ခြံဝင်းတံခါးကို ဖွင့်ပေးသည်။

ခြံစောင့်ကုလားကြီးကို ဘဘူကြီးလို့ ခေါ်သံကြားဖူးသည်။ ဘဘူကြီးသည် ဘယ်သူနှင့်မျှ ရင်းရင်းနှီးနှီးမနေဘဲ သူ့ဟာသူ တစ်ယောက်တည်း သီးသီးသန့်သန့် နေလေ့ရှိသည်။ မခင်အေး၏ အမေ ဒေါ်အေးတင်ကိုတောင် နာမည်ကိုမခေါ်ဘဲ



ဒေါင်မလေးလို့ခေါ်သည်။ မြန်မာစကားကို ပီပီသသ မပြောနိုင်တာကို သတိထားမိသည်။ ဘဘကြီးကတော့ ဘဘူကြီးကို ဘာဆာမြား လို့ခေါ်သံကြားဖူးသည်။ ဘဘူကြီး၏နာမည် ဘာဆာမြား ဖြစ်မည်။

ဘဘူကြီး ဘာဆာမြားသည် လစာငွေ ၈၅ တောင်းသည်ဟု သိရသည်။ အိန္ဒိယနိုင်ငံမှာနေသည့် သူ့မိသားစုဆီကို ပိုက်ဆံပို့ပေးနေသည်ဟု ကြားဖူးသည်။ ဘဘူကြီးကတော့ ဒီအကြောင်းတွေကို ဘယ်သူ့ကိုမှ မပြောသည့်အပြင် ဘယ်သူနှင့်မျှ တရင်းတနှီး စကားမပြောသည့်အတွက် သူ့အကြောင်းကို သိရန်ခက်သည်။

ဒီအိမ်ကြီးက အဖြစ်အပျက်တွေနှင့် ပတ်သက်ပြီး မခင်အေး မှတ်မိသလိုလို မမှတ်မိသလိုလိုဖြင့် မပီမပြင်ဝိုးတဝါး ဖြစ်နေတာတွေရှိသည်။ မမလေး မင်္ဂလာဆောင်တာကို မှတ်မိသလိုလို၊ မမှတ်မိသလိုလို ဖြစ်နေသည်။ ကိုကို ဘိလပ်ကို ပညာတော်သင် သွားပြီးမှလား၊ မသွားခင်လား မမှတ်မိဖြစ်နေသည်။

မမလေး၏ခင်ပွန်း ကိုတင်နွယ် မိုးကုတ်ကပြန်ရောက်လာလို့ မမလေးနှင့်အတူ သွားတာလာတာတွေကို မှတ်မိသည်။ မမလေး ကလေးမီးဖွားခါနီးလို့ ရန်ကုန်ကို ပြန်လာတယ်ဆိုလား၊ သွားပြီးလျှင် မိုးကုတ်ကကျောက်တွင်းတွေရှိရာကို ပြန်သွားရမည်ဆိုလား၊ အဲဒီအကြောင်းတွေကို မပီမပြင်ဝိုးတိုးဝါးတား ဖြစ်နေသည်။

မမလေး၏ယောကျ်ား ကိုတင်နွယ်သည်လည်း ကျောက်တွင်းပိုင်ရှင် သူဋ္ဌေးသားဟုသိရသည်။ အရပ်မြင့်မြင့် အသားဖြူဖြူ လူပုံချောချော ဖြစ်သည်။ အမျိုးသမီးတွေကြိုက်သည့် ရုပ်မျိုးဖြစ်သည်။ ကျန်းမာသန်စွမ်းပြီး ယောကျ်ားပီသသည့် ရုပ်ရည်ရှိသူ ဖြစ်သည့်အပြင် ရုပ်ချောသူ ဖြစ်သည့်အတွက် မမလေး ကံကောင်းသည်လို့ အမေပြောတာကို မခင်အေး ကြားဖူးသည်။ ဘဘကြီးနှင့် မေမေကြီးတို့က သမီးအတွက် သားမက်ကို ကြေးကောင်းပေးပြီး ရှာထားတာဟုဆိုသည်။ မမလေး၏ယောကျ်ားဖြစ်လို့ မခင်အေး၏အမေက ကိုကိုလေးလို့ခေါ်သည်။ အမေက ခေါ်တော့ မခင်အေးကပါ ကိုကိုလေးလို့ စိတ်ထဲကခေါ်နေခဲ့မိသည်။ ကိုကိုလေးသည် မခင်အေးတို့သားအမိတွေနေသည့် အိမ်ကလေးဘက်ကို ဘယ်တော့မှ မလာတာကို မှတ်မိနေသည်။

မခင်အေး၏ ငယ်ဘဝကပုံရိပ်တွေသည် ရှုပ်ရှုပ်ထွေးထွေးတွေဖြစ်နေသည်။ ကိုကို နိုင်ငံခြားကိုသွားသည့်အခါမှာ အဖေက လေဆိပ်ကိုလိုက်ပို့ခဲ့ရတာကို မှတ်မိနေသော်လည်း မမလေးနှင့် ကိုတင်နွယ်တို့ မင်္ဂလာဆောင်သည့်အခါ အဖေ ကားမောင်းပို့နေခဲ့ရသလား၊ အဲဒီအချိန်မှာ အဖေ မရှိတော့ဘူးလားဆိုတာတွေဟာ ရှုပ်ရှုပ်ထွေးထွေး ဝေဝေဝါးဝါးတွေဖြစ်နေသည်။ အဖေသေလို့ အဖေ့အလောင်းကို သင်္ဂြိုလ်ဖို့ လိုက်သွားတာကိုတော့ မှတ်မိနေပြန်သည်။ ဒီလိုသာဆိုလျှင်တော့ ဒီကာလတွေမှာ မခင်အေး၏အသက် သုံးနှစ်မျှသာရှိမည်ထင်သည်။



မမလေးမှာ သားယောကျ်ားလေးမွေးတယ်လို့ အမေပြောတာကိုလည်း ကြားရသည်။ သူ့အဖေ ကိုတင်နွယ်လိုပဲ ဖြူဖြူချောချောလို့ အမေပြောတာကိုတောင် ကြားမိသလိုလို သတိရနေသည်။ အမေပြောတဲ့အထဲမှာ ဝမ်းသာစရာစကားတစ်လုံးတောင်ပါသေးသည်။

" သမီးနဲ့ ကစားဖော် ရတော့မယ် "

မခင်အေးသည် ငယ်စဉ်ကပင် တစ်ယောက်တည်းနေခဲ့ရသည်။ အဖေက ကားမောင်းနေရသည်။ အမေက အိမ်ကြီးပေါ်သွားပြီး ဝေယျာဝစ္စမျိုးစုံတွေကို လုပ်ပေးနေရသည်။ ကလေးအရွယ်လူမမယ် မခင်အေးတစ်ယောက်တည်း အိမ်ကလေးမှာ ကစားနေရသည်။ အန္တရာယ်ကင်းသည့် ခြံဝင်းကြီးထဲမှာ နေရတာဖြစ်လို့ အဖေနှင့်အမေက သမီးလေးကို အိမ်ကလေးမှာ စိတ်ချလက်ချထားပြီး အလုပ်လုပ်နေကြတာဖြစ်သည်။ မခင်အေးမှာ ကစားဖော်လိုနေသည်။

သီရိရတနာအိမ်ကြီးမှာ သားဦးရတနာဖွားမြင်လို့ ဝမ်းသာနေကြသည့်အချိန်နှင့် မရှေးမနှောင်းမှာပင် သောကဖြစ်စရာအကြောင်းပေါ်လာသည်ဟု အမေပြောဖူးသည်။ ဘာတွေဖြစ်သည်ကိုမသိရ၊ ဘဘကြီးနှင့်မေမေကြီးတို့ မျက်စိမျက်နှာပျက်နေကြသည်ကိုသာ သတိထားမိသည်ဟု အမေကပြောသည်။

အိမ်ကြီးပေါ်မှာ နေ့ကလေးထိန်းလို့ခေါ်ကြသည့် အမျိုးသမီးတစ်ယောက် အလုပ်ဆင်းနေသည်ဟု အမေကပြောသည်။ နံနက်လာပြီး ညနေမှာပြန်သွားသည်ဟုသိရသည်။ မမလေးသည် ဘုံလ်ချုပ်ဈေးမှာ ဆိုင်ပြန်ထွက်နေပြီဖြစ်လို့ ကလေးကို နေ့ကလေး

ထိန်းဖြင့် ထားတာဖြစ်သည်။ မခင်အေးသည် အိမ်ကြီးပေါ်ကို တက်ခွင့်မရှိသည့်အတွက် ကလေးကို မမြင်ဖူးသေးဖြစ်နေသည်။

မခင်အေးရဲ့ဘဝမှာ သေသေချာချာ မှတ်မိတာကတော့ မခင်အေး အသက်ငါးနှစ်ပြည့်လို့ ကျောင်းထားရမည့်နှစ်ကို တိတိကျကျ မှတ်မိသည်။ အဲဒီနှစ်က မေမေကြီးက အမေ့ကို အိမ်ကြီးပေါ်ကိုခေါ်သည်။ နင့်သမီးကိုပါ ခေါ်လာခဲ့လို့ပြောသည့်အတွက် မခင်အေးပါ အိမ်ကြီးပေါ်ကိုလိုက်သွားရသည်။

“ အေးတင် နင့်သမီး ငါးနှစ်ပြည့်ပြီမဟုတ်လား ”

“ ဟုတ်ကဲ့ ပြည့်ပါပြီ မေမေကြီး ”

“ ကလေးကို ကျောင်းမထားသေးဘူးလား ”

“ ထားချင်ပါတယ် မေမေကြီး ”

“ ထားချင်လျှင် ကျောင်းအပ်ဖို့လုပ်၊ နံနက်ပိုင်းတက်ရတဲ့ ကျောင်းမှာအပ် သမီးကိုဈေးပို့တဲ့ကားနဲ့ နင့်သမီးကို ကျောင်းပို့ခဲ့လို့ရတယ်၊ ကျောင်းဆင်းချိန်ကျတော့ နင်သွားကြိုပေါ့၊ အိမ်က ကားကြုံလျှင်လည်း ဝင်ခေါ်လာလိမ့်မယ် ”

“ ဟုတ်ကဲ့ ”

အဲဒီတုန်းက မခင်အေးရဲ့အမေဟာ ဝမ်းသာလွန်းလို့ အင်္ကျီလက်မောင်းဖြင့် မျက်ရည်သုတ်သည်။ ဟုတ်ကဲ့ဆိုတဲ့ စကားတစ်ခွန်းကိုပင် အသံတွေတုန်နေလို့ မနည်းကြိုးစားပြီး အသံထွက်အောင်ပြောခဲ့ရတာကို မခင်အေး မှတ်မိနေသည်။ အိမ်ကလေးကို သားအမိနှစ်ယောက် ပြန်ရောက်သည်အထိ အမေ မျက်ရည်ကျနေတုန်းဖြစ်သည်။



“ တို့သားအမိအပေါ်မှာ အင်မတန်ကျေးဇူးကြီးတဲ့ မိသားစုပဲသမီး၊ ဒီကျေးဇူးတွေကို တို့သားအမိ အသက်ပေးပြီးဆပ်မှ ကျေနိုင်မယ်သမီး ”

အမေပြောပြီး မျက်ရည်သုတ်ပြန်သည်။ အဖေ့ကို အလုပ်ပေးထားခဲ့သည်။ နေစရာပေးထားခဲ့သည်။ စားစရာပေးထားခဲ့သည်။ ဝတ်စရာပေးသည်။ အဖေ သေသွားပြီးတာတောင် ဒီခြံကြီးထဲမှာ နေခွင့်ပေးထားသည်။ မခင်အေးကို ကျောင်းထားပေးဦးမည်ဆိုသည့်အခါ အမေ ဝမ်းသာလွန်းလို့မျက်ရည်ကျခဲ့တာကိုတော့ သေသေချာချာ မှတ်မိခဲ့သည်။

အဲဒီလိုဖြင့် မခင်အေး ကျောင်းတက်ခဲ့ရသည်။ မမလေးကိုယ်တိုင်လိုက်ပြီး ကျောင်းအပ်ပေးတာဖြစ်လို့ ဗိုလ်ချုပ်ဈေးနှင့် သိပ်ပြီးမဝေးသည့်နေရာမှာရှိသည့် ကျောင်းကိုတက်ခဲ့ရသည်။ နံနက် ၇ နာရီမှ နေ့လည် ၁၂ နာရီအထိတက်ရသော ကျောင်းဖြစ်သည်။ အလွန်စည်းကမ်းကြီးသည်။ သူငယ်တန်းကစပြီး အတန်းကြီးတွေအထိ အင်္ဂလိပ်လိုပြောကြရသည်။

စောစောပိုင်းကတော့ မခင်အေး ကြောက်နေခဲ့သည်။ နောက်တော့ ပျော်လာသည်။ ကျောင်းဝတ်စုံဂါဝန်လေးဝတ်၊ သားရေပြောင်ရှူးဖိနပ်ကလေးစီးပြီး ကျောင်းသွားရတာကို အရမ်းသဘောကျသည်။ ကျောင်းကိုရောက်တော့လည်း သူငယ်ချင်းတွေနှင့် ကျောင်းစာတွေအော်ကျက်ရတာ အရမ်းပျော်သည်။ အတန်းတင်စာမေးပွဲကိုအောင်လျှင် မေမေကြီးက ဆုချမည်ဆိုလို့ စာတွေအော်အော်ကျက်သည်။

ကျောင်းနေဖက် သူငယ်ချင်းတွေ၏ နာမည်တွေကလည်း မာဂရက်တဲ့၊ ကစ်သရင်းတဲ့၊ ရှီစီတဲ့၊ ဂျင်နီတဲ့၊ ကျောင်းဝင်သည့်နေ့က ဆရာမကြီးက မခင်အေးကိုလည်း ကျောင်းနာမည်ပေးသည်။ ဝင်နီအေးတဲ့၊ မခင်အေးက မကြိုက်လို့ သတိတောင်မရဖြစ်နေသည်။ အမေပေးတဲ့ ခင်အေးဆိုတဲ့နာမည်ကိုပဲ ကြိုက်သည်။

○

( ၅ )

မခင်အေး၏ ငယ်ဘဝသည် ပျော်စရာသိပ်မကောင်းခဲ့သော်လည်း စိတ်ညစ်စရာ သိပ်မရှိသောဘဝဖြစ်သည်။ အဖေသေသွားလို့ ကလေးဘဝမှာ မိစုံဖစုံ မနေခဲ့ရတာပဲရှိသည်။ ကျန်တာက နေဖို့လည်းမပူရ၊ ဝတ်ဖို့လည်းမပူရ၊ စားဖို့လည်းပူစရာမလိုသည့်ဘဝဖြင့် နေခဲ့ရသည်။

အမေ ပြောပြလို့သိရသည်။ သီရိရတနာအိမ်ကြီးမှာ မြသနာတွေဖြစ်နေသည်ဟု ခန့်မှန်းရသည်။ နိုင်ငံခြားမှာပညာသင်နေသည့် ကိုကိုသည် နိုင်ငံခြားသူတစ်ယောက်ကို တရားဝင်လက်ထပ်ယူလိုက်သည့်အတွက် ဘဘကြီး နှင့် မေမေကြီးတို့အခမ်း စိတ်ထိခိုက်နေကြသည်ဟုဆိုသည်။

သီရိရတနာအိမ်ကြီးသည် ဒီအကြောင်းတွေကို ဖုံးဖုံးဖိဖိ
လုပ်ထားသော်လည်း နေ့စဉ် အိမ်ထဲကို ဝင်ထွက်လုပ်နေရသည့်
ဒေါ်အေးတင်က ရိပ်စားမိပြီး သမီး မခင်အေးကို တိုးတိုးပြော
ရာမှ သိရခြင်းဖြစ်သည်။

နောင်အခါမှာသိရတာက ဒီကိစ္စသည် ပေါ့သေးသေးကိစ္စ
မဟုတ်၊ အတော်မျက်နှာပျက်ပြီး အရှက်ရစရာကောင်းသည့်ကိစ္စ
ဖြစ်နေသည်။ ဘိလပ်ပြန် ကိုကိုနှင့် စေ့စပ်ထားသည့်အမျိုးသမီး
ရှိပြီးဖြစ်သည်ဟု သိရသည်။ လူကြီးချင်း သဘောတူစေ့စပ်ထား
တာဖြစ်သည်။ ကိုကို ဘိလပ်ကို ပညာတော်သင်သွားမည့်စရိတ်
နှင့် ကျောင်းစရိတ်ကို မိန်းကလေးဘက်က ထောက်ပံ့နေတာဟု
ဆိုသည်။ ကိုကိုသည် ကျောင်းနေဖက် ဘိလပ်သူတစ်ယောက်
နှင့် တိတ်တိတ်ပုန်း ညားနေသည်ဆိုသည့် သတင်းကို အလျင်
ကြားရသည်။ နောက်များမကြာမီ အဲဒီဘိလပ်သူနှင့် တရားဝင်
လက်ထပ်လိုက်ပြီဆိုသည့် သတင်းကိုကြားကြသည့်အတွက်
ဘဘကြီး နှင့် မေမေကြီးတို့ အကြီးအကျယ် အရှက်ရပြီး စိတ်
ဓါတ်ကျနေကြသည်ဟု အမေပြောပြလို့သိရသည်။

ဘဘကြီး နှင့် မေမေကြီးတို့သည် မမလေးက မွေးသည့်
မြေးဦးလေးကို မောင်မောင်ဦးလို့ နာမည်ပေးကြသည်။ စိတ်ညစ်
စရာတွေကို မြေးကလေးဖြင့်ဖြေနေကြရသည်။ မခင်အေးသည်
ကျောင်းပိတ်သည့်ရက်တွေမှာ မောင်မောင်ဦးလေးနှင့် ကစား
ခွင့်ရသည်။ ကျောင်းမှာလည်း ပျော်သည်။ အိမ်မှာလည်းအဖော်
ကလေးတစ်ယောက်ရှိနေလို့ အခိုက်အတန့်ပျော်ခဲ့သေးသည်။



မခင်အေးသည် မောင်မောင်ဦးထက် သုံးနှစ်ခန့်သာကြီးသည့်အတွက် မောင်မောင်ဦးလေးငယ်စဉ်က ထိန်းခွင့်မရဘဲ ကလေးငိုသံကိုသာ နားထောင်ပြီးနေခဲ့ရသည်။ ကလေးငယ်သေးသည့်အတွက် ကလေးထိန်း နပ်စ်မ ဖြင့် ထားခဲ့သည့်အတွက် ကလေးကို မမြင်မတွေ့ခဲ့ရဖြစ်နေသည်။ မခင်အေး ကျောင်းနေသည့်နှစ်ရောက်တော့မှ ခြံထဲမှာပြေးဆော့လျှောက်သွားနေသော မောင်မောင်ဦးလေးအနားကို မခင်အေး မသိမသာကပ်ခဲ့ရတာဖြစ်သည်။ ကလေးချိုချင်နေသည့် မခင်အေးသည် လူကြီးတွေအလစ်မှာ မောင်မောင်ဦးလေးကို ခိုးချီခဲ့သည်။ ဖက်နမ်းခဲ့ဖူးသည်။

အဲဒီလို လုပ်ပါများတော့ မောင်မောင်ဦးလေးသည် မခင်အေးကို ခင်နေတော့သည်။ ကလေးသဘာဝအတိုင်း ကလေးချင်း နေချင်တာဖြစ်သည်။ သီရိရတနာခြံကြီးကလည်း စတ်ဝန်းကျင်နှင့် အတော်အလှမ်းဝေးပြီး ကင်းကွာနေသည့်အတွက် တစ်ခြံတည်းအတူနေသည့် မခင်အေးနှင့် မောင်မောင်ဦးတို့၏ ရင်းနှီးမှုက ပိုမိုခိုင်မာနေတော့သည်။

သီရိရတနာအိမ်ကြီးမှာ ပြဿနာတစ်မျိုး တိုးလာပြန်ပြီဟု သိရသည်။ မမလေးသည် ဗိုလ်ချုပ်ဈေးမှာ ဆိုင်ထွက်နေရာမှ ဆိုင်ကို ခေတ္တပိတ်ထားခဲ့ပြီး သူ့ခင်ပွန်း ကိုတင်နွယ် အလုပ်လုပ်နေသည့် မိုးကုတ်ကိုလိုက်သွားသည်။ ဘာကိစ္စအရေးကြီးလို့ လိုက်သွားတယ်ဆိုတာကို မသိရသေးဖြစ်နေသည်။

တစ်ပါတ် ဆယ်ရက်လောက်အကြာမှာ မမလေးနှင့်အတူ ကိုတင်နွယ်ပါ သီရိရတနာအိမ်ကို ပြန်ရောက်လာသည်။

ကိုတင်နွယ်ပါ မမလေးနှင့်အတူ ဗိုလ်ချုပ်ဈေးမှာ ဆိုင်ထိုင်တော့မည်ဟုသိရသည်။

နောက်နေ့တွေမှာ ကိုတင်နွယ်နှင့် မမလေးတို့ ဈေးသွားသည့်ကားဖြင့် မခင်အေး ကျောင်းလိုက်ခဲ့ရသည်။ ဒီတော့မှ ကိုတင်နွယ်ပါ ဗိုလ်ချုပ်ဈေးက ကျောက်မျက်ရတနာဆိုင်မှာ ထိုင်နေပြီဆိုတာ သေချာသွားသည်။

ကိုတင်နွယ်ပါ မမလေးနှင့်အတူ ဆိုင်ထိုင်နေရသည့်အကြောင်း၏ နောက်ဆက်တွဲဇာတ်လမ်းတစ်ခုကို အမေက နားစွန်နားဖျား ကြားလာခဲ့သည်။ ကိုတင်နွယ်သည် မိုးကုတ်က ကျောက်တွင်းတွေကို စီမံကွပ်ကဲနေရာမှ မိုးကုတ်မြို့သူတစ်ယောက်နှင့် အတူနေသည်ဆိုသည့်သတင်းကိုကြားလို့ မမလေးလိုက်သွားပြီး ပြန်ခေါ်လာခဲ့တာဟုသိရသည်။ ကိုတင်နွယ်သည် သူဌေးသား၊ ခေတ်ပညာတတ်၊ ယောကျ်ားပီသစွာ ခန့်ချောချောသူဖြစ်သည်။ အမျိုးသမီးကြိုက်ရှုပ်ရှိသူဖြစ်လို့ မမလေးက အလစ်မပေးဘဲ စောင့်ကြည့်နေရသူဖြစ်သည်လို့ အမေကပြောဖူးသည်။

သီရိရတနာမိသားစုသည် ဂုဏ်သရေရှိလူကြီး လူကောင်းမိသားစုဖြစ်လို့ မိသားစုအတွင်းရေးတွေကို ပိပိယိယိ ဖုံးဖုံးဖိဖိဖြင့် အိမ်ဖော်အိမ်စေတွေကိုတောင် မရိပ်မိမသိကြရလေအောင် နေထိုင်ကြသူတွေဖြစ်သည်။ မခင်အေး၏အမေသည် ပါးနပ်လိမ္မာသူဖြစ်သည့်အပြင် အတွင်းတော်အထိ ဝင်ရောက်လုပ်ကိုင်ရသူဖြစ်လို့ အိမ်ကြီးရဲ့အတွင်းရေးတွေကို ရိပ်မိသည်။ သို့သော် အမေရဲ့ နှုတ်လုံမှုကြောင့် အမေ့ကို ယုံကြည်သည်။



မခင်အေး မှတ်မိသလောက်ပြောရလျှင် ဒီကာလတွေသည် သီရိရတနာမိသားစု၏ စီးပွားရေး ဂုဏ်သိက္ခာပါ ကျဆင်းသည့်ကာလလို့ ပြောရမလိုဖြစ်နေသည်။ ကိုကို၏ အိမ်ထောင်ရေးကြောင့် ဘဘကြီးနှင့် မေမေကြီးတို့ သိက္ခာကျပြီး အရှက်ရနေသည်။ ကိုတင်နွယ်၏ အိမ်ထောင်ရေးဖောက်ပြန်မှုကြောင့် မမလေး ဒေါသထွက်ပြီး အရှက်ကွဲနေသည်။ ကျောက်တွင်းတွေကို ပြည်သူပိုင်သိမ်းမည်ဆိုသည့် သတင်းထွက်လာလို့ လုပ်ကွက်တွေအားလုံးကို မတန်တစ်ဆလျှော့ဈေးဖြင့် ရောင်းပစ်လိုက်သည်ဟု သိရသည်။

ဘဘကြီးနှင့် မေမေကြီးတို့သည် ဒီစိတ်တွေဖြင့် စိတ်ဓါတ်ရော၊ ရုပ်ခန္ဓာပါ ကျဆင်းသွားသည်။ အသက်အရွယ်တွေကလည်း ရှစ်ဆယ်ကျော်ကြပြီဖြစ်လို့ လုံးပါးပါးလာကြသည်။ မေမေကြီးအတွက် သူနာပြုတစ်ယောက် ငှားထားရသည်။ ဆရာဝန်မကြာခဏ လာကြည့်တာတွေ့ရသည်။

မခင်အေး သေသေချာချာမှတ်မိသည်။ မောင်မောင်ဦးကို ကျောင်းထားသည့်နှစ်မှာ မေမေကြီးကွယ်လွန်သည်။ မောင်မောင်ဦးလေး ကျောင်းနေသည့်နှစ်ဆိုတော့ မခင်အေး သုံးတန်းရောက်နေသည့်နှစ်ဖြစ်သည်။

မောင်လေးနှင့်အတူ ကျောင်းတက်ရလို့ မခင်အေး အရမ်းပျော်ခဲ့တာကို မှတ်မိသေးသည်။ မောင်မောင်ဦးနှင့် မခင်အေးတို့ တစ်ကျောင်းတည်းမှာ အတူတက်ခဲ့ကြရသည်။ ကျောင်းနေဖက်သူငယ်ချင်းတွေရှေ့မှာ မောင်မောင်ဦးလေးကို လက်ဆွဲပြီး ဟောဒါ ငါ့မောင်လေးလို့ပြောရတာ အရမ်းဂုဏ်ရှိခဲ့သည်။

မခင်အေးသည် ငါးတန်းကျောင်းသူဖြစ်တော့မှ မမလေး၏နာမည်ကိုသိသည်။ မမလေး၏နာမည် သီရိခင်ဖြစ်သည်။ ဘီလပ်မှာနေသည့် ကိုကို၏နာမည်ကို မသိသေးဖြစ်နေသည်။ အမေတို့က ကိုကို၊ မမလေး လို့ခေါ်နေကြလို့ အဲဒီအတိုင်းပဲ လိုက်ခေါ်ခဲ့တာဖြစ်သည်။

ကိုတင်နွယ်သည် မခင်အေးတို့သားအမိကို သိပ်ပြီး အရေးတဝင် နေလေ့မရှိ။ နေ့စဉ် ဈေးသွားခါနီး ကားပေါ်မှာလိုက်ပါလာသည့် အပျိုပေါက်ကလေး မခင်အေးကိုပင် ဖော်ဖော်ရွေရွေမရှိ ခပ်တည်တည် ခပ်တန်းတန်းသာ ဆက်ဆံသည်။ သူဌေးသားမက်ဖြစ်လို့ အိမ်ဖော်အဝတ်လျှော်မည့် မိန်းမကြီး၏ သမီးကို ဖော်ဖော်ရွေရွေ ဆက်ဆံစရာမလိုဆိုသည့်သဘော ဖြစ်မည်ဟု တွေးမိသည်။ သီရိရတနာမိသားစုသည် မခင်အေးတို့သားအမိအတွက်တော့ ကျေးဇူးရှင်တွေဖြစ်နေသည်။ ဘယ်လိုပဲ ဆက်ဆံဆက်ဆံ ကျေနပ်စွာ လက်ခံရမည်သာဖြစ်သည်။ အမေပြောဖူးသည့်စကားကို အမြဲကြားယောင်နေသည်။

" တို့သားအမိအပေါ်မှာ အင်မတန်ကျေးဇူးကြီးတဲ့ မိသားစုပဲ သမီး၊ ဒီကျေးဇူးတွေကို တို့သားအမိ အသက်ပေးပြီးဆပ်မှ ကျေနိုင်မယ် သမီး "

မေမေကြီးက မခင်အေးကို ကျောင်းထားပေးမယ်လို့ ပြောခဲ့တဲ့နေ့က ဒေါ်အေးတင် ဝမ်းသာလွန်းလို့ မျက်ရည်သုတ်ပြီး ပြောခဲ့သည့် စကားဖြစ်သည်။ အဖေ မရှိတဲ့နောက် ဒီခြံကြီးထဲက ဒီအိမ်ကလေးမှာ ဆက်လက်နေထိုင်ခွင့် ပေးခဲ့ရုံသာမက



မခင်အေးကို ကျောင်းထားပေးသည့် သီရိရတနာမိသားစုရဲ့ ကျေးဇူးကို အသက်အသေခံပြီး ဆပ်မှကျေမည်လို့ ဒေါ်အေးတင် ပြောခဲ့တာဖြစ်သည်။

မေမေကြီး ကွယ်လွန်သွားပြီးနောက် ဘဘကြီးသည် အဖော်မဲ့သွားသည့်အတွက် အထီးကျန်ဝေဒနာကို ခံစားနေရသည်။ စီးပွားကျသွားသည့်အတွက် စိတ်ကျဝေဒနာကို ခံစားနေရသည်။ တငေးငေးတငိုင်ငိုင် ဖြစ်လာသည်။ လှုပ်ရှားမှုတွေ နှေးကွေးလာသည်။ မကြာမီ ခြေတစ်ဘက်ဆွဲပြီးလမ်းမလျှောက်နိုင်ဖြစ်လာတော့သည်။ နောက်ဆုံးမှာ လေဖြတ်ပြီး အိပ်ရာထဲလဲလေတော့သည်။

ဒီအခြေအနေမှာ ဒေါ်အေးတင်၏အလုပ်သည် ဘဘကြီးတို့ အဖေတစ်ယောက်လိုပြုစုရတော့သည်။ ရေချိုးပေး၊ အဝတ်အစားလဲပေး၊ အညစ်အကြေးသန့်ရှင်းပေး၊ ပွေ့ယူ၊ ဆေးတိုက်၊ ထမင်းခွံ့ လုပ်ပေးရသည်။ လေဖြတ်နေသည့် အသက်ရှစ်ဆယ်ကျော်အဘိုးဖြစ်လို့ အထူးဂရုစိုက်နေသည်။ လူမမာဘဘကြီးက ဒေါ်အေးတင်ကို မပီမသပြောသည်။

" အေးတင်၊ ဒီအိမ်မှာ နင် မရှိလို့မဖြစ်ဘူး "

" ကျွန်မ အမြဲရှိပါတယ် ဘယ်ကိုမှမသွားဘူး "

" မသွားနဲ့ ငါ သေပြီးလျှင်လည်း နင်တို့သားအမိ ဒီအိမ်မှာပဲဆက်နေ "

" နေမယ် နေမယ်၊ ဘဘကြီးလည်း မသေပါဘူး၊ အသက်ရာကျော်ရှည်မှာပါ "

မခင်အေးရဲ့အမေက အဲဒီလိုပြောတော့ ဘဘကြီး ကျေနပ်သွားသည်ဟု သိရသည်။ အမေသည် ဟိုတုန်းကတော့ တစ်နေ့မှာတစ်ခါသာ အိမ်ကြီးပေါ်ကိုသွားပြီး ထမင်းချက်အဝတ်လျှော်သန့်ရှင်းရေးလုပ်ပြီး အိမ်ကလေးကို ပြန်နားနေလို့ရသည်။ အခုတော့ ဘဘကြီးကို ဆေးတိုက်ဖို့ကိစ္စအပါအဝင် တစ်ခြားကိစ္စမျိုးစုံဖြင့် အိမ်ကြီးပေါ်ကို တစ်နေ့ သုံးကြိမ်လောက်တက်နေရသည်။

ဘဘကြီး၏ ကျန်းမာရေးအခြေအနေ မကောင်းဘူးဆိုတာကို အင်္ဂလန်မှာနေသည့် သားကြီးကိုကိုထံကို အသိပေးအကြောင်းကြားသည်။ မေမေကြီး အသည်းအသန်ဖြစ်တုန်းကလည်း အသိပေးအကြောင်းကြားခဲ့သည်။

မေမေကြီး ကွယ်လွန်သွားပြီဆိုတာကိုလည်း ကြေးနန်းရိုက်ပြီး အကြောင်းကြားခဲ့သည်။ အဲဒီတုန်းက ကိုကိုသည် လာလည်းမလာ၊ ဘာမှလည်း အကြောင်းမပြန်ခဲ့ဘဲ နေခဲ့သည်။ အခုတော့ဘဘကြီး အသည်းအသန်ဖြစ်နေပြီလို့ အကြောင်းကြားလိုက်တာနဲ့ မကြာမီ ကိုကို မြန်မာပြည်ကို ပြန်ရောက်လာသည်။

အင်္ဂလန်နိုင်ငံမှာ ဆယ်နှစ်လောက်ကြာအောင်နေခဲ့သည့် ကိုကိုသည် အသားတွေဖြူဖွေးပြီး ဘိုရုပ်ပေါက်နေသည်။ အရပ်အမောင်းကကောင်း၊ ရုပ်ကဖြောင့်တော့ ဥရောပဝတ်စုံဖြင့် အရမ်းကြည့်ကောင်းသည်။ ဘဘကြီးကို အသက်မီအောင်ပြန်လာတာဖြစ်သည်။ မြန်မာပြည်မှာ အတော်ကြာကြာ နေမည်ဟု သိရသည်။ ဒီတော့မှ ကိုကို၏ နာမည်ကို သိရသည်။ ကိုခင်မောင်ကြီး ဖြစ်သည်။



ကိုခင်မောင်ကြီး ရောက်လာပြီး တစ်ပတ်ဆယ်ရက်လောက်အကြာမှာ ဘဘကြီးဆုံးသည်။ ဘဘကြီးကို အသုဘချသည့်နေ့က အမေနှင့်အတူ မခင်အေးပါ ငိုခဲ့ရသည်။ ဘဘကြီးနှင့်မေမေကြီးတို့ရဲ့ ကျေးဇူးတရားတွေကို သတိရအောင့်မေ့ပြီးဝမ်းနည်းလို့ အားရပါးရငိုခဲ့ကြသည်။ အဖေ သေတုန်းကတလေးဘဝဖြစ်လို့ မှတ်မိသလိုလို မမှတ်မိသလိုလိုဖြင့် အမေငိုလို့ ရောယောင်ငိုခဲ့သည်။ အခုတော့ ဘဘကြီးကို တကယ်ချစ်တဲ့စိတ်ဖြင့် စိတ်ပါလက်ပါ ငိုခဲ့သည်။

ဘဘကြီး၏အလောင်းကို ကြဲတောသုသာန်က မေမေကြီး၏အုတ်ဂူအနီးမှာ ဂူသွင်းသင်္ဂြိုလ်သည်။ ဒီတော့မှ ဘဘကြီးနှင့်မေမေကြီးတို့၏ နာမည်တွေကို မခင်အေး သိတော့သည်။ အုတ်ဂူတွေမှာ ရေးထိုးထားသည့် ကျောက်ပြားက နာမည်တွေကိုဖတ်ပြီး သိတာဖြစ်သည်။ ဘဘကြီး၏နာမည် ဦးဘခင်၊ မေမေကြီး၏နာမည် ဒေါ်တင်မကြီး ဖြစ်သည်။

ဘဘကြီးကို အသုဘချသည့်နေ့က သုဿန်မှာ အားပါးတရငိုနေသည့် မခင်အေးကို ကိုကိုက စိတ်ဝင်စားစွာကြည့်သည်။ မခင်အေးသည် အသက် ၁၆ နှစ်မျှသာရှိသေးသည့် ဆယ်တန်းကျောင်းသူဆိုသော်လည်း အရပ်မြင့်ပြီး လူကောင်ထွားနေသဖြင့်အပျိုလေးလိုဖြစ်နေသည်။ ရက်လည်ဆွမ်းသွပ်သည့် အလှူပွဲမှာလည်း မိသားစုအနေဖြင့် လုပ်ကိုင်နေသည့် မခင်အေးကိုကိုကိုက ကြည့်ပြီးမေးသည်။

" ဒေါ်လေးတင် သူက ဘယ်သူလဲ "

" ဒါ ငါ့သမီးလေ "

" ဟယ် မိပေါက်စ၊ ဒါလောက်တောင်ကြီးနေပြီလား "

" ကြီးပြီလားဟဲ့၊ ဒီနှစ် ဆယ်တန်းတက်ပြီ "

ဒီတော့မှ မခင်အေး၏ ငယ်နာမည် ပေါက်စ ဆိုတာကို သိရတော့သည်။ ကိုကို နိုင်ငံခြားကို ထွက်သွားသည့်အချိန်မှာ မခင်အေးသည် သုံးနှစ်သမီး သို့မဟုတ် လေးနှစ်သမီးအရွယ်ဖြင့် ကျန်နေခဲ့တာဖြစ်သည်။

ဘဘကြီး၏ အသုဘကိစ္စတွေပြီးသော်လည်း ကိုကိုသည် သူ့ဇနီးရှိရာ ဘိလပ်ကို မပြန်ဘဲနေသည်။ ဘိလပ်ကို မပြန်ရုံသာ မက ဘဘကြီးနှင့် မေမေကြီးတို့အိပ်ခဲ့သည့်အခန်းကို သူ့အိပ်ခန်း အဖြစ်ပြုပြင်ပြီး အမြဲနေထိုင်တော့သည်။

ကိုကိုသည် ဘိလပ်မှာ အနေကြာခဲ့သူဖြစ်လို့ ဘောင်းဘီ ဝတ်တာ အကျင့်ပါနေသည်။ ကိုကို့ကို ပုဆိုးဝတ်ဖြင့်တွေ့ရခဲ သည်။ ညအိပ်တာတောင် ဘောင်းဘီ ဝတ်ပြီးအိပ်သည်ဟု ယူဆရသည်။ အရပ်ကမြင့်၊ အသားကဖြူ ရုပ်ကချောဆိုတော့ ဘောင်းဘီရှည်ဖြင့် အရမ်းကြည့်ကောင်းသူဖြစ်သည်။

ဘဘကြီး၏ နာရေးကိစ္စပြီးကတည်းက ကိုကိုသည် အိမ်မှာ နေလေ့မရှိဘဲ မြို့ထဲကို သွားသွားနေသည်။ ဘယ်တွေကိုသွား သည်မသိရသော်လည်း သံရုံးကြီးတွေနှင့် ကုလသမဂ္ဂလို အဖွဲ့ အစည်းကြီးတွေရှိရာ ရုံးကြီးတွေကို ဝင်ထွက်သွားလာနေသည် ဟုသိရသည်။ အလုပ်အကိုင်တစ်ခု ရရှိရေးအတွက် ကြိုးစားနေ သည်လို့ ထင်ရသည်။



ဘဘကြီး မရှိတော့သည့်အခါ မခင်အေး၏အမေသည် အိမ်ကြီးပေါ်ကို တစ်နေ့တစ်ခေါက်သာ တက်တော့သည်။ ချက်ပြုတ်၊ အဝတ်လျှော်၊ သန့်ရှင်းရေးလုပ်ပြီးပါက တစ်နေကုန် နားနေလို့ရသည်။ တစ်နေ့တစ်ခေါက်သာ တက်ခွင့်ရသည့် အချိန်လေးမှာပင် အမေ၏ ပါးနပ်မှုကြောင့် ကိုကို၏ အကြောင်း ကို တစ်စွန်းတစ်စ ကြားသိလာခဲ့သည်။ ကိုကိုသည် ဘိလပ်သူ ဇနီးနှင့် တရားဝင်ကွာရှင်းလာခဲ့ပြီဟု သိရသည်။

○

# ( ၆ )

မခင်အေး ဆယ်တန်းတက်သည့်နှစ်မှာ ဒေါ်အေးတင်၏ ကျန်းမာရေး သိပ်မကောင်းဖြစ်လာသည်။ အာရုံကြောတွေ အားနည်းလာသည်။ မျက်စိမှုန်လာသည်။ နားလည်းလေးလာသည်။ အသက်ကလည်း ခြောက်ဆယ်ပြည့်တော့မည်ဟု ပြောသည်။ ဟိုတုန်းကလို သွက်လက်မှုမရှိတော့တာကိုသိသည့် မမလေးက ပြောသည်။

" ဒေါ်လေးတင် လုပ်နိုင်သလောက်ကိုသာလုပ် သိပ်ပြီးအပင်ပန်းမခံနဲ့ "

မမလေးက အဲဒီလိုပြောပေမဲ့ အမေသည် သီရိရတနာအိမ်ကြီးရဲ့ စီးပွားရေးအခြေအနေကို ရိပ်စားမိနေဟန်တူသည်။ ဘဘကြီးနှင့် မေမေကြီးတို့နာမည်တွေဖြင့် ဘဏ်မှာအပ်ထားခဲ့သည့် ငွေတွေရှိနိုင်သည်။ အတွင်းပစ္စည်းတွေရှိမည်။ နေ့စဉ်ဝင်ငွေက



...တော့ ကိုတင်နွယ်နှင့် မေမေလေးတို့ ရှာထွက်တာပဲရှိမည်။

ဘဘကြီးနှင့်မေမေကြီးတို့ မရှိတော့သည့်အခါ မမလေးသည် ယာဉ်မောင်းကို အလုပ်ဖြုတ်ပစ်လိုက်သည်။ ခြံစောင့်ဘာဘူကြီးကလည်း အိန္ဒိယကိုပြန်ချင်သည်ဆိုပြီး အလုပ်ကထွက်သွားသည်။ မမလေးက ဘာဘူကြီးကို လုပ်သက်ဆုကြေးပေးလိုက်သည်ဟု သိရသည်။ ဘယ်လောက်ပေးလိုက်သည်ဆိုတာကိုမသိ၊ ဘာဘူကြီးက မမလေးကို ဆလန်ပေး အလေးပြုသွားတယ်ဆိုတာပဲသိရသည်။

သီရိရတနာအိမ်ကြီးရဲ့ အထွေထွေ ကုန်ကျစရိတ်တွေကို လျှော့ချနေသည့်အတွက် အမေသည် အလိုက်သိစွာဖြင့် အလုပ်တွေကို ပိုလုပ်သည်။ ထမင်းချက်သည်။ အဝတ်လျှော်သည်။ အိမ်သန့်ရှင်းရေးလုပ်သည်။ ကိုတင်နွယ်နှင့် မမလေးတို့၏ အိပ်ခန်းနှင့် မောင်မောင်ဦး၏ အိပ်ခန်းသာမက ကိုကို၏ အိပ်ခန်းတစ်ခု ...လာသည်။

အိပ်ခန်းတွေ သန့်ရှင်းရေးလုပ်ရုံသာမက ဘာဘူကြီး အလုပ်ကထွက်သွားသည့်အတွက် ပန်းပင်တွေရေလောင်း၊ မြက်ရိုင်းပင်တွေခုတ်၊ ပုံနရိပ်ပင်၏ထိပ်ဖျားတွေကိုညှပ်သည့် အလုပ်တွေကိုပါ အမေ လုပ်ပေးနေသည်။ မမလေးက ခိုင်းတာမဟုတ်၊ အမေက သူ့အသိဖြင့်သူ လုပ်နေတာဖြစ်သည်။ နေ့စဉ်လုပ်ရတာ မဟုတ်သော်လည်း တစ်ခါတစ်လေလုပ်သည့်နေ့တွေမှာ မောလို့ ခြေတုန်လက်ပန်းကျပြီး အိပ်ပျော်သွားတော့သည်။

ဒီလိုဖြစ်လာသည့်အခြေအနေသည် ဆယ်တန်းကျောင်းသူ မခင်အေး၏ အနာဂတ်ဘဝတစ်ခုလုံး ထက်အောက်ပြောင်းပြန်

ဖြစ်အောင် ပြောင်းလဲပစ်မည့် အဖြစ်အပျက်တွေ၏ အစပင်ဖြစ်တော့သည်။

မခင်အေး၏အမေသည် အသက်ကြီးနေပြီဖြစ်သည့် မိန်းမသားဖြစ်သည်။ မျက်စိမှုန်နေသော်လည်း စာရေးစာဖတ်ရန်အကြောင်းမရှိသည့်အတွက် မျက်မှန်မတပ်ဘဲနေသည်။ ညအခါမှာ ဝါးတစ်ရိုက်လောက်အကွာအဝေးကို မမြင်နိုင်ဖြစ်နေသည်။ နားလေးသည့်အတွက် နည်းနည်းအော်ပြောမှကြားသည်။ ဒါတောင် အာရုံစိုက်ပြီးနားထောင်မှကြားသည်။ အလုပ်ပင်ပန်းသည့်နေ့တွေမှာ ကုလားသေကုလားမော အိပ်မောကျသွားလေ့ရှိသည်။ အကာလညအခါမှာ သူတို့နေသည့်အိမ်လေးထဲကို တစ်စုံတစ်ယောက် ဝင်ရောက်လာပါက ဒေါ်အေးတင် အနေဖြင့် မသိနိုင်တော့သည့် အခြေအနေဖြစ်သည်။

ခိုင်ခန့်လုံခြုံမှုမရှိသည့် အိမ်ငယ်လေးမှာ မိန်းမသားအမိနှစ်ယောက်တည်းသာ နေရသည့်အခြေအနေသည် ဆယ်တန်းကျောင်းသူ အပျိုလေး မခင်အေးအတွက် အန္တရာယ်ဖြစ်နေသည်။ သို့သော် သီရိရတနာဂေဟာ ခြံဝင်းကြီး၏ လုံခြုံမှုနှင့် အရှိန်အဝါကြီးမားမှုကြောင့် မခင်အေးသည် မိမိ၏ အန္တရာယ်ကို သတိတောင်မရ၊ လုံခြုံစိတ်ချရသည့်ဘဝလို့ ယုံကြည်နေခဲ့သည်။

# (၇)

မခင်အေးသည် ဆယ်တန်းကျောင်းသူဘဝမှာ လုံခြုံစိတ်ချရသည့် အခြေအနေဖြင့် နေရလို့ ပျော်နေသည်။

မခင်အေး ပျော်နေသည့် အကြောင်းတွေအနက် မောင်မောင်ဦးနှင့်အတူ ကျောင်းတက်ရတာကိုပျော်နေသည်။ မောင်မောင်ဦးသည် ရှစ်တန်းကျောင်းသားဆိုသော်လည်း အရပ်ကရှည်၊ လူကောင်ကထွားသဖြင့် လူပျိုလေးလိုဖြစ်နေသည်။ လူပျိုလေး မောင်မောင်ဦးသည် မခင်အေးကို ကပ်ပြီးချွဲသည်။ နွဲ့ဆိုးဆိုးသည်။ အနိုင်ယူသည်။ မခင်အေးကလည်း မောင်ငယ်လေး မောင်မောင်ဦးကို ချစ်လို့ အလိုလိုက်သည်။ အဲဒီလို မောင်မောင်ဦးက နွဲ့ဆိုးဆိုးတာကို ကျေနပ်နေသည်။

အင်္ဂလန်ပြန် ကိုကိုသည် အင်္ဂလန်နိုင်ငံသူဇနီးနှင့်ကွာရှင်း
လာခဲ့သဖြင့် အင်္ဂလန်ကိုမပြန်တော့ပဲ သီရိရတနာအိမ်ကြီးမှာပဲ
နေတော့သည်။ နိုင်ငံခြားသံရုံးတစ်ရုံးမှာ အလုပ်ဝင်လုပ်နေ
သလိုလိုသိရသည်။ ဘောက်စ်ဝက်ဂွန်အမျိုးအစား လိပ်ခုံးကား
ကလေးတစ်စီးကိုဝယ်ပြီး ကိုယ်တိုင်မောင်းသည်။

ကိုကိုသည် နံနက်စာကို အိမ်မှာ မစားတဲ့နေ့ကများသည်။
ညစာကိုလည်း စားချင်တဲ့နေ့မှ စားသည်။ နံနက် ၉ နာရီလောက်
မှာ အိမ်ကထွက်သွားသည်။ ညနေမိုးချုပ်မှ အိမ်ကိုပြန်ရောက်
လေ့ရှိသည်။ ဘယ်ကိုသွားပြီး ဘာတွေလုပ်နေသည်မသိ၊ သိစရာ
လည်းမလိုသဖြင့် မခင်အေးတို့သားအမိက ကိုကို့ကို စိတ်မဝင်
စားဘဲ ကိုယ့်အလုပ်ကိုယ် လုပ်နေကြသည်။

ကိုကိုသည် မိုးချုပ်မှရောက်လာပြီး ညစာစားမည်ဆိုလျှင်
မခင်အေး၏အမေ ဒေါ်အေးတင်က ခူးခပ်ကျွေးရသည်။ အဲဒီ
အခါမျိုးမှာ အမေ့ကိုကူဖို့အတွက် မခင်အေးပါ အိမ်ကြီးပေါ်တက်
လိုက်သွားပြီး ကိုကို့ကို ခူးခပ်ကျွေးရာမှာ လက်ဆေးခွက်ချပေး
ဟင်းခွက်ချပေး လုပ်ခဲ့ရသည်။

အဲဒီလိုအခါမျိုးတွေမှာ မခင်အေးကိုကြည့်သည့် ကိုကို၏
အကြည့်က ရင်ခုန်စရာကောင်းသည်။ ကိုကိုသည် အပျိုလေး
ဖြစ်နေသည့် မခင်အေး၏အလှကို သတိပြုမိဟန်တူသည်။
အမှတ်တမဲ့ ကြည့်တာမျိုးမဟုတ်ဘဲ ကြည့်မဝလို့ နှစ်ခါပြန်ကြည့်
သည့်ပုံစံဖြစ်နေသည်။ ကြည့်ရုံသာမကဘဲ ရယ်ရယ်မောမော
ပြောသေးသည်။

" မိပေါက်စ နင်အပျိုဖြစ်လာတော့ လှလာတယ်ဟဲ့ "



မခင်အေး ရင်ခုန်သွားသည်။ ယောကျ်ားတစ်ယောက်က
လှတယ်လို့ အပြောခံရသည့် အပျိုလေးတစ်ယောက်၏ရင်ခုန်
ခြင်းထက် သာလွန်သည့် ရင်ခုန်ခြင်းမျိုးဖြင့် ရင်ခုန်သွားတာဖြစ်
သည်။

ကိုကိုသည် အသက်သုံးဆယ်ကျော်မျှသာ ရှိသေးသည်။
အသားဖြူသည်။ ရုပ်ချောသည်၊ ကျန်းမာရေးကောင်းသည်။
အရပ် ၅ ပေ ၈ လက်မခန့်မြင့်ပြီး အချိုးအဆစ်ပြေပြစ်သည့်
ခန္ဓာကိုယ်ဖွဲ့စည်းပုံရှိသူ ဖြစ်သည်။ အမျိုးသမီးတစ်ယောက်ကို
ကိုကိုကသာ ချစ်ရေးဆိုမည်ဆိုပါက ဘယ်အမျိုးသမီးမှ ငြင်းမည်
မထင်လို့တောင် ပြောနိုင်သည့် ရုပ်လက္ခဏာရှိသူဖြစ်သည်။

ကိုကိုက မခင်အေးကို အပျိုဖြစ်လာလို့ လှလာတယ်
ပြောတော့ မခင်အေး ရင်ခုန်သွားတာ မဆန်းသလိုဖြစ်နေသည်။
မခင်အေးကလည်း သူ့ကိုယ်သူ လှတယ်လို့ထင်သည်။ ဒါပေမဲ့
ဒီနေ့အထိ ဘယ်ယောကျ်ားကမှ မခင်အေးကို လှတယ်လို့ မပြော
ဘူးသေးပါ။ ကိုကိုက စတင်ပြီး လှတယ်လို့ပြောတော့ မခင်အေး
ကိုကို့ကို စိတ်ဝင်စားသွားသည်။

မခင်အေး၏ဘဝသည် ယောကျ်ားတွေနှင့် ထိတွေ့ရမှု အ
ချိန်သိပ်ပြီးမရှိ ဖြစ်နေသည်။ ကျောင်းတက်သည့်အချိန်လောက်
သာ ကျောင်းနေဖက် ယောကျ်ားလေးတွေနှင့် မြင်တွေ့ခွင့်ရ
သည်။ ကျောင်းသူကျောင်းသား အချင်းချင်းဖြစ်လို့ မေးထူး
ခေါ်ပြောလောက်သာ ရင်းနှီးကြသည်။

အပျိုလေးဖြစ်လာသည့် မခင်အေးရဲ့ဘဝမှာ နေ့တဓူဝ
မြင်တွေ့ဆက်ဆံနေရသည့် ယောကျ်ားတွေက မောင်လေး

မောင်မောင်ဦး၊ ကိုကိုခင်မောင်ကြီးနှင့် မမလေး၏ခင်ပွန်း ကိုတင်နွယ်တို့သာ ဖြစ်နေသည့်အတွက် ဒီယောကျ်ားသုံးယောက်ကိုပဲ လက်ပွန်းတတီးဖြင့် တရင်းတနှီးဖြစ်နေသည်။

မခင်အေးသည် သီရိရတနာအိမ်ကြီးထဲက ယောကျ်ားသုံးယောက်ကိုသာ ခင်မင်ရင်းနှီးသလိုဖြစ်နေသည်။ ဒီယောကျ်ားသုံးယောက်ထဲက မောင်လေးမောင်မောင်ဦးသည် အသက်ငယ်လွန်းသည်။ အသက်ငယ်သော်လည်း လူကောင်ကထွားသည်။ ဘဘကြီးဦးဘခင်နဲ့ ရုပ်လည်းတူသည်။ အရပ်မြင့်တာလည်းတူသည်။ ကျောင်းသွားဖော် မခင်အေးကို နွဲ့ဆိုးဆိုးသည်။ ရှစ်တန်းကျောင်းသားတောင်ဖြစ်နေသော်လည်း မခင်အေးကို ချွဲလွန်းနွဲ့လွန်းသည်။ သူ့ကိုချီခိုင်းသည်။ ကုန်းပိုးခိုင်းသည်။ မခင်အေးက မနိုင်မနင်းဖြင့်ချီရသည်။ ကုန်းပိုးရသည်။ လူကောင်ကြီးက ကြီးလှပြီဖြစ်လို့ ကြာကြာမချီနိုင် မပိုးနိုင်လို့ လွှတ်ချလိုက်ရသည်။ မောင်မောင်ဦးက မေးသေးသည်။

" မမအေး မောင်လေးကို ချစ်ရဲ့လားဟင် "

မခင်အေးသည် မောင်မောင်ဦးလေးကို သနားသွားသည်။ မောင်မောင်ဦးသည် မေတ္တာငတ်နေသူလို့ ပြောလို့ရသည်။ ကိုတင်နွယ်နှင့် မမလေးတို့သည် ရတနာကုန်သည်တွေပီပီ စီးပွားရေးကိုသာ အာရုံစိုက်နေကြသဖြင့် သားကို ဂရုမစိုက်နိုင် ဖြစ်နေကြသည်။ နံနက်စောစော အိမ်ကထွက်သည်။ ညမိုးချုပ်မှ အိမ်ကို ပြန်ရောက်ကြသည်။ မမလေး ပြန်ရောက်သည့်အချိန်မှာ မောင်မောင်ဦး အိပ်နေသည့်အချိန် သို့မဟုတ် စာကျက်



နေသည့်အချိန်ဖြစ်နေသည်။ အမေ နှင့် သား တွေ့ရသည့်အချိန်နည်းနေသည့်အတွက် မောင်မောင်ဦးသည် သူ့အမေကို သိပ်ပြီးမခင်ဘဲ မခင်အေးကို ပိုခင်နေသည်။ မခင်အေးကလည်း မောင်မောင်ဦးကို မောင်လေးအရင်းလို ချစ်နေသည်။ ချစ်တဲ့အကြောင်း ဖြေပေးရသည်။

" ချစ်တာပေါ့။ မမအေးက ဟောဒီမောင်လေးကို အရမ်းချစ်တာ "

မခင်အေးကပြောပြီး မောင်မောင်ဦးကို ဖက်ထားလိုက်သည်။ မောင်မောင်ဦးက ပြန်ဖက်ရုံသာမက မခင်အေး၏ပါးနှစ်ဘက်ကို တစ်ဘက်ပြီးတစ်ဘက် အားရပါးရဖက်နမ်းလိုက်သည်။

မခင်အေး မျှော်လင့်မထားသည့် တုန့်ပြန်မှုဖြစ်လို့ ရင်ခုန်သွားသည်။ မောင်မောင်ဦးသည် ရှစ်တန်းကျောင်းသားကလေးဆိုသော်လည်း လူကောင်ကြီးထွားနေသည့် လူပျိုပေါက်ကလေးဖြစ်နေသည်။ ခြံဝင်းကြီးတစ်ခုအတွင်းမှာ အတူနေကြသော်လည်း သွေးမတော်သားမစပ်သည့် လူပျိုပေါက်ကလေးက ဖက်နမ်းတာကို ခံလိုက်ရသည့် မခင်အေး ရင်ခုန်သွားသည့်အတွက် မိမိကိုယ်မိမိ ရှက်တောင်ရှက်မိသည်။ နောက် ဒါမျိုးမလုပ်ဖို့ မောင်မောင်ဦးကို သတိပေးရမည်ဟု တွေးမိသည်။

မေတ္တာငတ်နေသည့်အပြင် မွေးချင်းမရှိလို့ မခင်အေးကိုပဲ တွယ်ကပ်နေသည့် မောင်မောင်ဦးကတော့ ဒါမျိုးကို မကြာခဏနှင့် အခါသင့်အခွင့်သာတိုင်း လုပ်နေဦးမည်ဖြစ်သည်။

# ( ၈ )

ဒီနှစ်မှာ ဒေါ်အေးတင်၏ကျန်းမာရေး အတော်ညံ့သည်။ မျက်စိကမှုံ၊ နားကထိုင်းရသည့်အထဲမှာ လှုပ်လှုပ်ရှားရှားလုပ်လိုက်တိုင်း မောသည့်ဝေဒနာတစ်ခု ထပ်တိုးလာသည်။ ဆေးရုံဆေးခန်းကို ပြသချင်သော်လည်း မမလေးကိုပြောရမှာ အားနာသည့်အတွက် မပြောဘဲနေသည်။ မမလေးကလည်း မလုပ်နိုင်လျှင်မလုပ်နဲ့ နားနားနေနေ သက်တောင့်သက်သာနေပါဟု ပြောပြီးဖြစ်သည်။

မမလေးက မလုပ်နိုင်လျှင်မလုပ်နဲ့လို့ ပြောသော်လည်း ဒေါ်အေးတင်က မနေနိုင်၊ လုပ်မည့်သူမရှိသည့်အိမ်မှာ လုပ်စရာရှိတာတွေကို လုပ်နေရတော့သည်။ ကျန်းမာရေး မကောင်းဘဲ အလုပ်လုပ်နေသည့် အမေ့ကိုကူရန် မခင်အေးပါ အိမ်ကြီးပေါ်မှာ အချိန်ပြည့်နီးပါး ရှိနေတော့သည်။



ဒေါ်အေးတင် ထမင်းဟင်းချက်နေလျှင် မခင်အေးက အိမ်သန့်ရှင်းရေးလုပ်သည်။ အဝတ်လျှော်သည်။ ဧည့်ခန်းကျယ်ကြီးနှင့် အိပ်ခန်းသုံးခန်းကို သန့်ရှင်းရေးလုပ်တာ နှစ်နာရီလောက်ကြာသည်။ မောင်မောင်ဦး၏ အိပ်ခန်းကိုရှင်းလျှင် ဆောင်ကိုခေါက်ပေးရရုံသာမက အကွင်းလိုက်ချွတ်ချထားခဲ့သည့် သုံးချည်ကိုပါ ခေါက်ရသည်။

ကိုကို၏အိပ်ခန်းသည် သော့ခတ်ပြီးအမြဲပိတ်ထားသည်။ ဖွင့်ထားသည့်အခါနှင့်ကြုံမှသာ ဝင်ရောက်ပြီးသန့်ရှင်းရေးလုပ်ရသည်။ ကိုကို၏အိပ်ခန်းသည် ထွေထွေထူးထူးသန့်ရှင်းရေးလုပ်စရာမလိုလောက်အောင် အမြဲသန့်နေသည်။ ဘိလပ်ပြန်ဖြစ်လို့ နေတာထိုင်တာ စနစ်ကျသည်။ ချွတ်ထားသည့် အဝတ်ဟောင်းတွေကိုယူပြီး လျှော်ရုံသာလိုသည်။

သီရိရတနာအိမ်ကြီးပေါ်က လျှော်ရမည့်အဝတ်တွေကို မခင်အေးက ယူလာပေးရုံသာဖြစ်သည်။ မခင်အေး၏အမေ ဒေါ်အေးတင်က လျှော်သည်။ မခင်အေးက မီးပူတိုက်ရာတွင် ဝိုင်းကူပေးသည်။ မောင်လေး မောင်မောင်ဦး၏ အဝတ်အစားတွေကို မူ မခင်အေးက မီးပူမတိုက်မီ နမ်းကြည့်လိုက်သေးသည်။ မောင်လေးကိုချစ်သည့်သဘောဖြစ်သည်။

ကိုကို၏ အဝတ်အစားတွေကိုလည်း မခင်အေးက ဂရုတစိုက် မီးပူတိုက်ပေးပါသည်။ ကိုတင်နွယ်နှင့် မမလေးတို့၏ အဝတ်အစားတွေကိုမူ ဒေါ်အေးတင်ကပဲ တာဝန်ယူပြီးလျှော်သည်။ မီးပူတိုက်သည်။

ဒေါ်အေးတင်နှင့် မခင်အေးတို့သားအမိမှာ ဒီအလုပ်တွေ
ကလွဲပြီး တခြားဘာအလုပ်မှ မရှိသည့်အတွက် မခိုမကပ်လုပ်
နေကြခြင်းဖြစ်သည်။ သီရိရတနာအိမ်ကြီး၏ စီးပွားရေးအခြေ
အနေကို ရိပ်မိနေသည့် ဒေါ်အေးတင်က အိမ်ကြီးရဲ့အလုပ်
တွေကို လုပ်နေခြင်းဖြစ်သည်။ အိမ်ဖော်၊ ယာဉ်မောင်းနှင့်
မာလီကုလားကြီးတို့ကို အလုပ်ကရပ်နားလိုက်ပြီး လူစားတွေ
ပြန်မခန့်တာကိုက သီရိရတနာမိသားစု၏ စီးပွားရေးအခြေ
အနေကို ဖော်ပြနေခြင်းဖြစ်သည်။

သီရိရတနာအိမ်ကြီး၏ စီးပွားရေးအခြေအနေနှင့်
မခင်အေး၏ ပညာရေးအခြေအနေသည် ဆပ်စပ်ပတ်သက်
နေသည်လို့တောင် ပြောလို့ရသည်။ ကိုတင်နွယ်နှင့် မမလေးတို့
နေ့စဉ်ဈေးထွက်လို့ရသည့် ဝင်ငွေအပြင် တစ်ခြားဘာဝင်ငွေတွေ
ရှိတယ်ဆိုတာကို မခင်အေးတို့သားအမိ မသိ၊ နေ့စဉ်ထွက်ငွေ
နှင့် လစဉ်ထွက်ငွေတွေကိုတော့ တိတိကျကျမဟုတ်တောင်
အနီးစပ်ဆုံးကို သိနေကြသည်။ မောင်မောင်ဦး၏ လစဉ်
ကျောင်းစရိတ်အပြင် မခင်အေး၏ ကျောင်းစရိတ်ကိုပါ တာဝန်
ယူနေရသည်။ ဒေါ်အေးတင်၏ ကျန်းမာရေးကိုလည်း အခါ
အားလျော်စွာ တာဝန်ယူနေရသဖြင့် အားနာစရာအတော်
ကောင်းနေသည်။

မခင်အေးတို့သားအမိနှစ်ယောက်၏ ဘဝရပ်တည်နိုင်
ရေးအတွက် တာဝန်ယူထားသည့် သီရိရတနာမိသားစု၏
အသေးအဖွဲတာဝန်တွေကို မိမိတို့တတ်နိုင်သလောက် ကုန်းရုန်း



လုပ်မည်ဆိုသည့် ကျေးဇူးတရားသိတတ်သည့် စိတ်စေတနာဖြင့်
ညည်းမညူ လုပ်ကြသည်။

အဲဒီလိုလုပ်နေရတော့ မခင်အေးမှာ စာကျက်ချိန်နည်း
လာသည်။ လစဉ်စစ်ဆေးသည့် အစမ်းစာမေးပွဲတွေမှာ အမှတ်
နည်းလာသည်။ ဒီနှစ် အတန်းတင်စာမေးပွဲကြီး မဖြေနိုင်ဘူး၊
မပိုင်ဘူးဆိုတာ ကိုယ့်ဟာကိုယ်သိနေသည်။ မျှော်လင့်ထားသည့်
အတိုင်းပင် ဒီနှစ်ဆယ်တန်းစာမေးပွဲဖြေရာ မခင်အေး ကျရှုံး
သည်။ မောင်မောင်ဦးကတော့ တစ်နှစ်တစ်တန်း နှစ်စဉ်အောင်
သည်။

၀

## ( ၉ )

မခင်အေး ဆယ်တန်းစာမေးပွဲကျပြီဆိုတော့ နောက်နှစ် ကျောင်းဆက်တက်ရေး၊ မတက်ရေးစဉ်းစားရတော့သည်။ ကျောင်းဆက်တက်လို့ ဆယ်တန်းအောင်မလား၊ အောင်တာ မအောင်တာကနောက်၊ ကျောင်းစရိတ်ထောက်ရမည့် သီရိရတနာမိသားစု၏တာဝန်ကို အလျင်ထည့်သွင်းစဉ်းစားရတော့သည်။ ဆင်းရဲသား သားသမီးပဲ သေစာရှင်စာလောက် ရေးတတ် ဖတ်တတ်လျှင် တော်ပြီလို့သဘောထားပြီး ကျောင်းမတက်ဘဲ နေလိုက်တော့သည်။

မခင်အေး ကျောင်းဆက်မတက်သည့်ကိစ္စနှင့်ပတ်သက်ပြီး ကိုတင်နွယ်ကသော်လည်းကောင်း၊ မမလေး သီရိခင်ကသော်လည်းကောင်း၊ ကိုကိုခင်မောင်ကြီးကသော်လည်းကောင်း



ဘာမှမပြောဘဲ နေကြသည်။ မောင်မောင်ဦးကတော့ ကလေးမို့ ဘာမှ အဆုံးအဖြတ်ပေးနိုင်သူမဟုတ်သည့်အတွက် သူနှင့်မဆိုင်သလို တောင်နေသည်။ ဘဘကြီးဦးဘခင်နှင့် မေမေကြီး ဒေါ်တင်မကြီးတို့ အသက်ရှင်လျှက်ရှိကြမည်ဆိုလျှင် တစ်စုံတစ်ခု ပြောနိုင်သည်။ မခင်အေး၏ ပညာရေးအခြေအနေ တစ်မျိုးတစ်ဖုံ ဖြစ်နိုင်သည်။

သီရိရတနာအိမ်ကြီးမှာ မမလေးသည် တာဝန်အရှိဆုံးနှင့် ဩဇာအာဏာအရှိဆုံးဖြစ်သည်။ ကိုကိုသည် အိမ်ကြီး၏အုပ်ချုပ်ရေးကိစ္စတွေမှာ ဘာမှဝင်မပါဘဲ ဘာသိဘာသာ အေးအေးဆေးဆေးနေသည်။ ကိုတင်နွယ်သည် မမလေး၏ဩဇာကို မလွန်ဆန်သည့်အပြင် အိမ်ကြီး၏ဝန်ဆောင်မှုတွေနှင့် လိုအပ်ချက်တွေကို စိတ်မဝင်စားသည့်ပုံစံဖြင့်နေသည်။ ယာဉ်မောင်းကို အလုပ်ဖြုတ်လိုက်သည့်အတွက် ကိုတင်နွယ်က ယာဉ်မောင်းတာဝန်ယူထားရသည်။ ကိုကိုကလည်း သူ့ကိုယ်ပိုင်ငွေဖြင့်ဝယ်ထားသည့် ဘောက်စ်ဝက်ဂွန်ကားကလေးကို ကိုယ်တိုင်မောင်းပြီး အလုပ်သွားအလုပ်ပြန်လုပ်နေသည်။ နိုင်ငံခြားသံရုံးတစ်ရုံးမှာ အလုပ်လုပ်နေသလိုလိုသိရသည်။ သီရိရတနာမိသားစုသည် သူတို့အကြောင်းနှင့်သူတို့ သူတို့ဘဝနှင့်သူတို့ လှုပ်ရှားနေကြသည့်အတွက် မခင်အေး၏ ပညာရေးကို စိတ်မဝင်စားဖြစ်နေကြသည်။

မခင်အေး စာမေးပွဲကျလို့ ကျောင်းဆက်မတက်ဘဲနေသည်ဆိုတဲ့သတင်းကို မမလေးသိသွားသော်လည်း ဘာမှမပြောဘဲနေတာကိုက ကျောင်းမတက်လျှင် ပိုကောင်းတယ်ဆိုတဲ့ သဘောဖြစ်မည်။ အိမ်ဖော်အမျိုးသမီးကို အလုပ်ဖြုတ်ထားပြီး

ဖြစ်လို့ အိမ်ဖော်တစ်ယောက် အစားရသလို ဖြစ်နေသည်။ မခင်အေးကလည်း သူ့အမေ ဒေါ်အေးတင်နှင့် အတူအိမ်ကြီးပေါ် တက်ပြီး အလုပ်ကူလုပ်ပေးနေပြီဖြစ်သည်။

သီရိရတနာအိမ်ကြီးမှာ အမျိုးသမီးအိမ်ဖော်ကို အလုပ်ဖြုတ်လိုက်တာဟာ သီရိရတနာမိသားစုရဲ့ စီးပွားရေးအခြေအနေ တစ်ခုတည်းကြောင့်မဟုတ်ဟု ဒေါ်အေးတင်က မခင်အေးကို တိုးတိုးပြောပြသည်။

" သီရိက သူ့ယောက်ျားကို အိမ်ဖော်ကောင်မလေးနဲ့ သမုတ်တယ်လေ "

" အဲဒါတော့ မမလေး လွန်တာပေါ့။ ကိုတင်နွယ်ဟာ ဒီလို လူမျိုးမဟုတ်ပါဘူး "

" မပြောတတ်ပါဘူးကွယ် . . .၊ မောင်တင်နွယ်ဟာ မိုးကုတ်မှာ အလုပ်သွားလုပ်နေတုန်းက အငယ်အနှောင်းထားတယ်ဆိုပြီး သီရိ လိုက်သွားတာကို သမီးမှတ်မိတယ်မဟုတ်လား၊ အဲဒီအကြောင်းတွေကြောင့် မိုးကုတ်ကကျောက်တွင်းတွေ အားလုံးကို ရောင်းပစ်လိုက်တာ "

" အမေပြောတော့ ပြည်သူပိုင်အသိမ်းခံရမှာစိုးလို့ ရောင်းပစ်တာဆို "

" ငါလည်း သူတို့ပြောဆိုနေသံကြားလို့ ပြောရတာပါအေ၊ တိတိကျကျမသိပါဘူး၊ နောက်မှသိရတာက မောင်တင်နွယ်ကို စိတ်မချလို့ ရောင်းတာလို့သိရတယ်၊ ဘာပဲဖြစ်ဖြစ် ဒါတွေဟာ တို့သားအမိနဲ့ ဘာမှမဆိုင်ဘူး၊ မသိယောင်၊ မကြားယောင် ဆောင်နေ၊ ဒီမိသားစုဟာ အမေတို့ရဲ့ ကျေးဇူးရှင်တွေဆိုတာကို



မေ့နဲ့၊ ကိုယ်သိလျှင်ကိုယ့်ဝမ်းထဲမှာပဲထား၊ ထုတ်ဖော်ပြောဖို့ဆိုတာအသာထား၊ သူ့တို့ရဲ့အတွင်းရေးတွေကို သိတယ်ဆိုတဲ့အမူအရာတောင် မပြနဲ့ "

မခင်အေး သဘောပေါက်သွားသည်။ အမေဟာ ဒီလိုပါးနပ်လိမ္မာလို့ ဒီမိသားစုက လက်ခံစောင့်ရှောက်ထားတာပါလားဆိုတာ သတိရလိုက်သည်။

အမေပြောတဲ့စကားတွေက မခင်အေးရဲ့နားထဲက မထွက်ဖြစ်နေသည်။ ကိုတင်နွယ် အိမ်ဖော်နဲ့ဖောက်ပြန်သည်။ မိုးကုတ်မှာ အလုပ်လုပ်နေစဉ် အငယ်အနှောင်းထားသည်ဆိုတဲ့ စကားတွေကို ကြားယောင်နေသည်။ မခင်အေး ယုံကြည်ထားတာက ကိုတင်နွယ်သည် လူကြီးလူကောင်းဖြစ်သည်။ မိကောင်းဖခင်သားဖြစ်သည်။ ခေတ်ပညာတတ်ဖြစ်သည်။ ဂုဏ်သိက္ခာမဲ့သည့် အိမ်ထောင်ရေးဖောက်ပြန်မှုမျိုးကို ကိုတင်နွယ် လုပ်ပါ့မလားတွေးစားစရာဖြစ်နေသည်။ မမလေးလို ဥစ္စာပေါရှုပ်ချောပြီးခေတ်ပညာတတ် ဂုဏ်သရေရှိဇနီးကိုရထားသည့် ကိုတင်နွယ်သည် အိမ်ထောင်ရေးဖောက်ပြန်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလားတွေးစားနေမိသည်။

မခင်အေးသည် ကိုတင်နွယ်မောင်းသည့် ကားကိုစီးပြီးကျောင်းသွားကျောင်းပြန် နီးနီးကပ်ကပ်ဆက်ဆံဖူးသည်။ မခင်အေးကို စကားတောင်မပြောဘဲ ကားကိုသာဂရုစိုက်မောင်းသည်။ မခင်အေးကိုသာမက အမေ ဒေါ်အေးတင်ကိုပါ မလွဲမရှောင်သာမှ မေးထူးခေါ်ပြောလုပ်သည်။ တည်ငြိမ်အေးဆေးစွာနေသူဖြစ်သည်။

တစ်ခုတော့ ပြောစရာရှိသည်။ မခင်အေး ကျောင်းသွ
သည့်အခါ ကားပေါ်မှာ မမလေးနှင့် မောင်မောင်ဦးတို့ ပါ
သဖြင့် မခင်အေးကို နှုတ်ဆက်စကားပြောမလုပ်ဘဲ ဆင်ခြင်တ
လည်းဖြစ်နိုင်သည်။ ကိုတင်နွယ်၏ ပင်ကိုယ်စရိုက်ကိုကလည်
တည်ငြိမ်အေးဆေးသူဖြစ်သည်။ အသက်အရွယ်လေးဆယ်
မပြည့်သေးသည့် ကျန်းမာသန်စွမ်းသူဖြစ်သည့်အတွက် စိ
အလိုလိုက်ပြီး အတိုင်းအတာတစ်ခုအထိ အကန့်အသတ်ဖြ
ဖောက်ပြန်တာမျိုးတော့ ရှိနိုင်သည်လို့လည်းတွေးမိသည်။

၀

# ( ၁၀ )

ဆယ်တန်းစာမေးပွဲကျ်လို့ ကျောင်းဆက်မတက်တော့သည့် မခင်အေးသည် သီရိရတနာအိမ်ကြီး၏ အိမ်ဖော်ရာထူးကို အလိုအလျောက်ရသွားသည်။ မခင်အေး အိမ်ဖော်ဝင်လုပ်ရသည့်အကြောင်းက ကျောင်းမနေတော့တာတစ်ခုတည်းကြောင့်မဟုတ်။ မေမေ ဒေါ်အေးတင်၏ ကျန်းမာရေးကြောင့်လည်းဖြစ်သည်။ အမေသည် မျက်စိကမှုန်းနားကထိုင်း၊ ခါးကလည်းကိုင်းသွားပြီဖြစ်လို့ အမေ့ကိုကူညီရန် အိမ်ဖော်အလုပ်တွေကို ဝင်လုပ်ရခြင်းဖြစ်သည်။

မမလေးနှင့်အတူ ဈေးဝယ်ထွက်ရသည့်နေ့တွေရှိသည်။ တစ်ပတ်စာဆယ်ရက်စာဝယ်ပြီး ရေခဲခန်းထဲထည့်ထားရသည်။ ဟင်းသီးဟင်းရွက်နှင့် သားငါးတွေကို မမလေး ဈေးကအပြန်မှာဝယ်လာသည့် အခါလည်းရှိသည်။ ထမင်းနှင့် ဟင်းကို

ဒေါ်အေးတင် ချက်သည်။ မခင်အေးက အိမ်သန့်ရှင်းရေးလုပ်သည်၊ အဝတ်လျှော်သည်။ တယ်လီဖုန်း နားထောင် ဖြေကြားသည်။ ရုံးဖွင့်ရက်ကျောင်းဖွင့်ရက်တွေမှာ သီရိရတနာအိမ်ကြီးမှာ မခင်အေးတို့ သားအမိသာရှိတော့သည်။

သီရိရတနာအိမ်ကြီးသည် သာမန်လူနေရပ်ကွက်တွေနှင့် ဝေးသည့် လူကုံထံရပ်ကွက်အတွင်းမှာ ကြီးမားကျယ်ဝန်းသည့် ခြံဝင်းကြီးအတွင်းမှာ တည်ရှိသည်။ ခိုင်ခန့်လုံခြုံသည့် ခြံဝင်းကြီးဖြစ်လို့ အိမ်ရှင်တွေက စိတ်ချလက်ချ သွားချင်ရာသွားနေကြသည်။ မခင်အေးတို့သားအမိနှစ်ယောက်တည်း နေကြရသော်လည်း လုံခြုံစိတ်ချရသည်။ တော်ရုံတန်ရုံ လူစိမ်းသူစိမ်းသည် ဒီရပ်ကွက်နှင့် ဒီခြံကြီးကိုမလာရဲ မဝင်ရဲသောနေရာဖြစ်သည်။

တစ်ခါတစ်လေဖြစ်သည့် ရုံးပိတ်ရက် ကျောင်းပိတ်ရက်နှင့် ဈေးပိတ်ရက်တွေမှာ သီရိရတနာအိမ်ကြီးမှာ လူစုံရှိတတ်သည်။ လူစုံတယ်ဆိုတာတောင် မမလေးတို့လင်မယားနှင့် သူတို့၏သား မောင်မောင်ဦးလောက်သာရှိသည်။ ကိုကိုသည် ရုံးပိတ်ရက်မှာပင် အိမ်မှာမနေတတ်ဘဲ အပြင်ထွက်နေတတ်သည်။ ဘယ်ကိုသွားနေတယ်ဆိုတာကို ဘယ်သူမှမသိဖြစ်နေသည်။ သူကလည်း ဘယ်သူ့ကိုမှ မပြောလို့ ကိုကို ဘယ်ကိုသွားပြီး ဘာတွေလုပ်နေသည်ကို မသိရဖြစ်နေသည်။

ကိုကိုသည် ဘယ်ကိုပင်သွားနေသည်ဖြစ်စေ ညနေစာကို အိမ်မှာ ပြန်စားလေ့ရှိသည်။ ကိုကို့ကို ညစာစောင့်ကျွေးရသည့် အလုပ်သည် ယခင်က ဒေါ်အေးတင်က တာဝန်ယူခဲ့ရသော်



သည်း ယခုအခါမှာ မခင်အေး၏ တာဝန်ဖြစ်လာသည်။ မခင်အေးသည် ကိုကို၏ကား ဝင်လာသံကြားလျှင် ခြံဝင်းတံခါး ဖြေးဖွင့်ပြီး ကြိုဆိုရသည်။ ခြံဝင်းတံခါးကို ပြန်ပိတ် သော့ခတ်ပြီး အိမ်ကြီး၏ မီးဖိုဆောင်ကိုသွားရသည်။ ကိုကို ညစာစားမည် ဆိုပါက ခူးကျွေးရန် စောင့်နေရသည်။ ကိုကိုသည် ညစာကို အိမ်မှာ ပြန်စားလေ့ရှိသည်ဆိုသော်လည်း အမြဲတမ်းတော့မဟုတ်၊ တစ်ခါတစ်လေမှာ မီးဖိုဆောင်ဘက်ကို လာပြီးပြောသည်။

" ဒေါ်လေး ကျွန်တော် ဒီနေ့ မစားတော့ဘူး "

" မိပေါက်စ ဒီနေ့ညစာ ငါ မစားတော့ဘူး၊ ဗိုက်မဆာဘူး"

အဲဒီလိုနေ့တွေမှာ ကိုကိုသည် ညစာမစားတော့ဘဲ မီးဖိုဆောင်မှ သူ့အိမ်ခန်းသို့ လှည့်ပြန်သွားတော့သည်။ ရေမိုးချိုးပြီး အိပ်တော့မည်ဖြစ်သည်။ မခင်အေးတို့သားအမိကတော့ ပြင်ဆင်ထားသည့် ထမင်းဟင်းတွေကို ပြန်သိမ်းဆေးကြောပြီး တစ်နေ့တာအတွက် အလုပ်တွေပြီးပြီဖြစ်လို့ အနားယူကြရသည်။

တစ်ခါမှာတော့ ကိုကိုသည် အတော်ညဉ့်နက်အောင် နောက်ကျနေသည်။ ပုံမှန်အတိုင်းဆိုလျှင် အလွန်ဆုံး ၇ နာရီလောက်မှာ ပြန်ရောက်လေ့ရှိသော်လည်း ဒီတစ်ခါတော့ ည ၈ နာရီထိုးခါနီးမှ ပြန်ရောက်လာသည်။ ဒီနေ့ကျမှ မခင်အေး၏ အမေသည် နေလို့မကောင်း၊ ခေါင်းထဲက မူးနောက်နောက်ဖြစ်နေတယ်ဆိုပြီး ကိုကို ပြန်ရောက်သည်အထိ မစောင့်နိုင်တော့ဘဲ အိမ်ကြီးမှ အိမ်ကလေးကို ပြန်ပြီးအနားယူနေသည်။ မခင်အေးကို စိတ်မချလို့ မှာခဲ့သေးသည်။

" သမီးရေ ကိုကို ထမင်းစားမယ်ဆိုလျှင် ငှက်နှင့်ခက်ရင်း ချပေးဖို့ မမေ့နဲ့နော်၊ လက်သုတ်ပဝါသန့်သန့်ကို ချပေး၊ ပန်းကန်တွေ မဆေးနိုင်လျှင်မဆေးနဲ့၊ မနက်မှ အမေ ဆေးမယ်၊ အမေ သွားအိပ်တော့မယ် "

ဘိလပ်ပြန် ကိုကိုသည် ထမင်းစားလျှင် ငှက်ခက်ရင်းဖြင့်သာစားသည်။ အတို့အမြုပ်မစား၊ အသားဟင်း၊ ဟင်းချိုနှင့် အသီးအရွက်ကြော်တို့ဖြင့်သာ စားသည်။ ငါးပိရည်ချို၊ ငံပြာရည်ချက် ဆိုတာတွေကို အနံ့တောင်မခံသည့်အတွက် ကိုကို့ကို ထမင်းခူးကျွေးရတာ ဝန်ကျဉ်းသည်။

ကိုကိုသည် ပြန်ရောက်လာပြီးသော်လည်း ထမင်းစားခန်းကိုမလာသေးဘဲ အချိန်ကြာနေသည်။ ရေချိုးနေဟန်တူသည်။ ထမင်းခူးကျွေးဖို့ စောင့်နေရသည့် မခင်အေးက အိပ်ငိုက်ရင်းစောင့်နေသည်။

ကိုကိုသည် ရေမိုးချိုးပြီးလို့ စပို့ရှပ်အင်္ကျီ၊ ဘောင်းဘီအတိုဖြင့် ထမင်းစားခန်းကို ဝင်လာသည်။ အိပ်ငိုက်ရင်းထိုင်စောင့်နေသော မခင်အေးကိုမြင်တော့ တအံ့တသြပြောသည်။

" ဟဲ့ ပေါက်စ ဘာကြောင့်စောင့်နေရတာလဲ၊ ငါ့ဟာငါ ခူးစားမှာပေါ့ "

ကိုကိုသည် အင်္ဂလန်ပြန်ဆိုသော်လည်း ဟန်ကြီးပန်ကြီး မဟုတ်၊ အိမ်ဖော်အိမ်စေတွေကို တရင်းတနှီးဆက်ဆံသည်။ သက်ညှာသည်။ လေးစားအားနာတတ်သည့် မျက်နှာအမူအရာ တွေ့ရသည်။



မခင်အေးက ရပါတယ်ဆိုသည့် အမူအရာဖြင့် ကိုကို့ကို ထမင်းခူးပေးသည်။ ကိုကိုသည် သူထိုင်နေကျ ထမင်းစားကုလားထိုင်မှာ ဝင်မထိုင်သေးဘဲ မခင်အေးကို စိုက်ကြည့်နေသည်။ ကိုကိုက မိမိကိုစိုက်ကြည့်နေတော့ မခင်အေးသည် ရှက်ပြီး မနေတတ်သလိုတောင် ဖြစ်သွားသည်။

မခင်အေးက ဟင်းချိုပန်းကန်ကို လက်နှစ်ဘက်ဖြင့်ကိုင်ယူလာပြီး ထမင်းစားပွဲပေါ် တင်မလို့ လုပ်နေစဉ်မှာပင် ကိုကိုသည် မခင်အေး၏ရှေ့က ပိတ်ရပ်လိုက်ပြီး ပြောသည်။

" မိပေါက်စ၊ နင် လှလာတယ်ဟဲ့၊ ငါ့ညီမလေးက အပျိုဖားဖြစ်မှ ပိုချောလာတယ် "

ကိုကိုသည် ပြောပြောဆိုဆိုပင် မခင်အေး၏ ပါးနှစ်ဘက်ကို သူ့လက်ဖဝါးနှစ်ဘက်ဖြင့် အသာဖိပွတ်လိုက်သည်။ မခင်အေးသည် ဟင်းချိုခွက်ကို လက်နှစ်ဘက်ဖြင့် ကိုင်ထားရသည့်အတွက် လက်ဖြင့်ပုတ်ချဖို့ အခွင့်မသာလို့ ငြိမ်ခံလိုက်ရသည်။

တကယ်တော့ ကိုကို၏လက်ကို ပုတ်ချစရာမလိုပါ။ ကိုကိုသည် ဘလက်ကာယသဘောဖြင့် စော်စော်ကားကားလုပ်တာမဟုတ်၊ ညီမလေးလို ချစ်လို့ ပါးနှစ်ဘက်ကို သူ့လက်ဖြင့် ဖိပွတ်ကိုင်တွယ်ခြင်းသာဖြစ်သည်။ ဒီအတွက် နစ်နာစရာမရှိဟု ထင်သည်။ ကိုကို ဆွတ်ဖြန်းသုတ်လိမ်းထားသည့် အဆင့်မြင့်မွှေးနံ့သာ၏ အနံ့ကို ရှူရှိုက်လိုက်ရသည့်အပြင် ကိုကို၏ နူးညံ့သည့် လက်ဖဝါးနှစ်ဘက်၏ ထိတွေ့မှုကြောင့် ရင်ခုန်သွားတာကို သတိထားလိုက်မိသည်။

မခင်အေးသည် အပျိုလေးဖြစ်လာသည့်အချိန်မှာ ဘယ် ယောကျ်ားနှင့်မျှ နီးနီးကပ်ကပ် မနေဖူးသေးသည့်အတွက် ယောကျ်ား၏ အထိအတွေ့နှင့် ကင်းကွာနေသည်။ ယောကျ်ား တစ်ယောက်က ကိုင်တွယ်ပွတ်သပ်လုပ်လာလျှင် အတွေ့ထူးလို့ ရင်ခုန်ချင်သည်။ မောင်မောင်ဦးလို လူပျိုပေါက်ကလေးက မမအေးကို ချစ်လို့ဆိုပြီး ဖက်တာကိုင်တာကိုတောင် အသည်း တယားယား ဖြစ်ခဲ့ဖူးသည်။

ယခု ကိုကိုက ပါးနှစ်ဘက်ကို သူ့လက်ဖဝါးဖြင့်ပွတ်တာ လေးကိုပင် ရင်ခုန်သွားသည်။ ထမင်းစားခန်းထဲမှာ ကိုကိုနှင့် မခင်အေး နှစ်ယောက်တည်းသာရှိသည်။ ကိုကိုက စည်းမစောင့် ဘဲ ဖက်နမ်းလိုက်လျှင်တောင် ခံရမည်ဖြစ်သည်။ အကယ်၍များ ကိုကိုက မိမိကို ဖက်နမ်းလိုက်မည်ဆိုလျှင် ဘာလုပ်မလဲဟုတွေးမိ သေးသည်။

ကိုကိုသည် မခင်အေးထက် ၁၅ နှစ်လောက်ပိုပြီးအသက် ကြီးသည်။ ကိုကို အင်္ဂလန်ကို ပညာတော်သင်သွားတုန်းက မခင်အေး၏အသက် ၄ နှစ်မျှသာရှိသေးသည်။ မိသားစု လေဆိပ် ကို ပို့ခဲ့ကြတာကို မှတ်မိနေသည်။ ကိုကိုက လေယာဉ်ပေါ်တက် ခါနီးမှာ ဘဘကြီးနှင့် မေမေကြီးတို့ကို ကန်တော့သည်။ မမလေး၏နဖူးကို နမ်းသည်။ မခင်အေးကိုတော့ ကလေးဆိုပြီး နှုတ်တောင်ဆက်မသွားတာကို မှတ်မိနေသည်။

" ဟဲ့ မိပေါက် သွားတော့လေ၊ ဘာစဉ်းစားနေတာလဲ ပန်းကန်တွေကို နက်ဖြန်မနက်ကျမှဆေးတော့၊ မိုးချုပ်နေပြီ၊ သွား အိပ်တော့ "



မခင်အေးသည် ဘောင်းဘီတိုနှင့် စပို့ရှပ်အင်္ကျီကို ဝတ်ပြီး ထမင်းထိုင်စားနေသော ကိုကို့ကို ငေးကြည့်ပြီး တောင်တွေး မြောက်တွေး ငေးနေမိသည်။ ကိုကို၏ ယောကျ်ားပီသသည့် ရုပ်လက္ခဏာ၊ ကျန်းမာသန်စွမ်းသည့် ကိုယ်ခန္ဓာဖွဲ့စည်းပုံ၊ ဖြူဖွေးသန့်ပြန့်သည့် ကိုယ်သားကိုယ်ရေ၊ ချောမောလှပသည့် ရုပ်ရည်၊ နူးညံ့ချောမွတ်နေသည့် လက်ဖဝါးတွေ၏ အထိအတွေ့ တွေကို တွေးပြီးငေးနေတာ ဖြစ်သည်။ ကိုကိုက သွားတော့ ဆိုတော့မှ သတိရပြီး အိမ်ကြီးပေါ်ကဆင်းလာခဲ့သည်။ မိမိတို့ နေသည့်အိမ်ကလေးကို လျှောက်လာသည့် လမ်းတလျှောက်မှာ လည်း ကိုကို့အကြောင်းပဲ စဉ်းစားလာခဲ့သည်။

# ( ၁၁ )

အိမ်ကလေးကို ပြန်ရောက်သည့်အခါ အမေသည် နှစ်ခြိုက်စွာ အိပ်မောကျနေသည်။ မခင်အေး အိမ်ပေါ်တက်လာတာကို သိဟန်မတူ မခင်အေးပါ အိပ်တော့မည်ဆိုပြီး မီးပိတ်လိုက်တော့မှ နိုးလာသည်။

“ ဟဲ့ သမီး ဘယ်နှစ်နာရီထိုးပြီလဲ ”

“ ၉ နာရီထိုးတော့မယ် အမေရေ၊ ကိုကိုက ထမင်းစားနေတုန်း သမီးကို စောင့်မနေနဲ့တဲ့၊ သွားတော့တဲ့၊ ပန်းကန်တွေကို နက်ဖြန်မနက်မှ ဆေးလို့ပြောလို့ သမီးပြန်လာခဲ့တယ် ”

“ မနက်ဖြန်ကျမှ ငါ သွားဆေးလိုက်ပါ့မယ်အေ၊ ညည်းလည်းအိပ်တော့ ”

မခင်အေးသည် သူ့အိပ်ခန်းလို့ပြောရမည့် အတွင်းဘက်ကအိပ်ရာကို အမှောင်ထဲမှာပင် ဝင်အိပ်လိုက်သည်။ အိမ်ကလေး



မှာ အတွင်းတစ်ခန်းနှင့် အပြင်တစ်ခန်းသာရှိသည်။ အမှန်ကတော့ အခန်းမဟုတ်၊ အတွင်းနှင့်အပြင်ခြားနေအောင် သုံးထပ်သားခန်းစည်း ကာထားခြင်းသာဖြစ်သည်။

မခင်အေး၏အဖေရှိစဉ်က သမီးလေး မခင်အေး သိတတ်စအရွယ်ဖြစ်လာသည့်အခါ အဖေနှင့်အမေ အတူအိပ်နေတာကို မမြင်စေချင်လို့ ခန်းစည်းကာထားခြင်းသာဖြစ်သည်။ အခန်းမဟုတ်သည့်အတွက် အခန်းတံခါးလည်းမရှိသောကြောင့် လွယ်လွယ် ဝင်အိပ်လို့ရသော နေရာဖြစ်သည်။

အိမ်ကလေး၏ အတွင်းခန်းနှင့် အပြင်ခန်းအတွက် အလယ်ခေါင်တည့်တည့်မှာ ချိတ်ဆွဲထားလို့ တွဲလောင်းကျနေသည့် ခြောက်ဆယ်ဝပ်အားမီးလုံးတစ်လုံးသာရှိသည်။ မီးခလုတ်ကလည်း အိမ်ရှေ့က အတက်အဆင်းပေါက်နားက တိုင်မှာထားသည်။ လုံခြုံမှုရှိသည့်ခြံဝင်းကြီးထဲက လုံခြုံမှုမရှိသည့် အိမ်ကလေးဖြစ်သည်။

လုံခြုံမှုမရှိသည့် အိမ်ကလေးဆိုတာ တံခါးမရှိ ဓားမရှိ ဝင်ထွက်သွားလာနိုင်သော အိမ်ကလေးလို့ ပြောလိုရင်းဖြစ်သည်။ သီရိရတနာအိမ်ကြီး၏ ခြံဝင်းကြီးအတွင်းမှာရှိသည့် အိမ်ကလေးအတွက် တံခါးလည်းရှိစရာမလို ဓားလည်းရှိစရာမလိုသော အခြေအနေဖြစ်သည်။ ရပ်ကွက်ကြီး၏အရှိန်အဝါ၊ အိမ်ကြီး၏ ဟိတ်ဟန်နှင့် မိသားစုတို့၏ဂုဏ်တို့ကြောင့် တော်ရုံတန်ရုံလူ အနားတောင်မကပ်ရဲသည့် အရပ်ဖြစ်သည်။ အဲဒီတော့ မခင်အေးတို့သားအမိနေသည့် အိမ်ကလေးသည် တံခါးလည်းရှိစရာမလို၊ ဓားလည်းရှိစရာမလိုသော အိမ်ကလေးဖြစ်သည်။

တံခါးမရှိသည့် အိမ်ကလေးဖြစ်လို့ တနင်္ဂနွေလို ရုံးပိတ်ရက် ကျောင်းပိတ်ရက်တွေမှာ မောင်လေးမောင်မောင်ဦးသည် အိမ်ကြီးမှ အိမ်ကလေးကို ကူးလာတတ်ပြီး မခင်အေးကို စာပြ ခိုင်းတတ်သည်။ အဖော်မရှိသည့် မောင်မောင်ဦးကို မခင်အေးက သနားလို့ အဖော်လုပ်ပေးနေရသည်။

မောင်မောင်ဦးသည် ရှစ်တန်းအောင်လို့ ကိုးတန်းတက်နေ ပြီဖြစ်သည်။ မောင်မောင်ဦး သင်ယူနေရသည့် သိပ္ပံဘာသာတွဲ တွေကို မခင်အေးနားမလည်၊ သင်ပြမပေးနိုင်သည့်အတွက် အင်္ဂလိပ်စာနှင့် မြန်မာစာကိုသာ သင်ပေးနိုင်သည်။ အင်္ဂလိပ်စာ မှာ မောင်မောင်ဦးက မခင်အေးထက်တောင် သွက်သွက်လက် လက် မှန်မှန်ကန်ကန် ဖတ်နိုင်ရေးနိုင်သည့်အတွက် သင်ပြပေး စရာစာမရှိသလို ဖြစ်နေသည်။ သင်ပြပေးစရာစာမရှိသောအခါ စကားထိုင်ပြောနေကြတော့သည်။

မောင်မောင်ဦးက သူ့ကျောင်းက သူငယ်ချင်းတွေအ ကြောင်း၊ ဆရာ ဆရာမ တွေအကြောင်း ပြောသည်။ သူနှင့် အတန်းတူ ကောင်မလေးတစ်ယောက် ချောတဲ့အကြောင်းလည်း ပြောသည်။

" သားတို့အတန်းထဲမှာ ချိုချိုဝင်းက အချောဆုံးပဲသိလား သူက နှုတ်ခမ်းနီ အမြဲဆိုးတော့ အရမ်းလှတယ် "

" နင် ကြိုက်နေတယ်မဟုတ်လား "

" ဟင် . . . မကြိုက်ပါဘူး "

" နင် ကြိုက်နေပါတယ်၊ ကြိုက်နေလို့ပြောတာပေါ့ "

" မကြိုက်ဘူး၊ သားက မမအေးကိုပဲ ကြိုက်တယ် "



မောင်မောင်ဦးသည် ပြောပြောဆိုဆိုပင် ကြမ်းခင်းမှာတင် ပလင်ခွေထိုင်နေသည့် မခင်အေးကို တွန်းလှဲပြီး အပေါ်က တက်ဖိထားသည်။ မခင်အေးသည် မောင်မောင်ဦးကို တွန်းဖယ် နေရသည်။

" ဖယ်ပါဟဲ့၊ နင့်ကိုယ်လုံးကြီးနဲ့ တက်ဖိတော့ သေရော ပေါ့ "

မောင်မောင်ဦးသည် သူ့ကိုယ်သူ ကလေးလို့ထင်နေသေး သည်။ နဝမတန်းကျောင်းသားတောင်ဖြစ်နေသည့်အပြင် အရပ် တရှည်၊ လူကောင်ကထွားသည့်အတွက် အကြောင်းမသိသူက အသက်နှစ်ဆယ်ကျော်အရွယ်ဟု ထင်လောက်သည်။ မခင်အေး က အတင်းတွန်းချတော့ မခင်အေးရဲ့ဘေးမှာ လှဲအိပ်ချပြီးရယ် နေသည်။ မခင်အေးကို သူနှင့်အတူ ဆော့စရာအဖော်ဟုထင် နေသည်။ မခင်အေးကို တွေ့တာနဲ့ ပြေးဖက်သည်။ ခုန်တက်ပြီး ချိုင်းသည်။ ထိုင်နေလျှင် တွန်းလှဲပြီး တက်ဖိသည်။ ဒီလိုပဲ လုပ်နေကျဖြစ်သည်။ ဒီလိုလုပ်တာတွေကို မခင်အေး၏ အမေ ဒေါ်အေးတင် မြင်သွားပြီဆိုလျှင် အော်မေးသည်။

" ဟဲ့ . . . ဒီမောင်နှမ ဘယ်လိုဖြစ်နေကြတာလဲ "

ဒါလောက်ပဲပြောပြီး လှည့်တောင်မကြည့်တော့ပဲ သူ့ အလုပ်သူလုပ်နေလေ့ရှိသည်။ မခင်အေးကတော့ မောင်မောင်ဦး ၏ ကထိကလိ ကဂျိကပတ်လုပ်သည့်ဒဏ်ကို ဆက်ခံနေရဦးမည် ဖြစ်သည်။ မောင်မောင်ဦးကလည်း ငယ်ငယ်တုန်းက လုပ်လာခဲ့ သည့်အတိုင်း မခင်အေးကို အနိုင်ကျင့်ပြီး လုပ်နေဦးမည်ဖြစ် သည်။

ဒီခြံဝင်းကြီးထဲမှာ နှစ်ယောက်အတူ ကြီးပြင်းလာခဲ့ကြသူတွေဖြစ်သည်။ တစ်ယောက်နှင့်တစ်ယောက်ကလည်း အသက် ၂ နှစ်လောက်သာကွာသည်။ မခင်အေးအသက် ၁၈ နှစ်ထဲရောက်နေပြီဆိုတော့ မောင်မောင်ဦး၏ အသက် ၁၆ နှစ်ထဲရောက်နေပြီဖြစ်သည်။ အသက် ၁၆ နှစ်သာဆိုသော်လည်း သူ့ကိုယ်သူ ကလေးလို့ထင်နေသေးသည်။ အပို့ မခင်အေးကို လူပျို့ပေါက်ကလေး မောင်မောင်ဦးက နောက်ကနေပြီး ကျောပေါ်ကိုခုန်တက်သည်။ တွန်းလှဲပြီးတက်ဖိသည်။ လည်ပင်းကိုပြေးဖက်ပြီးချိခိုင်းသည်။ မခင်အေးက သူ့ကိုယ်လုံးကြီးကို မနိုင်သည့်အတွက် ပက်လက်လှန်လဲကျသည်။

မခင်အေးအဲဒီလို ပက်လက်လန်ပြီးလဲကျသွားပြီဆိုလျှင် မောင်မောင်ဦး အရမ်းသဘောကျသည်။ မခင်အေးကို အပေါ်က တက်ဖိထားပြီးမေးသည်။

" ကြောက်ပြီလား "

" ကြောက်ပါပြီ "

" သားကိုချစ်လား "

" ချစ်တာပေ့ါ ကိုယ့်မောင်လေးကို ချစ်တာပေ့ါ "

အဲဒီလိုပြောလိုက်လျှင် မောင်မောင်ဦးက သဘောကျပြီး မခင်အေး၏ပါးနှစ်ဖက်ကို ဖိဖိနမ်းတော့သည်။ မောင်မောင်ဦးက သူ့လက်နှစ်ဘက်ဖြင့် မခင်အေး၏ လက်နှစ်ဘက်ကိုဖိကိုင်ထားသဖြင့် မရုန်းနိုင် ရှောင်လို့မရဖြစ်နေသည်။ မောင်လေးအရင်းလို ချစ်ရသူဆိုသော်လည်း အသက်အရွယ်က မတိမ်းမယိမ်းဖြစ်



နေသည့်အပြင် သွေးမတော်သားမစပ်သည့်အတွက် လိင်မတူသူရဲ့ ဖက်နမ်းတာကို ခံရသောအခါ မခင်အေး ရင်ခုန်မိပြန်သည်။

" ဖယ်ပါဟဲ့ နှင့်ကိုယ်ကြီးနဲ့ ဖိထားတာ အသက်ရှူကြပ်ပြီး သေတော့မယ် "

မခင်အေး အသက်ရှူကြပ်ပြီး သေသွားမှာကြောက်လို့လားမသိ၊ မခင်အေးရဲ့လက်တွေကို ချုပ်ကိုင်ထားရာမှ လွှတ်လိုက်ပြီးဘေးကို လှိမ့်ချလိုက်သည်။ လှိမ့်ချလိုက်သည့်နေရာမှာပင် ပက်လက်လှန်ပြီး အိပ်နေလျှက်မှ မခင်အေးကိုကြည့်ပြီးမေးသည်။

" မမအေးမှာ ရည်းစားရှိလားဟင် "

" မရှိပါဘူး၊ ရည်းစားလည်း မလိုချင်၊ လင်လည်း မလိုချင်ဘူး "

" သားလည်း မိန်းမ မယူဘူး၊ ဘဘလို လူပျိုကြီးလုပ်မယ် "

မခင်အေးသည် ပက်လက်လန်လဲကျနေရာမှ ထထိုင်လိုက်သည်။ မောင်မောင်ဦးပြောသည့် ဘဘဆိုတာ သူ့ဘကြီး ကိုကိုခင်မောင်ကြီးကိုပြောတာဖြစ်သည်။ ကိုကို အင်္ဂလန်မှာ မိန်းမတစ်ယောက် ရခဲ့ဖူးတယ်ဆိုတာကို မောင်မောင်ဦး မသိသေးဖြစ်နေသည်။ လူကြီးတွေကလည်း မပြောဘဲထားလို့ သူ့ဘကြီးကိုလူပျိုလို့ ထင်နေသည်။ ကိုကိုကလည်း မြန်မာပြည်ပြန်ရောက်ပြီးကတည်းက လူပျိုလုပ်နေသည်။ လူကြီးချင်းသဘောတူခဲ့ဖူးသည်ဆိုသည့် သူ့ရည်းစားဟောင်းနှင့် ပြန်ဆက်နေသလိုလို သတင်းကြားနေရသည်။

“ ကိုကိုက လူပျိုကြီး မလုပ်ပါဘူး၊ သူ့ရည်းစားဟောင်းနဲ့ လက်ထပ်မှာပေါ့ ”

“ ဘာဘရဲ့ရည်းစားဟောင်းက ဘယ်သူလဲဟင်၊ မမအေး လား ”

“ မောင်မောင်ဦးနော်၊ ပေါက်ကရတွေမပြောနဲ့၊ ကိုကို ကြားရင် နင့်ကို နားရင်းပိတ်တီးလိမ့်မယ် ”

“ မမအေးကရော ဘာဘကိုမကြိုက်ဘူးလား ”

“ မကြိုက်ပါဘူး၊ ကိုကို့က အသက်ကြီးနေပြီ ”

မခင်အေးသည် မပြောသင့်မပြောအပ်သည့် စကားတွေကို မောင်မောင်ဦးနှင့် သံယောင်လိုက်ပြီး သတိလက်လွတ် ပြောနေမိသည်။ မောင်မောင်ဦး ပြောနေသည့် စကားတွေသည် ကလေးစကားတွေမဟုတ်၊ စိတ်ကစားသည့် လူပျိုပေါက်ကလေးတွေဖြစ်တတ်သည့် သဘာဝအတိုင်း လိင်စိတ်ဖြစ်ပေါ်ပြီး မဆင်မခြင် ပြောနေခြင်းဖြစ်သည်။

မခင်အေးကလည်း ကိုကိုနှင့်ပတ်သက်လာသည့်အတွက် သတိလက်လွတ်ဖြစ်သွားသည်။ ကိုကိုက အသက်ကြီးနေလို့ မကြိုက်ဘူးဆိုတော့ ကိုကိုသာ အသက်ငယ်လျှင် ကြိုက်မည်ဆိုသည့်သဘောဖြစ်နေသည်။

ဒါဆိုလျှင် ကိုကိုသည် မခင်အေးထက် အသက်ဘယ်လောက်များပိုကြီးနေလို့ မခင်အေးကမကြိုက်ဘူး ပြောလိုက်တာလဲ၊ ကိုကိုကရော တူမလေးအရွယ်လောက်သာရှိသည့် မခင်အေးကို ကြိုက်ပါတယ်လို့ ပြောလို့လား၊ ဒီလိုပြောတာ တွေးတောနေ



တာကို ကိုကို သိသွားလျှင် စိတ်ဆိုးနိုင်သလား၊ ကိုကိုသည် ဘီလပ်ပြန်၊ ခေတ်ပညာတတ်၊ သူဌေးသားဖြစ်သည်။ မိမိသည် အိမ်ဖော်ဒေါ်အေးတင်၏သမီး အိမ်စေ မခင်အေး သာဖြစ်သည်။ တန်ရာတန်ရာ စဉ်းစားသင့်သည်ဟု တွေးမိသည်။

ကိုကို ညစာစားတာ နောက်ကျသည့်နေ့က မခင်အေးကို လှလာသည်ဟု ပြောသည့်အပြင် မခင်အေးရဲ့ပါးကို ကိုကိုက လက်ဖြင့်ပွတ်တာ ခံလိုက်ရသည့်ညက မခင်အေး ရင်ခုန်သွားခဲ့သည်။ ရင်ခုန်လို့ ညဦးပိုင်းမှာ အိပ်လို့မပျော်ဖြစ်နေခဲ့သည်။ တစ်ရေးနိုးလာပြန်တော့လည်း ဒါကိုပဲသတိရပြီး ရင်ခုန်ပြန်သည်။

မတန်မရာ မမျှော်လင့်ကောင်းလို့သာ မမျှော်လင့်ရဲသော်လည်း ကိုကိုကသာ အနိုင်ကျင့်ပြီး ဖက်နမ်းလိုက်မိမည်ဆိုလျှင် ဘယ်လိုခံစားရမလဲမသိဟု တွေးမိသည်။ မောင်မောင်ဦး ဖက်နမ်းတာကို ခံရတာတောင် ရင်ခုန်မိတယ်ဆိုတော့ ကိုကိုကသာ ဖက်နမ်းလိုက်မည်ဆိုလျှင် ရင်ခုန်လွန်းလို့ တစ်ပတ်ဆယ်ရက်လောက် အိပ်မပျော်ဘဲနေမလားမသိဟု တွေးမိသည်။

မောင်မောင်ဦးကဖြစ်စေ ကိုကိုကဖြစ်စေ လိင်မတူသူက ဖက်နမ်းမည်ဆိုလျှင် စိတ်ဆိုးဖို့မစဉ်းစားဘဲ ရင်ခုန်ဖို့အတွက်ပဲ စဉ်းစားနေတာဟာ တစ်စုံတစ်ယောက်က မိမိကို ဖက်နမ်းတာကို ခံချင်နေလို့လား စဉ်းစားစရာဖြစ်နေသည်။ ရင်ခုန်တာဟာ အချစ်ကြောင့်ဆိုလျှင် ဖက်နမ်းသူကို ချစ်မိလေမလားဟု စဉ်းစားနေမိသည်။

## ( ၁၂ )

သီရိရတနာအိမ်ကြီးသည် ဒီနှစ်နွေရာသီမှာ နှစ်တိုင်းထက် ပိုမိုခြောက်ကပ်လာသလို ထင်ရသည်။ သီရိရတနာ မိသား တွေသည်လည်း ရွှင်ပြလန်းဆန်းမှုမရှိဘဲ စက်ရုပ်တွေလို ဖြစ် နေသည်။

ကိုတင်နွယ် နှင့် မမလေးတို့သည် မနက်လင်းတာနဲ့ ဒေါ်အေးတင် ထည့်ပေးသည့် ထမင်းချိုင့်၊ ကော်ဖီဓာတ်ဗူးနှင့် ရတနာအထုပ်ကြီးကို ကားပေါ်တင်ပြီး ဈေးကို သွားကြတော့ သည်။ မောင်မောင်ဦးကလည်း ဖယ်ရီကားဖြင့် ကျောင်းသွား တော့သည်။ ကိုကိုသည် ၈-နာရီခွဲတိတိမှာ သူ့ကားကလေးကို မောင်းပြီး ထွက်သွားတော့သည်။



ကိုတင်နွယ် နှင့် မမလေးတို့က ညနေ ၆ နာရီကျော်မှ အိမ်ကိုပြန်လာကြမည်ဖြစ်သည်။ မောင်မောင်ဦးသည် ညနေ ၄ နာရီမှာ ကျောင်းဆင်းသော်လည်း တစ်ခါတစ်လေ ဖယ်ရီကား ဖြင့် အိမ်ကိုပြန်မလာဘဲ သူ့အဖေနှင့်အမေရှိရာ ဗိုလ်ချုပ်ဈေးကို လိုက်သွားပြီး သူ့အဖေ၊ အမေနှင့်အတူ ပြန်ပါလာတဲ့အခါလည်း ရှိသည်။ ကိုကိုကတော့ ညနေအိမ်ပြန်ချိန် မမှန်သူဖြစ်သည်။ တစ်ခါတစ်လေ ည ၉ နာရီလောက်မှ ပြန်ရောက်လာပြီး ညစာ စားတော့ဘူးလို့ ပြောတတ်သည်။

ကိုကိုသည် အိမ်အပြန်နောက်ကျပြီး ညစာမစားသည့် နေ့တော်မှာလည်း ထမင်းစားခန်းကိုဝင်လာပြီး ထမင်းခူးကျွေးဖို့ စောင့်နေသည့် မခင်အေးကို နှုတ်ဆက်တတ်သည်။ ကျေးဇူးတင် ကြောင်းပြောပြီး ပြန်တော့လို့ပြောသည်။ အဲဒီလိုအခါမျိုးမှာ မခင်အေး၏ပါးကို လိမ်ဆွဲပြီး ပြောတတ်သည်။ မိပေါက်စ နင်အပျိုလေးဖြစ်လာလို့ လှလာပြီလို့လည်း ပြောတတ်သည်။ အဲဒီလိုအခါမျိုးမှာ မခင်အေး ရင်ခုန်ရပြန်သည်။ ကိုကိုက လူသူ အလစ်မှာ ဖက်နမ်းလျှင် ပိုပြီးရင်ခုန်ရမည်ဟု တွေးမိသည်။

သီရိရတနာခြံဝင်းကြီးသည် ပြုပြင်မည့်သူမရှိလို့ တစ်ချို့ နေရာတွေက မြက်ရိုင်းပင်ကြီးတွေ အတော်ရှည်နေသည်။ ပုဏ္ဏား ရိပ်ပင်ခင်တန်းတွေ ထိပ်ဖြတ်ပေးမည့်သူမရှိလို့ အကိုင်းတွေ ရှည်ပြီး ညွတ်ကွေးကျနေကြသည်။ ပန်းဥယျာဉ်ထဲက ကွန်ကရစ် သမ်းတွေမှာ ရေညှိတွေတက်နေသည်။ သစ်ခွပန်းပင်တွေကို ပြုပြင်စောင့်ရှောက်ပေးမည့်သူမရှိလို့ တစ်ချို့သေကုန်ကြသည်။

ဝါးရုံတွေနှင့် ပိတောက်ပင်ကြီးတွေက ကြွေကျသည့် အရွက်တွေ
ကို သိမ်းမည့်သူမရှိလို့ ပုပ်ဆွေးနေကြသည်။ ခြံစောင့်မာ
ဘဘူကြီးရှိတုန်းက သန့်ရှင်းလှပနေခဲ့သည့် သီရိရတနာခြံကြီး
သည် အခုတော့ တောစီးနေပြီဖြစ်သည်။

ဘဘူကြီး အလုပ်ကထွက်စတုန်းကတော့ ဘဘူကြီး
လုပ်ခဲ့သည့်အလုပ်တွေကို ဒေါ်အေးတင်က လုပ်ခဲ့သေးသည်
ဒေါ်အေးတင် အသက်ကြီးလာသည့်အပြင် ကျန်းမာရေး
ကျဆင်းလာသဖြင့် မလုပ်နိုင်တော့သည့်အတွက် ခြံဝင်းကြီးထဲမှ
တောစီးလာတာဖြစ်သည်။ ဒေါ်အေးတင် လုပ်နိုင်လို့လုပ်တုန်း
ကလည်း ဘဘူကြီးလောက် မလုပ်နိုင်သည့်အတွက် တဖြည်း
ဖြည်း တောစီးလာတာဖြစ်သည်။

သီရိရတနာအိမ်ကြီးနှင့် မခင်အေးတို့နေသည့် အိမ်
ကလေးကိုကူးသည့် လမ်းကလေးသည်ပင် မြက်ရိုင်းပင်တွေ
ကြောင့် လမ်းကြောင်းကျဉ်းနေသည်။ သို့သော် နေ့စဉ်ကူးသန်း
သွားလာနေသည့် လမ်းဖြစ်လို့သာ လမ်းမပိတ်ဘဲ လူသွားလမ်း
အဖြစ် တည်ရှိနေခြင်းဖြစ်သည်။

ဒေါ်အေးတင်၏ကျန်းမာရေးသည် ဒီနှစ် ပိုဆိုးလာသည်
ဟုထင်ရသည်။ နည်းနည်းလေး လှုပ်လှုပ်ရှားရှားလုပ်လိုက်လျှင်
မောလို့ ဆက်မလုပ်နိုင်တော့ဘဲ ခဏနားနေရသည်။ မမလေးက
မလုပ်နိုင်လျှင် မလုပ်နဲ့လို့ပြောထားသော်လည်း မနေနိုင်၊ မနေ
တတ်သည့် ဒေါ်အေးတင်သည် အဝတ်မလျှော်တော့သော်
လည်း ထမင်းကိုတော့ချက်သည်။ အဝတ်တွေကို မခင်အေးက
လျှော်ပေးသည်။



ဒေါ်အေးတင်၏ မျက်စိအတွင်းတိမ်ကြောင့် အမြင် မှုန်
နေသည်။ အာရုံကြောတွေအားနည်းလို့ နားကထိုင်းနေသည်။
ချုပ်လျှင် ဒေါ်အေးတင် ဘာမှမမြင်ဖြစ်နေသည်။ အာရုံ
ပြီးနားမထောင်လျှင် ဘာမျှမကြားဖြစ်နေသည်။ အနားယူ
မောဖြေဖို့ အိပ်ရာမှာလှဲချလိုက်ပြီဆိုလျှင် အိပ်မပျော်လျှင်
တောင် ဘာမျှမမြင် မသိတော့သလိုဖြစ်နေသည်။

# ( ၁၃ )

ဒီနှစ် နွေဦးပေါက်ရာသီမှာ ဘယ်ကရောက်လာမှန်းမသိသော ဥသြငှက်တစ်ကောင်သည် သီရိရတနာခြံကြီးထဲက လက်ပန်ပင်မြင့်ထက်မှာ နေရာယူပြီး ရင်ကွဲမတတ် အော်မြည်နေသည်။ နွေဦးကို ကြိုဆိုနေတာမဟုတ်တော့ဘဲ၊ အဖော်မဲ့လို့ အသည်းကွဲ နေသည့်အသံဖြင့် အော်ငိုနေတာဖြစ်သည်။

အဖော်ကွဲနေသည့် ဥသြငှက်ကလေး ငိုနေသံကြားတော့ မခင်အေးက သနားမိသေးသည်။ သတ္တဝါ၏ အဖော်လိုအပ်ခြင်းကိစ္စကို သတိရလာသည်။ မိမိတောင် ဘာလိုလိုနဲ့ အသက်တစ်ဆယ့်ရှစ်နှစ် ပြည့်ခဲ့ပြီဖြစ်သည်။ ဒီအသက်ရွယ်သည် ငယ်တယ်လို့မဆိုနိုင်သော အသက်အရွယ်ဖြစ်သည်။ အဖော်ရှိလျှင် ပျော်စရာကောင်းမည်ဟု တွေးမိသည်။ ဥသြငှက်ကလေးလို မိမိလည်း အဖော်လိုချင်နေပြီလား စဉ်းစားနေမိသည်။



အဖော်လိုချင်တယ်ဆိုတာ ရည်းစားထားချင်တာ၊ ချစ်သူရှိချင်တာ ဖြစ်သည်။ ဒီနေ့အထိ မိမိကို ချစ်ပါတယ်လို့ပြောသူ တစ်ယောက်မှမရှိသေး၊ မောင်မောင်ဦးလေးက ကလေးမို့ နောက်သလို ပြောင်သလိုဖြင့် မမအေးကို သားချစ်တယ်လို့ ပြောဖူးတာသာရှိသည်။

မောင်မောင်ဦးသည် ကလေးစိတ်မပျောက်သေးသော်လည်း အသက် ၁၆ နှစ်အရွယ် လူပျိုပေါက်ကလေးဖြစ်သည်။ စိတ်ကစားသည့်အရွယ်ဖြစ်လို့ အမြဲထိတွေ့နေရသည့် မိမိကို တကယ်ချစ်ပြီး တစ်ဘက်သတ်ကြိုက်နေတာလည်းဖြစ်နိုင်သည်။ မိမိကသာ မိမိ၏လက်ပေါ်မှာကြီးလာသည့် ကလေးကို မုန့်ပေးပြီး ကြိုက်ခိုင်းသလိုမလုပ်မိဖို့ သတိထားရမည်ဖြစ်သည်။ တကယ်လို့များ မိမိနှင့် မောင်မောင်ဦးလေးတို့ မတော်တဆ ငြိစွန်းသွားပါက မမလေးသည် မိမိတို့သားအမိကို သတ်လိမ့်မည်။ မသတ်လျှင်တောင် ခြံထဲက မောင်းထုတ်ပစ်မှာ သေချာသည်။ အမဲရိုးနှယ် ဟင်းအိုးကိုမှ အားမနာလေတယ်လို့ပြောပြီး နှင်ထုတ်မှာ သေချာသည်။

ကိုကိုသည် မိမိထက် အသက်ကြီးသည်ဆိုသော်လည်း ၁၅ နှစ် ၁၆ နှစ်မျှသာကြီးသည်။ ကိုကိုသည် မိဘသဘောမတူသည့် ဒီလပ်သူတစ်ယောက်နှင့် အိမ်ထောင်ကျဖူးသူဖြစ်လို့ တစ်ခုလပ်ဆိုသော်လည်း လူပျိုတစ်ယောက်လို ချောတုန်း၊ ခန့်တုန်း၊ ကျန်းမာရေးကောင်းတုန်းပဲ ရှိသေးသည်။ ကိုကို၏ အိမ်ထောင်ရေး ရာဇဝင်ကို သီရိရတနာမိသားစုအပြင် ကိုကိုနှင့် စေ့စပ်ခဲ့ဖူးသည့် သူတို့သမီးလောင်း၏ မိသားစုတွေသာ သိကြသည်။ ရပ်ကွက်

အတွင်းက အိမ်နီးနားချင်း ပတ်ဝန်းကျင်ကတောင်မသိဟု ယူဆ ရသည်။ သီရိရတနာ၏ ပတ်ဝန်းကျင်သည် တစ်အိမ်နှင့်တစ်အိမ် ကူးလူးဆက်ဆံခြင်း၊ စပ်စုခြင်း၊ အတင်းအဖျင်း ပြောခြင်း ပြုလုပ်ကြသည့် ပတ်ဝန်းကျင်မဟုတ်သည့်အတွက် ကိုကို၏ အိမ်ထောင်ရေးကိစ္စကို စိတ်မဝင်စားလို့ ထင်ရသည်။

ကိုကိုသည် မိမိကို လှလာတယ်လို့ပြောပြီး ပါးကိုဖိပွတ် တာ၊ လိမ်ဆွဲဖူးတာသာရှိသည်။ ချစ်ပါတယ်လိုလည်း မပြောဖူး ဘူး၊ လူသူအလစ်မှာ ဖက်ရမ်းနမ်းရှုံ့လည်းမလုပ်ဖူးသေးလို့ ကိုကို သည် မိမိကို ကလေးလို့သဘောထားနေဟန်တူသည်။ မိမိသည် ကလေးမဟုတ်တော့ဘူးဆိုတာကို ကိုယ့်ဟာကိုယ်သိနေသည်။ ကိုကိုကသာ ဖက်နမ်းမည်ဆိုလျှင် မရှန်းမကန်ဘဲ ငြိမ်ခံမိမည်ဟု ထင်သည်။

ဒါတွေဟာ မစဉ်းစားကောင်းတဲ့ အရာတွေပါလား မောင်မောင်ဦးပဲဖြစ်ဖြစ်၊ ကိုကိုပဲဖြစ်ဖြစ်၊ မိမိနှင့် အငြိအစွန်းရှိ တယ်လို့ မမလေးသိသွားလျှင် မိမိတို့သားအမိကို သတ်ပစ်ချင် လောက်အောင် စိတ်ဆိုးတော့မည်ဖြစ်သည်။ မိမိတို့ သားအမိ ကိုလည်း ခြံထဲက မောင်းထုတ်မည်ဖြစ်လို့ မိမိတို့သားအမိ နှစ်ယောက် ဘဝပျက်ပြီး ခွေးဖြစ်မည်ဟုတွေးမိသည်။

" ဥဩ ဥဩ ဥဩ . . . "

လက်ပန်ပင်ထက်က ဥဩငှက်သည် နွေဦးကိုကြိုဆိုနေ တာမဟုတ်၊ အဖော်မဲ့လို့လွမ်းတေးကို သီဆိုနေတာဖြစ်သည်။ အဖော်မဲ့သူဘဝတူချင်းမို့ ကိုယ်ချင်းစာမိသည်။ မောပန်းမွန်းကြပ် နေသည်။ အသက်ကိုဝအောင်ဆွဲရှူလိုက်ရသည်။ ဝေးရာကိုပြေ



ပျံသွားပါတော့ ဥဩငှက်ကလေးရယ်၊ အဖော်မဲ့သူတို့ရဲ့ ငို ညည်းသံကို မကြားလိုပါလို့ ရင်ထဲက ပြောလိုက်မိသည်။

မခင်အေး အိပ်မပျော်သေးသော်လည်း အိမ်ရှေ့ခန်းက ဒေါ်အေးတင်သည် နှစ်ခြိုက်စွာအိပ်မောကျနေသည်။ မခင်အေး သည် အိပ်ပျော်အောင်ကြိုးစားအိပ်သည်။ ဘယ်လူးညာလိမ့်ဖြစ် နေသည်။

ရန်ကင်း သို့မဟုတ် ဂွတ္တလစ်ဘက်ကလို့ထင်ရသည့် မီး ကင်းတဲတစ်ခုက နာရီသံချောင်းခေါက်သံ ၁၂ ချက် ကြားလိုက် သည်။ ဥဩငှက်ကလေး အော်မြည်နေတာ ဘယ်အချိန်က ရပ်သွားမှန်းတောင် သတိမထားလိုက်မိဖြစ်သွားသည်။ မောသွား လို့မအော်တော့တာလား၊ ရင်ကွဲနာကျပြီး သေသွားလို့ မအော်နိုင် တော့တာလား၊ သနားစရာငှက်ကလေး၏အသံ မထွက်တော့တာ ကို သတိပြုလိုက်မိသည်။

မိမိကိုယ်မိမိ အိပ်မပျော်ဘူးထင်ပြီး ဘယ်လူးညာလိမ့်ဖြစ် နေသည့် မခင်အေးသည် အိပ်မပျော်ခြင်းအကြောင်းကိုတွေးနေ သည်။ ဘာကြောင့် အိပ်မပျော်တာလဲ၊ စိုးရိမ်သောကကြောင့်၊ ရောဂါဝေဒနာတစ်ခုကြောင့်၊ အိပ်ရာပြောင်းလို့၊ အိပ်ရာမသန့် လို့ အိပ်ရာဝင်စဉ်ဝတ်ထားသည့် အဝတ်အစားတွေတင်းကြပ်လို့ သည်ဖြင့် အိပ်မပျော်သည့်အကြောင်းတွေကို သတိရနေသည်။

မိမိမှာ စိုးရိမ်သောက ဘာမှမရှိ၊ သီရိရတနာမိသားစု၏ စောင့်ရှောက်မှုအောက်မှာ သားအမိနှစ်ယောက် စားဝတ်နေရေး ပူစရာမလိုသည့် ဘဝဖြင့်နေရသည်။ ဘာသောကမှမရှိ မိမိမှာ

ဘာရောဂါမှမရှိလို့ ကျန်းမာရေးကလည်း ဒေါင်ဒေါင်မြည်ကောင်းမွန်နေသည်။

အိပ်ရာလည်းမပြောင်း၊ အဖေမသေခင်ကတည်းက ဒီနေရာကလေးမှာ အိပ်လာခဲ့တာ ဆယ်နှစ်ကျော်ပြီဖြစ်သည်။ အိပ်ရာမသန့်မှာစိုးလို့ အထူးသန့်ရှင်းရေး လုပ်ထားပြီးဖြစ်သည်။ အိပ်ရာခင်းနှင့် ခေါင်းအုံးစွပ်တွေ အသစ်လဲထားသည်။

အိပ်ရာဝင်လျှင် ဝတ်ထားသည့် အဝတ်အစားတွေ တင်းကြပ်နေမှာစိုးလို့ ဘော်လီ၊ ဘရာစီယာ မဝတ်ဘဲ အင်္ကျီပွပွကို ဝတ်သည်။ အတွင်းခံဘောင်းဘီမဝတ်ဘဲ ချည်ထည်ထမိန်ပါးပါးအေးအေးကို ဝတ်အိပ်လေ့ရှိသည်။

ဒီလိုစနစ်တကျ အိပ်ပါလျက် အိပ်လို့မပျော်ဘူးဆိုတာ မဖြစ်နိုင်၊ စိတ်ကိုတင်းကြပ်စွာ ချုပ်တီးထားလို့ဖြစ်မည်။ စိတ်ကိုလွှတ်ပေးထားလိုက်သည်။ မခင်အေးသည် စိတ်နှင့်အတူ လွင့်မျောသွားသည်။ ဟင်းလင်းပြင်တစ်ခုအတွင်း လျှောက်သွားနေသည်။ တစ်နေရာမှာ သီရိဂုတနာခြံကြီးနှင့် ခပ်ဆင်ဆင်တူသည့်ဥယျာဉ်ကြီးတစ်ခုအတွင်း ရောက်သွားသည်။

ဥယာဉ်ကြီးအတွင်းမှာ တိတ်ဆိတ်နေသည်။ ဥယျာဉ်ကြီးသည်ပြုပြင်မည့်သူမရှိလို့ တစ်ချို့နေရာတွေမှာ မြက်ရိုင်းပင်တွေရှည်နေသည်။ ဥယျာဉ်ကြီးတစ်ခုလုံးသည် သစ်ပင်ရိပ် ဝါးပင်ရိပ်တို့ကြောင့် အုပ်ဆိုင်းညို့မှိုင်းနေသည်။ ဥယျာဉ်ကြီးသည် ဘယ်နေရာကစလို့ ဘယ်နေရာမှာဆုံးမှန်း မသိနိုင်လောက်အောင်ကျယ်သည်။ ဥယျာဉ်ကြီးအတွင်းမှာ လူမဆိုထားနှင့် ကျေးငှက်သာရကာ တစ်ကောင်တစ်လေတောင်မရှိလို့ ယူဆရသည်။



မကတိ တိတ်ဆိတ်ငြိမ်သက်နေသည်။ မခင်အေးသည် အသိတစ်ယောက်တစ်လေများ တွေ့လိုတွေ့ငြားဆိုသည့် အတွေးဖြင့်ခပ်သုပ်သုပ်သွားပြီး ရှာကြည့်နေသည်။

မခင်အေးသည် တိတ်ဆိတ်နေသည့် ဥယျာဉ်ကြီးအတွင်းမှာ တစ်ယောက်တည်းသွားနေရသော်လည်း မကြောက်၊ အမေဒေါ်အေးတင်ကိုသော်လည်းကောင်း၊ သေသွားပြီးဖြစ်သည့်အဖေ့ကိုသော်လည်းကောင်း၊ ကျောင်းတက်ခဲ့စဉ်က ခင်မင်ခဲ့ကြသည့် ကျောင်းနေဖက် သူငယ်ချင်းတွေနှင့်သော်လည်းကောင်း၊ တစ်ယောက်မဟုတ် တစ်ယောက်နှင့် တွေ့နိုင်သည်ဆိုသည့်ယုံကြည်ချက်ဖြင့် ဥယျာဉ်ကြီးအတွင်း လျှောက်သွားနေခြင်းဖြစ်သည်။

တစ်နေရာအရောက်မှာ မိမိ၏ရှေ့တူရူမှ တစ်စုံတစ်ယောက် ပြေးလာနေတာကို မြင်လိုက်ရသည်။ မခင်အေး ဝမ်းသာသွားသည်။ အသိထဲက တစ်ယောက်ဖြစ်ရမည်လို့ စိတ်က အလိုလို သိနေသည်။ နီးသည်ထက်ပို၍နီးလာသောအခါ ပြေးလာသူသည် လက်နှစ်ချောင်းကိုရှေ့ဆန့်ပြီး မခင်အေးကို လှမ်းခေါ်သည်။

“ မမအေး၊ မမအေး ”

“ ဟယ် . . . မောင်လေး၊ မောင်လေး ”

မခင်အေးရှိရာကို ပြေးလာနေသူဟာ မောင်မောင်ဦးဖြစ်နေသည်။ မခင်အေး အရမ်းဝမ်းသာသွားသည်။ မောင်မောင်ဦးသည် ထုံးစံအတိုင်းပင် မခင်အေးကိုပြေးဖက်ပြီး မခင်အေး၏ပါးနှစ်ဖက်ကို မွှေးမွှေးပေးတော့သည်။ ကိုယ့်မောင်လေးဆိုသော်

လည်း လူပျိုပေါက်ကလေး မောင်မောင်ဦး ဖက်နမ်းတာကို ခံလိုက်ရတော့ မခင်အေး ရင်ခုန်သွားသည်။

မောင်မောင်ဦးသည် မခင်အေးကို မြက်ခင်းပြင်ပေါ် တွန်းလှဲပြီး သူ့ကိုယ်လုံးဖြင့်ဖိထားသည်။ မခင်အေးက ခပ်ရွရွတွန်းလိုက်သည်။

" မောင်လေး ဖယ်ကွယ်၊ မမအေး အသက်ရှူကြပ်တယ်"

မောင်မောင်ဦးသည် မခင်အေးကို အသံထွက်ပြီး စကားမပြောနဲ့ဆိုသည့်သဘောဖြင့် မခင်အေး၏ပါးစပ်ကို သူ့လက်ဝါးဖြင့် ခပ်ရွရွဖိပြီး ပိတ်ထားသည်။ မခင်အေးက မောင်မောင်ဦး၏လက်ကို ဆွဲဖယ်လိုက်သည်။

မောင်မောင်ဦးသည် မခင်အေး၏ဘေးမှာ အသာဝင်လှဲအိပ်ပြီး မခင်အေး၏ပါးကို ရွရွလေးနမ်းသည်။ မခင်အေး ငြိမ်ခံနေသောအခါ အတင့်ရဲလာသည်။ ပါးနှစ်ဘက်ကို ခပ်ရွရွလေးနမ်းရုံသာမက မခင်အေး၏ နှုတ်ခမ်းကို ခပ်ရွရွလေးစုပ်နမ်းသည်။ ဒီကောင်လေး အတင့်ရဲပြီး လွန်ကဲလာပြီဆိုတာကိုသိလို့ ခပ်ဆောင့်ဆောင့် တွန်းဖယ်လိုက်သည်။

" မောင်လေး နင် တော်တော် ကဲနေပါလား၊ ဒါတွေ ဘယ်သူသင်ပေးလို့ နင် တတ်နေတာလဲ၊ မလုပ်နဲ့နော် မမအေး မကြိုက်ဘူး "

မောင်မောင်ဦးက မခင်အေးကို စကားမပြောနိုင်အောင် မခင်အေး၏ပါးစပ်ကို လက်ဝါးဖြင့်ဖိပိတ်ထားသည်။



မခင်အေးသည် မောင်မောင်ဦးကိုကြည့်ပြီး တအံ့တသြဖြစ်နေသည်။ မောင်မောင်ဦးသည် ဤမျှ လက်ရဲဇက်ရဲလုပ်တတ်နေပါရောလားဟု တအံ့တသြဖြစ်ရသည်။ မခင်အေးသည် သူ့အလိုကို လိုက်မိလျှက် သားဖြစ်သွားသည်။

" မောင်လေး၊ မောင်လေး၊ နင် . . . နင် . . . မမအေးကို ဘယ်လိုလုပ်တာလဲဟင်၊ မမလေး သိသွားရင် နင့်ကို မသတ်ဘူး ငါ့ကို သတ်မှာ "

မခင်အေးသည် ဒီစကားတွေကို အိမ်မက်ထဲမှာ ပြောနေခြင်းဖြစ်သည်။ ပီပီသသ အသံထွက်မလာဘဲ ဝူးဝူးဝါးဝါးအသံထွက်နေခြင်းဖြစ်သည်။ မခင်အေး၏ပါးစပ်က အသံထွက်လာတော့ အပေါ်ကတက်ဖိထားသူက မခင်အေး၏ပါးစပ်ကို လက်ဝါးဖြင့် ခပ်ရွရွဖိပိတ်ထားတာခံနေရသည်။ မခင်အေးက သူ့လက်ကို ဆွဲဖယ်ပစ်သည်။

မခင်အေးပြောတဲ့ စကားတွေကို အသံမထွက်အောင် သူက မခင်အေးရဲ့ပါးစပ်ကို သူ့လက်ဖဝါးဖြင့် ဖိပိတ်ထားသည်။ မခင်အေးမောပြီး စကားမပြောဘဲ လှိုက်ဖိုမောနေစဉ်မှာ သူက မခင်အေးရဲ့ပါးကို ရွရွလေးမွှေးမွှေးပေးသည်။ မခင်အေးက သူ့ကို ဖက်လိုက်သည့်အချိန်မှာ သူက အသာလေးရုန်းထွက်ပြီး ကုန်းထသွားသည်။ မခင်အေး သတိရပြီး ထထိုင်သည့်အချိန်မှာ သူ အိမ်ကလေးပေါ်က ဆင်းသွားတာကို သိလိုက်သည်။

ဒီတော့မှ မခင်အေး ကြည်ကြည်လင်လင် သတိရလာတော့သည်။ သတိရသည့်အချိန်မှာ နောက်ကျသွားခဲ့ပါပြီ၊

မခင်အေးသည် အပေါ်ကိုအနည်းငယ်လန်တက်နေသည့် အကျႌကို ဆွဲချလိုက်သည်။ လျော့ရဲရဲဖြစ်နေသည့် ထမီကို ပြန်ပြင်ဝတ်လိုက်သည်။ မခင်အေးသည် အိမ်မက်လိုလို၊ တကယ်ဖြစ်ခဲ့သလိုလိုဖြင့် အပျိုရည်ပျက်ခဲ့ပါရောလားဟု သိလိုက်ပါသည်။

○

## ( ၁၄ )

မခင်အေး၏ရင် တအားခုန်လာသည်။ ကြောက်စိတ်ဖြင့် အသားတွေတုန်နေသည်။ အမေ နိုးနေသလားသိလို၍ အမေ့အသံကို နားစွင့်ကြည့်လိုက်သည်။ အမေသည် နှစ်ခြိုက်စွာ အိပ်မောကျနေသံကို ကြားနေရသည်။ အမေသည် နိုးနေလျှင်တောင် မျက်စိကမှုန်း နားကထိုင်းသည့်အတွက် အိမ်ပေါ်ကို လူတစ်ယောက် တက်လာတာကို သိနိုင်မည်မဟုတ်၊ သူ ပြန်ဆင်းသွားသည့်အချိန်မှာ အမေ အိပ်မောကျနေသည်။

မခင်အေးသည် ကြောက်စိတ် စိုးရိမ်စိတ်တို့ဖြင့် ဇောချွေးပြန်လာသည်။ မိမိသည် အပျိုမဟုတ်တော့ဘူး၊ ယောက်ျားတစ်ယောက်၏ သားမယားပြုကျင့်တာကို အလိုမတူပဲခံလိုက်ရပြီ၊

အလိုမတူဘဲ ပြုကျင့်ခံလိုက်ရတာလား၊ မိမိသည် ဘာကြောင့် မရှန်းမအော်ဘဲ ငြိမ်ခံခဲ့တာလဲ၊ အိမ်မက်လိုလို၊ တကယ်လိုလို ဖြင့်စခဲ့သည့် ကာမကျူးမလွန်မှုဖြစ်သည်။ တကယ့်အဖြစ်ပါလား လို့ သိတဲ့အချိန်မှာ နောက်ကျခဲ့ပြီ၊ အိမ်မက်မက်နေတယ်ထင်လို့ သူ့အလိုကို လိုက်ခဲ့မိတာဖြစ်သည်။ နှစ်ဦးသဘောတူ ကျူးလွန် ခဲ့ကြသလို ဖြစ်ခဲ့ရသည်။ သူသည် ဆန္ဒပြည့်ဝသွားသောအခါ မိမိကို နမ်းသွားခဲ့သေးသည်။

သူဟာ ဘယ်သူလဲ၊ အိပ်မက်ထဲမှာတော့ မောင်လေး မောင်မောင်ဦး ဖြစ်တယ်ဆိုတာကို မိမိ၏မျက်စိဖြင့် တတ်အပ် သေချာ မြင်ခဲ့သည်။ မိမိဆီကိုပြေးလာပြီး မိမိကို ဖက်ငိုက်သည် အချိန်အထိ မောင်လေး မောင်မောင်ဦးပင် ဖြစ်နေသေးသည်။ မိမိကို တွန်းလှဲလိုက်ပြီး မြက်ခင်းပြင်ပေါ်မှာ လှဲအိပ်ချလိုက်သည် အချိန်ကစပြီး သူ၏လှုပ်ရှားမှုတွေသည် မအူမလည် မနူးမနပ် ကလေးတစ်ယောက်၏ လှုပ်ရှားမှုမျိုးမဟုတ်တော့ဘဲ မိန်းမတွေရဲ့ အကြောကိုသိပြီး လိင်ကိစ္စကို တကယ်ကျွမ်းကျင်သည့် လူ တစ်ယောက်၏ လှုပ်ရှားပုံမျိုး ဖြစ်နေသည်။ ဒီလူဟာ မောင်လေး မောင်မောင်ဦး မဖြစ်နိုင်ဟု သတိရလိုက်သည်။

ဒါဆိုလျှင်သူဘယ်သူလဲ၊ ကိုကို ကိုကို၊ ကိုကိုခင်မောင်ကြီး ဖြစ်နိုင်သည်။ ကိုကိုသည် မိမိ၏အလှကို သတိထားမိနေသူဖြစ် သည်။ သူ ပြန်ထွက်သွားခါနီးမှာ မွှေးမွှေးပေးတော့ သူ့ဆီက ရလိုက်သည့် ရေမွှေးနံ့သင်းသင်းသည် မောင်လေးမောင်မောင်ဦး ဆီက တစ်ခါတစ်လေရသည့် အနံ့ဖြစ်နေပြန်သည်။ ဒါဆိုလျှင်



မောင်လေး မောင်မောင်ဦးများ ဖြစ်နေသလား၊ မောင်မောင်ဦး သည် မိမိကို ချစ်တယ်ဟု မကြာခဏပြောဖူးသည်။

" သား မမအေးကို ချစ်တယ် "

" သား မိန်းမ မယူဘူး၊ မမအေးနဲ့ပဲနေမယ် "

" မမအေးမှာ ရည်းစားရှိလား၊ သားမှာ ရည်းစားမရှိဘူး"

မောင်မောင်ဦး ပြောခဲ့ဖူးသည့် စကားတွေကို ပြန်လည် ကြားယောင်လာသည်။ မောင်မောင်ဦးသည် ကလေးစိတ် မပျောက်သေးသူဖြစ်လို့ ကလေးစကားတွေကို ပြောခဲ့တာဖြစ် သည်။ ဒီလိုစကားတွေကို ပြောခဲ့လို့ ဒီအမှုကို ကျူးလွန်သူဟာ မောင်မောင်ဦးပါလို့ ပြောရမှာခက်နေသည်။ လုပ်ကိုင်ပုံနှင့် ကျွမ်းကျင်ပုံတွေသည် ကလေးနှင့်မတူဘဲ တကယ့်သဘာရင့်၊ အတွေ့အကြုံများသူတစ်ယောက်၏ လုပ်ပုံမျိုးဖြစ်နေသည်။

ဒီလူဟာ ကိုကိုပါလို့ ပြောရအောင်ကလည်း ကိုကိုသည် သူ့မျက်စိအောက်မှာမွေးခဲ့ပြီး သူ့လက်ပေါ်မှာကြီးပြင်းလာခဲ့သည့် မိမိကို ဒီလိုလုပ်ပါ့မလား၊ စဉ်းစားစရာဖြစ်နေသည်။ အကယ်၍ ကိုကိုသာဆိုလျှင် မိမိဘက်က မျှော်လင့်ချက်ထားနိုင်သည်။ ကိုကို သည် လူပျိုမဟုတ်သော်လည်း လူလွတ်ဖြစ်သည်။ မိမိကို လက်ထပ်ယူနိုင်သည်။ မမလေးကလည်း ခွင့်လွှတ်နိုင်မည်ဟု တွေးမိသည်။

၊ သီရိရတနာအိမ်ကြီးမှာ ယောကျ်ားသုံးယောက်ရှိသော် သည်း လူပျိုလူလွတ် နှစ်ယောက်သာရှိသည်။ လူပျိုပေါက် ကလေးနှင့် တစ်ခုလပ်လူလွတ်ကြီးဖြစ်သည်။ လူပျိုပေါက်စ

ကလေးသည် အတွေ့အကြုံမရှိသူဖြစ်လို့ ဒီလိုအလုပ်မျိုးကို
စိတ်မဝင်စားဟု ယူဆရသည်။

တစ်ခုလပ်ဖြစ်သည့် လူလွတ်ကိုကိုသည် အတွေ့အကြုံ
ပြီးသူဖြစ်လို့ ဒါမျိုးကိုဆန္ဒရှိပြီး တောင့်တနေသူဖြစ်သည်။ ကြိုက်
စားဖူးသည့်အစားအစာကို မစားရတာကြာလာသောအခါ စား
ချင်လာသည့်သဘာဝ ဖြစ်နိုင်သည်။ ဒီကိစ္စအတွက် သံသယ
စရာအကောင်းဆုံးလူသည် ကိုကို ဖြစ်သည်။

ကိုတင်နွယ်သည် ဂုဏ်သရေရှိ လူကြီးလူကောင်းဖြစ်
သည်။ မိမိကို ကျောင်းကြို ကျောင်းပို့ လုပ်ခဲ့စဉ်ကလည်း မိမိကို
အဖက်လုပ်ပြီး စကားပြောဖို့ နေနေသာသာ စေ့စေ့တော
မကြည့်သူ ဖြစ်သည်။ အဲဒါထက်ပိုပြီး အရေးကြီးတာက မမလေး
သည် ကိုတင်နွယ်ကို အလစ်မပေးပဲ အမြဲအကဲခပ်နေသည်။
ကိုတင်နွယ်သည် အလွန်ပါးနပ်ပြီး ထက်မြက်သည့် မမလေးကို
ချစ်ကြောက်ရှိသေရသည်။ မမလေး၏ မမြင်ကွယ်ရာမှာ
ဖောက်ပြန်ချင် ဖောက်ပြန်မည်ဖြစ်သော်လည်း မမလေး၏ မျက်
အောက်မှာ မလုပ်ရဲ မလှုပ်ရဲသူဖြစ်သည်။ သူကိုယ်တိုင်ကလည်း
ခေတ်ပညာတတ် သူဌေးသား ဂုဏ်သရေရှိ လူကြီးလူကောင်း
ဖြစ်သည်။ ဒီလိုယုတ်ညံ့သည့် အလုပ်မျိုးကို လုပ်မည့်သူမဟုတ်
လို့ ယုံကြည်သည်။



မခင်အေးသည် ပြန်အိပ်လို့မပျော်တော့သဖြင့် အိပ်ရာထဲ
မှာ တလူးလူးတလိမ့်လိမ့်ဖြစ်နေသည်။ မိမိသည် အပျိုမဟုတ်
တော့ဘူးဆိုသည့် အသိဝင်လာသောအခါ ရှက်စိတ်၊ ကြောက်
စိတ်၊ စိုးရိမ်စိတ်တို့ကြောင့် ဝမ်းနည်းလာသည်။ ကြိတ်ပြီးငိုချ
လိုက်သည်။

မိုးလင်းလို့ အမေ့ကိုမြင်လျှင် ဘယ်လိုပြောရမလဲ၊ သီရိ
ရတနာအိမ်ကြီးပေါ်က လူတွေနှင့် ဘယ်လိုမျက်နှာချင်းဆိုင်မလဲ၊
မိမိကို အနုကြမ်းနည်းဖြင့် ကာမကိုရယူသွားသူဟာ သီရိရတနာ
အိမ်ကြီးပေါ်က ယောကျ်ားသုံးယောက်ထဲက တစ်ယောက်ဟုတ်
သလား၊ ဒီခြံကြီးထဲကို တစ်ခြားကဝင်ရောက်လာသည့် တစ်ခြား
ယောကျ်ားတစ်ယောက်က ကျူးလွန်သွားတာရော မဖြစ်နိုင်ဘူး
လား၊ အမေ့ကို တိုင်ပင်လျှင်ကောင်းမလား စဉ်းစားနေမိသည်။

မိမိ ဒီလိုဖြစ်ခဲ့ပြီ၊ ဒီလိုလုပ်တာ ခံလိုက်ရပြီဆိုတာကို အမေ့
ကိုပြောလျှင် အမေ ဘယ်လိုပြောမလဲ၊ သဘောမတူ အလိုမတူ
ဘဲ တစ်ဘက်လူအောင်မြင်သွားတယ်ဆိုတာကို အိမ်ထောင်ရေး
အတွေ့အကြုံရှိတဲ့ အမေက ယုံပါ့မလား။

မိမိအနေနဲ့ရော တကယ်ပဲမသိလို့ ခံလိုက်ရတာလား၊ သိ
လျက်နှင့် မိမိကိုယ်တိုင် ဆန္ဒနိုးကြွလာပြီး မသိယောင်ဆောင်
တာ မှိန်းခံနေလိုက်တာလား၊ သူ့ဆန္ဒပြည့်ဝသွားလို့ နှုတ်ဆက်
အနမ်း နမ်းသည့်အခါ သူ့ကို ဘာကြောင့်ဖက်ထားမိတာလဲ၊ သူက

မိမိ၏ ဖက်ထားသည့်လက်တွေကို ဖယ်ပစ်ပြီး ထွက်ခွာဆင်း
သွားတော့မှ တွန့်ကျေလန်တက်နေသည့် အင်္ကျီနှင့်ထမိ
ကိုယ့်ဟာကိုယ် ဆွဲဖုံးခဲ့ရသည်။ ဒါဆိုလျှင် မိမိက အလိုမ
ဆန္ဒမရှိဘဲ အတင်းအဓမ္မ ကာမဆက်ဆံခြင်း ခံလိုက်ရတယ်
တာ ဖြစ်နိုင်ပါ့မလား၊ အမေ့ကို ပြောလို့ဖြစ်ပါ့မလား၊ အ
ယုံပါ့မလား၊ မပြောဘဲထားပြီး အခြေအနေကို စောင့်ကြည့်တ
ကောင်းမလား၊ ဝေခွဲလို့မရဖြစ်နေသည်။

○

## ( ၁၅ )

ရန်ကင်း သို့မဟုတ် ဂွတ္တလစ်ဘက်ကလို့ ယူဆရသည့်
ောင်းစောင့်၏ နာရီသံချောင်း ၅ ချက် ခေါက်သံနှင့်အတူ
င်းကြက်တွန်သံတွေကို ကြားရသည်။ မခင်အေး၏အမေ
ါ အေးတင်သည် ပုံမှန်လေ့ကျင့်ထားသည့်အလား အိပ်ရာက
ထသည်။ မီးဖွင့်သည်။ အလေးအပေါ့သွားသည်။ မျက်နှာသစ်
ည်။ ဘုရားရှိခိုးသည်။ အိပ်ပျော်နေသည့် သမီး မခင်အေး
စိုးလို့ ညင်သာစွာလုပ်နေသည်။

အိပ်မပျော်သေးသည့် မခင်အေးက သူ့အမေ၏လှုပ်ရှား
တွေကို မျက်စိဖွင့်မကြည့်ဘဲ အားလုံးကိုသိနေသည်။ ဘုရားရှိခိုး
လျှင် အိမ်ကြီးကို သွားတော့မည်ဖြစ်သည်။ ထမင်းအိုးတည်
ည်၊ မနေ့ကကျန်သည့် ဟင်းတွေကိုနွှေးမည်။ ချက်ဖို့လိုအပ်

သည့် ဟင်းတွေကိုချက်မည်။ ကိုတင်နွယ်နှင့် မမလေးတို့အတွက် ထမင်းချိုင့်နှင့် မောင်လေးမောင်မောင်ဦး၏ ထမင်းဗူးတွေကို ထည့်ပေးမည်ဖြစ်သည်။ ပြီးလျှင်ညက ကိုကို စားသောက်ပြီး မဆေးဘဲထားသော ပန်းကန်တွေကို ဆေးမည်ဖြစ်သည်။ အား လုံးပြီးလျှင် ထမင်းစားခန်းက ကုလားထိုင်မှာထိုင်နေပြီး အိမ်သန့် ရှင်းရေးလုပ်ရန်လာမည့် မခင်အေးကို စောင့်နေမည်ဖြစ်သည်။

ဒေါ်အေးတင် ဘုရားရှိခိုးပြီးလို့ အိမ်ပေါ်ကဆင်းသွားတော့ မှ မခင်အေး မျက်စိဖွင့်ကြည့်လိုက်သည်။ အလင်းရောင်ပေါ် နေပြီဖြစ်သည်။ မိုးစင်စင်လင်းတော့မည်ဟု သိလိုက်သည်။ အိပ်ရာကထပြီး ရေသန့်စင်ခန်းကိုဝင်သည်။ မိုးလင်းလာလျှင် အိမ်ကြီးပေါ်ကို သန့်ရှင်းရေးလုပ်ရန် သွားရဦးမည်ဖြစ်သည်။ မိမိ မလာမချင်း အမေ စောင့်နေမည်ဖြစ်သည်။ အိမ်ကြီးပေါ်က လူတွေနှင့် မတွေ့အောင် လွဲအောင် အနည်းငယ်နောက်ကျခံပြီး သွားမည်ဟု ဆုံးဖြတ်လိုက်သည်။ သွားတိုက်၊ မျက်နှာသစ်တာ အချိန်ဆွဲပြီး လုပ်နေသည်။

မခင်အေးသည် မျက်နှာသုတ်ပြီးသောအခါ မိမိ၏မျက်နှာ ကို မှန်မှာကြည့်လိုက်သည်။ ဘာမှမပြောင်းလဲဘူးလို့ ထင်ရသော် လည်း ငါ အပျိုမဟုတ်တော့ပါလားဆိုသည့်အသိက မျက်နှာမှာ လာပေါ်သည်။ မိမိ၏ အပျိုဘဝကို ဖျက်ဆီးပြီး ကာမကိုရယူ သွားသူ ဘယ်သူလဲ၊ ဒီခြံကြီးထဲက ကိုတင်နွယ်လား၊ ကိုကိုလား မောင်လေးလား၊ ဒီခြံကြီးထဲကမဟုတ်ဘဲ တစ်နေရာက ဝင်ရောက်လာတဲ့ ယောကျ်ားတစ်ယောက်လား၊ အသားအရည် နုညက်ပုံနှင့် အနံ့အသက်က ကိုကိုခင်မောင်ကြီးနှင့်လည်း



တူသည်။ မောင်လေး မောင်မောင်ဦးနှင့်လည်း တူသည်။ သူဟာ ဘယ်သူဘယ်ဝါ ဆိုတာကိုသိပြီး နှစ်ဦးသဘောဆန္ဒဖြင့်ဆိုပါက စိတ်သောက ဖြစ်စရာမလို၊ ပျော်စရာတောင် ကောင်းမည်ဟု တွေးမိသည်။

မခင်အေး အိမ်ကြီးပေါ်ကို ရောက်သွားသောအခါ နံနက် ၇-နာရီကျော်ပြီဖြစ်လို့ အိမ်ကြီးပေါ်မှာ တိတ်ဆိတ်နေသည်။ ဒေါ်အေးတင် တစ်ယောက်တည်း ထမင်းစားခန်းမှာ ထိုင်ပြီး ငုတ်တီးစိပ်နေသည်။

" မမလေးတို့ ဈေးကိုသွားကြပြီလား အမေ "

" သွားကြပြီ၊ သီရိနဲ့ သားသား နှစ်ယောက်စာပဲ ထမင်း ထည့်ပေးရတယ်၊ မောင်တင်နွယ်က မနေ့ကညနေကပဲ မန္တလေး ကိုသွားတယ်တဲ့၊ တစ်ပတ်ဆယ်ရက်လောက် ကြာမယ်ပြောတယ်၊ မိုးကုတ်အထိတက်မယ် ပြောတယ် "

ဒေါ်အေးတင်၏ စကားကိုကြားတော့ မခင်အေးအံ့သြ သွားသည်။ ကိုတင်နွယ်သည် မနေ့က ညနေကတည်းက မန္တလေးကို ထွက်ခွာသွားသည်ဆိုသည့်အတွက် ညကမိမိဆီကို လာပြီး မိမိကို ကာမဆက်ဆံသွားသူဟာ ကိုတင်နွယ်မဟုတ်တာ သေချာသွားပြီဖြစ်သည်။

ကိုတင်နွယ်မဟုတ်လျှင် ဘယ်သူဖြစ်နိုင်သလဲ၊ မောင်လေး မောင်မောင်ဦးလည်းမဖြစ်နိုင်၊ မောင်လေးမောင်မောင်ဦးမဖြစ်နိုင် သည့်အကြောင်းတွေအများကြီးရှိသည်။ မိမိ၏ဆန္ဒကိုနိုးဆွပြီး ကာမကိုရယူသွားသူသည် လိင်ကိစ္စမှာသာမည ကျွမ်းကျင်သူ မဟုတ်၊ မိမိလို အရွယ်ရောက်နေသည့် အပျိုစင်ကို မိန်းမူးသွား

လောက်အောင် နမ်းရှုံ့ ပွပ်သတ် နိုးဆွပြီး ကာမကို ရယူသွား ခဲ့သူဖြစ်သည်။ ဒီလူဟာ မောင်လေးမောင်မောင်ဦး မဖြစ်နိုင်၊ မောင်လေးသည် လူပျိုပေါက်ကလေးဆိုသော်လည်း ပီဘိ ကလေးစိတ်ရှိသူသာ ဖြစ်သည်။

ဒါဆိုလျှင် ဒီလူဟာ ကိုကိုပဲဖြစ်ရမည်။ ကိုကိုသည် ဥရောပ နှင့် အနောက်တိုင်းယဉ်ကျေးမှု ဗဟုသုတတွေထဲက သူ သိရှိနား လည်ထားသည့် လိင်ဆက်ဆံမှုပညာတွေကို အသုံးချပြီး ကျွမ်း ကျင်စွာ အောင်ပွဲခံသွားတာ ဖြစ်ရမည်။ မိမိ သတိထားလိုက် မိသည့် ကိုယ်လုံးကိုယ်ထည်၊ အရပ်အမောင်း၊ ကိုယ်သား ကိုယ်ရည်နှင့် အနံ့အသက်ကလည်း ကိုကိုနှင့် တစ်ထေရာတည်း တူညီနေသည်။ ကိုကိုကသာ မိမိကို ဖွင့်ပြောပြီး လက်ထပ်ခွင့် တောင်းမည်ဆိုလျှင် အရမ်းပျော်စရာကောင်းမည်ဟု တွေးမိ သည်။

" အမေ ကိုကို အလုပ်သွားပြီလား "

" မသွားသေး၊ အိပ်ရာကတောင်မထသေး "

ကိုကို အိပ်ရာကတောင် မထသေးဆိုသည့်အတွက် မခင်အေး ဝမ်းသာသလိုဖြင့် ရင်ဖိုသွားပြန်သည်။ ညက မိမိဆီကို လာခဲ့ရသည့်အတွက် အိပ်ရေးပျက်လို့ အိပ်ရာက မထနိုင်တာ များလားဟုတွေးမိပြီး ရင်ဖိုသွားတာဖြစ်သည်။ အမှန်တော့ ကိုကို ခင်မောင်ကြီးသည် နံနက် ၈ နာရီကျော်မှ အိပ်ရာက ထသူဖြစ် သည်။ ၉ နာရီမှာ အလုပ်ကို သွားမည်ဖြစ်သည်။ ဒါက နေ့စဉ် ပုံမှန်လုပ်နေကျ အချိန်အတိုင်းသာဖြစ်သည်။ မခင်အေးက သူဖြစ်စေချင်တာကို ဆွဲယူတွေးကြည့်မိတာဖြစ်သည်။



ကိုကိုသည် အလုပ်ကိုသွားလျှင် ထမင်းဗူးယူမသွားသည့် အတွက် ထမင်းထည့်ပေးစရာမလို၊ အိပ်ရာကနိုးလာလျှင် သောက်ရန် ကော်ဖီဖျော်ပေးဖို့သာလိုသည်။ ကိုကိုသည် နံနက်စာ အဖြစ် ကော်ဖီတစ်ခွက်နှင့် ပေါင်မုန့်မီးကင် ထောပတ်သုတ်စား သည်။ နေ့လည်စာ မစားဟု သိရသည်။ ညစာကိုသာ ည ၇ နာရီမှာ စားသည်။

" သမီး အမေ အိမ်ပြန်နားတော့မယ်၊ နင့်ကိုကို နိုးလာလျှင် ကော်ဖီဖျော်ပေးလိုက်၊ သကြားတစ်ဇွန်းပဲထည့်နော်၊ နက်ဖြန် လည်း ထမင်းချိုင့်ထည့်လျှင် သီရိနှင့် သားသားအတွက်ပဲ ထည့်ရ မယ်၊ မောင်တင်နွယ်က တစ်ပတ်ဆယ်ရက်ကြာမယ် ဆိုတော့ လကုန်လောက်မှ ပြန်ရောက်မယ် "

ဒေါ်အေးတင်သည် မခင်အေးကို အိမ်ကြီးမှာထားပစ်ခဲ့ ပြီး အိမ်ပြန်နားသည်။ မခင်အေးသည် ကိုကို နိုးလာအောင် စောင့်ရင်း အိမ်သန့်ရှင်းရေးလုပ်နေသည်။ နံနက် ၈ နာရီ ထိုးပြီ ဖြစ်လို့ ကိုကို နိုးလာတော့မည်ဖြစ်သည်။ ကိုကို နိုးလာလျှင် ဘယ်လိုရင်ဆိုင်မလဲ၊ ညကလူဟာ ကိုကို ဆိုလျှင် ကိုကိုသည် မိမိကိုမြင်လျှင် မျက်နှာအမူအရာ ဘယ်လိုနေမလဲ သိချင် နေသည်။

ကိုကိုနိုးပြီး ရေချိုးခန်းဝင်နေပြီဆိုတာကို မခင်အေး ကြား နေသည်။ သိနေသည်။ ကိုကိုနှင့် ရင်ဆိုင်တွေ့ရတော့မည်ဆိုသည့် အတွေးကြောင့် ရင်ခုန်နေသည်။ ကိုကိုသည် မိမိကို မချိုမချဉ် မျက်နှာအမူအရာဖြင့် ကြည့်မလား၊ သူကိုယ်တိုင်က ယောကျ်ား ကြီးတန်မဲ့ ရှက်သလိုလိုဖြစ်နေမလား၊ အိမ်ဖော်မိန်းကလေးပဲ၊

ငါလုပ်ချင်တာ လုပ်ပြီးလျှင်ပြီးပြီပဲ၊ ဘာအရေးစိုက်ပြီး အဖတ် လုပ်နေစရာလိုသလဲဆိုတဲ့ ပုံမျိုးနေမလား၊ သိချင်နေသည်။

၈ နာရီ ၁၅ မိနစ်တွင် ကိုကို ထမင်းစားခန်းကို ဝင်လာသည်။ အလုပ်သွားရန် အဝတ်အစားလဲပြီး ဖြစ်နေသည်။ ကိုကိုသည် အလျားလိုက် အစင်းကြောင်းပါးပါးလေးတွေပါသည့် အင်္ကျီလက်ရှည် အဖြူရောင်နှင့် ဘောင်းဘီရှည် အနက်ရောင်ကို ဝတ်ထားသည်။ သူ့အသားဖြူဖြူနှင့် တအားလိုက်ဖက်သည်။ မခင်အေးသည် ကိုကို၏ မျက်နှာအမူအရာကို သိချင်လို့ ကြည့်ချင်သော်လည်း မကြည့်ရဲလို့ မျက်နှာကို တစ်ဘက်လွှဲပြီး ခေါင်းငုံ့ထားသည်။ ကိုကိုသည် ဘာမှမထူးခြားသလို သူထိုင်နေကျ ကုလားထိုင်မှာ ဝင်ထိုင်သည်။ အခင်အေးကို အခါတိုင်းလိုပဲ နှုတ်ဆက်သည်။

“ မိပေါက် ဒေါ်လေး ပြန်သွားပြီလား ”

“ အမေ အိမ်ပြန်နားနေတယ် ”

“ ဒေါ်လေး နေမကောင်းဘူးလား ”

“ ဟုတ်ကဲ့ နေမကောင်းဘူး ”

“ ဒါဆိုလျှင် ငါ့အခန်းထဲက လျှော်မဲ့အဝတ်တွေ ကားပေါ် တင်လိုက်၊ ပင်မင်းဆိုင် အပ်လိုက်တော့မယ် ”

“ မအပ်ပါနဲ့၊ ပေါက်ပေါက် လျှော်တတ်ပါတယ် ”

မခင်အေးသည် ကိုကို၏မျက်နှာကို မဝံ့မရဲကြည့်ပြီး ပြောလိုက်သည်။ ကိုကိုက မခင်အေးကို မိပေါက်လို့ခေါ်သည်။ မခင်အေးက မိမိကိုယ်မိမိ ပေါက်ပေါက်လို့ နာမည်ပေးသည်။ မခင်အေး၏ ငယ်နာမည် ပေါက်စ ဖြစ်သည်။



“ မလုပ်နိုင်လျှင် မလုပ်ပါနဲ့ကွာ၊ ဒေါ်လေးရဲ့ ကျန်းမာရေးကို ကရုစိုက်ဆေးတိုက်၊ လိုတဲ့ဆေးကို နင့်မမလေး ဈေးသွားတဲ့အခါ မှာလိုက် ”

“ လုပ်နိုင်ပါတယ်၊ အခါတိုင်းလည်း ပေါက်ပေါက်ပဲ လုပ်နေတာပဲ၊ အမေ အဝတ်မလျှော်တာ ကြာပြီ ”

“ အိုကေ၊ သိုင်းကျူး၊ သွားတော့မယ် ”

ကိုကိုသည် အခါတိုင်းလိုပင်ဖြစ်သည်။ ဘာမှမပြောင်းလဲ အမူအရာမပျက် တွေ့ရသည်။ မိမိကသာ ကိုကို၏ မျက်နှာကို မကြည့်ရဲလောက်အောင် မျက်နှာပူနေသည်။ ကိုကိုသောက်သွားသည့် ကော်ဖီပန်းကန်သိမ်းရင်း နားစွင့်နေမိသည်။ ကိုကို၏ကား ထွက်သွားသံ ကြားလိုက်ရသည်။ ကိုကိုသည် ဝင်းခြံတံခါးကို သူဟာသူဖွင့်ပြီး သူဟာသူပိတ်သွားမည်ဖြစ်သည်။

ကိုကိုသည် မိမိနှင့် နှစ်ယောက်တည်း လွတ်လွတ်လပ်လပ်တွေ့ပါလျက် မိမိကို လှလာတယ်လို့လည်းမပြော၊ ပါးကိုလည်း လိမ်ဆွဲမသွားသည့်အတွက် မခင်အေး မချင့်မရဲ ဖြစ်ကျန်ရစ်သည်။ ကိုကိုတို့ သီရိရတနာမိသားစု၏ ကျေးဇူးသည် မိမိတို့သားအမိ နှစ်ယောက်အပေါ်မှာ ကြီးမားလွန်းသည်။ အသက်ပေးပြီးဆပ်လို့တောင် မကျေနိုင်သည့် ကျေးဇူးရှင်တွေဖြစ်နေသည်။

မခင်အေးသည် အိမ်ကြီး၏ဧည့်ခန်းထဲမှာ သန့်ရှင်းရေး လုပ်နေသည်။ ကွယ်လွန်သွားကြပြီဖြစ်သည့် ဘဘကြီးဦးဘခင်နှင့် မေမေကြီးဒေါ်တင်မကြီးတို့၏ ဓာတ်ပုံတွေကို ဖုန်သုတ်ပြီး လက်အုပ်ချီကန်တော့လိုက်သည်။

ကိုတင်နွယ် နှင့် မမလေးတို့ မင်္ဂလာဆောင်စဉ်က သတိုး သား၊ သတိုးသမီးဝတ်စုံဖြင့် တွဲရိုက်ထားသည့်ပုံကို ဖုန်သုတ်သည်။ လေးစားကြည်ညိုသည့်အကြည့်ဖြင့် စိုက်ကြည့်နေမိသည်။ မမလေးက ချောသည်။ ကိုတင်နွယ်က ခန့်သည်။

မောင်လေးမောင်မောင်ဦး ငယ်ငယ်တုန်းက ရိုက်ထားသည့် ဓာတ်ပုံကိုကြည့်ပြီး ချစ်စရာကောင်းသည့် မောင်လေးကို ဖက်နမ်းချင်စိတ် ပေါ်လာသည်။ မောင်လေးသည် မိမိနှင့် ကစားဖော်ဖြစ်ခဲ့သည်။ လူပျိုလေးဖြစ်လာသည်အထိ မိမိကို အနိုင်ယူ ဗိုလ်ကျပြီး နွဲ့ဆိုးဆိုးတာကို သဘောကျနေခဲ့သည်။

မခင်အေး သန့်ရှင်းရေးလုပ်နေစဉ် ဧည့်ခန်းအတွင်းရှိ တယ်လီဖုန်းသံမြည်လာသည်။ ဘယ်သူမှ မရှိသည့်အတွက် မခင်အေး တယ်လီဖုန်းကောက်ကိုင်ပြီး ဖြေလိုက်သည်။

" ဟလို "

" ဘယ်သူလဲ၊ ပေါက်စလား "

တစ်ဘက်ကပြောနေသူဟာ ကိုတင်နွယ် ဖြစ်နေသည်။ မနေ့က မန္တလေးကိုသွားခဲ့သည်။ မန္တလေးက ဆက်တာဖြစ်မည်။

" ဟုတ်ကဲ့ "

" နင့် အစ်မလေး ဈေးသွားပြီလား "

" သွားပြီ "

" ငါ ဈေးကို ဖုန်းခေါ်တယ်၊ ဖုန်းမကိုင်ဘူး၊ မရောက်သေးဘူးထင်တယ် "



" ငါ ပြန်ခေါ်ကြည့်ဦးမယ်၊ မန္တလေးကို ရောက်ပြီလို့ ပြောလိုက်၊ မနက်ဖြန် မိုးကုတ်ကို တက်သွားမယ်လို့၊ ပြန်ရောက်ညနေ ဖုန်းဆက်မယ်လို့ "

" ဟုတ်ကဲ့ "

ကိုတင်နွယ်သည် မခင်အေးကို အကြောင်းမရှိဘဲ နှုတ်ဆက်စကားပြော လုပ်လေ့မရှိ၊ ခိုင်းစရာရှိလျှင် မမလေးက တဆင့်သာ ခိုင်းသည်။ ကိုတင်နွယ်သည် သီရိရတနာအိမ်ကို ရောက်လာပြီးကတည်းက ဆယ်နှစ်ကျော်အတွင်းမှာ မခင်အေးကို တစ်ခါနှစ်ခါလောက်သာ တိုက်ရိုက် စကားပြောဖူးသည်။ မခင်အေးကို စူးစိုက်ပြီး တစ်ခါမျှ မကြည့်ဖူးသေးတာကို မခင်အေး သတိထားမိသည်။ အလွန်တည်ငြိမ် အေးဆေးသူဖြစ်သည်။ သူ့ဘဝတစ်ခုလုံးကို အလုပ်ထဲမှာ မြုပ်နှံထားသည်။

မနေ့ကညနေရထားဖြင့် ရန်ကုန်ကထွက်ခွာသွားခဲ့တာဖြစ်သည်။ ယနေ့နံနက် မန္တလေးကိုရောက်ပြီး မန္တလေးကဟိုတယ်သို့မဟုတ် အသိအိမ်မှာ တည်းခိုနေတာဖြစ်မည်။ မနက်ဖြန် မိုးကုတ်ကို တက်မည်ဟုဆိုသည်။

ကိုတင်နွယ်သည် ပြီးခဲ့တဲ့ညက သီရိရတနာအိမ်မှာ မရှိခဲ့တာ သေချာသည်။ ဒါဆိုလျှင် မိမိဆီကိုလာပြီး ကာမကို ရယူသွားတာ ဘယ်သူလဲ၊ ကိုတင်နွယ် မဟုတ်တာတော့ သေချာနေပြီ၊ မောင်လေးမောင်မောင်ဦးလည်း မဖြစ်နိုင်ဘူးဆိုတော့ ကိုကိုပဲ ဖြစ်နိုင်သည်။

ဒါပေမဲ့ ဒီနေ့နံနက်မှာ မြင်တွေ့ရသည့် ကိုကိုသည် ဘာမှ မထူးခြားသလို အမူအရာတွေ့ရသည်။ နေ့စဉ် မြင်တွေ့နေကျ ပုံစံအတိုင်းပင် တည်ငြိမ်အေးဆေးဆေးစွာ မိမိကို ပြောဆို ဆက်ဆံသည်။ ညက သူဘာမှ မလုပ်ခဲ့လေဟန် ပုံမှန်အနေ အထားဖြင့် အလုပ်ကို ထွက်ခွာသွားသည်။

မခင်အေးသည် သန့်ရှင်းရေးကိစ္စပြီးသောအခါ ကိုကို၏ အခန်းရှေ့က ခြင်းတောင်းထဲမှာတွေ့ရသည့် အဝတ်တွေကို လျှော်ရန်ယူသည်။ ဘောင်းဘီရှည်နှစ်ထည်၊ ဘောင်းဘီအတို တစ်ထည်နှင့် ရှပ်အကျီလက်ရှည်နှစ်ထည်၊ စွပ်ကျယ်နှစ်ထည် သာ ဖြစ်သည်။ ဒါလောက်ကိုတော့ မခင်အေး လျှော်နိုင်ပါသည်။ ကိုကို၏ အဝတ်တွေဖြစ်လို့ မီးပူတောင်တိုက်ပေးလိုက်ဦးမည်။

အိမ်ကြီးမှ အိမ်ကလေးကို ပြန်ရောက်သောအခါ အမေ သည် အိပ်ပျော်နေတာမဟုတ်သော်လည်း အိပ်ရာထဲမှာလှဲနေ သည်။ အမေသည် ဒီနှစ် ကျန်းမာရေးမကောင်း၊ အရွယ်လည်း အတော်ကျသွားသည်။ အမေသည် မိမိ၏ ရှေ့ရေးကို ဘယ်လို စဉ်းစားထားသလဲ၊ ဒီလိုပဲ တစ်သက်လုံး နေသွားတော့မည် ထင်သည်။ အမေ သေသွားလျှင် ငါ ဘယ်သူနဲ့နေမလဲ၊ စသည် ဖြင့် စဉ်းစားနေမိသည်။

ညကကိစ္စကို အမေ့ကို ဖွင့်ပြောရလျှင် ကောင်းမလား၊ မပြောဘဲထားရ ကောင်းမလား၊ အမေ သိသွားလို့ ဘာ အကြောင်းထူးမလဲ၊ စိတ်ထိခိုက်ပြီး ကျန်းမာရေး ပိုဆိုးသွား နိုင်သည်။



အမေ့ကိုမပြောဘဲထားသည့် ကိစ္စကြီးသည် တစ်နေ့မှာ တော်တဆ အကောင်အထည်ပေါ်လာပါက ဘယ်လိုလုပ်မလဲ၊ အဲဒီတော့မှ အမေ့ကို ဖွင့်ပြောလျှင် အမေ စိတ်ထိခိုက်ပြီး သေသွားနိုင်သည်။ ဒီကိစ္စမျိုးသည် တစ်ကြိမ်တစ်ခါတည်းဖြင့် အကောင်အထည် ပေါ်နိုင်သလား၊ မပေါ်လျှင် တော်ပါရဲ့၊ အကယ်၍ ပေါ်လာခဲ့လျှင် ဘယ်လိုလုပ်မလဲ၊ မခင်အေး စိတ်ရှုပ် နေသည်။ ကံတရားပဲ၊ အခြေအနေကို စောင့်ကြည့်ရမည်။ ဘာမှ မဖြစ်လျှင် ဘယ်သူ့ကိုမှ အသိမပေးဘဲ ငြိမ်နေလိုက်တော့မည် ဟု ဆုံးဖြတ်လိုက်သည်။

၀

## ( ၁၆ )

မခင်အေး၏ အပျိုဘဝသည် အိပ်မက်လိုလို၊ တကယ်လိုလိုဖြင့် ပျက်စီးခဲ့ရသည်။ မတန်လိုက်တာဟု တွေးမိသည်။ မိန်းမတစ်ယောက်၏ အပျိုဘဝကို အဆုံးအရှုံးခံရာမှာ အရသာရှိရှိ၊ ကျေကျေနပ်နပ်ဖြင့် တန်ဖိုးရှိရှိ အဆုံးအရှုံးခံသင့်သည်။ အခုတော့ ဘာမှန်းမသိ ညာမှန်းမသိ ဘယ်သူ့ကို ပေးလိုက်ရမှန်းမသိ၊ ဘယ်သူက ရယူသွားမှန်းမသိသည့် အခြေအနေဖြင့် အပျိုဘဝကို အဆုံးရှုံးခံလိုက်ရသည်။

သူ ဘယ်သူလဲလို့ တစ်စုံတစ်ယောက်က မေးလို့ ဘယ်သူမှန်းမသိဘူးလို့ဖြေလျှင် ယုံကြည်ပါ့မလား။ အမေကိုယ်တိုင်က ယုံပါ့မလား၊ သီရိရတနာအိမ်ကြီးက ယောကျ်ားသုံးယောက်အနက်တွင် ကိုတင်နွယ် မဟုတ်ဘူးဆိုတာ သေချာနေပြီ။



ကိုတင်နွယ်သည် အဲဒီည မတိုင်မီက ညနေ ၃ နာရီ ရထားဖြင့် မြို့လေးကို ထွက်ခွာသွားခဲ့ပြီးဖြစ်သည်။ ကိုတင်နွယ် မဟုတ်လျှင် မောင်လေးမောင်မောင်ဦးလား၊ မောင်လေးလည်း လုံးဝမဟုတ်နိုင်၊ ဒါဆိုလျှင် ကိုကိုပဲဖြစ်ရမည်။ ကိုကိုခင်မောင်ကြီး၊ ကိုကိုပဲဖြစ်ရမယ်လို့ပြောလျှင်၊ မမလေးသာမက၊ အမေကပါ စိတ်ဆိုးပြီး မိမိကို သတ်လိမ့်မည်။ ဒီမိသားစု၏ ကျေးဇူးကို သိတတ်သည့်အနေဖြင့် ဒီအိမ်က ဘယ်ယောကျ်ားကိုမှ မစွပ်စွဲဘဲ ငြိမ်ခံနေလိုက်တာ အကောင်းဆုံးဖြစ်မည်။

သီရိရတနာက ယောကျ်ားတွေကိုပဲ စဉ်းစားနေသည်။ တစ်ခြားက ယောကျ်ားတစ်ယောက်က ဒီခြံထဲကို ရောက်အောင် ဝင်လာပြီး ကျူးလွန်သွားတာရော မဖြစ်နိုင်ဘူးလား၊ သိပ်တော့ မလွယ်၊ ဖြစ်နိုင်ခြေ အတော်နည်းသည်။ ဒီခြံထဲကို မဆိုထားနှင့်၊ ဒီရပ်ကွက်ထဲကို တော်ရုံလူ မဝင်ရဲသည့်အရပ် ဖြစ်သည်။ သီရိရတနာမှာ အယ်လ်ဇေးရှင်းလို ခွေးမျိုးမမွေးတာနှင့် ခြံစောင့်ဒါဘူကြီး အလုပ်ထွက်သွားတာဟာ ကျူးလွန်ချင်သူအတွက် အခွင့်ကောင်းဖြစ်နေသည်။

ဒီနေ့သည် တနင်္ဂနွေနေ့ဖြစ်လို့ မောင်လေးကျောင်းမတက်သည့်အတွက် မမလေးသည် တစ်ယောက်တည်းဈေးသွားသည်။ သူကိုယ်တိုင် ကားမောင်းသွားသည်။ ကိုတင်နွယ်သည် မိုးကုတ်မှာပဲ ရှိနေသေးသည်။ ကျောက်အရိုင်းတွေကို လိုက်ဝယ်နေတာဟု သိရသည်။

မခင်အေးသည် အမေနှင့်အတူ အိမ်ကြီးပေါ်က အလုပ်တွေကိုကူလုပ်ရန် အိမ်ကြီးမှာ ရောက်ရှိနေသည်။ မောင်လေးက

ကျောင်းမတက်ရသည့်နေ့မို့ အိပ်ရာကမထသေး၊ ကိုကိုကလည်း အလုပ်သွားစရာမလိုသည့်အတွက် အိပ်ရာကမထသေး၊ ကိုကိုနှင့် မောင်လေးတို့ အိပ်ရာကနိုးလာလျှင် ကော်ဖီနှင့်မုန့် ချပေးရန် စောင့်နေရသည်။ အမေသည် မမလေးကို ထမင်းချိုင့် ထည့်ပေးပြီး အိမ်လေးကို ပြန်နားသည်။

နံနက် ၈ နာရီခွဲမှာ ကိုကို အိပ်ရာကနိုးလာသည်။ ရေချိုးပြီးလို့ အလုပ်သွားမှာလား၊ တစ်ခြားနေရာကို သွားမှာလား တစ်နေရာကို သွားစရာရှိတာဖြစ်မည်။ အမေသာရှိနေလျှင် မေးမည်ဖြစ်သည်။ အမေမေးလျှင် ကိုကိုကလည်း ရှိရှိသမျှ ဖြေမည်ဖြစ်သည်။ မခင်အေးကတော့ စပ်စပ်စုစု မမေးရဲဖြစ်နေ သည်။ မခင်အေးက မမေးရဲပေမဲ့ ကိုကိုက မေးသည်။

" ပေါက်စ ငှါအဝတ်တွေကို နင်လျှော်ပြီး မီးပူတိုက်တာ လား"

" ဟုတ်ကဲ့ ပေါက်ပေါက် လုပ်တာပါ "

" မဆိုးဘူး၊ ငှါညီမလေး တော်တယ်၊ လင်ယူလို့ရပြီ "

ကိုကိုက ကော်ဖီသောက်ရင်း ရယ်ရယ်မောမော ပြောသည်။ မိမိကို ငှါညီမလေးလို့ခေါ်သည်။ လင်ယူလို့ရပြီဆိုတာကို ကိုကို သိနေပြီ၊ ဒီလိုပြောပုံဆိုပုံတွေဟာ ဟိုနေ့ည အထိတွေ့မှုနှင့် ဆက်စပ်နေနိုင်သည်ဟု လိုရာဆွဲတွေးမိသည်။ မခင်အေးက ရှက်ပြုံးပြုံးပြီး ခေါင်းငုံ့နေလိုက်သည်။

ကိုကိုသည် စားသောက်ပြီးသောအခါ ကျွေးမွေးသည့် မခင်အေးကို သိုင်းကျူးလို့ပြောပြီး ထမင်းစာခန်းမှ ပြန်လည် ထွက်ခွာသွားသည်။ မကြာမီ ကားစက်နှိုးသံကြားရသည်။ ကားစက်သံဝေးပြီး ပျောက်သွားပြီဖြစ်သည့်အတွက် ကိုကိုသည် အိမ်ထဲကထွက်သွားပြီလို့ သိလိုက်သည်။ ဧည့်ခံပွဲ သို့မဟုတ် အပေါင်းအသင်းတွေနှင့် ဆုံကြဖို့ချိန်းထားတာကို သွားတာဖြစ် မည်။ မိမိ၏ပါးကို လိမ်ဆွဲမသွားသည့်အတွက် ရင်ထဲမှာ ဟာတာတာကြီး ဖြစ်ကျန်ရစ်သည်။

၉ နာရီတောင်ထိုးတော့မည်။ မောင်လေးသည် နိုးနေပါ လျက် မထဘဲ ပေအိပ်နေတာဖြစ်မည်။ ဒီအချိန်ဟာ အိပ်ရာက ထပြီး စာလုပ်နေရမည့်အချိန်ဖြစ်သည်။ မခင်အေးသည် သန့်ရှင်း ရေးလုပ်ရန် ဧည့်ခန်းဘက်ကို ထွက်လာခဲ့သည်။ ဧည့်ခန်းနှင့် ကပ်လျှက်အခန်းက မောင်မောင်ဦး၏အိပ်ခန်းကို ဖွင့်ကြည့်လိုက် သည်။

မောင်မောင်ဦးသည် နိုးနေပါလျှက် ဖက်ခေါင်းအုံးကိုဖက် ပြီး အိပ်ချင်ယောင်ဆောင်နေသည်။ အိပ်ရာရှင်းပေးရန်တာဝန် ရှိသည့် မခင်အေးက မောင်မောင်ဦး၏ပခုံးကို ကိုင်လှုပ်ပြီးနှိုး သည်။

" မောင်လေး ၉ နာရီကျော်ပြီ ထတော့ "

မောင်မောင်ဦးသည် နိုးနေပါလျှက် အိပ်ဟန်ဆောင်နေသူ ဖြစ်လို့ အနှိုးရခက်နေသည်။ မခင်အေးက မောင်မောင်ဦးဖက် ထားသည့် ဖက်လုံးကို ဆွဲဖယ်လိုက်သည်။ မောင်မောင်ဦး၏ လက်ကို ဆွဲထူလိုက်သည်။ တကယ့်မောင်နှမအရင်းတွေလိုပင် ဖြစ်သည်။

မောင်မောင်ဦးသည် မခင်အေး၏ လက်နှစ်ဘက်ကို ဖမ်းဆွဲပြီး သူ့အိပ်ရာပေါ်ကို လဲကျလာအောင် လုပ်သည်။ မခင်အေး သူ့ကိုယ်ပေါ်ကို လဲကျလာသောအခါ စောစော ဖက်ခေါင်းအုံးကို ဖက်ထားသလို မခင်အေးကို ဖက်ထားသည်။ မခင်အေးက ရုန်းထွက်ပြီး ကုန်းထသည်။ တကယ့်ကလေးဆိုးကြီး ဖြစ်သည်။ မခင်အေးသည် မောင်မောင်ဦး၏ ဆိုးသွမ်းသည့် ဒဏ်ကို ငယ်စဉ်ကပင်ခံခဲ့ရသည်။ မောင်လေးလိုချစ်သည့်စိတ် ဖြင့် နှိပ်စက်တာကို ခံခဲ့ရသည်။ မောင်မောင်ဦးသည် ကလေးစိတ် မကုန်သေးသည့်အတွက် ဟိုညကလူလို ဘာဘာညာညာစိတ် မရှိသည့်အမူအရာ တွေ့ရသည်။

" မောင်လေး အဲဒီလိုမလုပ်နဲ့ကွာ၊ မမအေး မကြိုက်ဘူး "

" မမအေးကို ချစ်လို့လုပ်တာ ဘာဖြစ်လဲ "

" မမအေးကို မချစ်နဲ့၊ ရီရီဝင်းကိုချစ်၊ နင် သူ့ကို ကြိုက်နေတယ်မဟုတ်လား "

" အောင်မယ်၊ မကြိုက်ပါဘူး၊ ရီရီဝင်းမှာ ရည်းစားရှိတယ်တဲ့ "

" နင် ရီရီဝင်းကို စိတ်ဝင်စားနေလို့ စုံစမ်းနေတာမဟုတ်လား "

" စိတ်မဝင်စားပါဘူး "

ရီရီဝင်းဆိုတာ မောင်မောင်ဦးတို့ကျောင်းက အချောဆုံး ဆိုသည့် ကျောင်းသူဖြစ်သည်။ မောင်မောင်ဦးသည် မခင်အေးကို ဖက်ထားပြီး မထသေးဘဲ အိပ်ပိုက်နေသည်။ အပျင်းထူနေသည်။



မောင်မောင်ဦးသည် အဖော်မဲ့နေသူဖြစ်သည်။ သနားစရာ ကောင်းသည့် သူဌေးသားလေးဖြစ်သည်။ မခင်အေးကို အစ်မကြီးတစ်ယောက်လို သံယောဇဉ်ဖြစ်ပြီး ချစ်နေတာဖြစ်သည်။ တစ်ခြား ဘာစိတ်မှမရှိတာ သေချာသည်။ ဟိုနေ့ညကလူဟာ မောင်လေးမောင်မောင်ဦး မဟုတ်ဘူးလို့ မခင်အေး အကြွင်းမဲ့ ယုံကြည်သည်။

မောင်မောင်ဦး ရေချိုးခန်းဝင်သွားတော့မှ မခင်အေးသည် မောင်မောင်ဦး၏အခန်းကို သန့်ရှင်းရေးလုပ်သည်။ စောင်ခေါက်သည်။ တွန့်လိန်ကျေမွနေသည့် အိပ်ရာခင်းကို စန့်စန့်ရန့်ရန့် ဖြစ်အောင်လုပ်ပြီး တင်းတင်းရင်းရင်း ပြန်ခင်းပေးသည်။ အလိုလိုက်သည့် အစ်မတစ်ယောက် တကယ်လိုအပ်နေသည့် လူပျိုပေါက်လေးဖြစ်သည်။

○

# ( ၁၇ )

မခင်အေးသည် ကိုကို၏ အမူအရာနှင့် လှုပ်ရှားမှုတွေကို သတိထားပြီး အကဲခပ်စောင့်ကြည့်နေသည်။ မခင်အေးကိုတွေ့ ချင်လို့ တကူးတက တမင်အကွက်ဆင်ပြီး မျက်နှာချင်းဆိုင်တွေ့ အောင်လုပ်တာမျိုးမရှိ ထမင်းစားခန်းမှာတွေ့သည့်အခါနှင့် မလွဲ မရှောင်သာ တွေ့သည့်အခါတွေမှာ ဘာမှမပြောင်းလဲ၊ ယခင် တုန်းကပုံစံအတိုင်းသာဖြစ်သည်။ ခေါ်ပြောစရာရှိလျှင် မိပေါက် လို့ပဲခေါ်သည်။ မိမိကို ငယ်စဉ်က ပေါက်စ လို့ခေါ်ခဲ့ကြသည့် အတွက် ကိုကိုကလည်း လိုက်ခေါ်ခဲ့တာဖြစ်သည်။ အခုတော့ ဒီနာမည်ဟာ သီရိရတနာမိသားစုကခေါ်သည့် နာမည်ဖြစ်နေ သည်။ ကိုကိုနှင့် မမလေးတို့က မိပေါက်လို့ခေါ်သည်။ မလွဲ မရှောင်သာလို့ တစ်ခါတစ်လေသာခေါ်သည့် ကိုတင်နွယ်က ပေါက်စ လို့ခေါ်သည်။ မိပေါက် လို့လည်းခေါ်သည်။



ဟိုနေ့ညက မိမိ၏အပျိုဘဝကို ဖျက်ဆီးပြီး ကာမကိုရယူ သွားသူဟာ ကိုကိုဖြစ်တယ်ဆိုလျှင် ကိုကို၏အမူအရာနှင့် အပြု အမူတွေသည် အနည်းအပါးတော့ ထူးခြားရမည်ဖြစ်သည်။ တစ်ခါ စားဖူးလို့ ကောင်းမှန်းသိသည့်အစာကို နောက်ထပ်စားဖို့ ကြိုးစားမည်ဖြစ်သည်။ ကိုကိုနှင့် မိမိတို့အိမ်ကြီးပေါ်က ထမင်း စားခန်းမှာ၊ ဧည့်ခန်းမှာ၊ တစ်ခါတစ်လေ ကိုကို၏ အိပ်ခန်းထဲ မှာတောင် နှစ်ယောက်ချင်း ဆုံတာမျိုးတွေရှိသည်။ မိမိကို ဆက်ရမ်းနမ်းရှုံ့နိုင်ရှုံ့သာမက ကြိုက်တာလုပ်လို့ရသည့် အခြေ အနေဖြစ်သည်။ ကိုကိုသည် မိမိကို အိမ်ဖော်တစ်ယောက်၊ သို့မဟုတ် ညီမလေးတစ်ယောက်လို သဘောထားသည့် အမူ အရာသာ တွေ့ရသည်။

မခင်အေးသည် အသက်တစ်ဆယ့်ရှစ်နှစ်ပြည့်ပြီးဖြစ်လို့ ခန္ဓာကိုယ်ဖွံ့ဖြိုးမှုနှင့် အမျိုးသမီးသဘာဝက လိင်မတူသူနှင့် ထိ တွေ့ဆက်ဆံဖို့ အသင့်ဖြစ်နေသည်။ ရိုးရာယဉ်ကျေးမှုနှင့် အရှက် အကြောက်တရားအရ အောင့်အီးထိန်းချုပ်ထားရသော်လည်း သဘာဝက တောင်းဆိုနေသည်။ အရှေ့တိုင်းယဉ်ကျေးမှုအရ၊ အထူးသဖြင့် မြန်မာ့ယဉ်ကျေးမှုအရ၊ အမျိုးသမီးတစ်ယောက် အနေဖြင့် ဒီလိုဆန္ဒဖြစ်ပေါ်နေပါသည်လို့ ထုတ်ဖော်ပြောဖို့ဆို တာ အသာထားလို့ အမူအရာတောင် မပြရဲဖြစ်နေသည်။ ဥရောပ နှင့် အနောက်တိုင်းယဉ်ကျေးမှုကတော့ အမျိုးသားဖြစ်ဖြစ်၊ အမျိုး သမီးဖြစ်ဖြစ် သဘာဝကတောင်းဆိုလာသည့်ဆန္ဒကို လွတ်လပ် စွာ ထုတ်ဖော်နိုင်သည်။ ဖွင့်ပြောနိုင်သည်။

မခင်အေးသည် မိကောင်းဖခင်၏သမီးဖြစ်သည့်အပြင်
ဂုဏ်သရေရှိမိသားစုထဲမှာ ကြီးပြင်းခဲ့ရသူဖြစ်လို့ ကိုယ်ကျင့်တရား
နှင့်ပတ်သက်လျှင်၊ အထူးသဖြင့် လိင်ဆက်ဆံမှုကိစ္စမျိုးနှင့် ပတ်
သက်လျှင် လုံးဝ အထိမခံနိုင်သောဘာဝဖြစ်သည်။ အစွန်းအထင်း
မရှိအောင်၊ အနံ့မထွက်အောင် သတိကြီးစွာထားနေရသည်။

အရွယ်ရောက်ပြီးသော်လည်း တည်ငြိမ်နေသည့်
မခင်အေး၏ လိင်နှင့်ပတ်သက်သည့် သဘာဝနှင့်ဆန္ဒကို တစ်စုံ
တစ်ယောက်က နိုးဆွတာခံလိုက်ရသည်။ မခင်အေး၏ဆန္ဒ နိုးကြွ
နေသည်။ မူလက သူ့ဟာသူ နေတာအဟုတ်သား အထိအကိုင်
အနှိုးအဆွ ခံလိုက်ရလို့ နိုးထနေပြီဖြစ်သည်။ နောက်ထပ်
အလားတူ အတွေ့အကြုံမျိုးဖြစ်လာလျှင် မငြင်းဘဲ မရုန်းမကန်
ငြိမ်ခံမိလေမလားဟုတောင် ထင်ရသည်။ မခင်အေး၏ စိတ်ဆန္ဒ
ဒီလိုဖြစ်နေတယ်ဆိုတာကို ဘယ်သူမှမသိလို့သာ တော်ပေတော့
သည်။ အတော်ရှက်စရာကောင်းသည့်ကိစ္စ ဖြစ်သည်။

မခင်အေးသည် အတွေးပေါင်းသောင်းခြောက်ထောင်ဖြင့်
အိပ်ရာဝင်ခဲ့သည်။ အိမ်ကလေး၏ရှေ့ခန်းက အမေကတော့
ကျန်းမာရေး သိပ်ပြီးမကောင်းသည့်အပြင် မျက်စိကမှုန်း၊ နားက
ထိုင်းသည့်အတွက် အိပ်ရာထဲမှာ လှဲရုံလှဲနေသလား၊ အိပ်မောကျ
နေသလား၊ မသိရအောင်တိတ်ဆိတ်နေသည်။ အိပ်မောကျနေ
တာလည်း ဖြစ်နိုင်သည်။ မခင်အေးသာ တောင်တွေးမြောက်
တွေးဖြင့် အိပ်မပျော်ဖြစ်နေသည်။

လူသားတို့၏ အဖော်လိုအပ်ခြင်းအကြောင်းကို တွေးမိ
သည်။ အဖော်သည် အသက်အရွယ်အလိုက် လိုအပ်သည်။



ကလေးသည် ကစားဖော်လိုအပ်သည်။ အရွယ်ရောက်သူသည်
မိမိမြတ်နိုးသည့် ဆန့်ကျင်ဘက်လိင်အဖော် လိုအပ်သည်။
သက်ကြီးရွယ်အိုသည် ဆေးပေးမီးယူအဖော် လိုအပ်သည်။

မခင်အေးသည် အရွယ်ရောက်ပြီးသူဖြစ်သည်။ မိမိနှင့်
အသက်တူအရွယ်တူ ယောကျ်ားလေးအဖော်ကို မရနိုင်တောင်
ကိုကိုခင်မောင်ကြီးလို မိမိထက် အသက် ၁၅ နှစ်လောက်ကြီး
သော အဖော်ကိုရလျှင်လည်း ပျော်စရာကောင်းမည်ဟု တွေးမိ
သည်။

ကိုကိုသည် သူ၏ပထမဇနီး ဘိလပ်သူမနှင့် အတွေ့အကြုံ
ရှိပြီးသူဖြစ်လို့ အိမ်ထောင်ရေးအရသာကို သိပြီးသူဖြစ်သည်။
ဘိလပ်သူမနှင့် ဘာကြောင့်ကွဲလာသည်ကို မသိရဖြစ်နေသည်။
တစ်ယောက်နှင့်တစ်ယောက် အပေးအယူမတည့်တာ ဖြစ်နိုင်
သည်။ ကလေး မရခဲ့ဟု သိရသည်။ ဒီအကြောင်းတွေကို သိရှိ
ရတနာ့မိသားစုဆီက တစ်စွန်းတစ်စမျှမကြားခဲ့ရ၊ အမေ ပြောပြ
လို့သာ နည်းနည်းပါးပါး သိခဲ့ရတာဖြစ်သည်။ ကိုကိုသည်
သဘောကောင်းသူဖြစ်သည်။ ဘိလပ်သူမက ကိုကို၏အလိုကို
ဘာကြောင့် မလိုက်လျောနိုင်တာပါလိမ့်၊ မိမိသာဆိုလျှင် ကိုကို၏
အလိုကို လိုက်မိမည်ဖြစ်သည်။

ကိုကိုသည် မိမိကို အိမ်ဖော်အိမ်စေတစ်ယောက်လိုဘယ်
တုန်းကမှ မဆက်ဆံဘဲ ညီမလေးတစ်ယောက်လိုသာ ဆက်ဆံခဲ့
သည်။ ကိုကို ဘိလပ်ကို ပညာတော်သင်သွားစဉ်က မိမိသည်
ကျောင်းမနေရသေးသည့် ကလေးအရွယ်သာဖြစ်သည်။ ကိုကို
ဘိလပ်က ပြန်ရောက်လာသည့်အချိန်မှာ မိမိသည် ရှစ်တန်း

ကျောင်းသူဖြစ်နေပြီဖြစ်လို့ ကိုကိုသည် တအံ့တသြကြည့်ပြီး ဒါဘယ်သူလဲလို့ မေးခဲ့တာကို မှတ်မိသေးသည်။

" မိပေါက်စ၊ နင် လှလာတယ်ဟဲ့ ငါ့ညီမလေးက အပျိုလေးဖြစ်လာမှ ပိုချောလာတယ် "

မိမိကို လှလာတယ်၊ ပိုချောလာတယ်လို့ ပြောတာထက် ငါ့ ညီမလေးလို့ အခေါ်ခံလိုက်ရတာကို ပိုပြီးပီတိဖြစ်မိသည်။ ကိုကိုသည် မိမိကိုကြည့်လျှင် ပြုံးပြီးကြည့်လေ့ရှိသည်။ မျက်နှာကြောတင်းတင်းဖြင့် ဘယ်တော့မှမကြည့်၊ ယခုလည်း ကိုကိုသည် မိမိကို ပြုံးပြီးကြည့်နေပြန်သည်။ မခင်အေးသည် ရှက်ပြီးခေါင်းငုံ့ထားလိုက်မိသည်။

အနီးအနားမှာ ဘယ်သူမှမရှိ၊ ကိုကိုသည် ဒီအခြေအနေမျိုးမှာ အခွင့်အရေးယူသင့်သည်။ ကိုကိုကသာ မိမိကို ကိုင်တွယ်ဖက်နမ်းလုပ်မည်ဆိုလျှင် ငြိမ်ခံနေလိုက်မည်ဟု ဆုံးဖြတ်ထားသည်။

" အောင်မလေး "

မခင်အေး လန့်သွားသည်။ မခင်အေးသည် အိပ်မက်မှ လန့်နိုးသွားသည်။ အလန့်တကြား အော်လိုက်သည်။

" ဟင် ဒါဘယ်သူလဲ၊ ကိုကိုလား၊ ကိုကိုခင်မောင်ကြီးလား"

မခင်အေးသည် မိမိကိုဖက်ထားပြီး ပါးနှစ်ဘက်ကိုရွရွလေး နမ်းနေသည့်သူကို တွန်းဖယ်ရင်းမေးနေသည်။ မိမိကို ဖက်ထားသူသည် ပါးကိုနမ်းနေလျှက်မှ ပါးစပ်ကို အသံမထွက်အောင် သူ့လက်ဝါးဖြင့် အသာပိတ်ထားသည်။ မခင်အေးကို စကားမပြောနဲ့လို့ သတိပေးသည့်သဘောဖြစ်သည်။ မိမိသည် အိပ်မက်



က်နေတာမဟုတ်၊ ဟိုတစ်ခါတုန်းက ဖြစ်ခဲ့သလိုဖြစ်ပြန်ပြီ တာကို သိလိုက်သည်။

" ကိုကိုလားဟင်၊ ကိုကိုခင်မောင်ကြီးလား "

မှောင်ထဲမှာ ဘယ်သူဘယ်ဝါဆိုတာ သေချာအောင်သိချင် မခင်အေးက အငမ်းမရမေးသောအခါ သူက ခေါင်းညိတ်ပြသည်။ စကားမပြောရန် မခင်အေး၏ ပါးစပ်ကို သူ့လက်ဖြင့်ဖိတ်ထားသည်။

မခင်အေးသည် မယုံမရဲဖြင့်ပင် သူ့အလိုကို လိုက်မိလျက်ားဖြစ်နေသည်။ ကိုကိုခင်မောင်ကြီးလားလို့မေးတော့ သူက ခေါင်းညိတ်သည်။ အလုံး၊ အရပ်နှင့် အကောင်အထည်ကလည်း ကိုကို၏ပုံသဏ္ဍာန်နှင့် တစ်ထေရာတည်းတူနေသည်။ အနံ့ သက်ကတော့ မောင်လေးမောင်မောင်ဦးဆီက တစ်ခါ တစ်လေရတတ်သည့် ရေမွှေးနံ့သင်းသင်းကိုရနေသည်။ ဟို တစ်ခါတုန်းကလည်း ဒီအနံ့ကိုပင်ရခဲ့သည်။ ဟိုညကလူနှင့် ဒီည သည် အတူတူဖြစ်နေတာ သေချာသည်။

မောင်လေးမောင်မောင်ဦးဆီက တစ်ခါတစ်လေရတတ် သည့် ရေမွှေးနံ့ကို သူ့ဆီကရတယ်ဆိုသော်လည်း ဒီလူဟာ မောင်လေးမောင်မောင်ဦး မဟုတ်တာကတော့ သေချာသည်။ လုံးအထည်၊ အရပ်အမောင်းနှင့် ကိုယ်အလေးချိန်တို့ကို မှန်းဆ ကြည့်ရုံဖြင့် မောင်လေးမောင်မောင်ဦး မဟုတ်ဘူး ဆိုတာကိုသိသည်။ မောင်လေးမောင်မောင်ဦးသည် မိမိကို ဖက်ဖူးသည်။ ကိုယ်လုံးဖြင့် တက်ဖိဖူးသည်။ ဒီလူနှင့် လုံးဝ ဘာကို သတိထားမိသည်။

ဒီနေ့ညလာသည့်လူသည် ဟိုနေ့ညကလာခဲ့သည့်သူ ဖြစ်သည်ဆိုတာကို သေချာစေသည့်အချက်က မခင်အေး၏ စပ်ကို လက်ဝါးဖြင့်ပိတ်ပုံနှင့် သူ့ဆန္ဒပြင်းထန်နေပုံကိုပြသည့် မှတ်သုံးကြီးက သက်သေခံနေသည်။

သူသည် ဟိုနေ့ညကလိုပင် သူ့ဆန္ဒပြည့်ဝသွားသောအ မခင်အေး၏ပါးကို ရွရွလေးနမ်းပြီး ခပ်မြန်မြန်ကုန်းထထွက် သွားသည်။ မခင်အေးသည် သူ့လက်ကို လှမ်းဆွဲလိုက်သေ သည်။ သူသည် မခင်အေး၏လက်က ရုန်းထွက်သွားသ မခင်အေးသည် သူ့လက်ကိုဆွဲလို့မရသည့်အခါ သူ့လုံချည်စ လှမ်းဆွဲသေးသည်။ သူသည် သူ့လုံချည်ကို ပြေမကျအော ပြန်ဆောင့်ဆွဲပြီး အိမ်လေးပေါ်က ပြေးဆင်းသွားသည်။

မခင်အေးသည် သူ့ကိုမြင်ရလိုမြင်ငြား မီလိုမီငြားဆိုသ ရည်ရွယ်ချက်ဖြင့် အိမ်ရှေ့ခန်းမှာရှိသည့် မီးခလုတ်ကိုပြေး လိုက်သည်။ မီးလင်းလာတော့မှ သူ့ကိုမမြင်ရဖြစ်သွားတော့သည် သူပြေးဆင်းသွားတာ ဝေးသွားသည့်အပြင် အလင်းကကြည့် သည် အမှောင်ထဲကလူကို မမြင်ရသည့်အတွက် သူဘယ် ဘယ်ဝါဆိုတာက သေသေချာချာ မသိလိုက်ရဖြစ်သွားသည်

သီရိရတနာအိမ်ကြီးဘက်ကို ပြေးသွားသည့်အတွက် အိ ကြီးပေါ်က ယောကျ်ားသုံးယောက်အနက် တစ်ယောက်ဖြစ် သည်။

အိမ်ကြီးပေါ်က ယောကျ်ားသုံးယောက်အန ဗမောင်လေးမောင်မောင်ဦး မဟုတ်တာသေချာသည်။ ဒါဆိုလျှ

ဘယ်သူလဲ၊ ကိုကိုပဲဖြစ်ရမည်။ မိုးလင်းလျှင် ကိုကို့ကို တွဲခပ်ရမည်။ ဟိုတစ်ခါကလူနှင့် ဒီညလူသည် ကိုကိုသာ လျှင် မျက်နှာအမူအရာပျက်နေရမည်။ မှောင်ထဲမှာ ကိုကို လို့မေးတော့ ခေါင်းညိတ်ပြသည်။ ဘာကြောင့်ခေါင်းညိတ် တာလဲ၊ ဟုတ်လျှင် ဟုတ်တယ်လို့ ပါးစပ်ကအသံထွက်ပြီး ကြောင့်မပြောတာလဲ၊ အသံထွက် ပြီးဖြေလျှင် အသံကိုနား ထောင်ပြီး ကိုကိုဟုတ်တယ်၊ မဟုတ်ဘူးဆိုတာကို သိနိုင်သည်။ လိုက်တော့ အမေအိပ်ပျော်နေရာက နိုးသွားသည်။

" ဟဲ့သမီး ဘာလုပ်တာလဲ အိမ်သာတက်တာလား "

" ဟုတ်ကဲ့ အမေ "

" ဘယ်အချိန်ရှိပြီလဲ "

" မပြောတတ်ဘူး၊ ၂ နာရီထိုးတော့မယ်ထင်တယ် "

" ဟင် အစောကြီးပဲရှိပါသေးလား၊ ခေါင်းမူးတာနဲ့စော စော အိပ်ပျော်သွားတယ် မိုးလင်းတော့မယ်ထင်နေတာ "

ဒေါ်အေးတင် တစ်ရေးနိုးလာတာဖြစ်သည်။ မခင်အေး အိပ်တော့မည်ဆိုပြီး မီးပြန်ပိတ်လိုက်သည့်အချိန်မှာပင် တင်းဘက်ကလား၊ ဂွတ္တလစ်ရပ်ကွက်ဘက်ကလားမသိရသည့် တင်းတဲတစ်ခုက သံချောင်း ၂ ချက်ခေါက်သံကိုကြားလိုက် သည်။ ၂ နာရီထိုးတော့မယ်ထင်တယ်လို့ မခင်အေး ပြောတာ သွားသည်။ ဒီလူသည် ဟိုညတုန်းကလာသည့်အချိန် ည သန်းခေါင် ၁ နာရီမှာပဲ ရောက်လာခဲ့တာဖြစ်သည်။

## ( ၁၈ )

မခင်အေးသည် ပြန်အိပ်သော်လည်း အိပ်လို့မပျော်
နေသည်။ အိမ်ကလေး၏ရှေ့ခန်းက အမေသည်လည်း အိပ်
မပျော်သေးသည့်အတွက် မှောင်ထဲမှာ တစ်ယောက်တည်း
စကားပြောနေသည်။

“ မောင်တင်နွယ်လည်း ဒီတစ်ခါ မိုးကုတ်တက်
အတော်ကြာတယ် ”

“ မိုးကုတ်က ဟာမနဲ့ ကင်းကင်းရှင်းရှင်းဆိုလျှင်
ကောင်းပါတယ်၊ မိုးကုတ်ကိုသွားမယ်ဆိုလျှင် သီရိက စိတ်မ
မလွှဲသာလို့ လွှတ်လိုက်ရတာ ”

“ ခင်မောင်ကြီးကလည်း အဆက်ဟောင်းနဲ့ ပြန်ယူမလို
ယူမယ်ဆိုလည်းယူပေါ့၊ လူပျိုကြီးမှန်းမသိ တစ်ခုလပ်မှန်းမ



ပေါ့ပေါ့နေတာ၊ အသက်ကြီးလာရင် ဒုက္ခရောက်မှာ၊ နှမနဲ့
တူတွေ တူမတွေဆိုတာ သားမယားလောက်မကောင်းဘူး ”

သူ့ကို ဘယ်သူမှမမေးဘဲ ပြောနေခြင်းဖြစ်သည်။ လူကြီး
တွေဟာ အဖော်မဲ့နေပြီဆိုလျှင် ဒီလိုပဲ တစ်ခါတစ်လေ
တစ်ယောက်တည်း စကားပြောနေတတ်ကြသည်။ ဒေါ်အေးတင်
လည်း အဖော်မဲ့နေသည့် သက်ကြီးရွယ်အိုဖြစ်လို့ သူ့စိတ်ထဲမှာ
ပေါ်လာတာတွေကို အသံထွက်ပြီးပြောနေတတ်သည်။

ဒေါ်အေးတင် အဲဒီလို ပြောနေတော့လည်း မခင်အေး
မသိသေးသည့် တစ်ချို့အကြောင်းတွေကို သိခွင့်ရသည်။
ကိုတင်နွယ်မှာ မိုးကုတ်အငယ်အနှောင်း ရှိခဲ့ဖူးသည်။ အဲဒီကိစ္စ
ကြောင့်ပင် မိုးကုတ်ကကျောက်တွင်းတွေကို ရောင်းပစ်လိုက်တာ
ဟု ပြောသံကြားဖူးသည်။

စိတ်ဝင်စားစရာအကောင်းဆုံးကတော့ ကိုကို၏
အကြောင်းဖြစ်သည်။ အဆက်ဟောင်းနဲ့ ပြန်ပေါင်းမည်ဆိုသည့်
သတင်းဖြစ်သည်။ ကိုကို ဘီလပ်ကို ပညာတော်သင်မသွားမီက
စေ့စပ်ထားသည့် အမျိုးသမီးသည် ယခုအချိန်အထိ အပျိုကြီး
ဘဝဖြင့်ရှိနေသည်။ ကိုကိုသည် ဘီလပ်သူမနှင့် ကွဲလာပြီဆိုတာ
ကို သိသွားပြီဖြစ်လို့ ပြန်လည်ဆက်သွယ်ကြတာဖြစ်နိုင်သည်။

ကိုကိုက သူ့အဆက်ဟောင်းနဲ့ ပြန်ပေါင်းထုတ်မည်ဆို
တော့ ကိုကိုနှင့် မိမိတို့ ငြိစွန်းနေသည့်ကိစ္စကို ဘယ်လိုဖြေရှင်း
မလဲ၊ ကိုကိုသည် မိမိကို ပစ်ထားခဲ့ပြီး ပေလာယကာလုပ်ထား
ခဲ့မလား၊ မိမိမှာ ကိုယ်ဝန်ရှိလာလျှင် ကိုကိုက တာဝန်မယူတော့
ဘူးလား၊ ဒါပေမဲ့ မိမိကို နှစ်ကြိမ်တိုင်တိုင် ကာမကျူးလွန်ခဲ့သူဟာ

ကိုခင်မောင်ကြီးပါလို့ ဘာနဲ့သက်သေပြမလဲ၊ မိမိသည် တစ်လ
အတွင်းမှာ နှစ်ကြိမ်တောင် ကာမကျူးလွန်တာ ခံခဲ့ရသူဖြစ်လို့
ကိုယ်ဝန်ရနိုင်သည်။ ကိုယ်ဝန်ရှိလာလျှင် ဘယ်သူ့ကို လက်ညှိုး
ထိုးမလဲ၊ ကိုကိုက တရားခံဟာ သူမဟုတ်ဘူးလို့ငြင်းလျှင် ဘယ်လို
လုပ်မလဲ၊ မခင်အေး စိတ်ရှုပ်လာသည်။ ပက်လက်အနေအထား
မှ တစ်ဘက်ကိုစောင်းပြီး အိပ်လိုက်သည်။

မခင်အေး အိပ်ပျော်သွားသည်။ စိုးရိမ်စိတ်၊ ကြောက်စိတ်
ဖြင့် အိပ်ပျော်သွားလို့ဖြစ်မည်၊ နိုးလာသည့်အခါ လန့်နိုးလာသည်။
အတော်တောင် နေမြင့်နေပြီဖြစ်သည်။ မခင်အေး၏အမေသည်
အိမ်ကြီးပေါ်ကို ရောက်နေရော့မည်။ ဒီအချိန်ဆိုလျှင် မမလေးနှင့်
မောင်လေးတို့လည်း ဈေးသွားကျောင်းသွားကြရောမည်။ ကိုကို
သာ အိပ်ရာကထပြီလား မထသေးလားမသိ ကိုကို ရှုံးမသွားမီ
အိမ်ကြီးပေါ်ကိုသွားပြီး အိပ်ရာကထလာသည့် ကိုကို၏မျက်နှာ
ကို အကဲခပ်ရမည်။

ညကလူသည် ကိုကိုလားလို့မေးတော့ ခေါင်းညိတ်ပြခဲ့
သည်။ အမှန်တကယ် ကိုကိုသာဖြစ်တယ်ဆိုလျှင် မိမိကိုတွေ့ပါက
အမူအရာပျက်နေမည်။ မျက်နှာက မချိုမချဉ်ဖြစ်နေမည်။ ကိုကို
အိပ်ရာကမထမီ အိမ်ကြီးပေါ်ကို အရောက်သွားရမည်။

မခင်အေး အိမ်ကြီးပေါ်ကိုရောက်သွားတော့ အမေ
ဒေါ်အေးတင်က ထမင်းစားခန်းမှာ ထိုင်နေသည်။ မခင်အေး
ထင်ထားသည့်အတိုင်းပင် မမလေးနှင့် မောင်လေးတို့က သွားကြ
ပြီဟုဆိုသည်။ ကိုကိုက အိပ်ရာကမထသေးလို့ ကော်ဖီဖျော်တိုက်
ရန် ထိုင်စောင့်နေတာဟုပြောသည်။ ကိုကို အိပ်ရာကနိုးလာလျှင်



ကိုကို၏မျက်နှာကို လွတ်လွတ်လပ်လပ် အကဲခတ်လို့ရအောင်
အမေ့ကို ပြန်ခိုင်းလိုက်မည်ဟု စိတ်ကူးရသည်။

" အမေ ပြန်နားတော့လေ၊ ကိုကို့ကို သမီး ကော်ဖီဖျော်
တိုက်လိုက်ပါ့မယ် "

" အေးအေး အမေ နေလို့လည်းမကောင်းဘူး ပြန်နား
တော့မယ်၊ ခင်မောင်ကြီးအတွက် ကော်ဖီဖျော်တာ သကြားနည်း
နည်းပဲထည့်နော်၊ သူ့အဝတ်တွေ လျှော်စရာရှိလားကြည့်ခဲ့၊ သီရိ
တို့ သားအမိတွေရဲ့အဝတ်တွေ အမေယူသွားပြီ "

ဒေါ်အေးတင်သည် ပြောပြီးသည်နှင့် ထိုင်နေရာက
ထသည်။ ဟိုတုန်းကလို မသွက်တော့တာကို မခင်အေး သတိ
ထားမိသည်။ အမေ နေလို့မကောင်းဘူးဆိုတဲ့စကားကို မကြာ
ခဏပြောတာကြားရသည်။ အရွယ်လည်း အတော်ကျသွား
တာကိုပါ သတိပြုမိသည်။ အမေ၏အခြေအနေကို မမလေး
ကလည်း သတိပြုမိဟန်တူသည်။ အမေ့ကိုကြည့်ပြီး မကြာခဏ
ပြောသည်။

" ဒေါ်လေးတင် မလုပ်နိုင်လျှင်မလုပ်နဲ့၊ အဝတ်တွေကို
မလျှော်နဲ့၊ ပင်မင်းပေးခိုင်းလိုက် "

ဒီလိုပြောတာက မမလေး၏ မေတ္တာစေတနာဖြစ်သည်။
အိမ်ဖော်အိမ်စေပဲဆိုပြီး အိုကြီးအိုမအဖွားကြီးကို မနိုင်ရင်ကန်
ခိုင်းတာမျိုးကိုမလုပ်ချင်လို့ မလုပ်နိုင်လျှင်မလုပ်နဲ့လို့ လွတ်ငြိမ်း
ချမ်းသာခွင့်ပေးတာဖြစ်သည်။

မမလေးရဲ့ ဒီလို မေတ္တာ စေတနာ တွေကြောင့်
ဒေါ်အေးတင် နှင့် မခင်အေးတို့ သားအမိက ကျေးဇူးရှင်

မိသားစုကို ကျေးဇူးတွေဆပ်လို့မကုန်အောင် တင်ပြီးရင်း တင်
တော့သည်။ ဘဘကြီးနှင့် မေမေကြီးတို့ လက်ထက်ကတည်
မွေးထားခဲ့သည့် အခိုင်းအစေသားအမိဖြစ်လို့ မမလေး
ဆက်လက်ပြီး စောင့်ရှောက်ထားတာဖြစ်သည်။ ဒီမိသား
ကျေးဇူးကို အသက်ပေးပြီးဆပ်တောင် မကျေနိုင်ဘူး
ဒေါ်အေးတင်က မခင်အေးကို ပြောဖူးသည်။

ဒေါ်အေးတင် အဝတ်ဟောင်းတစ်ချို့ကိုပိုက်ပြီး အိမ်
ကပြန်သွားပြီး မကြာမီ မခင်အေး၏ ကိုကိုခေါ် ခင်မောင်
သည် ကော်ဖီသောက်ရန် ထမင်းစားခန်းကိုဝင်လာသည်။
ဝတ်နေကျပုံစံအတိုင်း ဘောင်းဘီရှည်အနက်ရောင်နှင့် အ
ရောင်အောက်ခံမှာ အပြာစင်းပါးပါးလေးတွေပါသည့် အ
လက်ရှည်ကို ဝတ်ထားသည်။

" မိပေါက် ဘာစားပြီးပြီလဲ "

" ဘာမှမစားသေးဘူး "

" စားလေ၊ မဆာဘူးလား ကော်ဖီဖျော်သောက် မုန့်စ

" ကော်ဖီမကြိုက်ဘူး၊ အမေ ထမင်းကြော်ထားခဲ့တ
ထမင်းပဲစားမယ် "

ကိုကိုသည် အမူအရာမပျက်ဘဲ ကော်ဖီသောက်နေသ
နေ့စဉ်ပုံမှန်အတိုင်းသာဖြစ်သည်။ အဲဒီတော့ ညကလာတဲ့လူ
ကိုကို ဟုတ်ရဲ့လား စဉ်းစားစရာဖြစ်နေသည်။ ညကလူဟာ ကို
သာဆိုလျှင် မိမိနှင့် အခုလိုနှစ်ယောက်တည်း လွတ်လွတ်လပ်
တွေ့နေရသည့်အချိန်မှာ တစ်ခုခုပြောသင့်သည်။ လုပ်သင့်သည



အခုတော့ ကိုကိုသည် ဘာမှထူးခြားမှုမရှိ၊ ယခင်ကအတိုင်းပဲ မြင်တွေ့ရသည်။ မိမိကိုလည်း အိမ်စေကောင်မလေးတစ်ယောက် ထက် မပိုသောဆက်ဆံရေးဖြင့်သာ ဆက်ဆံသည်။

တစ်ခါတစ်လေ မိမိကို ဒီခြံပေါက်မိသားစုထဲက တစ် ယောက်လို သဘောထားဟန်တူသည်။ ညီမငယ်တစ်ယောက်လို လည်း မေတ္တာရှိဟန်တူသည်။ မိမိ၏ပါးကို လိမ်ဆွဲဖူးသည်။ မိပေါက်စ နင် အပျိုလေးဖြစ်လာလို့ လှလာတယ်လို့ပြောဖူးတာ သာရှိသည်။ ဒီထက်မပိုသော ဆက်ဆံရေးသာရှိခဲ့သည်။

ဒါဆိုလျှင် ညကလာပြီး မိမိကို ကာမဆက်ဆံသွားသူဟာ ကိုကို မဟုတ်ဘူးလား၊ ကိုကိုရဲ့ရှေ့မှာ ကော်ဖီခွက်သွားချစဉ်က ကိုကို့ဆီက ရလိုက်သည့်ရေမွှေးနံ့သည် ညကလာတဲ့လူဆီကရတဲ့ ရေမွှေးအနံ့နဲ့ မတူတာကလည်း စဉ်းစားစရာဖြစ်နေသည်။ ဒါဆို လျှင် ညကလာသူဟာ ကိုကို မဟုတ်ဘူးလား မခင်အေး ခေါင်းရှုပ်အောင် စဉ်းစားနေစဉ်မှာပင် ကိုကိုကတော့ သူ့အတွက် ဘာမှမထူးခြားသည့်အမူအရာဖြင့် စားပွဲမှထပြီး ထွက်ခွာသွား သည်။ မခင်အေးကို နှုတ်ဆက်သွားသေးသည်။

" သိုင်းကျူး မိပေါက် "

ဒါကဘာမှမဆန်း နေ့စဉ်လုပ်နေကျပုံစံအတိုင်းသာဖြစ် သည်။ ကိုကို ထမင်းစားခန်းက ထွက်သွားပြီးမကြာမီအိမ်ရှေ့ က ကားစက်နှိုးသံ ကြားလိုက်ရတော့သည်။ ကိုကိုသည် ခြံဝင်း တံခါးကို သူ့ဟာသူဖွင့်ပြီး သူ့ဟာသူ ပြန်ပိတ်သွားမည်ဖြစ်သည်။ ယခင်တုန်းကတော့ ဒီအလုပ်ဟာ အိန္ဒိယကိုပြန်သွားပြီဆိုသည့် ဘဘူကြီး၏အလုပ်ဖြစ်သည်။ ဘဘူကြီး မရှိတော့သည့်အခါ

အိမ်ခြံဝင်းသော့နှင့် အိမ်အဝင်တံခါးသော့တွေ အားလုံးကို မိတ္တူတွေပွားပြီး မိသားစု တစ်ယောက်တစ်ချောင်းစီ ကိုင်ထားကြသည်။ မောင်လေး မောင်မောင်ဦးမှာတောင် သော့တစ်စုံ ရှိနေသည်။

မခင်အေးသည် ထမင်းစားခန်းမှာ သိမ်းဆည်းပြီးသောအခါ အိမ်မကြီးကို ကူးလာခဲ့သည်။ အိမ်မကြီး၏ အပေါ်ထပ်နှင့် အောက်ထပ်တွေကို သန့်ရှင်းရေး လုပ်သည်။ ဘဘကြီး နှင့် မေမေကြီးတို့၏ ဓာတ်ပုံတွေကို ဖုံသုတ်တော့မည်ဆိုလျှင် မသုတ်မီ လက်အုပ်ချီကန်တော့ရမည်လို့ အမေကပြောထားလို့ လက်အုပ်ချီကန်တော့လိုက်သည်။ သီရိရတနာမိသားစု၏ ကျေးဇူးတရားတွေကို သတိရပြီး လက်အုပ်ချီနေစဉ်မှာပင် ဧည့်ခန်းထဲကတယ်လီဖုန်း မြည်လာသည်။ ကောက်ကိုင်လိုက်သည်။

" ဟလို "

" ဘယ်သူလဲ ပေါက်စလား "

" ဟုတ်ကဲ့ "

တယ်လီဖုန်းခေါ်သူဟာ ကိုတင်နွယ်ဖြစ်နေသည်။ မိုးကုတ်ကခေါ်တာလား၊ မန္တလေးကခေါ်တာလားမသိ၊ ဂရုတစိုက်နားထောင်ပြီး မှတ်သားရမည်ဖြစ်သည်။

" နင့် မမလေးဈေးသွားပြီလား "

" ဟုတ်ကဲ့သွားပြီ "



" ဈေးကို မရောက်သေးဘူးထင်တယ်၊ ဖုန်းခေါ်တာမကိုင်ဘူး "

" သွားတာကြာပြီ မောင်လေးကို ကျောင်းပို့ပြီးမှ ဈေးကိုသွားမှာ "

" ငါ ပြန်ခေါ်ကြည့်ဦးမယ်၊ နင့်မမလေးကို ပြောလိုက် မန္တလေးကို ရောက်နေပြီလို့၊ ဒီနေ့ည ရထားနဲ့ထွက်လာမယ်၊ နက်ဖြန်မနက် ရောက်မယ်၊ လာမကြိုနဲ့လို့၊ တိုင်စီငှားပြီး လာခဲ့မယ် "

" ဟုတ်ကဲ့ "

ကိုတင်နွယ် မန္တလေးကိုရောက်နေပြီ၊ ဒီနေ့ ညရထားဖြင့် မန္တလေးက ထွက်လာမည်။ မနက်ဖြန်နံနက် ရန်ကုန်ရောက်မည်။ လာကြိုစရာမလို။ တိုင်စီငှားလာမည်။ ဒီသတင်းကို မမလေးဆီကို ဖုန်းဆက်ပြောရမည်။ ညနေကျမှ ညနေစာကျွေးရင်း ပြောလို့လည်းရသည်။

သီရိရတနာအိမ်ကြီးမှာ ယောကျ်ားသုံးယောက်ရှိသည့်အနက် ကိုတင်နွယ်သည် မန္တလေးမှာရောက်နေသည်။ ကိုကိုသည် ဘာအမှုအရာမှ မပြောင်းလဲသည့်အပြင် သူ ဘာမှမသိသည့်ပုံစံမျိုးတွေ့ရသည်။ သူ့မျက်နှာမှာ တကယ်အပြစ်ကင်းစင်သည့် လက္ခဏာတွေ့ရသည်။ ဟိုလူဆီကရသည့် အနံ့ကလည်း ကိုကို၏အနံ့နှင့်မတူ ဖြစ်နေသည်။ ဒါဆိုလျှင် ကိုကိုလည်း မဟုတ်ဟု ပြောရမလိုဖြစ်နေသည်။

မောင်လေး မောင်မောင်ဦးတော့ လုံးဝ မဖြစ်နိုင်၊ မောင်လေးသည် အသက် ၁၆ နှစ်မျှသာရှိသေးသည်။ မိမိနှင့် တွေ့လျှင် တကယ့်ကလေးလေးလိုဖြစ်သွားသည်။ မိမိအပေါ်မှာ ဘာဘာညာညာစိတ် လုံးဝမရှိတာ ရာနှုန်းပြည့်သေချာသည်။ မိမိကို ချစ်တယ်ဆိုတာ အစ်မကြီးလိုချစ်တာဖြစ်သည်။

ဒါဆိုလျှင် မိမိဆီကို နှစ်ကြိမ်တိုင်လာပြီး ကာမဆန္ဒ ရယူသွားခဲ့သူဟာ ဘယ်သူလဲ၊ သီရိရတနာအိမ်ကြီးက မဟုတ်လျှင် အပြင်က တစ်ခြားလူတစ်ယောက်ကဝင်လာပြီး ပုံမှားရိုက် အချောင်နှိုက်သွားတာလား၊ ဒီအိမ်ခြံဝင်းထဲကို မဆိုထားနဲ့ ဒီရပ်ကွက်ထဲကို တော်ရုံတန်ရုံ လူစိမ်းသူစိမ်းမဝင်ရဲသည့်အရပ် ဖြစ်သည်။ ဒီအိမ်နှင့် ဒီမိသားစုအကြောင်းကို တိတိကျကျ သိထားသူက အရဲစွန့်ဝင်လာပြီး အချောင်နှိုက်သွားတာလား စဉ်းစားစရာဖြစ်နေသည်။ မခင်အေး ခေါင်းရှုပ်လာသည်။ သန့်ရှင်းရေးလုပ်ပြီးတော့ တယ်လီဖုန်းစောင့်ရင်း ဧည့်ခန်းမှာလှဲ ချလိုက်သည်။

# ( ၁၉ )

နောက်နေ့မှာ ကိုတင်နွယ်သည် မမလေးဈေးမသွားမီ ရောက်လာသည်။ ညကရထားပေါ်မှာ မအိပ်ခဲ့ရသေးသော် ည်း အိမ်မှာနားမနေဘဲ မမလေးနှင့်အတူ ဈေးကိုလိုက်သွားရ ည်ဆိုလို့ မမလေး မောင်လေးတို့နှင့်အတူ နံနက်စာကျွေးရ ည်။ စားသောက်နေကြစဉ် မိုးကုတ်မှာလုပ်လာခဲ့သည့် ရောင်းအဝယ်ကိစ္စတွေကို မမလေးကိုပြောပြနေသည်။

ကိုတင်နွယ်မှာ ထူးခြားတာတစ်ခုက တည်ငြိမ်အေးဆေး ာ ပြောဆိုနေထိုင်တတ်ခြင်းဖြစ်သည်။ သူ့ဇနီးကလွဲလို့ ဘယ် အမျိုးသမီးကိုမှ အရေးတယူလုပ်ပြီး စကားမပြောခြင်းပင်ဖြစ် သည်။ မခင်အေးတို့ သားအမိနှစ်ယောက်အနက် ဒေါ်အေးတင် ကိုသာ မလွဲမရှောင်သာလျှင် ပြောဆိုဆက်ဆံသည်။ မခင်အေး

တို့မှ စကားပြောနေဖို့နေနေသာသာ စေ့စေ့တောင်မကြည့်
မရှောင်သာလို့ ပြောရဆိုရမည်ဆိုလျှင် တိုတိုပဲပြောသ
ဂုဏ်သရေရှိ လူကြီးလူကောင်းပီသသူဖြစ်သည်။

မခင်အေးသည် သူ့ကိစ္စကိုဘယ်သူ့ကိုမှ ထုတ်ဖော်မ
ဘဲထားသည်။ အမေ ဒေါ်အေးတင်ကို ထုတ်ဖော်ပြောပြီး တိုင
ရကောင်းမလားဟု စဉ်းစားသည်။ အကြောင်းမထူးဘဲ အသိ
တိုင်ပင်လျှင် စိတ်ဆင်းရဲသွားတာပဲ အဖတ်တင်မည်။ စိတ်
နိုင်သည်။ အဲဒီလူဟာ ဘယ်သူလဲလို့မေးလျှင် ဘယ်လိုဖြေမ
မသိဘူးလို့ဖြေတာကို အမေက လက်ခံပါ့မလား၊ ဒီလူသ
ကောင်းမှန်းသိနေသည့် အစာကိုစားရန် နောက်တစ်ကြိမ်
နိုင်သေးသည်။ အဲဒီအခါကျမှ မလွတ်တမ်းအမိဖမ်းပြီး အမေ
သက်သေပြုကာ တရားခံကို လက်ရဖမ်းမည်ဟုရည်ရွယ်သ

ဒီကာလတွေရဲ့ ကျောင်းပိတ်ရက်မှာ မောင်
မောင်မောင်ဦးသည် မခင်အေးတို့သားအမိနေသည့် အိမ်က
ကို လာလာပြီး စာကျက်သည်။ မခင်အေးကို ကကျီကပ
လုပ်သည်။ မခင်အေးကိုဖက်ပြီး ကြမ်းပေါ်ကိုလဲကျအောင်
လှဲသည်။ မောင်မောင်ဦး၏ ကျီစယ်သည့်ဒဏ်ကို မခင်အေ
အတော်ခံရသည်။

အဲဒီလိုအခါတွေမှာ မောင်မောင်ဦးဆီကရသည့် ရေမွှေ
သည် ဟိုညတွေက ဟိုလူ့ဆီကရသည့် ရေမွှေးနံ့နှင့်တူနေသ
သို့သော် ဟိုနေ့ညတွေမှာ မိမိဆီကိုလာသည့်လူသည် မောင်
မောင်မောင်ဦး မဟုတ်တာသေချာသည့်အတွက် သံသယမ



မှုပျောက်ထားလိုက်သည်။ လူပျိုစိတ်ပေါက်ပြီး ရေမွှေးဆွတ်
သည့် မောင်မောင်ဦးကိုတော့ နောက်ပြောင်လိုက်သည်။

" မောင်လေး နင် ရေမွှေးဆွတ်တယ်မဟုတ်လား "

" ဆွတ်တယ် "

" အဲဒါ လူပျိုလုပ်ချင်တာ မိန်းမလိုချင်တာ "

" ဟင် မလုပ်ချင်ပါဘူး၊ မလိုချင်ပါဘူး "

" ဒါဆိုလျှင် ဘာကြောင့်ရေမွှေးဆွတ်တာလဲ "

" မေမေတို့ အိပ်ခန်းထဲက မှန်တင်ခုံပေါ်မှာ တွေ့လို့
ကောက်ဆွတ်လာခဲ့တာ "

မောင်မောင်ဦးသည် လူပျိုလေးဖြစ်နေသော်လည်း သူ့
အဖေနှင့်အမေအိပ်သည့် အိပ်ခန်းထဲကို ခွင့်မတောင်းဘဲဝင်
သည်။ သူ့အဖေ နှင့် အမေသုံးသည့် ခေါင်းလိမ်းဆီ၊ ရေမွှေး၊
ပေါင်ဒါတွေကို ယူသုံးသည်။ မခင်အေး၏ အလှပြင်ပစ္စည်းတွေ
ကိုလည်း ယူသုံးချင်သုံးသည်။ အဖော်မဲ့နေသည့် ကလေးဖြစ်
သည့်အပြင် တစ်ဦးတည်းသောသားဖြစ်လို့ အားလုံးက အလို
လိုက်ထားသည်။ သူ့အဖေနှင့်အမေဆီမှာ ပူဆာလို့မရသည့်
အရာ၊ တောင်းလို့မရသည့်ပစ္စည်းကို သူ့ဘကြီး (ဦးကြီး) ကိုကို
ခင်မောင်ကြီးကို ပူဆာလိုက်လျှင် ကိုကိုက ဝယ်ပေးတော့သည်။
ဒီလိုဖြင့် ဘာမဆို လိုချင်တာရနေသော လူပျိုပေါက်ကလေး
ဖြစ်သည်။ မခင်အေးဆီမှာရှိသည့် ပစ္စည်းကိုတော့ သူလိုချင်လျှင်
တောင်းမနေတော့ဘဲ ဆွဲယူသွားတော့သည်။

မခင်အေးသည် သူ့ဆီကို နှစ်ခါလာဖူးသူကို မျှော်နေမိသည်။ ညညတွေမှာ သတိဖြင့်အိပ်သည်။ ဒီတစ်ခါလာလျှင် သူဘယ်သူဘယ်ဝါဆိုတာ သေချာပေါက်သိအောင်လုပ်မည်။

မီးဖွင့်ကြည့်လို့ကတော့ အဆင်မပြေ၊ မိမိတို့ သားအမိနေသည့် အိမ်ကလေးမှာ မီးလုံးတစ်လုံးသာရှိသည်။ မီးဖွင့်နိုင်လျှင်တော့ မီးလုံးသည် ဝပ်တစ်ရာအားမီးလုံးဖြစ်လို့ အိမ်ခန်းကလေးတစ်ခုလုံး လင်းပါသည်။ သို့သော် တစ်လုံးတည်းသောမီးလုံးအတွက် တစ်ခုတည်းသောမီးခလုတ်သည် ဒေါ်အေးတင်အိပ်သည့် အိမ်ရှေ့ခန်းက အတက်အဆင်းအပေါက်နားမှာ ရှိသည်။ မီးဖွင့်မလို့ မီးခလုတ်ရှိရာကို သွားနေစဉ်မှာပင် ဟိုလူက ဆင်းပြေးသွားနိုင်သည်။ သီရိရတနာခြံဝင်းကြီးကလည်း ကျယ်သည့်အပြင် မပြုမပြင်ဘဲထားသည့်အတွက် ကိုင်းပင်၊ ပေါင်းပင်တွေ တောထအောင်ပေါက်နေသည်။ အိမ်ကြီးနှင့် မခင်အေးတို့နေသည့် အိမ်ကလေးကို ကူးသန်းသွားလာသည့် လမ်းသည်ပင် လူတစ်ရပ်ခန့်မြင့်သည့် ကိုင်းပင်ရှည်မြက်ပင် ရှည်တွေ လမ်းဘေးဝဲယာမှာ ပေါက်နေကြပြီဖြစ်လို့ လူတစ်ယောက် လမ်းပေါ်လျှောက်သွားလျှင် ပျောက်ကွယ်သွားနိုင်သည်။

အဲဒီတော့ နောက်တစ်ခါ ဟိုလူလာလျှင် မျက်နှာကိုမြင်ရအောင် လက်နှိပ်ဓာတ်မီးဖြင့်ထိုးကြည့်မည်။ ဘဘကြီး သုံးခဲ့သည့် သုံးထောင့်ထိုးလက်နှိပ်ဓာတ်မီးအဟောင်းကို အိမ်ကြီးပေါ်ကယူလာပြီး ဓာတ်ခဲထည့်ထားလိုက်သည်။ လက်နှိပ်ဓာတ်မီးကို အိပ်ရာဘေးက ခေါင်းအုံးအနီးမှာ အသင့်ဆောင်ထားသည်။



ဒီတစ်ခါလာလို့ကတော့ ကာမသူခိုး ဘယ်သူဘယ်ဝါဆိုတာကို သိရအောင် အမိဖမ်းမည်။ ကိုကိုခင်မောင်ကြီးဖြစ်ပါစေလို့ စိတ်ထဲက မသိမသာ ဆုတောင်းလိုက်သေးသည်။ ကိုကိုသာဆိုလျှင် မလွှတ်တမ်းအမိဖမ်းထားမည်။ အမေ့ကို သက်သေတည်ပြီး မိမိကို လက်ထပ်ယူအောင် ငိုယိုတောင်းဆိုမည်ဟု ရည်ရွယ်ထားသည်။

မခင်အေးသည် မိမိကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံနှစ်ခုကို ပြန်လည်သုံးသပ်မိသည်။ ပထမတစ်ကြိမ်သည် အစပိုင်းမှာ အိမ်မက်လိုလို၊ တကယ်လိုလိုဖြင့် စခဲ့သည်။ အိမ်မက်က နိုးလာပြီး တကယ်ဖြစ်နေတာပါလားလို့ သိလိုက်သည့်အချိန်မှာ မိမိသည် အစော်ကားခံလိုက်ရပြီဖြစ်သည်။

အမှန်တကယ်ခက်နေတာကတော့ သူဟာ ဘယ်သူဘယ်ဝါဆိုတာကို မသိရခြင်းပင်ဖြစ်သည်။ ကိုကိုခင်မောင်ကြီးထင်လို့ ကိုကိုလားလို့မေးတော့ သူက ခေါင်းညိတ်ပြတာကိုယုံလိုက်မိသည်။ ကိုကိုဖြစ်ပါစေလို့လည်း စိတ်ကဆုတောင်းနေမိသည်။ ဒါပေမဲ့ သူကုန်းထပြီးထွက်သွားတော့ သူ့လုံချည်ကိုလှမ်းဆွဲလိုက်သေးသည်။ သူက လုံချည်ကိုဆွဲဆောင့်ပြီး ရုန်းထွက်ပြေးဆင်းသွားသည်။

စဉ်းစားမိတာတစ်ခုရှိသည်။ ကိုကိုသည် အင်္ဂလန်ကပြန်ရောက်လာပြီးကတည်းက လုံချည်ဝတ်လေ့မရှိ ဘယ်အချိန်ကြည့်လိုက်ကြည့်လိုက် ဘောင်းဘီဝတ်ထားတာသာတွေ့ရသည်။ ညအိပ်တာတောင် ဘောင်းဘီဝတ်ပြီး အိပ်သည်ဟုသိရသည်။ ကိုကို

မှာ ဘောင်းဘီအရောင်စုံ အထည်နှစ်ဆယ်လောက်ရှိသည်။ မိမိတို့သားအမိ လျှော်ပေးဖူးတာတောင် အရောင်ဆယ်မျိုးလောက် မှတ်မိနေသည်။

နောက်တစ်ခု စဉ်းစားစရာရှိသေးသည်။ ဟိုလူဆီက ရသည့်ကိုယ်သင်းနံ့သည် ကိုကို့ဆီကရသည့်အနံ့နှင့် မတူခြင်း ဖြစ်သည်။ ဒါဆိုလျှင် ဒီလူဟာ ကိုကို မဟုတ်ဘဲ တစ်ခြားလူ တစ်ယောက်များဖြစ်နေသလား၊ မစဉ်းစားတက်အောင် ဖြစ်နေသည်။ မခင်အေး ခေါင်းရှုပ်လာလို့ မေ့ထားလိုက်တော့သည်။

၀

( ၂၀ )

မခင်အေး၏ဘဝသည် ပျင်းစရာကောင်းနေသည်။ ဆယ်တန်းမအောင်လို့ ကျောင်းဆက်မနေတော့ဘဲ မိဘလက်ငုတ်လုပ်ငန်းဖြစ်သည့် အိမ်ဖော်၊ အိမ်စေအလုပ်ကိုလုပ်ရင်း အသက်ရှင်နေရသည်။ အသက်တစ်ဆယ့်ရှစ်နှစ်ပြည့်ပြီဖြစ်လို့ အပျိုဖြစ်နေပြီ။ ဘာဆက်လုပ်မလဲ။ ဒီလိုပဲ တစ်သက်လုံး အိမ်ဖော်၊ အိမ်စေဘဝနဲ့ သူများအိမ်နောက်ဖေးမှာ အိမ်ငယ်လေးနဲ့ သေသည်အထိနေသွားမလား၊ ဒီလိုနေတာ အနေချောင်တယ်၊ အစားချောင်တယ်ဆိုပြီး ဒီအတိုင်းပဲ နေသွားမယ်လို့ ဆုံးဖြတ် မည်ဆိုလျှင် အတော်ညံ့ဖျင်းသည့် ဆုံးဖြတ်ချက်ဖြစ်သည်။

မခင်အေး၏အမေသည် အသက်ကြီးလာသည့်အပြင် ကျန်းမာရေးကလည်း မကောင်းတော့သည့်အတွက် ဒီမိသားစု

ကိုခွဲခွာပြီး ဒီခြံကြီးထဲကထွက်ဖို့ စဉ်းတောင်မစဉ်းစားဟု ယူဆရသည်။ ဒီခြံထဲမှာနေပြီး ဒီမိသားစုလက်ထဲမှာပဲ နေမည်လို့ ဆုံးဖြတ်ထားပြီး ဖြစ်ပေလိမ့်မည်။

ဒါဆိုလျှင် အမေသေသွားပါက၊ မခင်အေး ဘာလုပ်မလဲ၊ အမေရဲ့ရာထူးကို ဆက်ခံသည့်အနေဖြင့် သီရိရတနာမိသားစုရဲ့ အိမ်တော်ပါကျွန်အဖြစ်နဲ့ အိမ်ဖော်အိမ်စေပဲ ဆက်လုပ်နေမလား။ မမလေးက မိမိကို သင့်ရာတော်ရာနဲ့ အိမ်ထောင်ချပေးပြီး မိသားစုဝင်အဖြစ်နဲ့ လက်ခံထားမလား။ အနာဂတ်မှာ ဘာတွေဖြစ်လာမလဲ မစဉ်းစားတတ်အောင်ဖြစ်နေသည်။

မခင်အေး၏စိတ်တွေ နောက်ကျိရှုပ်ထွေးနေစဉ်မှာ ပြဿနာတစ်ခု ထပ်တိုးလာသည်။ ဒီရက်တွေမှာ လစဉ်ပေါ်နေကျ ဓမ္မတာ မပေါ်ခြင်းဖြစ်သည်။ သုံးလေးရက် ဆက်စောင့်ကြည့်သည်။ ဘာမှထူးခြားမလာ။ တစ်ပတ်ဆယ်ရက်ခန့် လွန်လာသည်အထိ လုံးဝ ပေါ်မလာသည့်အပြင် ဟိုရက်တွေက မျက်နှာသစ်စဉ်မှာ အော့ချင်သလိုလို၊ အံချင်သလိုလို ဖြစ်ခဲ့သေးတာကို သတိရလာသည်။ ကိုယ်ဝန်များ ရှိနေပြီလားလို့ စိုးရိမ်သွားသည်။

တစ်ခုတော့ရှိသည်။ မခင်အေးသည် ဓမ္မတာမမှန်သော မိန်းကလေးဖြစ်သည်။ အသက် ၁၅ နှစ်အရွယ်လောက်မှာစပြီး ဓမ္မတာပေါ်သည်။ အဲဒီတုန်းက အမေ့ကို ပြောပြတော့ အမေကလည်း ညည်းအပျိုဖြစ်ပြီ သတိထားတဲ့၊ ဘာကိုသတိထားရမှာလဲ၊ အမေက ဘာမှဆက်မပြောသည့်အတွက် ဘာကိုသတိထားရမှန်းမသိဖြစ်ခဲ့ရသည်။ ဒါပေမဲ့ လစဉ် ဒီရက်ကိုရောက်ပြီဆိုလျှင်



အညစ်အကြေး၊ အပေအရေ၊ အစွန်းအထင်း မဖြစ်အောင် ဘယ်လိုလုပ်ရမည်ဆိုတာကို အမေက သင်ပေးခဲ့သည်။

ကိုယ့်ဟာကိုယ် လုပ်တတ်သွားသည့်အခါမှာတော့ အမေ့ကို အသိမပေးတော့ဘဲ ကိုယ့်ဟာကိုယ်လုပ်ခဲ့သည်။ ဒါပေမဲ့ တစ်ခါတစ်လေ နောက်ကျသည်။ တစ်ခါတစ်လေ လုံးဝ မလာဘဲ နောက်လထဲကို ကူးသွားသည်။ ဒီအကြောင်းကို အမေ့ကို ပြောပြသည်။

" မိန်းမဓမ္မတာဆိုတာ စိတ်နဲ့လည်းဆိုင်တယ် သမီးရဲ့၊ စိတ်ရယ်၊ ဥတုရယ်၊ အာဟာရရယ်ကြောင့် ဓမ္မတာပေါ်ခြင်း၊ ငုတ်ခြင်းဖြစ်တတ်တယ်၊ စိတ်ညစ်နေလျှင် ကြောက်စိတ်ဖြစ်ပေါ်နေလျှင် ဓမ္မတာမပေါ်ဘဲ ငုတ်နေတတ်တယ်။ ရာသီဥတု အေးလွန်းလျှင်လည်းမပေါ်ဘူး၊ ချဉ်၊ ဖန်၊ စပ်၊ ခါး အစားအစာတွေကို စားလွန်းလျှင်လည်း ဓမ္မတာထိန်ငုတ်နေတတ်တယ် "

ယခုလည်း လစဉ်ပေါ်နေကျရက်တွေမှာ မပေါ်တာဟာ အဲဒီအကြောင်းတွေထဲက တစ်ခုခုကြောင့်ဖြစ်နိုင်သည်။ ကိုယ်ဝန်ရှိတာမဟုတ်ဘဲ အဲဒီအကြောင်းတွေကြောင့်ပဲဖြစ်ပါစေလို့ ဆုတောင်းနေမိသည်။

ဒါပေမဲ့ မခင်အေး၏ဆုတောင်း မပြည့်သည့်လက္ခဏာ ပြလာသည်။ သုံးလအထိဆက်တိုက် ဓမ္မတာမပေါ်သောအခါ စိုးရိမ်လာပြီး အမေ့ကို ဖွင့်ပြောရတော့သည်။

" အမေ သမီး ဓမ္မတာမလာတာ သုံးလရှိပြီ "

" ညည်း ဘာတွေစားသလဲမှမသိတာ၊ သွေးဆေးလျက်ကြည့်ပါဦး "

ဒေါ်အေးတင်က ရှိုးရှိုးတွေးပြီး ပေါ့ပေါ့ပြောသည်။ မခင်အေးကတော့ အကြောင်းကြောင့်အကျိုးဖြစ်နေပြီထင်ပြီး အမေကို ဖွင့်ပြောတိုင်ပင်ရန် ဆုံးဖြတ်လိုက်သည်။

" အမေ့ကိုပြောစရာရှိတယ် "

" ဘာပြောမလို့လဲ "

" အမေစိတ်ထိခိုက်မှာစိုးလို့ သမီး မပြောဘဲထားတာ "

" ဘာအကြောင်းလဲ "

" သမီး၊ မီးယပ်မပေါ်တဲ့အကြောင်း ပြောမလို့ "

" ညည်းပြောပြီးပြီပဲ "

" ဘာကြောင့်မီးယပ်မလာတာလဲဆိုတာ ပြောမလို့ "

" အဲဒါက ငါပြောပြီးပြီပဲ စိတ်ကြောင့်၊ ရာသီဥတုကြောင့် အစားအသောက်ကြောင့်၊ တစ်ခုခုကြောင့်ဖြစ်မယ်လို့ "

မခင်အေးသည် မိမိပြောချင်သည့်အကြောင်းကို ဖွင့်ပြော ရတော့မည်ဆိုသည့်အခါ နှုတ်လေး၊ လျှာလေး၊ ရင်လေးဖြစ်နေ သည်။ ဖွင့်ပြောလိုက်လျှင် အမေ ဒေါသဖြစ်ပြီး မိမိကို ထရိုက် လေမလား၊ စိတ်ထိခိုက်ပြီး သတိလစ်သွားလေမလား စဉ်းစားမိပြီး ပြောရမှာ ရင်လေးနေသည်။ ပြောမထွက်ဖြစ်နေ သည်။ ဒါပေမဲ့ မပြောလျှင်မဖြစ်လို့ ပြောရတော့မည်ဖြစ်သည်။

" တစ်ခြားအကြောင်းတစ်ခုကြောင့်လည်း ဖြစ်နိုင်တယ် အမေ "

" ဘာအကြောင်းလဲ "

" သမီးမှာ ကိုယ်ဝန်ရှိနေလားမသိဘူး "



" ဟယ်. . . မဟုတ်ကဟုတ်က၊ ကြံကြီးစီယာ မဟုတ်တာ လျှောက်ပြောနေတယ် "

" ဖြစ်နိုင်လို့ သမီး ပြောတာပါအမေ "

" ဟဲ့ . . . ဘာကြောင့်ဖြစ်နိုင်ရမှာလဲ၊ ညည်း ဘယ်သူနဲ့ ဘာဖြစ်ဖူးလို့လဲ "

မခင်အေးသည် သူ့အမေ ဒေါ်အေးတင်၏ မျက်နှာကို မကြည့်ရဲလို့ ခေါင်းငုံ့ထားသည်။ ဒေါ်အေးတင်က သူ့ကို စူးစူး ရဲရဲကြည့်ပြီး မေးနေတယ်ဆိုတာကို မော်မကြည့်ဘဲသိနေသည်။ အရဲစွန့်ပြီး ပြောလိုက်တော့သည်။

" အမေ သမီး နှစ်. . . နှစ်ခါဖြစ်ဖူးတယ် "

" ဟင် . . . ဘာဖြစ်ဖူးတာလဲ "

" ယောကျ်ားနဲ့ ဆက်ဆံဖူးတယ် "

မခင်အေးသည် မဖွယ်မရာကိစ္စကို တိုးတိုးပြောချင်ပါသော် လည်း နားလေးလို့ နည်းနည်းအော်ပြောမှကြားသည့် သူ့အမေ ဒေါ်အေးတင်ကို စကားပြောရတာ အတော်ခက်နေသည်။ ပြော ရမည့်အကြောင်းကလည်း အတော်အသေးစိပ်ပြီး လက်ဝင်မည် ဖြစ်သည်။

" ဟင်. . . ဘယ်ကယောကျ်ားနဲ့လဲ "

" သမီး မသိဘူး အမေ "

မခင်အေးက ခေါင်းခါပြီးပြောသည်။ ဒေါ်အေးတင်သည် ခာတ်ပူးထဲက ပန်းကန်ထဲကို ငှဲ့ထည့်နေသည့် ရေနွေးကြမ်း ပန်းကန်လွတ်ကျပြီး မှောက်သွားသည်အထိ တုန်လှုပ်သွားသည်။ မခင်အေးကို မယုံနိုင်သည့်အကြည့်ဖြင့် ကြည့်နေသည်။

မခင်အေးသည် အဖြစ်အပျက် အကြောင်းစုံကို အစအဆုံး
ပြောပြလိုက်သည်။ ဒီလူဟာ ဘယ်သူဆိုတာ တကယ်မသိ
ကြောင်း။ ဒီခြံထဲမှာရှိသည့် ယောကျ်ားသုံးယောက်အနက်
မောင်လေးမောင်မောင်ဦးမဟုတ်၊ ကိုတင်နွယ်လည်း မဖြစ်နိုင်
ကိုကိုခင်မောင်ကြီးလို့ ထင်ခဲ့မိကြောင်း။ သို့သော် ကိုကိုပါ
ပြောရမှာလည်း ခက်နေကြောင်း နောက်ဆုံးတော့ ဘယ်သူမှ
မသိလို့ပဲ ပြောရမည်ဖြစ်ကြောင်း အသေးစိပ်ပြောပြလိုက်သည်။

ဒေါ်အေးတင်သည် ထိပ်ထိပ်ပြာပြာဖြစ်သွားပြီး မခင်အေး
ကို သေသေချာချာကြည့်သည်။ မျက်စိမှုန်သည့်အတွက်
မခင်အေး၏မျက်နှာကို အနီးကပ်ကြည့်သည်။ မခင်အေး၏
စပ်ခြောက်နေသည်။ မျက်ကွင်းညိုနေသည်။ နားထင် အနည်း
ငယ် ချိုင့်နေသည်။ အပြင်ဘန်းလက္ခဏာကတော့ ကိုယ်ဝန်
နေသည့် လက္ခဏာဖြစ်နေသည်။

ဒေါ်အေးတင်သည် အိမ်ရှေ့က သူထိုင်နေကျနေရာ
ထပြီး မခင်အေးကို ဆွဲခေါ်လာသည်။ အတွင်းခန်းက မခင်အေး
၏ အိပ်ရာမှာ မခင်အေးကို ပက်လက်လှန်ပြီးအိပ်စေသည်။
မခင်အေး၏ ထမီကိုဖြေလျှော့လိုက်ပြီး မခင်အေး၏ဝမ်းဗိုက်
ဆီးစပ်ကို နှိပ်စမ်းသည်။ ဒေါ်အေးတင်သည် တောရွာ
နေခဲ့စဉ်က အရပ်လက်သည် ဝမ်းဆွဲဆရာမ လုပ်ခဲ့ဖူးသည်
မခင်အေး ကြားဖူးနေသည်။

ဒေါ်အေးတင်သည် မခင်အေး၏ ဝမ်းဗိုက်ကိုနှိပ်စမ်းလိုက်
ရာ မျက်လုံးပြူးသွားလေတော့သည်။ မခင်အေး၏ဆီးစပ်
အထက်နားမှာ တင်းနစ်ဘောလုံးအရွယ်လောက် အလုံးတစ်လုံး



ကို စမ်းသပ်တွေ့ရှိရလေတော့သည်။ မခင်အေး၏ လျှော့ထား
သောထမီကို ပြန်ဖုံးပေးပြီးပြောသည်။

" ဘုရား ဘုရား၊ နင့်ဗိုက်ထဲကကလေးဟာ သုံးလလောက်
တောင် ရှိနေပါရောလား "

ဒေါ်အေးတင် ဖင်ထိုင်ကျသွားသလို မခင်အေးလည်း
လန့်ဖျတ်ပြီး ငေါက်ကနဲ ထထိုင်မိလျက်သား ဖြစ်သွားသည်။
ဒေါ်အေးတင်သည် သမီးမိုက်၏မျက်နှာကို ကြည့်ပြီးပြောသည်။

" ဖြစ်မှဖြစ်ရလေ သမီးရယ် ဒါ ဘယ်သူ့ကလေးဆိုတာ
ညည်း တကယ်မသိဘူးလား "

မခင်အေးသည် သူ့အမေ ဒေါ်အေးတင်၏ ရင်ခွင်မှာ
မျက်နှာအပ်ပြီး အားရအောင် ငိုပစ်လိုက်သည်။ ခေါင်းခါပြီး
ပြောလိုက်သည်။

" သမီး တကယ်မသိဘူး အမေ၊ သမီး အိပ်ပျော်နေတုန်း
ညမှောင်ထဲမှာ ရောက်ရောက်လာပြီး ဆက်ဆံသွားတာ "

" ညည်းဆီကို နှစ်ခါတောင်လာပြီး ဆက်ဆံတဲ့လူကို ဘယ်
သူဘယ်ဝါ မသိဘူးဆိုတာ ဟုတ်ပါ့မလား "

" တကယ်မသိပါဘူး အမေ၊ နောက်တစ်ခါလာလျှင်
လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်မလို့ လက်နှိပ်ဓာတ်မီးကို အိပ်ရာ
နားမှာထားပြီး စောင့်နေတာ သူ မလာတော့ဘူး "

" နောက်တစ်ခါ သူလာတာမလာတာ အရေးမကြီးဘူး၊
ညည်းဗိုက်ထဲမှာ ကလေးရှိနေပြီ၊ အဲဒါ ဘယ်လိုလုပ်ကြမလဲ "

မခင်အေးသည် အားရအောင်ငိုပြီးသောအခါ မျက်ရည်
သုတ်လိုက်သည်။ ဖြစ်လာမှတော့ လောကဓံကို ရဲရဲရင်ဆိုင်ပြီး

ဘဝကို တည်ဆောက်မည်ဟုဆုံးဖြတ်လိုက်သည်။

" အမေ၊ သမီး ကိုကိုကို မေးကြည့်ချင်တယ်၊ ကိုကို
ဖြစ်နေမလားလို့ "

" မမေးပါနဲ့ သမီး၊ ကိုကိုခင်မောင်ကြီးပါလို့ တိတိ
သိလျှင်တောင် သူက ဖွင့်မပြောဘဲ ကိုယ်က စွပ်စွဲတဲ့သဘော
ဖြစ်အောင် မေးသလိုဖြစ်မယ်၊ ဒီအိမ်ကြီးက ဘယ်ယော
ကိုမှ မစွပ်စွဲပါနဲ့၊ သံသယလည်းမဖြစ်နဲ့၊ ဒီမိသားစုရဲ့ ဂုဏ်သိ
ဟာ ငါတို့သားအမိကြောင့် မကျစေနဲ့၊ ဒီခြံထဲမှာနေရင်း ည
မှာကိုယ်ဝန်ရှိလာတယ်ဆိုတဲ့သတင်းကို ဒီမိသားစုရော၊ ပတ်
ကျင်ပါ မသိအောင်လုပ်ရမယ်၊ အကောင်းဆုံးနည်းလမ်
တို့သားအမိ ဒီခြံထဲက ထွက်သွားကြတာ အကောင်းဆုံးပဲ "

ဒေါ်အေးတင်၏ စကားကိုကြားတော့ မခင်အေး အံ့
ပြီးငိုင်သွားသည်။ ဒီမိသားစုကို စွန့်ခွာပြီး ဒီခြံကြီးထဲက ထွက်
သွားရမည်ဆိုသောအခါ မခင်အေး အသက်ရှုကြပ်သွားသ
ဘဝပျက်ပြီလို့ သိလိုက်သည်။ မခင်အေးကို ဒီခြံကြီးထဲမှာ မွေ
တာမဟုတ်သော်လည်း မခင်အေး မှတ်မိသည့်အချိန်မှာ ဒီခြံ
အတွင်းမှာ ရောက်နေပြီးဖြစ်သည်။

မခင်အေး သုံးနှစ်၊ လေးနှစ် သမီးအရွယ်လောက်အ
အဖေ၊ အမေအစုံအလင်ဖြင့် ဒီခြံကြီးထဲက မြင်းတင်းကုတ်
ပြုပြင်ထားသည့် အိမ်ကလေးမှာနေခဲ့ကြသည်။

အဖေ ကွယ်လွန်သွားသော်လည်း ဘဘကြီးနှင့်မေမေ
တို့ကဘယ်ကိုမှမသွားနဲ့ဒီမှာပဲဆက်နေကြလို့ ပြောလို့ဒီခြံကြီး
မှာ ဆက်လက်နေထိုင်လာခဲ့ကြတာ ယနေ့အထိဆိုလျှင် မိမိ

သက် ၁၈ နှစ်တောင်ရှိပြီဖြစ်သည်။ နေဖို့လည်းမပူရ၊ စားဖို့
ည်းမပူရ၊ ဝတ်ဖို့လည်းမပူခဲ့ရသည့်ဘဝဖြင့် မိမိ၏တစ်သက်
ခဲ့သည့်နေရာမှ ထွက်ခွာတော့မည်ဟုဆိုသည်။

" ဒီမိသားစုရဲ့ ကျေးဇူးကိုဆပ်ဖို့အတွက် ဒီခြံထဲကထွက်
သွားတာ အကောင်းဆုံးကျေးဇူးဆပ်နည်းပဲသမီး၊ အမေတို့
တ်သွားကြမယ် "

" သမီးတို့ ဘယ်ကိုသွားကြမလဲ အမေရယ် "

မခင်အေးက ငိုပြီးမေးသည်။ ဒေါ်အေးတင်ကလည်း
ယ်ကိုသွားရမည်ဆိုတာကို သိသေးဟန်မတူ၊ ဒီခြံထဲက အမြန်
း ထွက်သွားဖို့ကိုသာပြောသည်။

" ဘယ်ကိုသွားပြီး ဘာလုပ်မယ်ဆိုတာ နောက်မှစဉ်းစား
ယ်သမီး၊ နင့်မှာ ဒီခြံထဲမှာနေရင်း ကိုယ်ဝန်ရှိလာတယ်ဆိုတာ
ဲ ဒီမိသားစုရော၊ ပတ်ဝန်းကျင်ကပါ မသိခင် တို့သားအမိ ဒီခြံ
ထဲက အမြန်ဆုံးထွက်သွားရမယ် "

မခင်အေးသည် မိခင်ဒေါ်အေးတင်ကို ဖက်ပြီးရှိုက်ရှိုက်ငို
လိုက်မိသည်။ မိမိကြောင့် အသက်ကြီးပြီး ကျန်းမာရေးမကောင်း
သည့် အမေပါ ဒုက္ခရောက်တော့မည်လို့တွေးမိပြီး ဝမ်းနည်းပမ်း
နည်းဖြစ်နေသည်။ ဖြစ်လာသည့်ကိစ္စသည် မိမိက လော်မာဆတ်
တော့လို့ ဖြစ်လာရသည့် ကိစ္စမဟုတ်၊ လုံခြုံဘေးကင်းတယ်လို့
ထင်ထားခဲ့သည့် ဒီခြံကြီးထဲက ဘယ်ကိုမှမသွားဘဲ ဒီခြံထဲမှာ
ဖြစ်ခဲ့ရသည့် ကိစ္စဖြစ်သည်။ မိမိတို့သားအမိ ဒုက္ခရောက်မည့်
အကုသိုလ်ဝင်ချိန် ရောက်လာလို့ဖြစ်ရတာလို့ပဲ သဘောထား
လိုက်တော့သည်။

မခင်အေးသည် မိမိတစ်သက်နေလာခဲ့သည့် သီရိရတနာ ခြံကြီးထဲက အပြီးအပိုင်ထွက်ခွာသွားတော့မည်ဆိုသည့်အခါ ဝမ်း နည်းလာသည်။ ဒီနေရာနှင့် ဒီအိမ်ကလေးကို မခွဲချင်ဖြစ်နေ သည်။ မောင်လေးမောင်မောင်ဦးကို သံယောဇဉ်ဖြစ်နေသည်။ သီရိရတနာမိသားစုအားလုံးသည် မိမိတို့သားအမိကို အိမ်ဖော် အိမ်စေလိုသဘောမထားဘဲ မိသားစုလို သဘောထားဆက်ဆံ ခဲ့ကြသဖြင့် စိတ်ချမ်းသာခဲ့သည်။

မိမိတို့သားအမိ၏ ဘဝအာမခံချက်ရှိလို့ အေးချမ်းနေခဲ့ သည်။ မိမိ၏ဘဝ လုံခြုံစိတ်ချရလို့ ပျော်နေခဲ့သည်။ အခုတော့ ဒီခြံကြီးထဲမှာနေရင်း ဘယ်သူနဲ့ရမှန်းမသိရသည့် ကိုယ်ဝန်ကြောင့် ဒီခြံကြီးထဲက ထွက်သွားရတော့မည်ဖြစ်သည်။ မခင်အေး ငိုမိ ပြန်သည်။

ဒီခြံကြီးထဲမှာ ဆက်လက်နေထိုင်လို့ရနိုင်သည့်နည်းကို စဉ်း စားသည်။ ဒီခြံကြီးထဲကထွက်ပြီး ဒီမိသားစုကိုခွဲခွာသွားမည်ဆို တာ ဒီကိုယ်ဝန်ကြောင့်သာဖြစ်သည်။ ဒီကိုယ်ဝန်မရှိလျှင် ကိစ္စ ပြီးပြီဖြစ်သည်။ ဒီကိုယ်ဝန်ကိုဖျက်ဆီးပစ်ဖို့စဉ်းစားသည်။ အမေ နှင့် တိုင်ပင်ကြည့်သည်။

" အမေ သမီးတစ်ခုစဉ်းစားမိတယ် "

" ဘာကိုလဲ "

" ဒီကိုယ်ဝန်ကို ဖျက်ဆီးပစ်လို့ရမလား "

" မရဘူး ညည်းကိုယ်ဝန်ဟာ အတော်ရင့်နေပြီ ဖျက်ဆီး လျှင် ညည်း အသက်ပါ ပါသွားနိုင်တယ်၊ ဖျက်ဆီးလို့ရလည်း မဖျက်ဆီးရဘူး၊ ငါ သဘောမတူဘူး၊ ညည်းနဲ့ ဘဝအဆက် ဆက်က ရေစက်ပါလို့ သားသမီးနှင့် မိဘ လာဖြစ်ရမဲ့ အပြစ်မဲ့တဲ့ ကလေးကို ဘာကြောင့်သတ်ပစ်ရမှာလဲ၊ ငါ လုံးဝ သဘော မတူဘူး၊ ညည်း သတ္တိမွေးစမ်းပါ အေ၊ ဒီကလေးကို ရှင်အောင် မွေးမယ်၊ တို့သားအမိ ဘဝကိုရဲရဲ ရင်ဆိုင်မယ်၊ သီရိရတနာ မိသားစုရဲ့ ဂုဏ်သိက္ခာကျဆင်းစေမဲ့ ကိစ္စကလွဲပြီး ကျန်တာကို ငါ ဂရုမစိုက်ဘူး၊ ဒီနေရာက အမြန်ဆုံးထွက်သွားပြီး တစ်နေ ရာမှာ ကလေးကို သွားမွေးမယ် "

" ဒီကလေးမှာ အဖေမှမရှိဘဲ "

" အဖေမရှိဘဲ ကလေးဖြစ်လာမလားဟဲ့၊ ဒီကလေးမှာ အဖေရှိတယ်၊ ညည်း နုံအလို့ ဒီကလေးရဲ့ အဖေဟာ ဘယ်သူ မှန်းမသိ ဖြစ်ရတာပါအေ "

မခင်အေး အထိတ်တလန့်ဖြစ်သွားသည်။ ဟုတ်ပေသား ပဲဟုတွေးမိသည်။ ဒီကလေးမှာ အဖေရှိသည်။ မိမိ ရိုးလို့၊ အလို့ ညံ့လို့ ဒီကလေးရဲ့အဖေ ဘယ်သူမှန်းမသိဖြစ်ခဲ့ရတာဖြစ်သည်။ အပြစ်မရှိတဲ့မိမိ၏ရင်သွေးလေးကို ဘာကြောင့် ဖျက်ဆီးပစ်ရ မလဲ၊ ဘာကြောင့် သတ်ပစ်ရမှာလဲ၊ ဘာကြောင့် အသက်ရှင်သန် ခွင့် မပေးနိုင်ရမှာလဲ၊ ဒီကလေးမှာ ဘာအပြစ်မှမရှိ၊ မိမိသတ္တိ ညံ့ပြီး သူ့ရဲဘောကြောင်နေခြင်းသာဖြစ်သည်။ မွေးမည်။ ဒီရင်သွေးလေးကို ရှင်အောင်မွေးမည်ဟု ဆုံးဖြတ်လိုက်သည်။

○

## ( ၂၀ )

ဒီနေ့ သားအမိနှစ်ယောက်လုံး အိပ်ရာကစောစောထကြ သည်။ ကိုတင်နွယ်နှင့် မမလေးတို့ ဈေးမသွားမီ နှုတ်ဆက် သွားချင်လို့ စောစော အိပ်ရာက ထကြခြင်း ဖြစ်သည်။ ဒေါ်အေးတင်သည် သူပိုင်အဝတ်အစားအနည်းငယ်ကို စောင် ခြင်ထောင်၊ ခေါင်းအုံးတွေနှင့်အတူ ပတ်ထုတ်ထားသည်။ ဓာတ်ဗူး၊ ပန်းကန် ခွက်ယောက်နှင့် ဆေးပုလင်းတွေကို ဆွဲခြင်း တစ်လုံးထဲမှာ ထိုးသိပ်ထည့်ထားသည်။ အိမ်ကြီးပေါ်က အလုပ် သွားကြမည့်သူတွေနှင့် ကျောင်းသွားမည့်ကျောင်းသားအတွက် ထမင်းဗူးတွေ သွားထည့်လိုက်သေးသည်။

မခင်အေးသည် တကယ်ထွက်ခွာသွားကြတော့မည်ဆို တော့ မျက်ရည်တွေကျလာသည်။ မျက်ရည်သုတ်ရင်း အထုပ် ပြင်သည်။ မိမိပိုင်ပစ္စည်းကလည်း များများစားစား ဘာမှမရှိ



သည့်အတွက် တစ်လွယ်တစ်ဆွဲသာပါသည်။ မမလေးရဲ့ ကိုယ်ပေါ်ကကျသည့် ထမီ အင်္ကျီတွေကို ဝတ်နေရသဖြင့် တစ်ထည်ကုန်မှ တစ်ထည်ရခဲ့သလို ဖြစ်နေခဲ့သည်။ များများ စားစားမရှိသည့်အတွက် အဝတ်အစားတွေနှင့်အတူ အလှပြင် ပစ္စည်းတွေကို လွယ်အိပ်ထဲထည့်လွယ်မည်။ စောင်၊ ခြင်ထောင် နှင့် ခေါင်းအုံးကို ပါအောင်ယူသည်။ ကျန်တာ တိုလီမိုလီနှင့် ကျောင်းစာအုပ်တွေကိုတော့ ထားပစ်ခဲ့တော့မည်။

နံနက် ၆ နာရီတွင် သားအမိနှစ်ယောက်လုံး အိမ်ကြီးပေါ် ကိုသွားကြသည်။ ကိုတင်နွယ်နှင့် မမလေးတို့ ဈေးသွားခါနီးမှာ ခဏထိုင်ခိုင်းပြီး ခွင့်တောင်းလိုက်သည်။

“ မောင်တင်နွယ်နဲ့သီရိတို့ ခဏထိုင်ကြပါဦး၊ ဒေါ်လေးတင် ပြောစရာရှိလို့ ”

ကိုတင်နွယ်နှင့် သီရိခင်တို့သည် အံ့ဩသည့်အမူအရာဖြင့် ဒေါ်အေးတင်ကိုကြည့်ပြီး ဆိုဖာပေါ်မှာ အသီးသီးထိုင်လိုက် ကြသည်။ ဘာများပါလိမ့်ဆိုတဲ့အမူအရာတွေဖြင့် ကြည့်နေကြ သည်။ ဒေါ်အေးတင်က နီးရာဆိုဖာတစ်လုံးပေါ်မှာထိုင်သည်။ မခင်အေးက ကြမ်းခင်းမှာမယ်ကျုံ့ထိုင်ပြီး ခေါင်းငုံ့ထားသည်။ ဒေါ်အေးတင်က လည်ချောင်းရှင်းလိုက်သည်။ တကယ်တမ်း ပြောရတော့မယ်ဆိုတော့ လည်ပင်းမှာတစ်ဆို့ကြီးဖြစ်ပြီး ပြော မထွက်ဖြစ်နေလို့ လည်ချောင်းရှင်းလိုက်ရတာဖြစ်သည်။

“ မောင်တင်နွယ်ကိုရော၊ သီရိကိုပါ ဒေါ်လေးတင်တို့ သားအမိ နှုတ်ဆက်ဖို့လာတာပါ၊ ဒေါ်လေးတို့သားအမိ ဒီမှာ

မနေကြတော့ဘဲ ရွာကိုပြန်တော့မယ် ရွာမှာပဲဖြစ်သလို လုပ်ကိုင်စားကြတော့မယ်လို့၊ အဲဒါ သားနဲ့သမီးကို နှုတ်ဆက်တာပါ ”

ကိုတင်နွယ်ရော သီရိခင်ပါ အံ့ဩပြီးမင်တက်မိသလို ဖြစ်သွားကြသည်။ ပါးစပ်အဟောင်းသားဖြစ်သွားကြသည်။ ကိုယ့်နားကိုကိုယ် မယုံသလိုတောင်ဖြစ်သွားကြသည်။ ဒီသားအမိသည် ဒီအိမ်ကထွက်ပြီး ဘယ်ကိုမှမသွားနိုင်သည့် သားအမိလို့ လျှော့တွက်ထားခဲ့ကြဟန်တူသည်။ အခုတော့ မမျှော်လင့်ဘဲ ရုတ်တရက် ဒီလိုကြားလိုက်ရတော့ တအံ့တဩဖြစ်သွားကြသည်။

ကိုတင်နွယ်က ဘာမှမပြောဘဲ ခေါင်းငုံ့ထားပြီးကြမ်းခင်းကော်ဇောက ပန်းပွင့်တွေကို စိုက်ကြည့်နေသည်။ သီရိခင်ကမျက်နှာကို လက်ဝါးနှစ်ဘက်ဖြင့်အုပ်ထားပြီး စဉ်းစားနေသည်။ မျက်နှာကို လက်ဝါးနှစ်ဘက်ဖြင့်အုပ်ထားလျှက်မှ ခေါင်းငုံ့ချလိုက်သဖြင့် ဝမ်းနည်းပြီး ငိုတာလည်းဖြစ်နိုင်သည်။

သီရိခင် ဝမ်းနည်းမည်ဆိုလျှင်လည်း ဝမ်းနည်းစရာဖြစ်သည်။ သီရိခင် အိမ်ထောင်မကျမီ တက္ကသိုလ်ကျောင်းသူဘဝကတည်းက ဒေါ်အေးတင်၏ ကွယ်လွန်သူခင်ပွန်း ဦးခင်ထွန်းမောင်းသည့် ကားကိုစီးပြီး ကျောင်းတက်ခဲ့တာဖြစ်သည်။ ဦးခင်ထွန်း ကားမှောက်လို့ ကွယ်လွန်သွားသော်လည်း ဒေါ်အေးတင်တို့ သားအမိကို ဘယ်ကိုမှမသွားစေဘဲ မိမိတို့ခြံထဲမှာပဲနေစေခဲ့သည်။

မိပေါက်စ ကျောင်းထားရမည့်အရွယ်ရောက်လာသောအခါ ဖေဖေနှင့်မေမေတို့က ပညာသင်ပေးရမည်ဆိုလို့ သားသားနေသည့် အကောင်းဆုံးကျောင်းမှာ ထားပေးခဲ့သည်။ ဆယ်တန်း



ကျလို့ သူ့သဘောနှင့်သူ ကျောင်းဆက်မတက်ဘဲနေသည်။ ဘာမှပူစရာမလိုအောင်ထားခဲ့သည်။ အသက်နှစ်ဆယ်အရွယ်လောက်ရောက်လျှင် သင့်ရာတော်ရာဖြင့် အိမ်ထောင်ရက်သားချပေးမည်လို့တောင် ရည်ရွယ်ထားခဲ့သည်။ နှစ်ပေါင်းနှစ်ဆယ်လောက် အတူနေခဲ့ကြပြီးမှ ဘာကြောင့်မှန်းမသိဘဲ ရွာပြန်ကြတော့မည်ဆိုလို့ သီရိခင် တအံ့တဩဖြစ်သွားသည်။

“ ဒေါ်လေးတင်တို့သားအမိဘာကြောင့် သီရိတို့နှင့်အတူမနေနိုင်တော့တာလဲဆိုတာ သိချင်ပါတယ်၊ အကြောင်းမဲ့ သက်သက်ထွက်သွားတယ်ဆိုတာ မဖြစ်နိုင်ဘူး ”

“ အကြောင်းမဲ့ သက်သက်တော့မဟုတ်ပါဘူး သီရိရယ်၊ အကြောင်းရှိလို့ပေါ့ကွယ်၊ သမီးကလည်း အရွယ်ရောက်လာပြီမဟုတ်လား၊ ဒီတော့ ရွာပြန်ပြီး သင့်သလို လုပ်ကိုင်စားမယ်လို့ ရည်ရွယ်တာပါ ”

“ ဟင် . . . ဒေါ်လေးတင်၊ ဒါဘာစကားလဲ၊ မိပေါက်စ အရွယ်ရောက်လာလို့ ဒီအိမ်က ယောကျ်ားတွေရဲ့ အန္တရာယ်ကို ကြောက်ရတယ်ဆိုတဲ့သဘောလား ”

“ မဟုတ်ပါဘူး၊ မဟုတ်ပါဘူးသမီးရယ် . . .၊ ဒေါ်လေးပြောချင်တာ အဲဒီအဓိပ္ပာယ်မဟုတ်ပါဘူး၊ သမီးလေးအရွယ်ရောက်လာပြီဆိုတော့ အလုပ်အကိုင် လုပ်နိုင်ကိုင်နိုင်ပြီဖြစ်လို့ ရွာပြန်ပြီးကောက်စိုက်၊ ပျိုးနှုတ်လုပ်ကိုင်နိုင်ပြီလို့ပြောချင်တာပါ၊ ရွာမှာရှိတဲ့ နှစ်ဘက်ဆွေမျိုးတွေနှင့်အတူ ကြုံရာကျရာ လုပ်ကိုင်စားတော့မယ်လို့ ပြောချင်တာပါ ”

" သီရိမှာ မိပေါက်စအတွက် ရည်ရွယ်ချက်တွေရှိပါတယ်၊ သီရိရတနာမိသားစုဝင်အဖြစ်နဲ့ ဆက်လက်နေထိုင်နိုင်အောင် အထိ စိတ်ကူးထားပါတယ်၊ အချိန်ကာလတစ်ခုကိုရောက်အောင် စောင့်နေတာပါ၊ အခုတော့ ဒေါ်လေးတင်က ကောက်စိုက်၊ ပျိုးနုတ်ခိုင်းဖို့ တောရွာကို ပြန်မယ်ဆိုတော့လည်း သီရိရဲ့ ရည်ရွယ်ချက်တွေကို ဖျက်လိုက်ရတော့မှာပေါ့လေ "

ဒေါ်အေးတင်သည် သီရိခင်၏ စကားကိုကြားတော့ ဝမ်းသာဝမ်းနည်းဖြစ်သွားသည်။ မိမိ၏သမီးကို သီရိရတနာမိသားစုဝင်ဖြစ်အောင် ရည်ရွယ်ထားတယ်ဆိုတာကို သိရလို့မိမိတို့သားအမိအပေါ်မှာ ဒီလိုစိတ်ကောင်းစေတနာထားသည့် မိသားစုကို စွန့်ခွာပြီးသွားရတော့မှာပါလားလို့ သိလိုက်ရလို့ ဝမ်းနည်းသည်။ မိမိတို့သားအမိအပေါ်မှာထားခဲ့သည့် ဒီမိသားစု၏စိတ်ကောင်းစေတနာနှင့် စောင့်ရှောက်ထားခဲ့သည့် ကျေးဇူးတရားကို ထိုက်တန်စွာတုန့်ပြန်ပေးဆပ်နိုင်ရန် ဒီမိသားစု နှင့်ဝေးရာကို မိမိတို့သားအမိ ထွက်ခွာသွားတာဟာ အကောင်းဆုံးဖြစ်သည်ဟု ဆုံးဖြတ်လိုက်သည်။

သီရိခင်ပြောလိုက်သည့် စကားတွေထဲမှာ မခင်အေးကို သီရိရတနာမိသားစုဝင်အဖြစ်နဲ့ ဆက်လက်နေထိုင်နိုင်အောင် ရည်ရွယ်ထားတယ်၊ ကာလတစ်ခုကို စောင့်နေတယ်ဆိုတာတွေဟာ သီရိခင်နှင့် ဒေါ်အေးတင်တို့ နှစ်ဦးနှစ်ဘက် နားလည်နိုင်သည့် စကားတွေဖြစ်သည်။

မခင်အေး၏ အသက် ၁၈ နှစ်သာရှိသေးသည်။ အသက်ငယ်သေးသည်။ အသက် ၂၀ လောက်အရွယ်မှာ သင့်ရာတော်



ရာတစ်ယောက်နှင့် လက်ထပ်ပေးပြီး ဒီအိမ်ကြီး၏ တာဝန်တွေကို ယူစေဖို့ ရည်ရွယ်ထားတာဖြစ်သည်ဆိုတာကို သိနေကြသည်။ မခင်အေးရဲ့ယောကျ်ားက ကားမောင်းရတာမျိုးဖြစ်နိုင်သည်။ ကိုတင်နွယ် ခရီးထွက်သည့်ရက်တွေမှာ မခင်အေးက သီရိခင်နှင့်အတူ ဈေးလိုက်ထွက်ရတာမျိုးလည်းဖြစ်နိုင်သည်။ အတော်ကောင်းမွန်သည့် ရည်ရွယ်ချက်ဖြစ်သည်။ အတော်မျှော်လင့်အားထားခဲ့တာဖြစ်မည်။

အခုတော့ မျှော်လင့်ထားသလို ဖြစ်မလာသည့်အခါ ဒေါ်အေးတင်ကို သီရိခင်က ခပ်ငေါ့ငေါ့လေး ပြောလိုက်ခြင်းဖြစ်သည်။

" ကောက်စိုက်၊ ပျိုးနှုတ်ခိုင်းဖို့ တောရွာကိုပြန်မယ်ဆိုတော့လည်း သီရိရဲ့ရည်ရွယ်ချက်တွေကို ဖျက်လိုက်ရတော့မှာပေါ့ "

အမှန်တော့ ဘယ်ကိုသွားရမည်ဆိုတာကို မသိသေး၊ စိတ်ကူးတည့်ရာ ရမ်းပြောလိုက်ခြင်းသာဖြစ်သည်။ မွေးရာဇာတိရွာမှာတော့ ဦးခင်ထွန်းနှင့် ဒေါ်အေးတင်တို့၏ နှစ်ဘက်ဆွေမျိုးတွေရှိသည်။ နှစ်ပေါင်းနှစ်ဆယ်ကျော် ကွဲကွာနေကြပြီးဖြစ်လို့ အဆက်အသွယ်ပြတ်နေကြသည်။ မခင်အေးမှာ ကိုယ်ဝန်ရှိနေတာကို ဒီအိမ်ကမိသားစုမသိခင် ဒီအိမ်ခြံဝင်းထဲက အမြန်ဆုံးထွက်ခွာသွားမည်။ ဒီအိမ်နှင့် ခြံဝင်းအပြင်ကို ရောက်တော့မှ ဘယ်ကိုသွားမည်ဆိုတာကို ဆုံးဖြတ်မည်ဟုဆုံးဖြတ်ထားပြီဖြစ်သည်။

" ရွာပြန်ပြီး လုပ်ကိုင်စားကြမည်ဆိုတော့ ဒေါ်လေးတင်မှာ ပိုက်ဆံဘယ်လောက်ရှိလဲ "

" သမီးအဖေရှိစဉ်က စုထားတဲ့ လစာငွေရယ်၊ ဟိုလူဒီလူ ပေးတာလေးတွေ စုထားတာ နှစ်ထောင်လောက်ရှိပါတယ်၊ သမီးမှာ ဆွဲကြိုးလေးတစ်ပင် ငါးမူးသားရှိတယ်၊ ဒါလေး ထုခွဲ ရောင်းချပြီး လုပ်ကိုင်စားမယ်ကွယ် "

သီရိခင်သည် ရတနာမျိုးစုံထည့်ထားသည့် အိတ်ကြီးထဲက အိတ်သေးတစ်လုံးကို ဆွဲထုတ်ယူလိုက်သည်။ အိတ်သေးသည် ပိုက်ဆံအိတ်ဖြစ်သည်။ ပိုက်ဆံအိတ်ထဲက တစ်ရာတန်အသစ် တစ်ထုပ်ကိုထုပ်ယူပြီး ဆိုဖာပေါ်မှကြမ်းပေါ်ကို ဆင်းထိုင်လိုက်သည်။ သီရိခင်က ဒေါ်အေးတင်ကို ကန်တော့ဖို့လုပ်တယ်ဆိုတာကိုသိတော့ ကိုတင်နွယ်ပါ ဆိုဖာပေါ်ကဆင်းပြီး ကြမ်းခင်းမှာ ထိုင်လိုက်သည်။

" ကဲရှေ့၊ ငွေတစ်သောင်းတိတိ ကန်တော့ပါတယ်၊ သီရိတို့မိသားစုက ဒေါ်လေးတင်အပေါ်မှာ ပြောမှားဆိုမှားရှိလျှင် ခွင့်လွှတ်ပါ "

သီရိခင်နှင့်ကိုတင်နွယ်တို့ ဇနီးမောင်နှံက လက်အုပ်ချီကန်တော့ကြတော့ ဒေါ်အေးတင်က ဝမ်းသာဝမ်းနည်းဖြစ်ပြီး ငိုနေသဖြင့် ဆုတောင်းမပေးနိုင်ဖြစ်နေသည်။ ဒေါ်အေးတင်၏ အနီးက ကြမ်းခင်းပေါ်မှာထိုင်နေသည့် မခင်အေးကလည်း ခေါင်းငုံ့ထားပြီး မျက်ရည်သုတ်သည်။

ဒေါ်အေးတင်သည် သီရိခင်ပေးသည့် ငွေကျပ်တစ်ရာတန် အသစ်တစ်ထုပ်ကို မမြင်ဖူးသလို ကြည့်ပြီးလက်တွေတုန်နေသည်။ ဒီမိသားစု၏ကျေးဇူးကို ဆပ်သည့်အနေဖြင့် ဒီအိမ်က အမြန်ဆုံး ထွက်ခွာသွားမည်ဟု ဆုံးဖြတ်လိုက်သည်။ ဆိုဖာပေါ်ကဆင်းပြီး ဘဘကြီးနှင့် မေမေကြီးတို့ဓာတ်ပုံကို ဦးချကန်တော့သည်။

ဒေါ်အေးတင် ထိုင်ရာမှထမည်ပြုသောအခါ မခင်အေးက ကိုတင်နွယ်နှင့် မမလေးသီရိခင်ကို ဦးချကန်တော့သည်။ ဘာမှမပြောတတ်လို့ စီးကျလာသည့်မျက်ရည်ကိုသာသုတ်ပြီး ထလိုက်သည်။ အထုတ်ကိုယ်စီလွယ်ပြီး အိမ်ကြီးထဲကထွက်လာခဲ့ကြသည်။

မခင်အေးသည် မောင်လေး မောင်မောင်ဦးနှင့် ကိုခင်မောင်ကြီးတို့ကို နှုတ်ဆက်ချင်သည်။ နှစ်ယောက်လုံးက အိပ်ရာက မထကြသေးလို့ နှုတ်မဆက်ခဲ့ရဖြစ်သွားသည်။ ဒီနေ့သည် ကျောင်းပိတ်ရက်ဖြစ်လို့ မောင်မောင်ဦးသည် အိပ်ရာက မထဘဲနေမည်။ မခင်အေး လာနှိုးတော့မှ အိပ်ရာကထမည်ဖြစ်သည်။ အခန်းရှင်းရန်လာသည့် မခင်အေးကို လှမ်းဖက်ပြီး မခင်အေးကို ဆွဲလှဲမည်။ မခင်အေးကို အိပ်ရာပေါ်လှဲချပြီး ဖက်ထားမည်။ ကကျီကပတ် လုပ်ဦးမည်ဖြစ်သည်။ ကျောင်းပိတ်ရက်တွေမှာ လုပ်နေကျအတိုင်း မခင်အေးကိုလုပ်ရန် အိပ်ရာထဲက စောင့်နေတော့မည်ဖြစ်သည်။

ကိုကိုခင်မောင်ကြီးသည် အိပ်ရာကနိုးလာပြီး အောက်ထပ်ကိုဆင်းလာမည်။ ကော်ဖီဖျော်တိုက်မည့် မခင်အေးကို ရှာပေလိမ့်မည်။ ဒေါ်အေးတင်ကိုလည်းမတွေ့ မခင်အေးကိုလည်းထမင်းစားခန်းထဲမှာ မတွေ့ပါက ဘယ်လိုနေမည်မသိလို့ တွေးပြီး မခင်အေး သက်ပြင်းချလိုက်သည်။

သားအမိနှစ်ယောက် အထုပ်အပိုးကိုယ်စီဖြင့် သီရိရတနာခြံကြီးထဲက ထွက်လာခဲ့ကြသည်။ ခြံဝင်းတံခါးသော့တစ်ချောင်းသည် မခင်အေးတို့သားအမိဆီမှာရှိနေသည်။ ခြံဝင်းတံခါးသော့ကိုဖွင့်ပြီး သော့ကိုပြန်ပိတ်လိုက်သော်လည်း သော့တံကိုသော့ပေါက်မှာထိုးလျှက်ပင် တန်းလန်းထားပစ်ခဲ့သည်။ ကိုတင်နွယ်နှင့်မမလေးတို့ မကြာမီထွက်လာကြတော့မည်ဖြစ်သည်။

၀

## ( ၂၂ )

ဒေါ်အေးတင်သည် သာမန်အခြေအနေတွင် စိတ်ဓာတ်ပျော့သူလို့ထင်ရသော်လည်း လောကဓံနှင့်ကြုံတွေ့လာသည့်အခါ စိတ်ဓာတ်ခိုင်မာပြီး တည်ငြိမ်တာတွေ့ရသည်။ ခိုင်မာစွာဆုံးဖြတ်ထားသည့် ဦးတည်ချက်ရှိရာကို တန်းတန်းမတ်မတ်သွားနေသည်။ ဘယ်ကိုသွားနေတာလဲဆိုတာ သိချင်လို့ မခင်အေးက မေးကြည့်သည်။

" အမေ သမီးတို့ ဘယ်ကိုသွားမှာလဲ "

" ဥယျာဉ်ကွင်းရွာကိုသွားကြမယ်'

" အဲဒီမှာဘယ်သူရှိလို့လဲ "

" ညည်းအဖေဘက်က ဆွေမျိုးတွေရှိတယ်၊ ငါ့ညီမဝမ်းကွဲတစ်ယောက်လည်းရှိတယ် "

အမေ မကြာခဏပြောဖူးလို့ ဥယျာဉ်ကွင်းရွာအကြောင်းကိုကြားဖူးခဲ့သည်။ ပဲခူးတိုင်းအတွင်းက သနပ်ပင်မြို့နယ်ထဲမှာရှိသည့် ရွာကလေးဖြစ်သည်။ ပဲခူးမှသနပ်ပင်ကို ကားစီးရဦးမည်။ သနပ်ပင်မြို့မှ ရွာကိုရောက်အောင် နွားလှည်းအကြုံဖြင့်လည်းကောင်း၊ ခြေလျှင်ခရီးဖြင့်လည်းကောင်း သွားရဦးမည်ဖြစ်သည်။

" အဲဒီရွာကိုသွားပြီး ဘာလုပ်မှာလဲအမေ "

" ဟဲ့ ညည်းဗိုက်ထဲက ကလေးကို သွားမွေးရမယ်လေ "

မခင်အေးသည် အထိတ်တလန့်ဖြစ်သွားသည်။ ဗိုက်ထဲက ကလေးကိုမေ့နေမိသည်။ အမေက ညည်း ဗိုက်ထဲကကလေးလို့ ပြောလိုက်တော့မှ မိမိ၏ဗိုက်ထဲက ကိုယ်ဝန်ကို သတိရလာသည်။ ကိုယ်ဝန်ရှိတယ်ဆိုတာသိတော့မှ ကိုယ်ဝန်ကလည်း နေ့ချင်းညချင်း ကြီးထွားလာသည်ဟု ထင်ရသည်။

ရန်ကုန်မြို့ရဲ့ အဓိကလူကုံထံရပ်ကွက်ကြီးရဲ့အပြင်ထိရောက်အောင် ခြေလျင်လျှောက်လာခဲ့ကြသည်။ ရပ်ကွက်ကြီးရဲ့အပြင်က ကားလမ်းမကြီးကိုရောက်သောအခါ သုံးဘီးကားဖြင့်ရန်ကုန်မြို့တွင်းကို လာခဲ့ကြသည်။ ရန်ကုန်ဆေးရုံကြီး၏ နောက်ကျောမှာရှိသည့် လမ်းမတော်အထက်က ပဲခူးကားဂိတ်မှာဆင်းလိုက်ကြသည်။ နံနက် ၉ နာရီထွက်မည့်ကားပေါ်ကို တက်ထိုင်လိုက်ကြသည်။ တနင်္ဂနွေနေ့၊ နံနက် ၉ နာရီမှာ နှစ်ပေါင်းနှစ်ဆယ်မျှနေလာခဲ့သည့် ရန်ကုန်မြို့ကြီးက ထွက်ခွာခဲ့ကြသည်။ မခင်အေး၏ အနာဂတ် ဘဝခရီးရှည်ကြီးကို စပြီလို့နားလည်လိုက်သည်။



ဒေါ်အေးတင်သည် ခရီးဆောင်အိတ်ကလေးကိုပိုက်ပြီးမျက်စိကိုမှိတ်ပြီး လိုက်ပါလာသည်။ မျက်စိကိုမှိတ်ထားသော်လည်း အိပ်ငိုက်နေသည်မဟုတ် ရှေ့မှာရင်ဆိုင်ရမည့် အခြေအနေတွေကို စိတ်ကူးဖြင့်အကွက်ချပြီး စီစဉ်နေတာဖြစ်သည်။ ဥယျာဉ်ကွင်းရွာကိုရောက်လျှင် ရွာလယ်ပိုင်းက အေးခင်ရဲ့အိမ်မှာလည်း တည်းခိုနိုင်သည်။ အေးခင်ရဲ့ယောကျ်ား ထွန်းကြိုင်ဆိုတာကလည်း မိမိကို မောင်နှမလို ခင်မင်ခဲ့သူဖြစ်သည်။ ပြောမည်ဆိုလျှင် မိမိအဖို့တုန်းက မိမိကို ပိုးပန်းခဲ့သေးသူဖြစ်သည်။ မိမိက ကိုခင်ထွန်းနောက်ကို ခိုးရာလိုက်ပြေးခဲ့လို့မိမိရဲ့ညီမတစ်ဝမ်းကွဲ အေးခင်ကို ယူလိုက်ရသူဖြစ်သည်။

ထွန်းကြိုင်နှင့် အေးခင်တို့အိမ်မှာ နေလို့ရသလောက်နေကြည့်မည်။ အဆင်ပြေလျှင် မခင်အေးမီးဖွားပြီးသည်အထိ ဆက်နေသွားမည်။ အဆင်မပြေလျှင် ရွာတောင်ပိုင်းမှာ အိမ်တစ်လုံးဝယ်ပြီး သားအမိနှစ်ယောက်တည်းနေမည်။ ဥယျာဉ်ကွင်းရွာမှာအိမ်တစ်လုံးကို သုံးထောင်လောက်ပဲပေးရသည်။ ငါးထောင်လောက်ဆိုလျှင် ရွာလယ်ပိုင်းမှာတောင်ရနိုင်သည်။ မိမိမှာ သီရိပေးလိုက်သည့် ငွေတစ်သောင်းနှင့် ကြိုတင်စုဆောင်းထားသည့်ငွေသုံးထောင်ခန့်ရှိသည်။ အိမ်ဝယ်နိုင်သည်။ ရင်းနှီးလုပ်ကိုင်စားလို့ရသည်။ ဥယျာဉ်ကွင်းရွာမှာ တစ်သက်လုံးနေဖို့ မရည်ရွယ်၊ မခင်အေး ကလေးမီးဖွားပြီးသည်အထိပဲနေမည်။ မိခင်ရောကလေးပါ ကျန်းမာပါက ဥယျာဉ်ကွင်းရွာက ပြန်လည်ထွက်ခွာမည်ဟု ရည်ရွယ်သည်။

ဒေါ်အေးတင် ပထမဦးဆုံး ရင်ဆိုင်ရမည့် ပြဿနာက မခင်အေး၏ ကိုယ်ဝန်ကိစ္စဖြစ်သည်။ ကလေးအဖေကိစ္စ ဖြစ်သည်။ မခင်အေး ခိုးရာလိုက်သွားပြီးမှ စိတ်သဘောထားချင်း မတိုက်ဆိုင်သဖြင့် လမ်းခွဲခဲ့သည်။ သဘောမတူလို့ ပြန်ခွဲထား ခဲ့သည်။ ဗိုက်ထဲမှာ ကလေးပါလာသည်။ ဒီလုပ်ဇာတ်ကို တစ်သံ တည်းထွက်အောင် ဇာတ်တိုက်သွားရမည်ဟုတွေးလာသည်။

ပဲခူးကိုရောက်သည့်အခါ နေအတော်မြင့်နေပြီဖြစ်သည်။ သနပ်ပင်ကိုသွားမည့် ကားကို ပြောင်းစီးကြသည်။ သနပ်ပင်မှ ဥယျာဉ်ကွင်းရွာသို့သွားမည့် လှည်းကြုံလည်းမရှိ၊ လူကြုံလည်း မရှိသဖြင့် သားအမိနှစ်ယောက် ဖြေးဖြေးလျှောက်နေကြသည်။

ဒေါ်အေးတင်ကတော့ နှစ်ပေါင်းလေးဆယ်ကျော် ကွဲကွာ နေခဲ့သော မွေးရာဇာတိရွာကလေးကို ပြန်ရောက်တော့မည်ဆို သည့်အတွေးဖြင့် ပျော်သလိုလိုတောင်ဖြစ်လာသည်။ ရွာမှာ ရှိသည့် သက်ကြီးရွယ်အိုတွေထဲက ဘယ်သူတွေရှိကြသေးသလဲ၊ ဆွေမျိုးတွေထဲက ဘယ်သူသေလို့ ဘယ်သူတွေရှိကြသေးသလဲ၊ မူလဆရာတော်ကြီး ပျံတော်မူခဲ့ပြီဖြစ်သည်။ ဘယ်ဆရာတော် ကျောင်းထိုင်နေသလဲ၊ ထွန်းကြိုင်နှင့် အေးခင်တို့လင်မယားမှာ သားသမီးမြေးတွေ ဘယ်နှစ်ယောက်ရနေပြီလဲ၊ မိမိတို့ သားအမိ ကို နွေးထွေးစွာ လက်ခံကြိုဆိုကြပါ့မလား စသည်ဖြင့် တွေးပြီး လျှောက်လာသည်။

မခင်အေးကတော့ ရန်ကုန်သူဖြစ်လို့ နှစ်နာရီလောက်ကြာ အောင် လယ်ကွင်းတွေကို လျှောက်လိုက်ရသောအခါ မောနေ သည်။ ကိုကိုနှင့် မောင်လေးတို့ အိပ်ရာကနိုးလာသောအခါ မိမိတို့



သားအမိကိုမတွေ့လျှင် ဘယ်လိုနေကြမည်မသိ။ ကိုတင်နွယ် နှင့်မမလေးတို့ ပြောပြလို့သိသွားလျှင် ကိုကိုက ဘယ်လိုခံစား ရမည်မသိသော်လည်း မောင်လေးမောင်မောင်ဦးသည် ဝမ်းနည်း ပြီးငိုနိုင်သည်။ မောင်လေးငိုတာကိုမြင်ရလျှင် မိမိလည်း ငိုမိမည် ဟု တွေးရင်းလျှောက်နေသည်။

“ ရောက်ပြီသမီး၊ ရှေ့ကမြင်ရတဲ့ရွာဟာ ဥယျာဉ်ကွင်းရွာ ပဲ ”

ဒေါ်အေးတင် လက်ညှိုးထိုးပြသည့်ရွာကို လှမ်းကြည့်လိုက် သည်။ ပဲခူးရိုးမတောင်ခြေရင်းက လယ်ကွင်းထဲမှာ အစီအရီရှိနေ ကြသည့် ရွာတွေထဲက ထုံးဖြူဖြူစေတီတစ်ဆူနှင့် စုလစ်မွမ်းချွန် အထွဋ်ပါသော ဘုံပြဿဒ်နှင့်ကျောင်းဇရပ်တွေကို စတင်မြင်ရ သည်။ စိမ်းညို့ညို့တောတန်းလေးက စေတီတော်ကို ဦးတိုက်ပြီး တည်ရှိနေသည်။ အဲဒီ စိမ်းညို့ညို့တောတန်းကလေးသည်ပင် ဥယျာဉ်ကွင်းရွာကလေးပါပဲဟု ဒေါ်အေးတင်က ပြောသည်။

“ သမီး ရွာကိုရောက်လျှင် ဘယ်သူကပဲမေးမေး၊ အိမ် ထောင်နဲ့ ကွဲလာတယ်လို့ပြော၊ စိတ်သဘောထားချင်းလည်း မတိုက်ဆိုင်၊ အမေကလည်းသဘောမတူလို့ ခြောက်လလောက် ပေါင်းပြီး ကွာရှင်းလိုက်ကြတယ်လို့ပြော၊ ဒီကိစ္စနှင့်ပတ်သက်ပြီး မမေးဘဲမပြောနဲ့ ”

မခင်အေးသည် မိခင် ဒေါ်အေးတင်ကို အထင်ကြီးလေး စားမိသည်။ ပညာအရည်အချင်းက မြန်မာစာ ရေးတတ် ဖတ်တတ် အဆင့်သာရှိသည်။ သတ္တိနှင့်အတွေးခေါ်က အတော်

အဆင့်မြင့်သည်။ ဘဝကို ဖြစ်လာသည့်အခြေအနေနှင့် လိုက်လျောညီထွေဖြစ်အောင် သတ္တိမွေးပြီးနေတတ်သည်။ မခင်အေးအားကိုးလောက်သော မိခင်ကောင်းဖြစ်သည်။

ညနေ-၅ နာရီလောက်မှာ သားအမိနှစ်ယောက် ဥယျာဉ်ကွင်းရွာကလေးကို ဝင်လာခဲ့ကြသည်။ ရွာကလေးသည် ရွာတန်းရှည်ကလေးဖြစ်သည်။ လယ်သမား၊ ယာသမား၊ ကိုင်းသမားတွေချည်းနေကြသည့် ရွာကလေးဖြစ်လို့ ရွာသူရွာသားတွေရိုးသားကြသည်။ ရွာကလေးသည် အေးချမ်းသော်လည်း တိတ်ဆိတ်နေတာမဟုတ်ဘဲ ကြက်တွန်သံ၊ ခွေးဟောင်သံ၊ နွားငေါက်သံ၊ ချိုးကူသံတို့ဖြင့် သက်ဝင်လှုပ်ရှားနေသည်။

ဒေါ်အေးတင်တို့ သားအမိသည် စိမ်းစိုအုပ်ဆိုင်းနေသည့် ရွာလယ်က အရိပ်ရသဲလမ်းအတိုင်း လျှောက်လာခဲ့ကြသည်။ ဒေါ်အေးတင်သည် မိမိ၏မိဘများ နေသွားခဲ့သည့်အိမ်နေရာကိုပင် မမှတ်မိဖြစ်နေသည်။ မိမိ၏မိဘဘိုးဘွားပိုင်အိမ်သည် အဆင့်ဆင့်ရောင်းစားခဲ့ပြီးဖြစ်လို့ တစိမ်းလူတွေလက်ထဲရောက်နေခဲ့တာကြာပြီဖြစ်သည်။ အိမ်ပုံစံတွေပြောင်းလဲနေပြီဖြစ်လို့ ဘယ်အိမ်ဟာ ဘယ်သူ့အိမ်ဆိုတာကို မမှတ်မိဖြစ်နေသည်။ မိမိတို့သားအမိကို အိမ်ခြံဝင်းတစ်ခုထဲက ရပ်ကြည့်နေသည့် ကလေးမိခင်တစ်ယောက်ကို မေးရသည်။

" ကိုထွန်းကြိုင်၊ မအေးခင်တို့အိမ်ဟာ ဘယ်အိမ်လဲကွယ် "

" ဟိုအိမ်၊ အိမ်ရှေ့မှာ နွားချည်ထားတဲ့အိမ် "

" အော် . . . အိမ်ပြင်ဆောက်ထားပြီကိုး၊ ကျေးဇူးပဲကွယ် "



ဒေါ်အေးတင် နှင့် မခင်အေးတို့သည် ဦးထွန်းကြိုင်၊ ဒေါ်အေးခင်တို့အိမ်ကို ဝင်လိုက်ကြသည်။ အိမ်ရှေ့က တိုင်ကိုမှီပြီး ရေနွေးကြမ်းသောက်ရင်း ဆေးလိပ်ဖွာနေသော ဒေါ်အေးခင်ကို တွေ့လိုက်သည်။ ဒေါ်အေးတင်က ဒေါ်အေးခင်ကို မှတ်မိသည်။ အရွယ်တော်တော်အိုသွားပြီလို့ သတိထားလိုက်မိသည်။ မိမိထက် တစ်နှစ်လောက်သာငယ်သူဖြစ်လို့ ခြောက်ဆယ့်လေးနှစ်လောက်တော့ရှိရော့မည်ဟု ထင်လိုက်သည်။

ဒေါ်အေးခင်သည် သူ့ခြံထဲကို ရဲရဲတင်းတင်းဝင်လာသည့် အမျိုးသမီးကြီးတစ်ယောက်နှင့် အမျိုးသမီးငယ်တစ်ယောက်ကို တအံ့တသြကြည့်နေသည်။ အိမ်ပေါ်တက်ထိုင်ဖို့ လာတယ်ဆိုတာသီလို့ နေရာထိုင်ခင်းတောင်ပေးတော့မည့်ပုံဖြစ့် လှုပ်လှုပ်ရွရွဖြစ်သွားသည်။ ဧည့်သည်က စတင်နှုတ်ဆက်သည်အထိ ဘယ်သူဘယ်ဝါတွေဆိုတာ မသိသေးဖြစ်နေသည်။

" အေးခင်၊ နေကောင်းရဲ့လား "

" ကောင်းတယ်၊ ဘယ်သူလဲမသိဘူး "

" မမှတ်မိဘူးလား၊ ကြည့်ပါဦး "

ဒေါ်အေးတင်က ဒေါ်အေးခင်အနီးမှာ ထိုင်ချလိုက်ပြီး မျက်နှာကို သေသေချာချာကြည့်စေသည်။ ဒေါ်အေးခင်ကလည်း သေသေချာချာကြည့်သည်။ မှတ်မိသလိုဖြစ်လာသည်။

" မအေးတင် မဟုတ်လား "

" ဟုတ်ပါတယ်အေ . . .၊ ငါ့ကိုများ မမှတ်မိပဲရှိမလား "

" နင်က ရန်ကုန်သူမို့ အသားတွေ ဖြူနေတယ်လေ၊ ဖြူန်းကနဲ မမှတ်မိဘူး "

ဒေါ်အေးခင်က အစ်မဝမ်းကွဲတော်သည့် ညီ့သည် ဒေါ်အေးတင်ကို လက်ကိုကိုင်ပြီး နွေးထွေးစွာကြိုဆိုသည်။ နှစ်ပေါင်းများစွာကွဲကွာနေသည့် အစ်မကိုပြန်တွေ့ရလို့ ဝမ်းသာသွားသည့် အမူအရာ တွေ့ရသည်။ ဒေါ်အေးတင်ကလည်း ညီမနှင့်ပြန်တွေ့ရလို့ ပျော်သွားသည်။

" ရန်ကုန်သူ မလုပ်ချင်တော့လို့ ဥယျာဉ်ကွင်းကိုပြန်လာခဲ့ပြီ၊ ထွန်းကြိုင် ဘယ်သွားလဲ "

" ကိုထွန်းကြိုင် ဆုံးသွားတာ ငါးနှစ်ရှိပြီ "

ဦးထွန်းကြိုင် ငှက်ဖျားပိုးဦး နှောက်ထဲဝင်ပြီး သတိလစ်ရာမှ သတိပြန်မရတော့ဘဲ ကွယ်လွန်သည်ဟု ပြောပြသည်။ ဒေါ်အေးတင်ကလည်း မခင်အေး၏အဖေ ဦးခင်ထွန်း ကားမှောက်ပြီး ကွယ်လွန်ကြောင်း၊ အသက်လေးဆယ်ကျော်အရွယ်မှာ မုဆိုးမဖြစ်ခဲ့ကြောင်း ပြောပြလိုက်သည်။ မခင်အေးကို လက်ညှိုးထိုးပြီး မေးသည်။

" သူက ဘယ်သူလဲ "

" ငါ့သမီးလေ "

" ဟဲ့နင့်မှာ ဒီအရွယ်သမီးတောင်ရှိလား၊ အားလုံးဘယ်နှစ်ယောက်လဲ "

" အားလုံး သုံးယောက်၊ ဗိုက်ထဲမှာတစ်ယောက်ဆုံးတယ်၊ တစ်ယောက်က အပြင်ရောက်ပြီးမှ အခါလည်သားအရွယ်မှာဆုံး



တယ်၊ ယောကျ်ားလေး၊ သူက ငါအသက်လေးဆယ်ကျော်မှရတာ၊ သူ့ကိုမွေးပြီး သုံးနှစ်သမီးအရွယ်မှာ သူ့အဖေဆုံးတယ်"

ဒေါ်အေးတင်က မခင်အေးရဲ့အဖေ ဦးခင်ထွန်းဆုံးပြီးနောက် ၁၅ နှစ်လောက်ကြာအောင် သူဌေးမိသားစု၏ ခြံထဲမှာ နေခဲ့သေးသည့်အကြောင်း၊ သူဌေးမိသားစု၏စောင့်ရှောက်မှုဖြင့် မပူမပင်နေခဲ့ရသည့်အပြင် မခင်အေးကိုပင် ဆယ်တန်းအထိ ပညာသင်ပေးခဲ့ကြောင်း အဖြစ်မှန်တွေကိုပြောပြလိုက်သည်။

အဖြစ်မှန်တွေကိုပြောပြပြီးတော့မှ မမှန်သည့်အဖြစ်တွေကို လုပ်ဇာတ်ဆင်ပြီးပြောရာမှာ ရှေ့စကားနှင့်နောက်စကားညီအောင် သတိထားပြီးပြောပြသည်။

" သူ့အဖေကားမောင်းပေးခဲ့တဲ့ မိုးကုတ်သူဌေးမိသားစုက သူ့အဖေဆုံးသွားပေမဲ့ တို့သားအမိကို သူတို့ခြံထဲကအိမ်တစ်လုံးမှာပေးနေတယ်။ သူ့ကိုလည်း ကျောင်းထားပေးတယ်။ ကိုယ့်ဟာမက အဖြစ်မစုံဘူး၊ ဆယ်တန်းကျတယ်၊ ကျောင်းထွက်လိုက်ရတယ်၊ အပြင်က ဆက်ဖြေဖို့ကျတော့လည်းမဖြေချင်ဘူး၊ ဆယ်တန်းကျတဲ့နှစ်မှာပဲ လင်နောက်လိုက်ပြေးတယ်လေ၊ ငါကလည်း သဘောမတူ သူတို့ချင်းလည်းစိတ်သဘောထားချင်းမတိုက်ဆိုင်လို့ဆိုပြီး ကွဲကြပြကြတယ်လေ၊ ခြောက်လလောက်အကြာမှာ ငါ့ဆီကို ပြန်ရောက်လာတယ်။ ဗိုက်ထဲမှာ ကလေးပါလာတယ်။ အဲဒီတော့ ငါလည်း မျက်နှာပူတာနဲ့ သူဌေးခြံထဲကထွက်ပြီး ရွာကိုပြန်လာခဲ့တယ်။ ဒီမှာပဲ အိမ်လေးဘာလေးဝယ်ပြီး အခြေချနေတော့မလို့ စိတ်ကူးထားတယ် "

ဒေါ်အေးတင်သည် မဟုတ်တာကိုရော ဟုတ်တာကိုပါ အရှည်ကြီးပြောလိုက်ရလို့ မောသွားသည်။ မခင်အေးကိုလည်း ငါပြောတာတွေကို မှတ်ထားနော်ဆိုသည့် အမူအရာပြသည့် အနေဖြင့် မကြာခဏလှည့်ကြည့်ရသည်။ မခင်အေးကလည်း သဘောပေါက်သည်။ မှတ်ထားပါမည်ဆိုသည့် အမူအရာပြသည်။

မွေးရာဇာတိရွာနှင့် နှစ်ပေါင်းလေးဆယ်ကျော်ကင်းကွာနေသည့်အပြင် သူဌေးအိမ်မှာ နှစ်ပေါင်းနှစ်ဆယ်မျှ နေလာခဲ့သူတွေဖြစ်လို့ ဒေါ်အေးခင်က အထင်မသေးရဲဖြစ်နေသည်။ ဒေါ်အေးတင်၏ နားက တစ်ဘက်ကို တစ်မတ်သားလောက်စီရှိပြီး အရည်အသွေးကောင်းသည့် ကျောက်ဖြူနားကပ်ကိုလည်း စိန်နားကပ်လို့ ထင်သွားနိုင်သည်။ မခင်အေး၏လည်ပင်းက ငါးမူးသားလောက်ရှိသည့် ရွှေဆွဲကြိုး၏ တန်ဖိုးကလည်း မနည်းဘူးလို့ တွေးနိုင်သည်။ ဒီရွာမှာ အိမ်ဝယ်ပြီးနေမည်ဆိုသည့် စကားကြောင့် အထုပ်နဲ့ အထည်နဲ့ လာတဲ့ဧည့်သည်ဆိုတာ သိသွားသည်။ ညီအစ်မ တစ်ဝမ်းပဲကွဲသည့် ဆွေမျိုးအရင်းကလည်း ဖြစ်နေပြန်သည်။ ဒေါ်အေးခင်က အားပေးစကားပြောရတော့သည်။

“ အိမ်ဝယ်နေစရာဘာလိုလဲအေ၊ ငါ့အိမ်မှာကြိုက်သလောက်နေလို့ရတယ်၊ ငါ့အိမ်မှာ ငါ့သားနဲ့ ချွေးမမိသားစုပဲရှိတယ်။ ကလေးမီးဖွားပြီးမှ နင့်သဘော၊ အိမ်ဝယ်ချင်လည်း ဝယ်ပေါ့။ လောလောဆယ်တော့ ဒီမှာပဲအေးအေးဆေးဆေး နေပါအေ ”



ဒေါ်အေးတင်သည် မခင်အေး၏ ဗိုက်ထဲကကလေးကို အပြင်ရောက်ရှိကာလတစ်ခုအတွက် ရန်ကုန်မှ ခေတ္တရှောင်တိမ်းလာခြင်းသာ ဖြစ်တယ်ဆိုတာကို မပြောဘဲထားသည်။ မခင်အေး ကလေးမီးဖွားပြီးလို့ မိခင်ရောကလေးပါ ကျန်းမာလာပြီဆိုလျှင် ရန်ကုန်ကိုပြန်ပြီး သင့်ရာတော်ရာလုပ်ကိုင်စားမည်ဟု ဆုံးဖြတ်ထားပြီးဖြစ်သည်။

ညနေမိုးချုပ်တော့ ကိုင်းထွန်ယာခုတ်အလုပ်က ပြန်လာကြသည့် ဒေါ်အေးခင်ရဲ့သားနှင့် ချွေးမမိသားစုကလည်း ရန်ကုန်က ဧည့်သည်တွေ ရောက်နေတယ်ဆိုတာသိရလို့ ပျော်သွားကြသည်။ တောသူတောင်သားသဘာဝ ဧည့်သည်လာလျှင် ပျော်သွားကြသည်။ ကြက်သတ်ပြီး ချက်ကျွေးမည်။ ခြင်ထောင်၊ စောင်၊ ခေါင်းအုံးနှင့်ဖျာအသစ်တွေထုတ်ပြီး အိပ်စေမည်ဖြစ် သည်။ ရန်ကုန်သူ ရန်ကုန်သားနှင့် မတူသည့် တောသူတောင်သားတွေ၏ ချစ်စရာဓလေ့ဖြစ်သည်။

○

## ( ၂၄ )

သီရိရတနာအိမ်ကြီးရဲ့ မိသားစုကော်ဖီဝိုင်းမှာ ဒေါ်အေးတင်နှင့် မခင်အေးတို့ သားအမိရွာပြန်သွားသည် အကြောင်း ပြောဆိုနေကြသည်။ အိမ်ကထွက်ခွာသွားကြစဉ်က အိပ်ရာကမထကြသေးလို့ မမြင်မတွေ့လိုက်ကြရသည် ဘိလပ်ပြန် ခင်မောင်ကြီးနှင့် ဆယ်တန်းကျောင်းသား မောင်မောင်ဦးတို့က စိတ်မကောင်းဖြစ်နေကြသည်။

" ဒီအိမ်ကတစ်ယောက်ယောက်နဲ့ တစ်ခုခုဖြစ်လို့စိတ်ဆိုး သွားကြတာလား "

ခင်မောင်ကြီးက ကိုတင်နွယ်နှင့်သီရိတို့ကို ကြည့်ပြီးမေး ခွန်းထုတ်သည်။ ခင်မောင်ကြီးနှင့်ဘာမှမဖြစ်ဘူးဆိုလျှင် ကိုတင် နွယ်နှင့်သီရိခင်တို့နှင့် ဖြစ်သလား၊ လုံးဝမဖြစ်၊ သီရိခင်နှင့်ကိုတင် နွယ်တို့သည် မနက်မိုးလင်းတာနဲ့ အိမ်ကထွက်ကြသည်။ ညနေမိုး



ချုပ်မှ အိမ်ကိုပြန်ရောက်ကြသည်။ ဒေါ်လေးတင်တို့ သားအမိနှင့် မျက်နှာချင်းဆိုင်တွေ့ပြီး စကားပြောဖို့ အချိန်ကိုမရှိဖြစ်ခဲ့သည်။ ကိုတင်နွယ်ကတော့ ဒေါ်အေးတင်တို့သားအမိနှင့် စကားပြောဖို့ ဆိုတာအသာထားလို့ မျက်နှာချင်းတောင်မဆိုင်မိတာ အတော် ကြာပြီ၊ သီရိနှင့်လည်း ဘာမှမဖြစ်သည့်အတွက် ဘယ်သူနှင့်ဘာ ဖြစ်ပြီး ဘာကြောင့်အိမ်ကထွက်သွားကြတာလဲ စဉ်းစားမရဖြစ် နေကြသည်။

သားသားမောင်မောင်ဦးနှင့် မခင်အေးတို့ ရန်ဖြစ်သလား၊ သားသားက တစ်ခုခုပြောလိုက်လို့ မခင်အေး စိတ်ဆိုးသွား သလား၊ သီရိခင်က မေးကြည့်သည်။

" သားသားနဲ့ဖြစ်သလား "

" သားနဲ့ မမအေး ဘာမှမဖြစ်ဘူး "

မောင်မောင်ဦးသည် မခင်အေးတို့သားအမိ ရွာပြန်သွား ပြီလို့သိရတဲ့နောက် မခင်အေးကို အောက်မေ့လို့ မျက်ရည်တောင် ကျသည်။ မောင်မောင်ဦးနှင့်လည်း စကားများရန်ဖြစ်တာမရှိဘူး ဆိုလျှင် ဘယ်သူနှင့်မှ ဘာမှမဖြစ်ခဲ့တာ သေချာသည်။ သူတို့ ပြောသလို တောပြန်ပြီး တကယ်ပဲ ကောက်စိုက်၊ ပျိုးနှုတ် လုပ် ကြမလို့ ပြန်သွားကြတာများဖြစ်နေသလား စဉ်းစားကြသည်။ ဒီမှာ စားဖို့လည်းမပူရ၊ ဝတ်ဖို့လည်းမပူရ၊ နေဖို့လည်းမပူရ သည့်ဘဝမှ ကောက်စိုက် ပျိုးနှုတ်မှ ထမင်းစားရမည့်ဘဝကို ကူး ပြောင်းသွားတာဟာ သာမန်အခြေအနေ ဟုတ်ရဲ့လား၊ တစ်ခြား အကြောင်းရှိသလား စဉ်းစားစရာဖြစ်နေသည်။ ခင်မောင်ကြီးက သီရိခင်ကို မေးကြည့်သည်။

“ သူတို့ရွာက ဘယ်ရွာလဲ ”

“ ဘယ်ရွာလဲမသိဘူး၊ ပဲခူးတိုင်း၊ သနပ်ပင်မြို့နယ်က ပဲ ပြောတာကြားဖူးတယ် ”

“ နေရေး စားရေး အဆင်မပြေရင် ပြန်လာကြလိမ့်မယ်”

ဒေါ်အေးတင်နှင့် မခင်အေးတို့သားအမိ ပြန်လာလျှင် ပြ လက်ခံမည့်သဘောပြောကြသည်။ ယာဉ်မောင်း ဦးခင်ထွန်းတို သီရိရတနာမှာ အလုပ်ခန့်စဉ်က ခင်မောင်ကြီးတောင် အသ ၁၈ နှစ်ခန့်သာရှိသေးသည်။ သီရိက ၁၆ နှစ်သမီးအရွယ် ဆ တန်းကျောင်းသူဖြစ်သည်။ ဦးခင်ထွန်းမှာ ဇနီးနှင့် သမီး အခ လည် အရွယ်ရှိတယ်ဆိုလို့ ခြံထဲကမြင်းဇောင်းမှာ နေစေခဲ့တာ ခင်မောင်ကြီးက မှတ်မိနေသည်။

ဦးခင်ထွန်း ကားမှောက်ပြီး ကွယ်လွန်သည့်အခါ နစ်န ကြေးယူပြီး သွားလိုရာကိုသွားမလား၊ ဘာမှမယူဘဲ ဒီခြံထဲမှာ မိသားစုလိုနေမလားလို့ ဖေဖေနှင့်မေမေတို့က ဒေါ်အေးတင်တ မေးတဲ့အခါ ဘယ်ကိုမှမသွားလိုပါ၊ သွားစရာနေရာလည်းမရှိပါ ဘဘကြီးမေမေကြီးတို့နဲ့ပဲ သေသည်အထိ အတူနေသွားပါမည် ဟု ပြောခဲ့ကြတာတွေကို ပြန်လည်ကြားယောင်လာသည်။ မိသာ စုအဖြစ်နဲ့ သေသည်အထိ ဒီခြံထဲမှာပဲနေမယ်ပြောပြီး အခုတော ဘာကြောင့် ရုတ်တရက်ထွက်ခွာသွားကြတာလဲဆိုတာ စဉ်းစ လို့မရအောင်ဖြစ်နေသည်။

ဒေါ်အေးတင်တို့ သားအမိအကြောင်းကို ပြောနေကြ သည့် မိသားစုကော်ဖီဝိုင်းမှာ ဘာစကားမှမပြောပဲ ကော်ဖီခွ ကို စိုက်ကြည့်ပြီးနားထောင်နေတာက ကိုတင်နွယ်ဖြစ်သည်။



ကိုတင်နွယ်သည် သီရိခင်နှင့် လက်ထပ်ပြီးမှ သီရိရတနာကို ရောက်လာသူဖြစ်လို့ဒေါ်အေးတင်တို့ သားအမိနှင့် သိပ်ပြီး မရင်းနှီးသလိုဖြစ်နေသည်။ ဒေါ်အေးတင်နှင့် မခင်အေးတို့ သားအမိအကြောင်းကို မသိသလိုဖြစ်နေသည်။ ဒေါ်အေးတင်နှင့် မခင်အေးတို့ကို စကားပြောစရာအကြောင်းလည်းမရှိ အကြောင်း ရှိလျှင်လည်း သီရိခင်မှတဆင့် ပြောသည်။

မခင်အေးကို ကျောင်းထားပေးသည့်အတွက် ကျောင်း တက်ကျောင်းဆင်းချိန်မှာ အိမ်ကကားဖြင့် ကိုတင်နွယ် ကိုယ် တိုင်ကြိုပို့လုပ်ခဲ့ရသည်။ အဲဒီတုန်းကလည်း ကိုတင်နွယ်သည် မခင်အေးကို နှုတ်ဆက်စကားပြောသိပ်မလုပ်ဘဲ ခပ်တည်တည်၊ ခပ်တန်းတန်းပဲဆက်ဆံခဲ့သည်။ သူဌေးနှင့် အိမ်ဖော်၏သမီး ဖြစ်လို့ ရင်းနှီးစရာမလိုသည့်ပုံဖြင့် နေလာခဲ့တာဖြစ်သည်။

သူဌေးမိသားစုက သနားလို့စောင့်ရှောက်ထားတာကို မနေ နိုင်၊ မနေချင်ဘဲ ရွာပြန် ကောက်စိုက် ပျိုးနှုတ် လုပ်ကြမည့် ဒေါ်အေးတင်တို့ သားအမိကို နားမလည်နိုင်အောင်ဖြစ်နေကြ သည်။ သဗ္ဗေသတ္တာကမ္မသကာလို့သာ သဘောထားလိုက်ကြ ရတော့သည်။

ဝ

# ( ၂၄ )

မခင်အေး၏ကိုယ်ဝန်သည် ခြောက်လကျော်လာသည့်တိုင် အောင် ဗိုက်ကသိပ်ပြီးမထွက်သည့်အတွက် ကြည့်ကောင်းနေ သည်။ အပျိုစစ်စစ်၏ ပထမကိုယ်ဝန်ဖြစ်သည့်အတွက် ဗိုက် မထွက်ဘဲ နေ့စေ့လစေ့ဖြစ်မည့်ပုံဖြစ်နေသည်။

ဒေသခံရွာသူရွာသားတွေက မခင်အေးကို ရန်ကုန်သူလို့ ခေါ်နေကြသည်။ ဒေါ်အေးတင်က ဥယျာဉ်ကွင်းရွာသူဖြစ်သော် လည်း မခင်အေးသည် ရန်ကုန်မှာမွေးသူဖြစ်လို့ ရန်ကုန်သူလို့ ခေါ်တာ မမှားသလိုဖြစ်နေသည်။ မခင်အေးကလည်း တောသူ နှင့်မတူဘဲ ဖွေးဖြူနုနေသည့်အတွက် ရန်ကုန်သူလို့ခေါ်ကြတာ ဖြစ်မည်။ မခင်အေးသည် ရုပ်သန့်သူဖြစ်သည့်အတွက် ကိုယ်ဝန် ရှိလာသောအခါ ပြည့်ပြည့်တင်းတင်းဖြင့် ပိုလှလာသည်။ ကလေး မွေးပြီးပါက တစ်သားမွေးပြီးလျှင်တစ်သွေးဦးမည်ဖြစ်သည်။



ဥယျာဉ်ကွင်းရွာက ကာလသားတွေက မခင်အေးကို အပျို ဆင်ပြီး ပိုးခဲ့ကြသေးသည်။ ဗိုက်ထဲမှာ ကလေးရှိသည့် တစ်ခုလပ် သို့သိသွားကြတော့မှ လက်ရှောင်သွားကြသည်။ ဒါတောင် တစ် ချို့က အိုတယ်သာဆိုရ အပျိုကအရှုံးပြန်ဆိုသည့်စာချိုးဖြင့် ပိုးပန်း နေသူတွေရှိခဲ့သေးသည်။ ကိုယ်ဝန်သာမရှိ ကလေးသာမရှိလျှင် မခင်အေးကို လိုချင်သည့် ကာလသားလူပျိုတွေ ရှိနေသည်။

မခင်အေးသည် ကိုယ်ဝန်ဆောင်နေရသည့်အပြင် အသက်နှစ်ဆယ်မပြည့်မီ ကလေးအမေဖြစ်ရတော့မည်ဆိုသည့် အသိ ခေါင်းထဲဝင်လာသောအခါ ကလေးအဖေ ဘယ်သူဘယ်ဝါ ဆိုတာကို သိချင်လာသည်။ ဥယျာဉ်ကွင်းရွာမှာတော့ ကလေး အဖေနှင့် စိတ်သဘောချင်း မတိုက်ဆိုင်လို့ ကွာရှင်းလာခဲ့သည်လို့ သတင်းလွှင့်ထားသည်။ ဘယ်သူဘယ်ဝါနဲ့ ကွာရှင်းလာခဲ့သည် လို့ တိတိကျကျ ပြောစရာမလိုသည့်အတွက် ပေါ့ပေါ့ပါးပါး ပြော ထားခြင်းဖြစ်သည်။ ဒေသခံရွာသူရွာသားတွေကလည်း ရိုးသား သူတွေဖြစ်လို့ ယုံကြသည်။

ကလေးအဖေ ဖော်ထုတ်ရေးကိစ္စကို မခင်အေးထက် ဒေါ်အေးတင်က ပိုပြီးစိတ်အားထက်သန်နေသည်။ မခင်အေး ကလေးမွေးပြီးလို့ မိခင်ရော ကလေးပါ ကျန်းမာလာလျှင် ဒီရွာက ပြန်လည်ထွက်ခွာသွားမည်ဟု ရည်ရွယ်ထားကြသည်။

မခင်အေးသည် ကလေးအမေဖြစ်တော့မည့် ဗိုက်ကြီး သည်ဆိုသော်လည်း အသက်နှစ်ဆယ်ပင်မပြည့်သေးသည့် ကျောင်းသူအရွယ်ဖြစ်နေသည့်အတွက် ရွာကာလသားလူပျို တစ်ချို့နှင့် မုဆိုးဖို၊ တစ်ခုလပ်နှင့်လူပျိုကြီးတွေက စိတ်ဝင်စား

ကြသည်။ မခင်အေးကလည်း ရန်ကုန်သူ ဖြူဖြူချောချော ဖြောင့်ဖြောင့်တောင့်တောင့်ဖြစ်လို့ တောရွာက လူပျိုနှင့် လူလွ ယောကျ်ားတွေက စိတ်ဝင်စားနေကြတာဖြစ်မည်။ မခင်အေး ကတော့ သူ့အကြံနှင့်သူ အချိန်ကာလတစ်ခုကိုစောင့်ရင်း ဒီရွာ ယာယီအခိုက်အတန့် လာရောက်ခိုလှုံနေတာဖြစ်သည်။

မခင်အေး၏ကိုယ်ဝန် ရင့်သည်ထက်ရင့်လာသော ဗိုက်ထွက်လာသည်။ ဗိုက်ဖုံးအင်္ကျီမရှိသည့်အတွက် ရွာ အပ်ချုပ်ဆိုင်မှာပဲ အော်ဒါအပ်ရသည်။ ရွာမှာ တစ်ခုတည်း ရှိသည့် အပ်ချုပ်ဆိုင်က စက်ဆရာပြောတာ အံ့သြစရာဖြစ် သည်။

" ကျွန်တော် ဆိုင်ဖွင့်တာ နှစ်ပေါင်း နှစ်ဆယ်ကျော် ဗိုက်ကြီးသည်ဝတ်ဖို့ ဗိုက်ဖုံးအင်္ကျီချုပ်ရတာ ဒါဟာပထမဆုံး

" ဒီရွာကအမျိုးသမီးတွေ ဘယ်သူမှ မဝတ်ကြဘူးလား

" ဝတ်တာမတွေ့ပါဘူးဗျာ၊ ထမီကို ရင်ခေါင်းမှာတင် ပြီးကော့လန်၊ ကော့လန်နဲ့ သွားနေကြတာတွေ့တာပဲ၊ ကျွန်တော် မိန်းမလည်း မဝတ်လို့ ချုပ်ပေးဖို့ သတိတောင်မရဘူး"

စက်ဆရာတောင် ဗိုက်ဖုံးအင်္ကျီ ဘယ်လိုချုပ်ရမှန်းမသိ စမ်းတဝါးဝါးဖြစ်နေသည်။ မခင်အေးက ညွှန်ကြားခဲ့ရသည်

" ဗိုက်ဖုံးအင်္ကျီပဲ ဦးရယ် လှဖို့မလိုပါဘူး၊ ပွပွ ခါးရှည်ရှည် ချုပ်လိုက်လျှင်ပြီးတာပဲ "

အပျိုဘဝဖြင့် ကိုယ်ဝန်ရှိနေသည့် မခင်အေးက ဆရာ ပြီး ညွှန်ကြားတာကို သဘာရင့်ဝါရင့် စက်ဆရာက လက်ခံသည် မခင်အေး ညွှန်ကြားသည့်အတိုင်း ချုပ်ပေးသည်။

နောက်နေ့မှာ မခင်အေးသည် ဗိုက်ဖုံးအင်္ကျီလေးဖြင့် တစ် ...လှနေပြန်သည်။ ဗိုက်ဖုံးအင်္ကျီဝတ်ပြလိုက်ပြီဆိုတော့ မိမိမှာ ကိုယ်ဝန် ရှိနေပါတယ်လို့ တရားဝင် အသိပေးကြေညာလိုက် သလို ဖြစ်သွားသည်။ မခင်အေးရဲ့အလှမှာ ယစ်မူးချင်ကြသည့် ယောကျ်ားတွေ ခေတ္တလက်ရှောင်သွားကြသည်။

သင်္ကြန်ရက်မှာ ဗိုက်ဖုံးအင်္ကျီဝတ်ထားသည့် မခင်အေးနှင့် ဒေါ်အေးတင်တို့ ရွာဦးကျောင်းကိုသွားပြီး ဥပုသ်စောင့်ကြသည်။ ရန်ကုန်သူ မခင်အေးကို ရေပက်ချင်သည့် ရွာကကာလသားတွေ ရေမပက်ရ ဖြစ်သွားသည်။ သင်္ကြန်အတက်နေ့ နံနက်မှာ မခင်အေး ဗိုက်နာတော့သည်။

ဒီနှစ် သင်္ကြန်အတက်နေ့သည် ကြာသပတေးနေ့ဖြစ် သည်။ နံနက် ၇ နာရီမှာ မခင်အေး မီးဖွားသည်။ သမီးလေးမွေး သည်။ အရပ်လက်သည်လုပ်ဖူးသည့် မိခင် ဒေါ်အေးတင် ကိုယ် တိုင် မွေးဖွားပေးတာဖြစ်သည်။ မွေးဖွားမှုအောင်မြင်သည်။ မိခင် ရော ကလေးပါ ကျန်းမာသည်။

မခင်အေး မီးဖွားသည့်အချိန်သည် ပဲခူးရိုးမတောင်တန်း ကြီး၏ နောက်ကျောက နေလုံးကြီးတက်လာသည့် အချိန်ဖြစ် သည်။ ရွာနောက်က ချောင်းကလေးသည် ပုံမှန်ဆိုလျှင် ရေတက် ရေကျမရှိသော ချောင်းကလေးဖြစ်သည်။ မိုးအခါမှာ ရေပြည့် နေပြီး နွေအခါမှာ ရေနည်းသွားသော ချောင်းကလေးဖြစ်သည်။ မခင်အေး မီးဖွားသည့်အချိန်မှာ ချောင်းကလေးထဲမှာ ရေတွေ ပြည့်နေသည်။

ဒီချောင်းကလေးသည် တောင်ကျရေစီးနေသော ရေချိုချောင်းကလေးဖြစ်သည်။ ပဲခူးရိုးမက စီးဆင်းလာသည့် တောင်ကျရေဖြင့် ရှင်သန်စီးဆင်းနေသော ချောင်းကလေးဖြစ်သည်။ ရွာအောက်က လယ်ကွင်းတွေထဲကို စီးဝင်နေသည်။ ဒီနေ့ ဒီချောင်းကလေးမှာ ရေတွေပြည့်လာတယ်ဆိုတာ ပဲခူးရိုးမမှာ မိုးတွေ ရွာချနေတာဖြစ်မည်။

ဘာပဲဖြစ်ဖြစ် မခင်အေး မွေးလိုက်သည့်သမီးလေးသည် သင်္ကြန်အတက်နေ့၊ နေတက်ချိန်၊ ရေတက်ချိန်မှာမွေးသည့် ကြာသာပတေးသမီးလေးဖြစ်သည်။ ပညာတတ်မည်။ စီးပွားဥစ္စာ ချမ်းသာမည့်ကလေး ဖြစ်မည်ဟုပြောကြသည်။

သမီးလေး၏ ဇာတာစန်းလက်က အကောင်းဘက်က သဘောထွက်နေသော်လည်း ကလေး၏အဖေ ဘယ်သူ ဘယ်ဝါ ဆိုတာမသိလို့ မခင်အေး ဝမ်းမသာနိုင်ဖြစ်နေသည်။ ဒေါ်အေးတင်ကတော့ ဒီကလေးမှာအဖေရှိတယ်၊ တစ်နေ့မှာ သူ့ကလေးကို လာတွေ့လိမ့်မယ်လို့ယုံကြည်နေသည်။ ကလေးအဖေဆီက ဘာကိုမှမမျှော်လင့်၊ ဒီကလေးရဲ့အဖေဟာ ကျွန်တော်ပါလို့ပြောလျှင် ကျေနပ်ပြီဟုဆိုသည်။ မခင်အေးကိုလည်း ဒီအတိုင်းပဲရပ်တည်ရန် ပြောထားသည်။

မခင်အေး ကလေးမီးဖွားပြီးသည့်အချိန်မှာ ဝါဝင်တော့မည်ဖြစ်လို့ သီတင်းကျွတ်သည်အထိ ဥယျာဉ်ကွင်းရွာမှာပဲ ဆက်လက်နေထိုင်သွားမည်ဟု ဒေါ်အေးတင် ဆုံးဖြတ်ထားသည်။ သီတင်းကျွတ်လျှင် ဒီရွာကထွက်ခွာပြီး ဘယ်ကိုသွားမလဲဆိုတာ



မပြောနိုင်သေး၊ ဘယ်ကိုသွားရမှန်းမသိသေး၊ မဆုံးဖြတ်ရသေး၊ ဒါပေမဲ့ ဒေါ်အေးတင်၏ ဘဝပေးအတွေ့အကြုံအရ အနာဂတ်ဘဝ ပြန်လည်တည်ဆောက်ရန်အတွက် အကောင်းဆုံးနေရာသည် ရန်ကုန်မြို့သာဖြစ်သည်လို့ ခံယူထားသည်။

○

# ( ၂၅ )

မခင်အေး၏ သမီးလေးသည် အသားဖြူသည်။ ရုပ်ချော သည်။ မျက်လုံးလေးတွေဝိုင်းပြီး ကြည်လင်နေသည်။ ခန့်မှန်း ကြည့်ရသလောက်ဆိုလျှင် ကြီးလာပါက အချိုးအဆစ်ပြေပြစ်ပြီး အရုပ်အမောင်းကောင်းမည့်ပုံဖြစ်သည်။ ဒေါ်အေးတင်က မြေးလေးကို ချစ်လွန်းလို့ လက်ပေါ်ကမချဖြစ်နေသည်။ မြေးကလေး၏မျက်နှာကိုကြည့်ပြီး တစ်ခါတစ်လေ မျက်ရည် ကျသည်။ ဖြစ်ရလေ သမီးလေးရယ်ဟု ရင်ထဲကပြောမိသည်။ ဒီကလေးရဲ့အဖေ ဘယ်သူဆိုတာကို မသေမီသိသွားချင်သည်။

ကလေးကငယ်လွန်း၊ နုလွန်းသည့်အတွက် ရုပ်ရည်ဟာ ဘယ်သူနဲ့တူတယ်ဆိုတာကို ခန့်မှန်းရခက်နေသည်။ မျက်နှာ အကျအနက မခင်အေးနဲ့တူသည်။ နှာတံပေါ်ပုံက သူ့အဘိုး



ဦးခင်ထွန်းနဲ့ တူသည်။ မခင်အေးလည်း နှာတံပေါ်သူဖြစ်လို့ အမေကိုတူတာလို့လည်း ပြောလို့ရသည်။

ကလေး၏အဖေသည် သီရိရတနာခြံကြီးထဲက ယောကျ်ား သုံးယောက်အနက် ဘယ်သူနဲ့တူသလဲ သတိထားပြီးကြည့်သည်။ ကလေးက ငယ်လွန်းသေးသည့်အတွက် ခန့်မှန်းရခက်နေသည်။ နဖူးကျယ်ပုံက ကိုကိုခင်မောင်ကြီးနဲ့တူသလိုလို ထင်ရသော်လည်း မထင်ရဲ မစွပ်စွဲရဲ ဖြစ်နေသည်။ မွေးကင်းစ ကလေးငယ်သည် အဖေနှင့်တူသည် သို့မဟုတ် အမေနှင့်တူသည်ဆိုတာကို ၅ နှစ် အရွယ်လောက်ရောက်မှ အတိအကျပြောလို့ရမည်ဖြစ်သည်။

ဒေါ်အေးခင်တို့ မိသားစုကလည်း ကလေးကိုချစ်နေကြ သည်။ ဒေါ်အေးခင်၏ မြေးလေးတွေက မိမိတို့အိမ်မှာကလေး တစ်ယောက်တိုးလာလို့ ဝမ်းသာပျော်ရွှင်နေကြသည်။ မိခင်ရော ကလေးပါ ကျန်းမာလို့ သီတင်းဝါလကျွတ်လျှင် မခင်အေးတို့သား အမိတွေ ဒီအိမ်ကပြောင်းသွားကြမှာကို စိုးရိမ်နေကြသည်။ ဒီအိမ် မှာပဲ နေစေချင်ကြသည်။ ဒေါ်အေးတင်ကတော့ သီတင်းကျွတ် လျှင် ဒီရွာကပြန်ထွက်သွားဖို့ ဆုံးဖြတ်ထားပြီးဖြစ်သည်။

သီတင်းကျွတ်လပြည့်နေ့မှာ ရွာသူရွာသားတွေနှင့်အတူ ရွာဦးကျောင်းကိုသွားပြီး ဒေါ်အေးတင် ဥပုသ်စောင့်သည်။ နှစ်ဘက်ဆွေမျိုးတွေထဲက စပ်နိုင်လျှင် ဆွေမျိုးတော်သည့် သက် ကြီးရွယ်အိုတွေကို နှုတ်ဆက်သည်။ မိမိထက် အသက်ကြီးသူ တွေကို ကန်တော့သည်။ ဒီရွာမှာ ၇ လမျှကြာအောင် နေခဲ့ရသည့် ကာလအတွင်းမှာ သိကျွမ်းခင်မင်သူတွေအားလုံးကို နှုတ်ဆက် သည်။

ဒေါ်အေးတင်၏ရင်မှာအကြံအစည်ဖြင့် နှုတ်ဆက်နေ
ဖြစ်သည်။ သီတင်းကျွတ်ပြီဖြစ်လို့ဒီရွာကအပြီးအပိုင်ပြန်လ
ထွက်ခွာသွားတော့မည်ဖြစ်သည်။ ရွာကထွက်ခွာသွားသည့်နေ
အိမ်ရှင် ဒေါ်အေးခင်မိသားစုကိုသာ နှုတ်ဆက်ပြီးထွက်ခွာ
တော့မည်ဖြစ်သည်။ ရွာသူရွာသားတွေကိုတော့ ဒေါ်အေး
မိသားစုက ပြောပြလိုက်တော့ဆိုသည့်သဘောဖြစ်သည်။ မိ
မွေးရာဇာတိ ရွာကလေးဖြစ်သည့်အပြင် မိမိတို့မိသာ
အပေါ်မှာကျေးဇူးရှိသည့် ရွာကလေးဖြစ်လို့ တလေးတ
အလေးထားနေမိသည်။ ဒါပေမဲ့ ကိုယ့်ဘ၀ကိုယ့်အကြောင်
ဖုံးဖိထားသော်လည်း တစ်နေ့မဟုတ် တစ်နေ့ ပေါ်လာမည်
သည်။

သီတင်းကျွတ်ပြီဆိုသော်လည်း မိုးမပြတ်သေးဖြစ်
သည်။ စပါးတွေမရိပ်သိမ်းရသေးလို့ ဥယျာဉ်ကွင်းရွာ
သနပ်ပင်မြို့ သွားလမ်းတစ်လျှောက်မှာ လယ်ကွင်းကြီးတစ်
တစ်ခေါ်မှာ စပါးတွေ ဝင်းမှည့်စပြုနေတာ မြင်နေရသည်။

ဥယျာဉ်ကွင်းရွာကို လာခဲ့ကြစဉ်ကလို လယ်ကွင်းတွေ
ဖြတ်ပြီးပြန်လို့ မရနိုင်တော့သည့်အတွက် လှည်းလမ်း လူသွ
လမ်းအတိုင်း သွားကြရမည်ဖြစ်သည်။ ၂ နာရီမျှလျှောက်လျှ
ရောက်နိုင်သည့်ခရီးကို နို့စို့ကလေးငယ်ပါသည့်အတွက် သုံးနာ
လောက်ကြာအောင် လျှောက်ကြရလိမ့်မည်ဟု တွေးနေမိသည်
ဒေါ်အေးတင်နှင့် မခင်အေးတို့ အထုပ်အပိုးပြင်ထားကြသည်
ရာသီဥတုသာယာသည့်နေ့ ညနေမှာတော့ ဒေါ်အေးတင်
အိမ်ရှင် ဒေါ်အေးခင်ကို ပြောလိုက်သည်။



" အေးခင်ရေ . . . နင့်ကို တိုးတိုးတိုင်ပင်စရာရှိတယ် "

" ဘာများလဲဟဲ့ "

" ငါတို့သားအမိ နင့်အိမ်မှာနေလာခဲ့ကြတာ ၇ လရှိပြီနော်"

" အဲဒါဘာဖြစ်လဲ တစ်သက်လုံးနေလည်းရတယ် "

" တစ်သက်လုံးနေလို့တော့ ဘယ်ဖြစ်မလဲကွယ်၊ သမီးလည်း မီးဖွားပြီးပြီဆိုတော့ ငါတို့ နင့်အိမ်ကပြောင်းတော့မယ် "

" ဘယ်တော့ပြောင်းမလဲ "

" နက်ဖြန်မနက်သွားကြတော့မယ် "

" ဟဲ့ ဘယ်ကိုသွားကြမလဲ "

" ရန်ကုန်ကိုပြန်မလို့ စီစဉ်ထားတယ် "

" ဟင် "

အိမ်ရှင် ဒေါ်အေးခင် အံ့သြသွားသည်။ မိမိအိမ်က ပြောင်းကြတော့မည်ဆိုတော့ ဒီရွာထဲမှာ တစ်ခြားအိမ်ကို ပြောင်းကြလိမ့်မည်ဟု ထင်မိသည်။ စောစောကတော့ ဒီရွာမှာ အိမ်ဝယ်ပြီးအခြေချနေထိုင်ကြလိမ့်မည်ဟု ထင်ထားခဲ့သည်။ အခုတော့ ဒီရွာကပြန်ထွက်ပြီး ရန်ကုန်ကိုပြန်သွားမည်ဆိုသည့်အတွက် အံ့သြသွားသည်။

" ရန်ကုန်မှာ ညည်း ဘယ်သူနဲ့နေမလဲ "

" လောလောဆယ်တော့ အသိတစ်ယောက်ရဲ့အိမ်မှာ ခဏနေမယ်၊ နောက်တော့ငှားသင့်လျှင်လည်း ငှားနေမယ်ပေါ့ကွယ်၊ ရန်ကုန်မှာ အိမ်ဝယ်ပြီးနေနိုင်ဖို့တော့ မလွယ်ပါဘူး "

" အဆင်ပြေပါ့မလား "

" ရှုန်းကန်ရမှာပေါ့ကွယ်၊ ကံကောင်းပါစေလို့သာဆု တောင်းပေးပါ "

" ဆုတောင်းပါတယ်တော်၊ ကံကောင်းကြပါစေ "

နောက်နေ့နံနက်စောစောမှာ ဒေါ်အေးတင်တို့သားအမိ မြေးအဖွားသုံးယောက်ဥယျာဉ်ကွင်း ရွာကလေးကပြန်လည်ထွက် ခွာခဲ့ကြပါသည်။ လာခဲ့ကြတုန်းက သားအမိနှစ်ယောက်တည်း အခုအပြန်လမ်းမှာ သားအမိ၊ မြေးအဖွားသုံးယောက်၊ နေမပူမီ သနပ်ပင်ကားဂိတ်ကိုရောက်အောင် ဖြေးဖြေးလျှောက်ခဲ့ကြ သည်။

၀

( ၂၆ )

ရန်ကုန်မြို့ရဲ့အပြင်ဘက်မှာရှိသည့် ဆင်ခြေဖုံးရပ်ကွက်၏ ဈေးအနီးကညောင်ပင်ကြီးတစ်ပင်အောက်မှာ ဆိုက္ကားဂိတ်တစ် ခုရှိသည်။ ဆိုက္ကားဂိတ်အနီးက တစ်ဘက်ဟပ်တဲကလေးရဲ့အမိုး အောက်မှာအဖွားအိုတစ်ယောက်နှင့် အဂါက်နှစ်ဆယ်အရွယ် မျှသာရှိသေးသည့် ကလေးအမေတစ်ယောက်တို့ မိုးခိုရင်း ထိုင်နေကြသည်။ တဲကလေးရဲ့ အမိုးက မလုံတော့လို့ မိုးပေါက် တွေ ယိုကျနေသည်။

" ဒီနေ့ကျမှ မိုးကလည်း သည်းလိုက်တာ "

အဖွားအိုက အနီးအနားမှာရှိသည့် ဆိုက္ကားသမားတွေ ကြားအောင် ပြောလိုက်သည်။ ဆိုက္ကားသမားတွေကလည်း ထောက်ခံသည်။ သီတင်းကျွတ်ပြီးမှ ရွာချသည့်မိုးဟုဆိုသည်။

အတော် ရေပါသော မိုးဖြစ်သည်။ တစ်နာရီခန့်ကြာအောင် သည်းသည်း မဲမဲ ရွာချနေသည်။

တဲကလေးရဲ့အမိုးက မိုးမလုံလို့ အဖွားအိုနှင့် ကလေးအမေ အမျိုးသမီးငယ်တို့ မိုးလုံသည့်နေရာကို ရွှေ့ရွှေ့ထိုင်ကြရသည်။

" ဒီတဲကလေးက ဘာလုပ်တဲ့တဲလဲကွဲ့ "

" အကြော်တဲပါ "

ဆိုက္ကားသမားတွေပြောပြလို့ သိရတာကဒီတစ်ဘက်ဟာ တဲကလေးသည် တစ်ခါက အရောင်းအဝယ်ကောင်းခဲ့သည့် အကြော်တဲကလေးဟုသိရသည်။ အခုတော့အကြော်သည်လည်း လုံးပါးပါးပြီး အရင်းပြုတ်သွားလို့ တဲကလေးသာကျန်ခဲ့တော့ သည်ဟုဆိုသည်။ ဒီကဲကလေးမှာ ခေတ္တနားနေလို့ ရမလားဟု မေးကြည့်သည်။

" သားရေ အမေတို့သားအမိတွေ ဒီတဲကလေးမှာ ခဏ နေလို့ရမလားကွယ် "

" ခဏလည်း နေလို့ရတယ် တစ်သက်လုံးနေလဲရတယ် အမေကြီးတို့က ဘယ်ကလဲ "

" တောကပါကွယ်၊ တောမှာ ဘာလုပ်ကိုင်စားရမှန်းမသိ လို့ မြို့တက်လာကြတာပါ၊ လောလောဆယ် နေစရာမရှိသေးလို့ ဒီတဲကလေးမှာ ခဏလောက်နေလို့ရမလား မေးကြည့်တာပါ "

" ရတယ်အမေကြီးနေ၊ ဒီညောင်ပင်ကြီးအောက် ဆိုက္ကား သမားတွေနဲ့ပြေလည်ရင် ဒီခွင်မှာ ဘာမဆိုအဆင်ပြေတယ် အမေကြီး တစ်သက်လုံးနေမလား ဒီတဲမှာနေလို့ရတယ် "



ရွှေညောင်ပင်ဆိုက္ကားဂိတ်ရဲ့ ဆိုက္ကားသမားတွေထဲက အသက်သုံးဆယ်ခန့်အရွယ် သွက်သွက်လက်လက်ရှိသူ တစ်ယောက်က လုံချည်တိုတိုပြင်စည်းပြီးပြောသည်။ ဒီဆိုက္ကား ဂိတ်မှာ တစ်ခြားသူတွေနှင့် မပြေလည်လျှင်တောင် သူနှင့်ပြေ လည်လျှင်ပြီးမည့် လက္ခဏာတွေ့ရသည်။

" တစ်သက်လုံးရယ်လို့တော့ ဘယ်ဟုတ်ပါ့မလဲ သားရယ်၊ အမေတို့မှာ လောလောဆယ်နေစရာမရှိသေးလို့ ဒီတဲကလေးမှာ ခဏနားနေပါရစေလို့ ပြောတာပါ၊ ဒီရပ်ကွက်ထဲမှာ ဈေးသက် တောင့်သက်သာနဲ့ရတဲ့ အိမ်ခန်းလေးဘာလေး တွေ့လျှင်လည်း ငှားနေဖို့ပေါ့ သားရယ် "

" ဒီရပ်ကွက်က ဆင်းရဲသားရပ်ကွက်ဆိုပေမဲ့ အိမ်ခန်း ငှားခ ဈေးတွေကမပေါဘူး၊ ဈေးအပေါဆုံးအခန်းက တစ်လ ၁၅၊ အဲဒါ ဆယ်ပေလောက်ပဲကျယ်တယ်၊ မီးမပါဘူး၊ ဆယ့်ငါး ပေလောက်ကျယ်ပြီး မီးပါလျှင် ၃၅ လောက်ပေးရတယ် "

" အမေတို့က သားအမိနှစ်ယောက်တည်းပဲ ဆိုပါတော့၊ မြေးကလေးကလည်း ငယ်သေးတော့ တစ်လ ၁၅ လောက်ပေး ရတဲ့ အခန်းဆိုဖြစ်ပါတယ်ကွယ်၊ ဈေးနဲ့နီးတော့ ဈေးရောင်းစား မယ်လို့ ရည်ရွယ်တယ် "

" ဒီကလေးက ဟောဒီက ညီမရဲ့ကလေးလား "

" ဟုတ်ပါတယ်ကွယ်၊ အမေ့သမီးနှင့် မြေးပါ၊ အမေ့နာမည် က ဒေါ်အေးတင်၊ သမီးနာမည်က မခင်အေးတဲ့၊ သူ့သမီးလေးက နာမည်မပေးရသေးဘူး "

" ကလေးအဖေ မပါဘူးလား "

" မပါဘူးသားရေ၊ ဒီကလေးကိုယ်ဝန်ခြောက်လမှာ သူတို့လင်မယားကွဲကြတယ်လေ၊ အဲဒါနဲ့ ရန်ကုန်မြို့မှာဖြစ်သလိုလုပ်ကိုင်စားမယ်ဆိုပြီး ရွာကထွက်လာခဲ့ကြတာပဲ၊ ဘာလုပ်ရမယ်ဆိုတာမသိသေးဘူး၊ နေစရာအတည်တကျဖြစ်ပြီးမှ ဘာလုပ်ရမယ်ဆိုတာ စဉ်းစားရတော့မှာပဲ "

ဆိုက္ကားသမားလူငယ်သည် ညောင်ပင်အောက်က ဆိုက္ကားသမားတွေကို လှမ်းခေါ်လိုက်သည်။

" ဟေ့ကောင်တွေ ညိုမောင်၊ လှအောင်နဲ့ မောင်မြင့် လာပါဦး "

ဆိုက္ကားသမားလူငယ်က လှမ်းခေါ်လိုက်တော့ ညောင်ပင်အောက်က ဆိုက္ကားတွေပေါ်မှာထိုင်ပြီး ခရီးသည်မျှော်နေကြသည့် ဆိုက္ကားသမားတွေ ဆိုက္ကားတွေပေါ်က ဆင်းလာကြသည်။

" အမေကြီး ကျွန်တော့်နာမည်က တင်သောင်း၊ သူက လှအောင်၊ သူက ညိုမောင်၊ သူက မောင်မြင့်၊ ဒီရပ်ကွက်ထဲမှာပဲ နေတယ်၊ ဘာမဆို လိုတဲ့အကူအညီပြော၊ ဒီရပ်ကွပ်မှာ ကျွန်တော်တို့ကို မသိတဲ့သူမရှိဘူး၊ ကျွန်တော်တို့ နာမည်သာ ပြောလိုက်၊ အားလုံးကိစ္စပြီးတယ် "

ဒေါ်အေးတင် ဝမ်းသာသွားသည်။ နှုတ်သွက်လျှာသွက် ခေါင်းဆောင်ဖြစ်သူက တင်သောင်း၊ ပိန်ပိန်ရှည်ရှည်က လှအောင်၊ ညိုညိုပုပုက ညိုမောင်၊ ဖြူဖြူသွယ်သွယ်က မောင်မြင့်၊ အားလုံး သဘောကောင်းကြမည့် ရုပ်တွေဖြစ်သည်။ တင်သောင်းတစ်ယောက်သာ မဟုတ်မခံ မိုက်ကန်းကန်းပုံစံ တွေ့ရသည်။ မိုက်ကန်းကန်းဆိုသော်လည်း ဒေါ်အေးတင်တို့ သားအမိ



အပေါ်မှာ သနားသည့်ပုံတွေ့ရသည်။

" အေးကွယ်၊ သားတို့နဲ့တွေ့ရတာ အမေအားရှိသွားပြီ၊ သားတို့ကို အားကိုးပါတယ်၊ အမေတို့ သားအမိ ဒီရပ်ကွက်မှာပဲ အိမ်ငှားနေပြီး တစ်ခုခုလုပ်စားတော့မယ် "

" ဒီမှာအမေကြီး၊ အိမ်လည်းငှားမနေနဲ့ ဒီအကြော်တဲမှာပဲနေ၊ အမိုးအကာနဲ့ လုံခြုံမှုရှိအောင် သားတို့လုပ်ပေးမယ်၊ ဘာလုပ်ကိုင်စားရမလဲဆိုတာ စဉ်းစားမနေနဲ့၊ အကြော်မျိုးစုံကြော်ရောင်း၊ ခေါင်းရွက်သမားကို ဖောက်သည်ပေး၊ မြို့တွင်းက အော်ဒါတွေကိုလက်ခံ၊ မူလအကြော်သည်လည်း ဒီတဲမှာပဲနေပြီး ဒီအလုပ်ပဲလုပ်သွားတာပဲ "

" ဝမ်းသာလိုက်တာသားရယ်၊ သားတို့ကျေးဇူးကို အမေ ဘယ်တော့မှ မမေ့ပါဘူးကွယ် "

" ကျွန်တော်တို့က ကျေးဇူးတင်ခံချင်လို့မဟုတ်ဘူး၊ ဒုက္ခရောက်သူကို ကူညီချင်တာပါ "

" သာဓု၊ သာဓု၊ သာဓုပါကွယ် မူလအကြော်သည် မိသားစုကဘယ်ရောက်သွားလဲ "

" ဝင်ငွေကောင်းလာတော့ လင်က အရက်သောက်ပြီးသေတယ်၊ သားကဘိန်းဖြူစွဲပြီး ထောင်ကျတယ်၊ ရဲဘက်စခန်းမှာ သေတယ်လို့ကြားတာပဲ၊ ဆက်မလုပ်နိုင်တော့လို့ ရပ်လိုက်ရတယ် "

အဲဒီနေ့ညက မိုးရွာချပြန်လို့ ဒေါ်အေးတင်နှင့် မခင်အေးတို့သားအမိ တစ်ဘက်ယပ်အကြော်တဲကလေးရဲ့အမိုးအောက်မှာ စိုစိုရွှဲရွှဲဖြင့် တစ်ညအိပ်လိုက်ကြသည်။ အဲဒီနေ့ည ၁၂

နာရီလောက်အထိ ဆိုက္ကားဂိတ်မသိမ်းသေးလို့ အဖော်ရသလို ဖြစ်နေသည်။ မခင်အေးတို့ သားအမိ ရောက်လာသည့်နေ့မှာ မိုးရွာချသည့်အတွက် ဆိုက်ကားသမားတွေက မခင်အေးရဲ့ သမီးလေးကို မိမိုးလို့နာမည်ပေးလိုက်ကြသည်။

နောက်နေ့မှာတော့ တင်သောင်းတို့ ဆိုက္ကားသမားအုပ်စု၏ လုပ်အားဖြင့် အကြော်တဲကို လုံခြုံအောင်ပြန်မိုးကြသည်။ ဝါးထရံ ကာကြသည်။ သစ်အဟောင်းရောင်းသည့်ဆိုင်က ခင်းပျဉ်တွေ ဝယ်ပြီးခင်းကြသည်။ လိုအပ်သည့်ပိုက်ဆံကို ဒေါ်အေးတင်က ထုတ်ပေးသည်။ ဒုက္ခသည်သားအမိ၊ မြေးအဖွားကို ဆိုက္ကား သမားအုပ်စုက အကြော်တဲမှာ နေစရာလုပ်ပေးနေတာကို အနီး ဆုံးလမ်းကလူတွေနှင့် ရပ်ကွက်ကသဘောတူပြီး အားပေး ကြသည်။

“ အမေကြီးတို့သားအမိ အကြော်ကြော်ပြီး ရောင်းကြပေါ့ ကျွန်မတို့ ဝယ်စားပြီးအားပေးမယ် ”

ဒေါ်အေးတင်က အကြော်စုံရောင်းမည်ဟု ကတိပေးလိုက် သည်။ မိမိတို့သည် ရန်ကုန်မြို့ လူကုံထံရပ်ကွက်ကြီးထဲက သူဌေးအိမ်မှာ နေခဲ့ဖူးတယ်ဆိုတဲ့အကြောင်းကို လုံးဝ တစ်ခွန်း တစ်ပါဒတောင် မပြောမိအောင် အထူးသတိထားနေကြသည်။

○

( ၂၉ )

ဒေါ်အေးတင်နှင့် မခင်အေးတို့၏ အကြော်တဲကို ရွှေညောင်ပင်အကြော်တဲလို့ လူသိများကြသည်။ တင်သောင်းတို့ ဆိုက္ကားဂိတ်နာမည်နှင့်တွဲပြီး လူသိများသွားတာဖြစ်သည်။ တင်သောင်းတို့ ဆိုက္ကားဂိတ်ကို ရွှေညောင်ပင် ဆိုက္ကားဂိတ်လို့ နာမည်ပေးထားလို့ ညောင်ပင်အောက်မှာပင်ရှိနေသည့် အကြော်တဲကိုလည်း ရွှေညောင်ပင်အကြော်တဲလို့ပင် ခေါ်ကြ တော့သည်။

ရွှေညောင်ပင်အကြော်စုံကို တခဲနက် အားပေးကြတာ ဆိုက္ကားသမားတွေဖြစ်သည်။ ဘူးသီးကြော်၊ ကြက်သွန်ကြော်၊ ဗူးတပ်ကြော်၊ ငှက်ပျော်ကြော်တို့ဖြင့် ဆိုင်ဖွင့်သည်။ ဒေါ်အေးတင် ၏ကိုယ်ပိုင်မုန့်စပ်နည်းစနစ်အရ မုန့်နှစ်မှာ ဆားနှင့်ဆေးသကြား

အနည်းငယ်ထည့်ထား၍ အကြော်ကအရသာရှိသည်။ စား
ရင်းစားချင်ရင်းဖြစ်နေသည်။ ဒေါ်အေးတင်ကလည်း ရွှေညော
ပင်ဆိုက္ကားဂိတ်က ဆိုက္ကားသမားတွေကို ပိုပိုသာသာထည့်ပေး
သည်။ အချဉ်ကလည်း ငရုတ်ဆီသာမက ခရမ်းချဉ်သီးအနှစ်
အရည် ဖျော်ထည့်ထားသဖြင့် ချဉ်၊ စပ်၊ ဆိမ့် အရသာဖြစ်
သည်။

အကြော်က အရသာရှိသည့်အပြင် အကြော်ထည့်ပေး
သည့် ကလေးအမေ မခင်အေး၏အလှကို လာကြည့်ပြီး ပိုးပ
ပန်းရင်း စားသူတွေလည်းရှိသည်။ မခင်အေးကလည်း တစ်သ
မွေး တစ်သွေးလှနေသည်။ အစွမ်းကုန် ဖီးလိမ်းပြင်ဆင်
အကြော်ဆိုင်ထိုင်သည်။ အကြော်သည် မခင်အေး၏ မျက်
လှလှ၊ ချိုချိုအေးအေးကိုကြည့်ပြီး ဘူးသီးကြော်ကို အချဉ်ရ
ဖြင့် တို့စားကြသည်။ တစ်ပွဲကို တစ်ကျပ်ခွဲဖြင့် ၁၅ ဖိုး စား
တွေတောင်ရှိသည်။

နွေရာသီရောက်လာတော့ မခင်အေးရဲ့သမီးလေး မို
တောင် ထိုင်တတ်နေပြီး သွားငုတ်တုတ် လူငုတ်တုတ်ဖြင့် ချစ်
သမီးလေး ဖြစ်နေသည်။ အကြော်လာဝယ်သူ၊ အကြော်လာ
သူတွေ၏ အချစ်တော်လေး ဖြစ်နေသည်။

မခင်အေး၏သမီးလေးကို ဆိုက္ကားသမားတွေက မိုးမို
နာမည်ပေးသည့်နေ့က အကြော်လာဝယ်သူ အကြော်လာစား
တွေကို အလှူလုပ်သလို ပိုပိုသာသာထည့်ပေးသည်။ မခင်အေး
သမီးလေးနာမည် မိုးမိုး ဆိုသဖြင့် အားလုံးက စိတ်ဝင်စား



သဘောကျကြသည်။ ကလေးကလည်း ချစ်ရာလေးဖြစ်နေသည်။ မျက်လုံးလေးတွေက ကြည်လင်ပြီးတောက်နေသည်။ မျက်တောင်လေးတွေကကော့နေသည်။ နှုတ်ခမ်းလေးက ဆေးမဆိုးဘဲ နီရဲနေသည်။ နှာတံလေးပေါ်ပြီး စင်းနေသဖြင့် ထူးထူးခြားခြားလှသည့် ကလေးလို့ပြောကြသည်။ ကြာသပတေးသမီးဖြစ်လို့ မိုးမိုးဆိုသည့်နာမည်က နေ့သင့် နံသင့်လည်း ဖြစ်နေသည်။

" မိုးမိုးရေ "

" မိုးမိုးလေးရေ "

ကလေးချစ်တတ်သူတွေက အကြော်ဝယ်သည်ဖြစ်စေ၊ မဝယ်သည်ဖြစ်စေ ကလေးကိုချစ်လို့ အော်ခေါ်နှုတ်ဆက်ကြသည်။ ကလေးကလည်း သူ့ကိုခေါ်တယ်ဆိုတာ သိနေသည်။ ခြေလှုပ်လက်လှုပ်ပြပြီး ပြုံးပြသည်။ မိုးမိုးလေးသည် ရွှေညောင်ပင် အနွေးယာဉ်ဂိတ်က ဆိုက္ကားသမားတွေ၏ အချစ်တော်လေးဖြစ်နေတော့သည်။

သမီးလေးမိုးကို အကြောင်းပြုပြီး မခင်အေးထံ ဝင်ထွက်နေသူတွေထဲက မယားရှိလင်၊ မုဆိုးဖိုနှင့် တစ်ခုလပ်တွေက မခင်အေးကို ပိုးပန်းကြသည်။ မခင်အေးက ဈေးရောင်းကောင်းရုံ အလိုက်သင့် ဆက်ဆံထားသည်။ ဘယ်သူ့ကိုမှပိုပြီး မျက်နှာသာ မပေးသည့်အတွက် အားလုံးကပင် မျှော်လင့်ချက်ဖြင့် မခင်အေး အနီးမှာ တရစ်ဝဲဝဲဖြစ်နေကြသည်။

မခင်အေး၏နောင်ရေးကို စိတ်မအေးလို့ စိတ်ဆောင်ပြီး ရုန်းကန်လှုပ်ရှားနေခဲ့သည့် ဒေါ်အေးတင်၏ကျန်းမာရေးကျဆင်း

လာသည်။ အလုပ်ပင်ပန်းသည့်ဒဏ်ကြောင့် အိပ်ရာထဲလှဲနေချင်သည့်စိတ်က များနေသည်။ ဒေါ်အေးတင် နေမကောင်းသည့်ရက်တွေမှာ မခင်အေးတစ်ယောက်တည်း ပင်ပန်းတော့သည်။

ဒေါ်အေးတင် စိတ်မအေးလို့ မသေချင်သေးတာ အကြောင်းနှစ်ခုကြောင့်ဖြစ်သည်။ မခင်အေးကို သင့်တော်သူနှင့် နေရာချထားပေးခဲ့ချင်သည်။ မြေးမလေး မိုး၏အဖေ ဘယ်သူဆိုတာကို သိသွားချင်သည်။ ဒီအကြောင်းနှစ်ခုကြောင့် မသေချင်သေးဖြစ်နေသည်။

ဒေါ်အေးတင်၏ ကျန်းမာရေးအခြေအနေမှာ တစ်နေ့ရွှေ တစ်နေ့ငွေဆိုသလို ဖြစ်နေသည်။ ထနိုင်ထိုင်နိုင်လို့ ထူထူထောထောင်နေနိုင်သည့်နေ့တွေမှာ မခင်အေးကို ကူလုပ်ပေးသည်။ အဓိကအလုပ်က မြေးမလေးကို ထိန်းသည့်အလုပ်ဖြစ်နေသည်။ မြေးမလေးကလည်း လမ်းလျှောက်တတ်ပြီဖြစ်လို့ မီးဖိုနှင့် အကြော်ဆီပူအိုးအနီးကို မကပ်နိုင်အောင် ထိန်းပေးနေရသည်။ မခင်အေးက အကြော်ကြော်သည်။ ဒေါ်အေးတင်က မြေးထိန်းရင်း အကြော်ရောင်းသည်။

မခင်အေးသည် အသက်-၂၀ မျှသာရှိသေးသည့် အပြ ရုပ်ချောပြီး အချိုးအဆစ်ပြေပြစ်သူဖြစ်လို့ အကြော်လာစားသလိုလိုဖြင့် လာပိုးသူတွေရှိသည်။ ရွှေညောင်ပင်ဆိုက္ကားဂိတ်က ဆိုက္ကားသမားတွေကတော့ မခင်အေးကို ပိုးစရာမလို၊ မိသားစုလိုရင်းနှီးနေသည်။ မခင်အေးကို ကြိုက်လျှင် အချိန်မရွေးဖွင့်ပြောနိုင်သည့် အခွင့်အရေးရှိသူတွေဖြစ်သည်။



မခင်အေးသည် စိတ်ခိုင်သူဖြစ်သည်။ သူ့ကို လာရောက်ပိုးပန်းနေသူတွေထဲက တစ်ယောက်ကိုမျှ မရွေးချယ်ဘဲ အားလုံးကို အလိုက်သင့် ဆက်ဆံထားသည်။ စိတ်ကြိုက်မတွေ့သေးတာလည်း ဖြစ်နိုင်သည်။ ခိုင်မာသည့် ဆုံးဖြတ်ချက်တစ်ခုရှိဟန်တူသည်။ မိုးမိုးလေး၏ ဖခင်ကို တွေ့အောင်ရှာပြီး အိမ်ထောင်ဖက်အဖြစ် ပေါင်းမည်ဟု ရည်ရွယ်ဟန်တူသည်။

○

## ( ၂၈ )

မခင်အေး၏ သမီးလေးမိုးကို ကျောင်းထားရမည့်နေ
ရောက်တော့မှ မခင်အေး၏ဘဝမှာ တုန်လှုပ်စရာအဖြစ်နှင့် ရ
ဆိုင်ရတော့သည်။ ဒေါ်အေးတင်၏ ကျန်းမာရေးအခြေအ
သိသိသာသာ ဆိုးရွားကျဆင်းလာသည့်အတွက် ဆေးရုံတင်လို
ရသည်။

ဒေါ်အေးတင်၏ရောဂါသည် နှလုံးရောဂါဟု သိလိုက်
သည်။ အလွန်စိတ်ဓာတ်ခိုင်မာသူဖြစ်သော်လည်း လော
တရား၏ ထုထောင်းမှုဒဏ်ကို အလူးအလဲခံခဲ့ရသူဖြစ်လို့ နှ
ရောဂါ ပြင်းထန်စွာရနေပြီဟု အဖြေထွက်လာသည်။ အသ
ရှုရန် ကူပံ့ထားသည့် အောက်ဆီဂျင်ပိုက်ကို ဖြုတ်လိုက်ပါက ၂
နာရီထက်ပိုပြီး နေနိုင်တော့မည်မဟုတ်ဟုဆိုသည်။



မခင်အေး၏သဘောတူညီချက်ဖြင့် အောက်ဆီဂျင်ပိုက်
ကို ဖြုတ်ခိုင်းလိုက်တော့သည်။ နံနက် အာရုဏ်တက်ချိန်မှာ
ဒေါ်အေးတင် ကွယ်လွန်သွားပါသည်။

ဆွေမရှိ၊ မျိုးမရှိသည့် အသုဘဖြစ်လို့ ရွှေညောင်ပင်
ဆိုက္ကားသမားတစ်စု၏ အကူအညီဖြင့် ကြံတောသုသာန်မှာ
မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြသည်။ မခင်အေးနှင့် သမီးလေးတို့
လူ့လောက ကြီးထဲမှာ အားငယ်စွာဖြင့်ကျန်နေခဲ့ပါသည်။
ဒေါ်အေးတင် မသေခင် ပြောခဲ့သည့်စကားကို ပြန်လည်ကြား
ယောင်လာသည်။

" သမီး ဘဝကို သတ္တိရှိရှိရင်ဆိုင်ပါ၊ သမီး ဦးစားပေး
လုပ်ရမဲ့အလုပ်က ငါ့မြေးလေးရဲ့အဖေကို ရှာဖွေဖော်ထုတ်
ပေးဖို့ပဲ "

မခင်အေးသည် လူမမယ်သမီးလေးနှင့် ဘယ်လိုသတ္တိကို
မွေးပြီး ဘဝခရီးဆက်မလဲဆိုတာ မစဉ်းစားတတ်အောင်ဖြစ်နေ
သည်။ အမေ ရှိစဉ်တုန်းကတော့ ပြဿနာတိုင်းကို အမေ၏
အဆုံးအဖြတ်ကိုခံယူကာ ရင်ဆိုင်ခဲ့သည်။ အခုတော့ငါးနှစ်အရွယ်
သမီးကလေး၏ နောင်ရေးနှင့် မိမိကိုယ်တိုင်၏ ရပ်တည်နိုင်ရေး
အတွက်ဘယ်လိုခရီးဆက်မလဲဆိုတာ မိမိကသာ စဉ်းစားဆုံးဖြတ်
ရတော့မည်ဖြစ်သည်။

မိမိကို လက်ထပ်ပါရစေလို့ ပြောနေသူတွေထဲက သင့်
တော်သူတစ်ယောက်ကို လက်ထပ်ယူလိုက်ပြီး သမီးလေးကို
ညာသင်ပေးရကောင်းမလား၊ မိမိယူလိုက်သည့်လင်က ကောင်း
လျှင်တော်ပါရဲ့၊ မကောင်းလျှင် ကိုယ်ကျိုးနည်းတော့မည်။

သမီးလေးကို ပထွေးစိတ်ဖြင့် ဆက်ဆံလျှင် မိမိကလည်း ခံ
မည်မဟုတ်လို့ နှစ်ဦးနှစ်ဘက် ဘဝပျက်နိုင်သည်။

မခင်အေး၏ အသက် ၂၅ နှစ်မျှသာရှိသေးသည်။ အ
ဂုဏ်နှင့် ငယ်ဂုဏ်ရှိသေးသည်။ သားမှတ်မှတ် မယားမှတ်မှ
မြတ်မြတ်နိုးနိုး ပေါင်းသင်းမည့် ယောကျ်ားနှင့်တွေ့ပါက တ
ဝင် လက်ထပ်ယူသင့်လျှင် ယူမည်ဟု စဉ်းစားထားသည်။

အစီအစဉ်တွေ ဆုံးဖြတ်ချက်တွေ ဘာမျှအထ
အထည်မဖော်နိုင်သေးမီ မလွဲသာ၊ မရှောင်သာ လုပ်ရ
အလုပ်က နေ့စဉ် အကြော် ကြော်ရောင်းဖို့ပင် ဖြစ်သ
ရွှေညောင်ပင် အကြော်တဲကလေးမှာပင် သားအမိနှစ်ယော
တည်း ဆက်လက်နေထိုင်သည်။

ညရေးညတာအတွက်ကလည်း ပူစရာမလိုပါ၊ ရွှေည
ပင် ဆိုက္ကားဂိတ်သည် ည ၁၂ နာရီကျော်မှ ဂိတ်သိမ်းသ
အကြော်တဲနောက်မှာရှိသည့် မီးကင်းတဲကလည်း မီးထ
စောင့်သူ အနည်းဆုံး တစ်ယောက်ရှိနေသည်။ နာရီတိုင်း
ချောင်းခေါက်သည်။ မိုးလင်းခါနီး နံနက် ၃ နာရီလောက်
လျှင် ကီလီမော်တင် ကုန်စိမ်းကြိုဈေးသည်တွေ ရပ်ကွက်ကထွ
ကြပြီး သုံးဘီးကားတွေ၊ လေးဘီးကားတွေနှင့် ဒေါ့ဂျစ်ကား
လှုပ်လှုပ်ရွရွ မောင်းထွက်ကြပြီဖြစ်လို့ နေ့နှင့်ည ဆက်သလို
နေသည်။ မခင်အေးတို့ သားအမိအတွက် ဘာမှစိုးရိမ်စရာ
ဖြစ်နေသည်။

မိုးလင်းခါနီးလို့ မီးကင်းတဲက နံနက် ၅ နာရီသံချော
ခေါက်တာနဲ့ မခင်အေး အိပ်ရာကထသည်။ ဘုရားရှိခိုးသည်



ကွယ်လွန်သူ အဖေနှင့် အမေကို ရည်မှန်းပြီးရှိခိုးဦးချသည်။ အမျှ
အတန်း ဝေသည်။

နံနက် ၆ နာရီ မထိုးမီကပင် မခင်အေး၏ အကြော်ဖိုမှာ
ဘူးသီးကြော်၊ ငှက်ပျောကြော်၊ ပဲကပ်ကြော် အနည်းဆုံးနှစ်မျိုး
သုံးမျိုး ရနေပြီဖြစ်သည်။ သမီးလေး မိုး အိပ်ရာကထလာလျှင်
ခေါင်းရွက်ဗန်းကလေးဖြင့် ရပ်ကွက်ထဲလည်ရောင်းရန် အကြော်စုံ
လုပ်ထားပြီးဖြစ်သည်။ မိုး အိပ်ရာကနိုးလာသည်နှင့် အကြော်
ရောင်းထွက်သည်။

“ အကြော်စုံ ”

“ ဘူးသီးကြော်၊ ငှက်ပျော်ကြော်၊ ပဲကပ်ကြော်၊ မန္တလေးပဲ
ကြော် . . . ”

“ ဟောဒီက အကြော်စုံ . . . ”

ငါးနှစ်အရွယ် သမီးငယ်လေး မိုးမိုး၏ အသံစာစာလေးက
ရပ်ကွက်အတွင်းက လမ်းတွေပေါ်မှာ နေ့စဉ်ကြားကြရသည်။
မိုးမိုးလေး၏ ဈေးရောင်းသံကိုကြားကြသူတွေက အကြော်စားချင်
၍သော်လည်းကောင်း၊ ကလေးကို သနားလို့သော်လည်းကောင်း
ခေါ်ဝယ်စားကြသည်။

“ ဟဲ့ အကြော်သည်အဒေါ်ကြီး လာပါဦး ”

သမီးလေးမိုးကို ချစ်လို့ နောက်ပြောင်ပြီး အကြော်သည်
အဒေါ်ကြီးလို့ ခေါ်ပြီးဝယ်ကြသည်။ မိုးကလည်း ဈေးရောင်းထွက်
ရာတွင် ဂါဝန်လေးဝတ်ပြီး ထွက်သည့်အခါရှိသလို၊ တစ်ခါတစ်
လေကျတော့လည်း ကွယ်လွန်သူသူ့အဖွား ဒေါ်အေးတင်၏ ထမီ
အဟောင်းတွေကို ကလေးထမီဖြစ်အောင် ဖြတ်တောက်ချုပ်ထား

သည့် ထမီကလေးဝတ်ပြီး ဈေးရောင်းထွက်လာသဖြင့် ဈေး
သူတွေ နောက်လို့ပြောင်လို့ ကောင်းနေတော့မည်။

" ငှက်ပျောကြော်က ဘယ်လောက်လဲဟဲ့ "

" အားလုံး ဆယ်ပြား "

တစ်ခုကို ဆယ်ပြားလို့ ပြောလိုက်တာဖြစ်သည်။ ဈေး
သူတွေက မိုးလေးကို သဘောကျလို့ရယ်ကြသည်။

" အားလုံးဆယ်ပြားလို့မပြောရဘူးသမီးရဲ့၊ ကြိုက်တာ
တစ်ခုကို ဆယ်ပြားလို့ ပြောရတယ်၊ မှတ်ထားနော် "

" ဟုတ်ကဲ့ပါရှင့် "

ရပ်ကွက်ထဲက ရပ်ကွက်သူ ရပ်ကွက်သားတွေ သတိ
မိတာတစ်ခုရှိသည်။ မိုးမိုးလေးသည် ဆင်းရဲလို့ ရပ်ကွက်ထဲ
ပြီး အကြော်ရောင်းနေရသော်လည်း ရုပ်လက္ခဏာထူးခြားသ
ယဉ်ကျေးသည်။ မှတ်ဉာဏ်ကောင်းသည်ဆိုတာကို သတိ
မိနေကြသည်။

မိုးမိုးလေးရုပ်ချောသည်။ ချစ်စရာကောင်းသ
အသားအရည်ဖြူဝင်းမွတ်ညက်နေသည်။ ကြီးကောင်ဝင်လာ
အပျိုလေးဖြစ်လာပါက အရုပ်အမောင်းကောင်းမည်ဆို
ခန့်မှန်းလို့ရသည်။ လက်ချောင်းခြေချောင်းလေးတွေက အ
သွယ်ပြီး ဖြောင့်တန်းနေကြသည်။ နှာတံကလေးက ပေါ်
စင်းနေသည်။ မျက်တောင်လေးတွေက ကော့နေသည်။ မျက်
လေးတွေက နက်ပြီးတောက်နေသည်။

ကလေးဆိုသော်လည်း မဆဲတက်၊ ရိုင်းစိုင်းသည့်စကား
မပြောတတ်၊ ရန်မလိုတတ်၊ ကြောက်တတ်သည်။ ဘယ်သူက



လိုက်စ၊ နောက်ပြောင်သည်ဖြစ်စေ ဘာမှပြန်မပြောဘဲ မျက်လုံး
လေးပေကလပ်ပေကလပ်ဖြင့် ပြန်ကြည့်နေတတ်သည်။ သနား
စရာကောင်းနေသည်။ သူ့ကို နောက်ပြောင်သူတွေနှင့် လိုက်စ
သူတွေကလည်း ချစ်လို့စတာ၊ နောက်ပြောင်ကြတာဖြစ်သည်။

တစ်ခါကဆိုလျှင် ရပ်ကွက်ထဲက ကာလသားတစ်စုက
အကြော်သည် မိုးကို အကြော်ဝယ်မည်ဆိုပြီးခေါ်သည်။

" အကြော်သည်အစ်မကြီး လာပါဦး "

မိုးမိုးက အကြော်ဗန်းကလေးရွက်ပြီး ရောက်လာသည်။
ကာလသားတွေအနားမှာ လာရပ်နေသည်။ ကာလသားကြီးတွေ
ဘာပြောမလဲဆိုတာ နားထောင်နေသည်။

" အကြော်ဗန်းကိုချလေ၊ ဝယ်စားမလို့ပါ အစ်မကြီးရယ် "

မိုးမိုးက အကြော်ဗန်းကိုအသာချပြီး ကာလသားတွေကို
ကြည့်နေသည်။ ကာလသားတွေကအကြော်သည်ကို ချစ်လို့
နောက်ချင်ပြောင်ချင်နေကြသည်။

" အကြော်တစ်ခုဘယ်လောက်လဲ "

" ကြိုက်တာယူပါ၊ တစ်ခုဆယ်ပြား "

" တစ်ခုဆယ်ပြားဆိုတော့ ဈေးများတာပေါ့၊ ငါးပြားမရ
ဘူးလား "

" မေမေက ဆယ်ပြားရောင်းရမယ်လို့ပြောတယ် "

" မေမေ နာမည်ဘယ်လိုခေါ်သလဲ "

" မေမေနာမည် မခင်အေး "

" အဖေနာမည်ကရော ဘယ်လိုခေါ်လဲ "

" သမီးမှာ အဖေမရှိဘူး "

" အဖေက ဘယ်ရောက်သွားလဲ "

" မသိဘူး "

မိုးမိုးလေးကို မေးနေသူတွေသည် မခင်အေးအကြောင်းကို ဒေါ်အေးတင် ပြောခဲ့လို့ သိထားပြီးသူတွေဖြစ်သည်။ မသိဟန်ဆောင်ပြီး မေးနေကြခြင်းဖြစ်သည်။ မေးရင်း အကြော်တွေကို နှိုက်စားနေကြတာ တစ်ဗန်းလုံးကုန်သွားသည်။

" ကဲ အကြော်တွေကုန်သွားပြီ၊ အားလုံးဘယ်နှစ်ခုလဲ "

" မေမေကပြောလိုက်တယ်၊ အခုငါးဆယ်တဲ့ "

" ဟယ် . . . ဒါဆိုလျှင် ငါးကျပ်ဖိုးတောင်လား "

" ဟုတ်ကဲ့ "

" ဒုက္ခပဲ၊ ပိုက်ဆံမရှိဘူး၊ ဘယ်လိုလုပ်မလဲ "

မိုးမိုးသည် ဘာမှမပြောဘဲ မျက်လုံးလေးပေကလပ်၊ ပေကလပ်ဖြင့် ကာလသားတွေကိုကြည့်နေသည်။ ကြည့်နေရင်း မျက်ရည်ဝိုင်းလာသဖြင့် ကာလသားတွေက သနားလာလို့ အကြော်သည်ကိုရော အကြော်ဗန်းကိုပါပွေ့ချီယူပြီး အကြော်တဲကို ပြန်ပို့ကြသည်။

" ဟဲ့ မခင်အေး၊ နင့်သမီး အကြော်ဗန်းမှောက်ကျလို့ ငိုနေတာတွေတာနဲ့ ငါတို့ ပွေ့ချီလာခဲ့ရတယ် "

ပထမတော့ မခင်အေးက ယုံသွားလိုက်သေးသည်။ နောက်တော့မှ ကာလသားတွေက ကလေးကိုချစ်လို့ နောက်ပြောင်တာကိုဟုသွားသည်။ ကာလသားတွေက အကြော်စုံဖိုး [illegible]ဆံ ငါးကျပ် ပေးသွားကြသည်။ မခင်အေးက သမီးလေးကို [illegible]သည်။



" ဦးတို့က သမီးကိုချစ်လို့နောက်တာ၊ စိတ်မဆိုးရဘူးနော် သမီး "

ဒီရပ်ကွက်နှင့်ရပ်ကွက်သူ ရပ်ကွက်သားတွေအားလုံးပင် မခင်အေးတို့သားအမိအပေါ် မှာ ကျေးဇူးရှိကြသည်။ မခင်အေးတို့သားအမိကို ဘယ်သူမှ မနှိပ်စက်၊ မစော်ကားဘဲ စောင့်ရှောက်နေကြသည်။ မခင်အေး၏ သမီးလေးကိုလည်း ချစ်ကြသည်။ ဆိုက္ကားသမား တင်သောင်းတို့ အုပ်စုကဆိုလျှင် မခင်အေးတို့ သားအမိကို အသက်နှင့်လဲပြီး ကာကွယ်ထားကြသည်။ စေတနာကောင်းခြင်းနှင့် ဖြူစင်ရိုးသားခြင်းတို့၏ တုန့်ပြန်သက်ရောက်မှု အကျိုးဖြစ်မည်။

○

# ( ၂၉ )

မခင်အေးသည် သမီးလေး မိုးကို ကျောင်းထားချင်သည်။ သမီးလေး ကျောင်းတက်နေလျှင် မိမိတစ်ယောက်တည်း လက်မလည်ဖြစ်နေမည်။ သမီးလေး၏အကူအညီသည် အလွန်လိုအပ်နေသည်။ သမီးလေးကို အကြော်ရောင်းခိုင်းလို့ရသည့်အပြင် ဟိုဟာ၊ ဒီဟာ လက်တိုလက်တောင်း ခိုင်းလို့ရနေသည်။

မခင်အေးက ဈေးဝယ်သည်။ အကြော်စုံ ကြော်သည်။ ကြော်ရင်းရောင်းသည်။ မိုးက ရပ်ကွက်ထဲလည်ပြီး အကြော်စုံရောင်းသည်။ ဒီလိုဖြင့် မိုးမိုးကို ကျောင်းအပ်မည့်ရက်တွေလွန်လာသည်။ မခင်အေး ပင်ပန်းကြီးစွာအလုပ်လုပ်တာ သားအမိနှစ်ယောက် စားလောက်ရုံသာရှိသဖြင့် အပိုမသုံးနိုင်ဖြစ်နေသည်။

သီရိရတနာကပါလာသည့် အဝတ်အထည်တွေကိုပဲ ရှိရှိသေသေဝတ်နေရသည်။ ရွှေဆွဲကြိုးနှင့် လက်ကောက် စုစုပေါင်း



ာစ်ကျပ်သားကလည်း ဥယျာဉ်ကွင်းရွာက ရန်ကုန်ကိုရောက်လာ း မကြာမီ ထုခွဲရောင်းချပြီး အမေကို ဆေးကုတာမှာသုံးလိုက်သည်။

ဒေါ်အေးတင်၏ ကျောက်ဖြူနားကပ်ကို ရောင်းပြီး ဒေါ်အေးတင်၏ အသုဘစရိတ်လုပ်လိုက်ရသည်။ အကြော်တဲကို ွမ်းခံကြွသည့် ဦးဇင်းကိုပဲ သက်န်းလှူပြီး ရေစက်ချအမျှဝေလိုက်သည်။ မခင်အေးမှာ ရွှေတစ်ရွေးသားတောင် မရှိဖြစ်သွားသည်။

ရွှေမရှိ၊ ငွေပိုငွေလျှံမရှိ သားအမိနှစ်ယောက် နေ့စဉ်စား ့အတွက် အကြော်ရောင်းလို့ရသည့် အမြတ်ကိုစားပြီး အသက်ဆက်နေကြရသည်။ လမ်းဘေးက အကြော်တဲမှာနေပြီး အသက်ရှင်နေတာ ဘာမျှော်လင့်ချက်ဖြင့် အသက်ရှင်နေတာလဲ မခင်အေး စဉ်းစားသည်။

သမီးလေး၏နောင်ရေး၊ သမီးလေးမိုးမိုး၏ အနာဂတ်ဘဝအတွက် အသက်ရှင်နေဖို့လိုအပ်သည်။ သမီးလေးမိုးမိုး အနာတ်ဘဝ လှပအောင် မိမိဘယ်လောက်စွမ်းဆောင်နိုင်မလဲ၊ အခုတောင် သမီးလေးအသက် ၅ နှစ်ကျော်ပြီ၊ ကျောင်းမထားနိုင်သေးဖြစ်နေသည်။ ကျောင်းမထားနိုင်လို့ စာမတတ်ပေမတတ်သည့် လမ်းဘေးက အကြော်သည်၏ သမီး၏အနာဂတ်ဘဝက ဘယ်လိုပုံစံဖြင့် လှပနိုင်မလဲ၊ စဉ်းစားရင်း မခင်အေး ရင်မောလာသည်။

အမေ ဒေါ်အေးတင် ကွယ်လွန်ခါနီး မှာထားခဲ့သည့် စကားက မခင်အေး၏ နားထဲကမထွက်ဖြစ်နေသည်။

" သမီးဘ၀ကို သတ္တိရှိရှိရင်ဆိုင်ပါ၊ ညည်း ဦးစားပေးလု
ရမဲ့အလုပ်က ငါ့မြေးလေးရဲ့ အဖေကို ရှာဖွေ ဖော်ထုတ်ပေး
ပဲ "

မခင်အေး သတိရပြီးကြက်သီးထသွားသည်။ မိမိ ဦးစ
ပေးရမည့်ကိစ္စသည် လင်ယူရန်မဟုတ်၊ သမီးလေး၏ အဖေ
ရှာဖွေဖော်ထုတ်ရန် ဖြစ်တယ်ပါလားဆိုတာကို သတိရပြီး ကြ
သီးထသွားခြင်းဖြစ်သည်။ အလုပ်ပင်ပန်းလာသည့်အခါ၊ သမီး
လေးရဲ့ ပညာရေးကိုစဉ်းစားသည့်အခါ၊ သင့်တော်သည့်
ယောကျ်ားကို ယူလိုက်ရကောင်းမလားဟု စဉ်းစားခဲ့တာ
ရှိသည်။ အမေမှာခဲ့သည့်စကားကို ပြန်လည်သတိရတော့မှ မိ
ဦးစားပေးလုပ်ရမည့် ကိစ္စသည် သမီးလေး၏အဖေကို ရှာ
ဖော်ထုတ်ရေးပါလားဆိုတာကို အချိန်မီသတိရလိုက်သည်။

မခင်အေးသည် မိမိ၏ဘ၀ကို ပြန်လည်သုံးသပ်ကြ
သည်။ မိမိဘ၀၏အစသည် အိမ်ဖော်အိမ်စေဘ၀ဖြင့် သူများအိ
နောက်ဖေးက အစေခံတန်းလျားမှာနေခဲ့ရသည်။ အပျိုဖြစ်သ
အချိန်မှာ လက်သည်မဖော်နိုင်ဘဲ ကိုယ်ဝန်ရှိခဲ့သည်။ အ
နာမည် မဖော်နိုင်သည့်ကလေးကို မွေးခဲ့ရသည်။ လမ်းဘေး
အကြော်တဲကို အိမ်လုပ်ပြီး ဘ၀ရှင်သန်နေရသည်။ ငါ့ဘ၀ဟာ
ဒီထက်ပိုပြီး နိမ့်ကျနိုင်စရာရှိသေးရဲ့လားဟု တွေးမိသည်။

ငါ့ကြောင့် ငါ့ဘ၀ထဲကိုရောက်လာတဲ့ အပြစ်မဲ့တဲ့ ငါ့သမီး
လေးရဲ့အနာဂတ်ဘ၀ဟာ ငါ့လို မဖြစ်စေရဘူး၊ ငါ့ထက်သာတဲ့
အတိုင်းအတာတစ်ခုအထိ ရောက်ရှိရပ်တည်နိုင်အောင် ငါ ကြိုး
စားရမယ်ဟု သံဒိဋ္ဌာန်ချလိုက်သည်။



အဓိကလုပ်ရမည့်ကိစ္စက သမီးလေး၏အဖေကိုရှာဖွေဖော်
ထုတ်ရန်ဖြစ်သည်။ သမီး၏အဖေသည် သီရိရတနာအိမ်က
ယောကျ်ားသုံးယောက်ထဲက တစ်ယောက်ဖြစ်နိုင်သလား၊
မောင်လေး မောင်မောင်ဦးတော့ လုံး၀ မဖြစ်နိုင်လို့ထင်သည်။

အဲဒီတုန်းက မောင်မောင်ဦး၏ အသက် ၁၆ နှစ်မျှသာရှိ
သေးသည်။ အသက် ၁၆ နှစ်ရှိယောကျ်ားနှင့် လိင်ဆက်ဆံလျှင်
ကိုယ်ဝန်ရနိုင်သည်မှန်သော်လည်း မောင်လေးမောင်မောင်ဦး
သည် မိမိကို အစ်မကြီးလိုသာ ချစ်နေသူဖြစ်သည်။ မိမိကို
မှောင်ထဲမှာ လာရောက်ဆက်ဆံသူသည် မောင်မောင်ဦးလို
ကလေးမဟုတ်၊ လိင်ကိစ္စကို အထူးကျွမ်းကျင်သူဖြစ်ပြီး မိန်းမ
တွေရဲ့အကြောကို နောကျေအောင် သိထားသူဖြစ်သည်။ ထို
လူ၏ အကိုင်အတွယ် အပွတ်အသပ်နှင့် အနမ်းအစုပ်တွေ
ကြောင့် မိမိသည် အသက်ရှူမှားကာ သတိလစ်သလိုဖြစ်ပြီး
သူ့အလိုကို လိုက်လျောခဲ့ရတာဖြစ်သည်။ အဲဒီလူနှင့်သာ ဆိတ်
ကွယ်ရာမှာ နှစ်ယောက်ချင်းတွေ့ကြမည်ဆိုလျှင် ဘယ်မိန်းမမှ
လွတ်အောင် ရုန်းနိုင်မည်မဟုတ်လို့တောင် ထင်မိသည်။ ဒါ
ကြောင့်ပင် ထိုလူသည် မောင်လေးမောင်မောင်ဦး မဟုတ်တာ
သေချာသည်။

ကိုကိုခင်မောင်ကြီးဖြစ်မလား၊ ဖြစ်လည်းဖြစ်နိုင်သည်။
ဖြစ်လည်းမဖြစ်နိုင်၊ ဟိုလူ၏ အလုံးအရပ်နှင့် ကိုယ်အလေးချိန်
သည် ကိုကိုခင်မောင်ကြီးနှင့် အတော်တူသည်။ ကိုယ်သား
ကိုယ်ရည်လည်း အနီးစပ်ဆုံးတူသည်။ အနံ့အသက်ကတော့
ကွဲပြားနေသယောင် ထင်မိသည်။ ဟိုလူဆီကရလိုက်သည့်

ရေမွှေးနံ့လက်ကျန် သင်းသင်းသည် မောင်လေးမောင်မောင်ဦး
ဆီကတစ်ခါတစ်လေ ရတတ်သည့် ရေမွှေးနံ့ဖြစ်နေသည်။
မောင်လေးမောင်မောင်ဦးသည် သူ့အဖေနှင့်အမေ၏ မှန်တင်ခုံ
ပေါ်က အမွှေးနံ့သာတွေကို ယူသုံးတတ်သည်။

ကိုကိုခင်မောင်ကြီး အမြဲသုံးသည့်ရေမွှေးသည် အနံ့မပြင်း
သင်းသင်းလေးသာမွှေးသည်။ ကိုကိုသည် ရေမွှေးကိုအမြဲမသုံး
သပ်သပ်ယပ်ယပ်နေသော်လည်း အမွှေးအကြိုင်သိပ်ပြီးမသုံး
အဝတ်အစားကိုသာ အကောင်းစားသုံးသည်။ သန့်ရှင်းသပ်ယပ်
စွာနေသည်။

ကိုကိုသည် အင်္ဂလန်ကပြန်ရောက်ကတည်းက ဘောင်းဘီ
အရှည်ကို ၂၄ နာရီလုံးမချွတ်တမ်းဝတ်သည်။ ညအိပ်တာတောင်
ဘောင်းဘီဝတ်အိပ်သည်ဟု သိရသည်။ ဟိုညတွေက ဟိုလူဝတ်
လာတာ လုံချည်ဖြစ်နေသည်။ မိမိက သူ့လုံချည်ကိုဖမ်းဆွဲပြီး
ကိုကိုလားလို့မေးတော့ ခေါင်းညိတ်ပြပြီး အတင်းရုန်းထွက်ပြေး
ဆင်းသွားခဲ့သည်။

ကိုကိုလားလို့မေးတာကို သူက ခေါင်းညိတ်ပြီး အဖြေပေး
သည်။ ဘာကြောင့် အသံထွက်ပြီး ပါးစပ်ကမပြောသလဲ၊ အသံ
ကိုကြားလျှင် ဘယ်သူဘယ်ဝါဆိုတာကို သိသွားမည်စိုး၍ဖြစ်မည်။
ကိုကိုခင်မောင်ကြီးသာ တကယ်ဖြစ်နေလျှင် ခေါင်းညိတ်ပြီးဝန်ခံ
ပါ့မလား၊ ခေါင်းခါပြီး မဟုတ်ဘူးလို့ငြင်းခဲ့မည်ဖြစ်သည်။ ဒါဆို
လျှင် သူဟာဘယ်သူလဲ၊ စဉ်းစားစရာဖြစ်နေသည်။

နောက်နေ့တွေမှာ ကိုကိုခင်မောင်ကြီးကို ထမင်းစားခန်းမှာ
တွေ့လို့ အကဲခတ်ကြည့်တော့လည်း ဘာမှမပြောင်းလဲ၊ အမူ
ရာမပျက် ပုံမှန်အတိုင်းသာတွေ့ရသည်။

သီရိရတနာမှာ ယောကျာ်း သုံးယောက်ရှိသည့်အနက်
မလေး၏ခင်ပွန်း ကိုတင်နွယ်ကိုတော့ ထည့်သွင်းစဉ်းစားစရာ
လိုသူအဖြစ် သတ်မှတ်ထားသည်။ အခင်းဖြစ်ပွားသည့် ညတွေ
က ကိုတင်နွယ် ရန်ကုန်မှာမရှိ၊ မန္တလေးမှာ ရောက်နေခဲ့သည်။
တကယ်၍သာ ကိုတင်နွယ် ရန်ကုန်ကအိမ်မှာရှိနေပါက
ကိုတင်နွယ်သည် ဖြစ်နိုင်ခြေအရှိဆုံးပုဂ္ဂိုလ်ဖြစ်သည်။

ကိုတင်နွယ် အကြောင်းကို အမေပြောပြလို့ သိခဲ့ရသည်။
အိမ်ဖော်အမျိုးသမီးနှင့် မသင်္ကာဖွယ်ရာတွေ့ရလို့ မမလေးက
အိမ်ဖော်ကို အလုပ်ဖြုတ်ပစ်လိုက်သည်။ နောက်ထပ် အိမ်ဖော်
ထားဘဲ မိမိတို့သားအမိကိုသာ ခြံထဲမှာနေခွင့်ပြုထားခဲ့သည်။

မိုးကုတ်မှာ ကျောက်တွင်းတွေကို အနီးကပ်ကြည့်ကြပ်ရန်
ရောက်နေစဉ် အငယ်အနှောင်းထားတာကို မမလေးသိသွားလို့
ကျောက်တွင်းတွေအားလုံးကို ရောင်းပစ်လိုက်ပြီး ဗိုလ်ချုပ်ဈေးမှာ
ဆိုင်ထိုင်ခိုင်းထားသည်။ ကိုတင်နွယ်သည် ခေတ်ပညာတတ်၊
သူဌေးသားဆိုသော်လည်း မိန်းမလိုက်စားသူဖြစ်သည်လို့ အမေ
ပြောတာကို မှတ်မိနေသည်။ ဒါပေမဲ့ မိမိကို လိင်ဆက်ဆံခဲ့သူ
ဟာ ကံအားလျော်စွာပင် ကိုတင်နွယ် မဟုတ်တာသေချာသည်။
အဲဒီညက ကိုတင်နွယ် မန္တလေးကို ရောက်နေခဲ့သည်။

သီရိရတနာအိမ်က ယောကျာ်းသုံးယောက်ထဲက ယောက်မျှ မဟုတ်ဘူးဆိုလျှင် အပြင်ကလူ ဖြစ်နိုင်သလ ဒါလည်း အတော်မလွယ်သည့်ကိစ္စဖြစ်သည်။ သီရိရတနာဝေ ရှိရာ ရပ်ကွက်ကြီးသည် လူကုံထံတွေ သူဌေးတွေနေသော ကွက်ဖြစ်သည်။ ဒီရပ်ကွက်ထဲမှာ နေသူတွေမှအပ အခြားအ မှာနေသူတွေသည် ဒီရပ်ကွက်ထဲကို ညအခါမဆိုထားနှင့် နေ့ ခါမှာတောင် မဝင်ရဲကြလို့ ဆိတ်ငြိမ်တိတ်ဆိတ်နေသော သီး ရပ်ကွက်ဖြစ်သည်။ ဒီရပ်ကွက်ထဲကသီရိရတနာခြံဝင်းထဲကို ရပ်ကွက်မှာ နေသူတွေပင် မဝင်ရဲသည့်အိမ်ဖြစ်သည်။

ဒါဆိုလျှင် လွန်ခဲ့သည်ခြောက်နှစ်ကျော် ခုနှစ်နှစ်ခန့် သီရိရတနာခြံထဲမှာနေသည့် မိမိကို ညသန်းခေါင်ယံမှာလာ နှစ်ခါတိတိ လိင်ဆက်ဆံသွားသူဟာ ဘယ်သူလဲ၊ ဖော်ထုတ် ခက်နေသည်။ ခက်သော်လည်း အဖြစ်မှန်၏လက်သည်တရား ကို ရှာဖွေဖော်ထုတ်ရမည်။ ဒါမှ သမီးလေးမိုးမိုး၏ ဘဝကို အ ဆင်ပေးနိုင်မည်ဖြစ်သည်။

○

## ( ၃၀ )

မခင်အေးတို့သားအမိသည် လမ်းဘေးက အကြော်တဲမှာ နေသည်။ ပတ်ဝန်းကျင်ကောင်းသည့်အတွက် နေရေးပူစရာ လိုဖြစ်နေသည်။ စားရေးအတွက် နေ့စဉ် အကြော်ရောင်းသည်။ ခင်အေး စိတ်မကောင်းဖြစ်နေတာ တစ်ခုပဲရှိသည်။ သမီးလေး မိုးမိုးကို ကျောင်းမထားနိုင်သည့် ကိစ္စဖြစ်သည်။ သမီးလေးသည် အလွန်မှတ်ညဏ်ကောင်းသည်။ ရပ်ကွက်ထဲလည်ပြီး အကြော် ရောင်းရင်းသူနှင့် ရွယ်တူကလေးတွေစာဖတ်သံ၊ စာကျက်သံတွေ ကိုကြားပြီး အလွတ်ရနေသည်။ က ကန်စွန်းပင် ရေမှာရှင်၊ ခ ခရမ်းသီး မားနဲ့လှီး၊ ဂ ဂဏန်းကောင် လက်မထောင် ဆိုတာ တွေကို အော်ဆိုတတ်နေသည်။ သူများကလေးတွေလို ကျောင်း တက်ရလို့ စာမဖတ်တတ်၊ မရေးတတ်သော်လည်း အကြော်

တစ်ခုဆယ်ပြား၊ ဆယ်ခုတစ်ကျပ်၊ တစ်ဆယ်ဖိုးကို အကြေ အခုတစ်ရာဆိုတာတွေ သိနေသည်။ မခင်အေးက သမီးလေး အားပေးစကားပြောသည်။

" သမီးကို အမေ စာသင်ပေးမယ်၊ သေစာရှင်စာလော ရေးတတ်၊ ဖတ်တတ်လျှင် တော်ပြီပေါ့သမီးရယ် "

မခင်အေးသည် သူ့သမီးကို တစ်နေ့လျှင် တစ်နာရီ စာသင်ပေးသည်။ ညနေစာစားပြီးချိန်မှာ သင်ပေးသည်။ မြန် စာ ရေးတတ်၊ ဖတ်တတ်ရုံ သင်ပေးတာဖြစ်သည်။ သင်္ချာ လည်း အပေါင်း၊ အနုတ်၊ အမြှောက်၊ အစား လောက်သင် သည်။ မိုးမိုးသည် အလွန်မှတ်ဉာဏ်ကောင်းသည်။ သင်ပေးလျှ ခဏဖြင့်တတ်သည်။ မိဘချမ်းသာလို့ ကျောင်းထားပေးနိုင်လျှ ထွန်းထွန်းပေါက်ပေါက်ဖြစ်မည့် ကလေးဖြစ်သည်။

တစ်နေ့မှာ မခင်အေး၏အကြော်တဲကို လူကြီးတစ်ယော က ဓာတ်ပုံရိုက်နေသည်။ လူကြီးသည် အသက်ခြောက်ဆယ် ရှိမည်ဟု ထင်ရသည်။ ဓာတ်ပုံဆရာကြီးက ဝဝ၊ ဗိုက်ပူပူကြော လုံချည်တိုတိုစည်းထားသည်။ အဝတ်ဦးထုပ်နားကုတ်ဖြူဖြူ ဆောင်းထားသည်။

ဓာတ်ပုံဆရာကြီး၏ဘေးမှာ အသက်နှစ်ဆယ်အရွယ် ငယ်တစ်ယောက်ရှိနေသည်။ လူငယ်သည် အသားဖြူဖြူ ရုပ်သ သန့်ဖြစ်သည်။ အင်္ကျီလက်တိုအဖြူနှင့် ဘောင်းဘီရှည်နက် ရောင်ကိုဝတ်ထားသည်။ ဓာတ်ပုံဆရာကြီး၏တပည့်ဟု ယူ သည်။ ဓာတ်ပုံဆရာကြီးသည် ကင်မရာကို ဒေါက်ဖြင့်ထောက် မခင်အေး၏ အကြော်တဲကိုချိန်ထားသည့် ကင်မရာကို စိတ်ကြိုက်



ချိန်ပြီးသောအခါ လူငယ်ကို ကြည့်စေသည်။ လူငယ်သည် ကင်မရာဖြင့် မခင်အေး၏ အကြော်တဲကိုကြည့်သည်။ ဓာတ်ပုံဆရာကြီးသည် စိတ်ကြိုက်အနေအထားရအောင် ကင်မရာကို ချိန်ပြီးသောအခါ လူငယ်ကိုကင်မရာအနီးမှာထားခဲ့ပြီး မခင်အေး ရှိရာ အကြော်တဲကိုလာသည်။

" သမီး အကြော်ကြော်နေတဲ့ပုံနှင့် အကြော်တဲကို ဓာတ်ပုံ ရိုက်ပါရစေနော် "

" ဘာအတွက်လဲ ဦးရယ် "

" ဦးတို့ အပျော်တမ်းဓာတ်ပုံဆရာတွေပါ၊ စိတ်ကြိုက်ပုံ တွေ့လျှင် အခုလိုပဲရိုက်ယူတယ် "

" ကျွန်မရဲ့ပုံနဲ့ အကြော်တဲက ဘာများကြိုက်စရာရှိလို့လဲ ဦးရယ် "

" သာမန်အမြင်အရ ဘာမှကြိုက်စရာမရှိပေမဲ့၊ အနုပညာ အမြင်အရ ကြိုက်စရာတွေ့လို့ပါ၊ လူသားတို့ရဲ့ဘဝ ရပ်တည် နိုင်ရေးအတွက် ရုန်းကန်လှုပ်ရှားနေပုံတွေထဲက အကြော်သည် နှင့် အကြော်တဲကလေးရဲ့အလှကို ကြိုက်လို့ပါ "

" ရိုက်ပါဦးရယ်၊ ကြိုက်သလောက်ရိုက်ပါ၊ သမီး သနပ်ခါး လိမ်းပေးရမဦးလား "

" မလိမ်းရဘူး၊ မလိမ်းရဘူး၊ သမီး သနပ်ခါးလိမ်းလိုက် လျှင် ဓာတ်ပုံပညာ အလှပျက်သွားမယ်၊ အနုပညာ မဆန်ဖြစ် သွားမယ်၊ သဘာဝအတိုင်း ရိုက်ချင်တယ် "

ဓာတ်ပုံဆရာကြီးသည် ကင်မရာနှင့်သူ့တပည့်ရှိရာ အကွာ အဝေးကိုပြန်သွားပြီး ကင်မရာမှန်ဘီလူးမှတဆင့် မခင်အေးနှင့်

အကြော်တဲကိုပြန်ကြည့်သည်။ နေရာယူထားတာနှင့် အလင်းအ မှောင်ယူထားပုံကို ကြိုက်ပြီဆိုသည့်အခါ သူ့တပည့်ကိုပြောသည်။

" ပြန်ကြည့်၊ အကြော်သည်ရဲ့မျက်နှာကို တည့်တည့်မယူ ဘူး၊ အကြော်တဲကို အကုန်မယူဘူး၊ အကြော်သည်နှင့် အကြော် ဒယ်အိုးကိုပဲ ယူမယ်၊ ဒယ်အိုးထဲကဆီတွေ ဆူပွက်နေတာကို ပေါ်အောင် အပေါ်ကစီးပြီးရိုက်မယ် "

ဓာတ်ပုံဆရာကြီး၏တပည့် ဓာတ်ပုံဆရာလေးသည် ကင် မရာမှန်ဘီလူးမှတဆင့် အကြော်သည်နှင့် အကြော်တဲကို ကြည့် သည်။ အကြော်သည် မခင်အေးက မုန့်နှစ်နှင့်နယ်ထားသည့် အကြော်ကို ဒယ်အိုးထဲထည့်နေသည့်ပုံကို တစ်ပုံရိုက်လိုက်သည်။ ပွက်နေသည့်ဆီအိုးထဲက အကြော်တွေကို ဆန်ကာခွံးဖြင့် ဆယ်ယူ နေပုံကို တစ်ပုံရိုက်သည်။

ကင်မရာကို နေရာရွှေ့ယူပြီး အကြော်တဲနှင့်အကြော်သည် ကို ရှုဒေါင့်အမျိုးမျိုးမှ ရိုက်ယူသည်။ အသက် ဆယ်နှစ်အရွယ် အကြော်သည်မိန်းကလေး အကြော်ဗန်းကလေးရွက်ပြီး အကြော် ရောင်းထွက်ပုံကိုပါ ရိုက်ယူသည်။ ဓာတ်ပုံဆရာကြီးက အကြော် သည်ကလေးထံမှ အကြော်စုံဝယ်စားနေဟန် ရိုက်ရန် အကြော် သည်လေးကို ဆောင့်ကြောင့်ထိုင်ခိုင်းသည်။ အကြော်ဗန်း ကလေးကို ဒူးနှစ်လုံးပေါ်တင်ပြီး ထိုင်နေဟန်၊ ဓာတ်ပုံ ဆရာကြီး က အကြော်ဝယ်စားနေဟန် ရိုက်ယူသည်။ ဓာတ်ပုံဆရာတပည့် နှစ်ယောက်သည် သူတို့စိတ်ကြိုက်ဓာတ်ပုံတွေကို ရိုက်ယူပြီး သောအခါ အကြော်တဲရှေ့က ထိုင်ခုံလေးမှာဝင်ထိုင်ပြီး အကြော် ဝယ်စားသည်။ အကြော်သည်ကို မိတ်ဖွဲ့သည်။



" ဓာတ်ပုံတွေ ကူးဆေးပြီးလျှင် တူမကြီးကို လာပေးဦး မယ် "

" ပေးလျှင်တော့ ယူမှာပေါ့ဦးရယ်၊ သမီးတို့သားအမိက ဒီအကြော်တဲမှာပဲ နေတာဆိုတော့ ဓာတ်ပုံချိတ်စရာနေရာမရှိဘူး"

" ချိတ်စရာနေရာမရှိလျှင် မချိတ်နဲ့ပေါ့ တူမကြီးရယ်၊ ခေါင်းအုံးအောက်မှာထားပြီးအိပ်ပေါ့၊ ကြည့်ချင်တဲ့အခါ ထုတ် ကြည့်ပေါ့ "

အကြော်သည်သားအမိသည် အကြော်တဲမှာပဲနေတာဆို သည့်အတွက် စိတ်ဝင်စားသွားသည်။ အကြော်သည်၏လင်နှင့် အကြော်သည် မိန်းကလေး၏အဖေကို စိတ်ဝင်စားလာသည်။

" ဒီအကြော်တဲမှာ သားအမိနှစ်ယောက်တည်းနေတယ် ဆိုတော့ ဒီကလေးရဲ့အဖေက ဘယ်ရောက်သွားလို့တုန်းကွဲ့ "

" သူ့ကို ကိုယ်ဝန်ခြောက်လမှာ သူ့အဖေနှင့် ကျွန်မတို့ သဘောချင်းမတိုက်ဆိုင်လို့ လမ်းခွဲလိုက်ကြတယ်၊ ဘယ်သူ့ အကူ အညီမှမယူဘဲ သားအမိနှစ်ယောက်တည်း အကြော်ကြော်ပြီး ရောင်းစားတယ် "

" ဟော . . . ငါ့တူမကြီးက အာဃာမာနခဲပါလား၊ ကြိုက်ပြီ ဟေ့ "

" ဦးတို့က ဘယ်ကလာရိုက်ကြတာလဲ "

" ရန်ကုန်မြို့ထဲကပါပဲ၊ ဦးက ရုပ်ရှင်လည်းရိုက်တယ်၊ ရုပ်သေလည်းရိုက်တဲ့ ဓာတ်ပုံဆရာပဲ၊ ဦးနာမည် ဦးဝကြီးလို့ခေါ် တယ်၊ ဟောဒါက ဦးရဲ့တူသားတပည့် မောင်အောင်နိုင်လင်း လို့ခေါ်တယ်။ တက္ကသိုလ်ကျောင်းသား၊ ဥပစာအပိုင်း ခ အောင်

ပြီးပြီ၊ ဓာတ်ပုံပညာကို ဝါသနာပါလို့ ဦးဆီမှာ တပည့်ခံပြီး သင်
နေတယ်၊ တူမကြီးတို့သားအမိကို ဓာတ်ပုံလာရိုက်ရင် ခွင့်ပြုနော်

" ခွင့်ပြုပါတယ်၊ လာပါ၊ ကြိုက်သလောက်ရိုက်ပါ "

မခင်အေးက ဓာတ်ပုံရိုက်ခွင့်ပြုသည့်အတွက် ဓာတ်
ဆရာကြီးနှင့် တပည့်တို့က ကျေးဇူးတင်ကြောင်းပြောပြီး အကြေ
ဖိုးအပြင် အကြော်သည်လေးတွက် သီးသန့်မုန့်ဖိုး ငါးကျပ်
သည်။ မခင်အေးက ငြင်းသည်၊ ဓာတ်ပုံဆရာကြီးက အတင်း
သည်။ မငြင်းသာလို့ ယူလိုက်ရသည်။ ဓာတ်ပုံဆရာ
မောင်အောင်နိုင်လင်းသည် အကြော်သည် မိုးမိုးလေးကိုကြ
ပြီး စိတ်ဝင်စားနေသည်။ မိုးမိုးလေး၏ မျက်နှာအကျအန
ကိုယ်ခန္ဓာ အချိုးအစား ပြေပြစ်ပုံတွေကို သတိထားကြည့်
သည်။ ဓာတ်ပုံရိုက်ချင်လာသည်။

" ဒီ ညီမလေးကို ဖီးလိမ်းပြင်ဆင်ပြီး ဓာတ်ပုံရိုက်ချင်တယ်

" ဘယ်လို ဖီးလိမ်းပြင်ဆင်မှာလဲရှင်၊ ကျွန်မတို့သားအမိ
သစ်သစ်လွင်လွင် အဝတ်အစားမရှိပါဘူး "

" မလိုဘူး၊ မလိုဘူး၊ သစ်သစ်လွင်လွင် ဝတ်စရာမလို
အကြော်သည်က သစ်သစ်လွင်လွင်ဝတ်ပြီး အကြော်ရောင်း
ပုံဟာ ကျွန်တော်လိုချင်တဲ့ပုံမဟုတ်ဘူး၊ အခုဝတ်ထားတဲ့အဝ
အစားနဲ့ပဲရိုက်မယ်၊ နောက်တစ်ပုံ၊ နှစ်ပုံလောက်ကတော့
ညီမလေးရဲ့ မျက်နှာအလှကိုပေါ်အောင် သနပ်ခါးပါးကွက်ကြ
လိမ်းပြီးရိုက်မယ် "

ဓာတ်ပုံဆရာကြီးဦးဝကြီးနှင့် တပည့်မောင်အောင်နိုင်လင်
သည် သမီးလေးမိုးမိုးကို သနပ်ခါးပါးကွက်ကြား လိမ်း



သည်။ ဆံပင်ကိုဆံရစ်ဝိုင်းဖြစ်အောင် ကြက်တောင်စည်းသည်။ မိုးမိုးကို ရယ်ခိုင်းပြီးမျက်နှာကို အနီးကပ်ရိုက်သည်။ ရှေ့တည့်တည့်က ရိုက်သည်။ ဘေးစောင်းက ရိုက်သည်။ တစ်ပိုင်းပုံရိုက်သည်။ တစ်ကိုယ်လုံးကိုရိုက်သည်။ ထိုင်လျှက်လည်းကောင်း၊ ရပ်လျှက်လည်းကောင်း ရိုက်ယူကြသည်။

" တော်လောက်ပြီ ဓာတ်ပုံတွေကူးဆေးပြီးလျှင်လာပို့မယ်"

" ဟုတ်ကဲ့ပါရှင် "

" သမီးလေးက ချောတယ်၊ အပျိုလေးဖြစ်လာရင် လှမှာသေချာတယ် "

" အမေလှလို့ သမီးချောတာနေမှာပေါ့ ဦးရယ် "

" ဟုတ်ကဲ့ဗျာ၊ ငါ့တူမကြီးကလည်း ချောတာကိုး "

" အကြော်စားပါ ဦးရယ် "

" အကြော်စားချင်လို့ မြှောက်ပြောတာမဟုတ်ပါဘူး၊ ငါ့တူမကြီးက တကယ်ချောပါတယ် "

ဓာတ်ပုံဆရာကြီးနှင့် တပည့်သည် ကင်မရာနှင့်ထောက်ကိုဖြုတ်သိမ်းပြီး သူတို့ကားကလေးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။ ညောင်ပင်အောက်မှာရပ်ထားသည့် ဖယ်မလီယာကားကလေးဟာ သူတို့စီးလာတဲ့ကားဆိုတာ သူတို့ပြန်သွားမှသိရတော့သည်။ ကိုယ်ပိုင်ကားဖြင့် ဓာတ်ပုံလျှောက်ရိုက်နေသူတွေဖြစ်လို့ ခေသူတွေမဟုတ်ဘူးဆိုတာ သတိထားလိုက်မိသည်။

၀

## ( ၃၁ )

မခင်အေး၏ နေ့စဉ်အချိန်ဇယားသည် သံပတ်ပေးထားသောနာရီလို ပုံမှန်ဖြစ်နေသည်။ နံနက် ၅ နာရီအိပ်ရာကထ ဘုရားရှိခိုး၊ ကွယ်လွန်သူ အမေနှင့်အဖေကို အမျှဝေ၊ တစ်ခါတစ်လေတော့လည်း သီရိရတနာက ကွယ်လွန်သူ ဘဘကြီးနှင့် မေမေကြီးတို့ကို သတိရပြီးမေတ္တာပို့သည်။ အမျှဝေသည်။

သီရိရတနာကို သတိရလာပြီဆိုလျှင် ကိုတင်နွယ်နှင့် မမလေးသီရိခင်တို့၏ပုံရိပ်တွေ ခေတ္တပေါ်လာပြီး ပျောက်သွားသည်။ မမေ့နိုင်မပျောက်နိုင်တာက ကိုကိုခင်မောင်ကြီးနှင့် မောင်လေးမောင်မောင်ဦးတို့ဖြစ်သည်။

မိမိကို အကာလညအခါမှာ နှစ်ကြိမ်တိုင်တိုင် သားမယားအဖြစ်ပြုကျင့်ခဲ့တာ ကိုကိုခင်မောင်ကြီးလား၊ သမီးလေးမိုးမိုးဟာ



ကိုကို့သမီးလေးဆိုလျှင် သိပ်ကောင်းမည်။ ကိုကိုက မိမိတို့သားအမိကိုလိုက်ရှာပြီး တရားဝင်လက်ထပ်ယူလျှင် မိမိ၏ဘဝသည် အရမ်းပျော်စရာကောင်းသွားမည်ဟု တွေးမိသည်။

မိမိမှာကိုယ်ဝန်ရှိနေပြီလို့ အမေကပြောသည့်အခါ ကိုကိုခင်မောင်ကြီးဖြစ်နိုင်တယ်ထင်ပြီး ဖွင့်မေးမလို့စဉ်းစားသေးသည်။ အမေက တားသည်။ သီရိရတနာမိသားစုကို လုံးဝ အသိမပေးရဆိုသည့် အမေ၏ တားမြစ်ချက်ကြောင့် မိမိမှာကိုယ်ဝန်ရှိနေတာကို သီရိရတနာအိမ်က ဘယ်သူမျှ မသိဖြစ်ခဲ့ရသည်။

မောင်လေးမောင်မောင်ဦးကို အရမ်းသတိရသည်။ မောင်လေးသည် ယခုဆိုလျှင် ဘွဲ့ရပြီးဖြစ်ရော့မည်။ မိမိပင် အသက်သုံးဆယ်ပြည့်တော့မည်ဖြစ်လို့ မောင်လေးသည် ၂၈ နှစ်ရှိပြီဖြစ်သည်။ အခုလောက်ဆိုလျှင် အိမ်ထောင်ကျနေပြီလား၊ သူတို့ဆွေမျိုးတွေရှိရာ ဘိလပ်ကို သွားသလားမသိရဖြစ်နေသည်။ မောင်လေးမောင်မောင်ဦးကို အောင့်မေ့သတိရလာပြီဆိုလျှင် မခင်အေး မျက်ရည်စို့လာသည်။ မောင်လေးကို ချစ်ခဲ့မိသည်။ မောင်လေးအရင်းလို ချစ်ခဲ့တာဖြစ်သည်။ အဖော်မရှိဘဲ တစ်ယောက်တည်းကြီးပြင်းခဲ့ရသည့် မောင်လေးကို သနားလို့ အရမ်းအလိုလိုက်ခဲ့သည်။ မောင်လေးသည် မိမိအပေါ်မှာ အရမ်းနွဲ့ဆိုးဆိုးခဲ့သည်။ အဲဒီလို နွဲ့ဆိုးဆိုးတာလေးတွေကိုပဲ မခင်အေးက ချစ်ခဲ့တာဖြစ်သည်။ အခုတော့ မောင်လေး ဘာတွေဖြစ်လို့ ဘာတွေလုပ်နေပါလိမ့်ဟု တွေးမိသည်။

ဘုရားရှိခိုးပြီးသည်နှင့် မနေ့ညဦးပိုင်းကပင် အသင့်ပြုလုပ်ထားသည့် မုန့်နှစ်နှင့် ဘူးသီး၊ ငှက်ပျောသီး၊ ပဲ၊ ကောက်ညှင်း

တွေကို အသင့်ပြုလုပ်သည်။ မီးမွှေးသည်။ ဆီဒယ်အိုးတယ်သည်။ ဆီပွက်တာနဲ့ အကြော်စုံကို စတင်ကြော်တော့သည်။

နံနက် ၆ နာရီလောက်မှာ သမီးလေးနိုးလာလျှင်ရပ်ကွက်ထဲလည်ရောင်းဖို့ အသင့်ဖြစ်အောင်ပြုလုပ်ထားသည်။ သမီးလေးသည် အကြော်အခုတစ်ရာလောက်ကုန်အောင် ရပ်ကွက်ထဲလည်ရောင်းပြီးလျှင် မခင်အေး သင်ပေးထားသည့်စာတွေကို အော်ဖတ်ပေလိမ့်မည်။

နံနက်-၉ နာရီတွင် ထမင်းတစ်အိုးနှင့် ဟင်းတစ်မယ်ချက်မည်။ ဆွမ်းခံကိုယ်တော်ကို ဆွမ်းလောင်းအမှီ ဆွမ်းကျက်အောင်ချက်သည်။ ဆွမ်းဟင်းမမီလျှင် အကြော်ကိုပဲ လောင်းလိုက်သည်။ သမီးလေး ဆာလျှင် ထမင်းစားလို့ရအောင် အချိန်မှန်ချက်ရသည်။ တစ်ခုတော့ရှိသည် မခင်အေးတို့သားအမိသည် နံနက်စာနှင့်ညစာကို ပေါင်းချက်သည်။ ညစာနှင့်နံနက်စာ အတူတူပင်ဖြစ်သည်။

ရွှေညောင်ပင်ဆိုက္ကားဂိတ်က ဆိုက္ကားသမားတွေက အပြောင်းအလဲရှိသော်လည်း နောက်ရောက်လာသည့် လူသစ်တွေကလည်း မခင်အေးတို့သားအမိကို စောင့်ရှောက်ကြသည်။ ဆိုက္ကားသမားလူဟောင်းတွေထဲက တင်သောင်းနှင့် လှအောင်တို့ သစ်ထုတ်လုပ်ရေးဌာနမှာ လခစားအလုပ်ရလို့ သွားလုပ်နေကြသည်။ ညိုမောင်နှင့် မောင်မြင့်တို့သာ ကျန်တော့သည်။

မခင်အေးသည် နေ့လည် ၁၂ နာရီမှ ညနေ ၃ နာရီအထိ ခေတ္တနားသည်။ ခဏတဖြုတ်လှဲသည်။ ဒီအချိန်မှာပဲ



သမီးကို စာသင်သည်။ သမီးသည် သူငယ်တန်း ဖတ်စာကို ဖတ်တတ်နေပြီဖြစ်သည်။ မြန်မာစာ ရေးတတ်၊ ဖတ်တတ်ရုံနှင့် ဂဏန်းသင်္ချာ အပေါင်း၊ အနုတ်၊ အမြှောက်၊ အစား အထိ သင်ပေးနေသည်။

ညနေ ၃ နာရီခွဲတွင် အနီးအနားက ရွှေညောင်ပင်ပွဲကျ ဈေးမှာ ဆီကအစ လိုတာတွေသွားဝယ်မည်။ ညနေ ၅ နာရီလောက်ကစပြီး ညနေပိုင်း အကြော်ထွက်စားသူတွေအတွက် အကြော် ကြော်ရောင်းမည်။ သမီးလေးက မခင်အေးကို ဝိုင်းကူမည်။

ည ၈ နာရီမှာ သားအမိနှစ်ယောက်လုံး ညစာစားကြမည်။ စားပြီးလျှင် နက်ဖြန်အတွက် မုန့်နှစ်နယ်ခြင်း၊ ဘူးသီးစိပ်ခြင်း၊ ကြက်သွန်လှီးခြင်း၊ ငှက်ပျောသီးချွေခြင်းစတဲ့ နက်ဖြန်နံနက်စောစောကြော်ရမည့် အကြော်တွေအတွက် အသင့်ပြင်ရသည်။ သမီးလေးမိုးမိုး စောစောအိပ်ပျော်သွားသော်လည်း မခင်အေးသည် ည ၁၀ နာရီမှ ဘုရားရှိခိုးပြီး အိပ်ရာဝင်ရသည်။

မခင်အေး၏ နေ့စဉ်ဘဝသည် နာရီလက်တံလို အချိန်မှန် လည်ပတ်ရင်း နှစ်တွေလတွေ ကုန်သွားခဲ့သည်။ အကြော်တစ်ခုကို ဆယ်ပြားရောင်းသည့်ခေတ်မှ တစ်မတ် (၂၅ပြား) အထိ ဈေးတင်ရောင်းရသည့်ခေတ်ကို ရောက်ခဲ့သည်။

၀

# ( ၃၂ )

မခင်အေး၏ အကြော်ဆိုင်ရှေ့ကို မော်တော်ဆိုင်ကယ်စီး ဆိုက်လာသည်။ မော်တော်ဆိုင်ကယ်စီးဦးထုပ်ကို ဆောင်းထားသည့်အပြင် နေကာမျက်မှန်တပ်ထားသည့်အတွက် ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာကို မခင်အေး မသိ၊ မမှတ်မိဖြစ်နေသည်။ ဦးထုပ်ကိုချွတ်ပြီး အကြော်စားထိုင်ခုံလေးပေါ်မှာ ထိုင်လိုက်တော့မှ မှတ်မိတော့သည်။ ဓာတ်ပုံဆရာလေး မောင်အောင်နိုင်လင်း ဖြစ်နေသည်။ ဓာတ်ပုံရိုက်သွားပြီးကတည်းက ဆရာနှင့်တပည့် နှစ်ယောက်လုံး ပေါ်မလာကြတော့ပဲ ပျောက်နေကြတာ အခုမှ တစ်ယောက်တည်း ပေါ်လာတာဖြစ်သည်။

" အစ်မ နေကောင်းတယ်နော် "

" အေး . . . ကောင်းတယ်ပဲဆိုပါတော့၊ ဦးလေးကြီးရော မပါဘူးလား "



" ဦးလေး ဆုံးသွားပြီ "

" ဟယ် ဘယ်လိုဖြစ်တာလဲဟဲ့ "

" သွေးတိုးပေါ့ အစ်မရယ်၊ ကျွန်တော့်ဦးလေးက အစားရှောင်ဘူး၊ စီးကရက်နဲ့ အရက်ကလည်း ကြိုက်သေးတယ်၊ လောက် အသက်ရှည်နေတာပဲ တော်လှပြီ "

" အသက်ဘယ်လောက်မှာ ဆုံးတာလဲ "

" ၆၈ နှစ် "

" သိပ်ပြီးမကြီးသေးပါဘူးကွယ်၊ ကျန်းမာရေးကောင်းလျှင် ာက်ထပ် ၁၅ နှစ်လောက်တော့ နေနိုင်သေးတာပေါ့ကွယ်၊ လေးက ရုပ်ရှင်ဒါရိုက်တာနော် "

" ရုပ်ရှင်ဒါရိုက်တာ၊ ကင်မရာမင်း၊ ဓာတ်ပုံဆရာ၊ စုံပညာရှင်ပဲ "

" နှမြောစရာနော် "

" သေမျိုးတွေပဲ အစ်မရယ် "

အောင်နိုင်လင်းသည် ပြောရင်းဆိုရင်းပင် သူလွယ်ထား သည့် သားရေတုအိတ်ထဲက ဓာတ်ပုံတွေကိုထုတ်ယူသည်။

" ညီမလေး ဘယ်သွားလဲ "

" အကြော်ရောင်းထွက်သွားတယ်၊ ဟောဟိုမှာလာပြီ "

မခင်အေး မျက်နှာမူရာဘက်ကိုကြည့်လိုက်သည်။ အကြော် ည် မိုးမိုး အကြော်ဗန်းကလေးပိုက်ပြီး အကြော်တဲဘက်ကို နေတာတွေ့လိုက်ရသည်။ အကြော်တွေရောင်းလို့ကုန်လာခဲ့ စ်မည်။ အကြော်တစ်ခုတစ်မတ်ဖြင့် အကြော်အခုငါးဆယ်

လောက် ရောင်းစွံလာခဲ့တာဖြစ်သည်။ ဘဝကို ရုန်းကန်လှုပ်ရှား နေသည့် သင်္ကေတကိုတွေ့ရသည်။

အောင်နိုင်လင်းသည် ပို့စ်ကဒ်အရွယ် ဓာတ်ပုံဆယ်ပုံခန့် ကို မခင်အေးကို ကမ်းပေးသည်။ လစဉ်ထုတ် မဂ္ဂဇင်းစာအုပ် တစ်အုပ်ကိုလည်းပေးသည်။ မဂ္ဂဇင်းစာအုပ်တွင် စာမျက်နှာ တစ်ခုကို အလွယ်တကူလှန်ကြည့်လို့ရအောင် စာရွက်ခေါက်ထား သည့် နေရာကိုလှန်ပြသည်။

" ဒီမဂ္ဂဇင်းရဲ့နှစ်ပတ်လည် အထူးထုတ်ဓာတ်ပုံပြိုင်ပွဲမှာ ဒီညီမလေးပုံ ပထမရတယ်၊ ဆုငွေ ကျပ်တစ်ထောင်ရတယ် "

မဂ္ဂဇင်းစာအုပ်ကို လှန်ပြသည်။ နုနုငယ်ငယ် ချစ်စဖွယ် ခေါင်းစဉ်ဖြင့်ပြုလုပ်သည့် ဓာတ်ပုံပြိုင်ပွဲမှာ မိုးမိုးပုံ ပထမဆု ကြောင်း မဂ္ဂဇင်းမှာဓာတ်ပုံနှင့်တကွ ဖော်ပြထားသည်။ ရိုက်ကူး သူ အောင်နိုင်လင်း ဟုရေးထားသည်။

မိုးမိုးကို သနပ်ခါးဘဲကြားလိမ်းခိုင်းပြီး ဆံရစ်ဝိုင်းလေးပြ ထိုင်ခိုင်းပြီး ရိုက်ယူသွားခဲ့သောပုံဖြစ်သည်။ မခင်အေး အံ့သြ သာသွားသည်။

" ဟယ် . . . ငါ့သမီးလေး ချောလိုက်တာကွယ် "

" ဟောဒီမှာကြည့်ပါဦး၊ အစ်မလည်း ချောပါတယ် "

အောင်နိုင်လင်းက မခင်အေး၏လက်ထဲက ဓာတ်ပုံတွေ ထဲက တစ်ပုံကိုဆွဲယူပြသည်။ မခင်အေး အကြော် ကြော်နေ ဖြစ်သည်။



" ဒီဓာတ်ပုံက ကျေးလက်ပြည်သူတို့၏ရုန်းကန်လှုပ်ရှား နေစဉ်ဘဝများ ဓာတ်ပုံပြိုင်ပွဲမှာ နှစ်သိမ့်ဆုရတယ်၊ ညီမလေးကို မုန့်ဖိုး ငွေတစ်ရာကျပ်ပေးပို့လာတာပါ "

" ဟယ် . . . များလှချည်လား၊ မယူပါဘူးကွယ်၊ ငါ့မောင် မှာ ကုန်ကျစရိတ်တွေရှိမှာပဲ၊ လိုအပ်တဲ့နေရာမှာသုံးလိုက်ပါ "

" မလိုအပ်တော့ပါဘူး၊ ဆုရတဲ့ပိုက်ဆံကို ဦးလေးရဲ့နာရေး ကိစ္စမှာ သုံးလိုက်တယ်၊ ဒီကညီမလေးရဲ့ဓာတ်ပုံက ဆုရတာဖြစ် လို့ ညီမလေးကို မုန့်ဖိုးပေးတာပါ "

" အားနာစရာကွယ် "

" အားမနာပါနဲ့ ဒီညီမလေးဟာ ရုပ်လက္ခဏာထူးခြား တယ်၊ ကျွန်တော် သူ့ကို အလှအပပြင်ဆင်ပြီး ဓာတ်ပုံရိုက်ချင် သေးတယ်၊ နောက်မှလာခဲ့ပါဦးမယ် "

" လာခဲ့ လာခဲ့ "

အောင်နိုင်လင်းသည် မော်တော်ဆိုင်ကယ်စီးဦးထုပ်ကို ဆောင်းလိုက်ပြီး မော်တော်ဆိုင်ကယ်ပေါ် တက်ခွကာ ထွက်ခွာ သွားတော့သည်။

မခင်အေးက ဓာတ်ပုံဆရာလေးပေးထားခဲ့သည့် ဓာတ်ပုံ တွေကို ပြန်ကြည့်နေသည်။ မိမိ၏သမီးကို ရုပ်လက္ခဏာထူးခြား ရှိတယ်လို့ ပြောသည့်အတွက် မိုးမိုး၏ပုံကို ပြန်ကြည့်မိသည်။ မှန်တယ်၊ သမီးဟာ ထူးခြားတဲ့ရုပ်ရည်ရှိတယ်၊ မျက်နှာအကျ အနလှပြီး နှာတံလေးစင်းနေသည်။ မျက်လုံးတွေက တောက် နေသည်။ သွားလေးတွေ ညီညာဖြူဖွေးနေသည်။

ရုပ်သာလှတာမဟုတ်၊ ညဏ်ပါကောင်းသော သမီး ဖြစ် သည်။ ကျောင်းမနေရဘဲ မြန်မာစာကို ရေးတတ်ဖတ်တတ်နေပြီ မိမိသင်ပေးသလောက်ကို တတ်သည့်အပြင် သူ့ဟာသူလေ့လာ ကြိုးစားလို့ ပိုပြီးမြန်မြန်ဆန်ဆန် တတ်တာဖြစ်သည်။ သမီးသည် အရွယ်နှင့်မလိုက်အောင် လူကောင်ကြီးပြီး အရပ်ရှည်လာသည်။

○

# ( ၃၃ )

သမီးမိုးမိုး အပျိုဖြစ်လာသောအခါ မခင်အေး စဉ်းစားရတော့သည်။ သမီးပျိုလေးနှင့် လမ်းဘေးကအကြော်တဲကို အိမ်လုပ်ပြီးနေလို့ သင့်တော်ပါဦးမလား စဉ်းစားရတော့သည်။ သမီးအပျိုလေး၏ လုံခြုံမှုအတွက် ဒီနေရာမျိုးမှာ ဆက်လက်နေထိုင်လို့ဖြစ်ပါ့မလား စဉ်းစားသည်။

မိမိသည် သီရိရတနာအိမ်ခြံဝင်းကြီးထဲမှာ လုံခြုံလှပြီထင်ပြီးနေခဲ့ရာမှ ဘယ်သူနဲ့မှန်းမသိသည့် ကိုယ်ဝန်ရခဲ့သည်။ မိမိသည် သမီးလောက်ရုပ်ချောသူမဟုတ်၊ သမီးသည် မိမိနှင့်တူလို့ ကိုယ်ခန္ဓာအချိုးအဆစ် ပြေပြစ်တာဖြစ်မည်။ သူ့အဖေနှင့်တူလို့ အသားဖြူပြီး ရုပ်ချောတာဖြစ်နိုင်သည်။ ရုပ်ချောသည့် သမီးပျိုနှင့် အတူ လမ်းဘေးက ညောင်ပင်အောက်မှာ အကြော်တဲကို အိမ်လုပ်ပြီးနေလို့ဖြစ်ပါမလား၊ ဒီမှာမနေလျှင် ဘယ်ကိုသွားနေမလဲ။

· လွန်ခဲ့သည့် ၁၆ နှစ်လောက်က ဒီအရပ်ကိုရောက်
သောအခါ မိသားစုသုံးယောက်နေလောက်သည့် အိမ်ခန်း
ခန်းကို တစ်လ ၁၅ ကျပ်သာပေးရသည်။ ယခုတော့ အဲဒီ
အခန်းကိုပဲ တစ်လကို ၁၅၀ လောက်ပေးရသည်။ အိမ်ခန်း
နေလျှင် မိမိတို့ဝင်ငွေနှင့် မလောက်မငှဖြစ်မည်။ လော
ဆယ်တော့ ဒီလိုပဲနေရဦးမည်။

မိမိတို့သားအမိ၏ လုံခြုံရေးနှင့် ဆက်စပ်နေသည့်
ဝန်းကျင်ကို ပြန်လည်သုံးသပ်မိသည်။ မိမိတို့သားအမိအပေါ်
အလွန်ကောင်းသည့် ပတ်ဝန်းကျင်ဖြစ်သည်။ ရပ်ကွက်ကလ
ဆင်းရဲသားရပ်ကွက် ဖြစ်နေသည့်အတွက် ရပ်ကွက်နေ
သူတွေရိုးသားကြသည်။ ကိုယ်ချင်းစာကြသည်။ အချင်းချင်း
တာသည်။ ကူညီစောင့်ရှောက်ကြသည်။ သမီးတစ်သက် အပို
သည်အထိ ဒီနေရာလေးမှာ နေလာခဲ့ကြတာ ဘာအန္တရာ
မဖြစ်ခဲ့တာဟာ ဒီအရပ်ဒေသက ရပ်ကွက်သူ၊ ရပ်ကွက်သ
တွေ၏ ကျေးဇူးဖြစ်သည်။

ဆိုက္ကားဂိတ်က ဆိုက္ကားသမားတွေ တစ်ယောက်ပြီး
ယောက် ပြောင်းသွားကြသော်လည်း နောက်ရောက်လာသ
သူတွေက မခင်အေးတို့သားအမိနှင့် အလျှင်လူတွေတုန်းက
ခင်မင်နေကြသည်။ ဆိုက္ကားသမားအများစုကလည်း လူအို
ဖြစ်လို့ အရှပ်မဆိုးသည့် မခင်အေးနှင့် ရုပ်ချောသည့် မိုးမို
ထိကပါးယိကပါးမလုပ်ကြဘဲ မိသားစုလို ခင်မင်နေကြသ
ခင်မင်နေကြရုံသာမက ဒီသားအမိကို မထိနဲ့၊ မစော်ကာ



ငါတို့က ကြည့်မနေဘူးဆိုသည့်သဘောဖြင့် စောင့်ရှောက်ပေးနေကြသည်။

မခင်အေးသည် ရှေ့ရေးကို တွေးတောနေရင်း ငေးမောနေစဉ် တစ်နေ့မှာ ဓာတ်ပုံဆရာလေးအောင်နိုင်လင်းသည် သူ့ဦးလေးဆရာ ဦးဝကြီး၏ မော်တော်ကားဖြင့် မခင်အေး၏ အကြော်ဆိုင်ကို ရောက်လာသည်။ တည်ငြိမ်အေးဆေးသည့် ဟန်ဖြင့် ကားပေါ်က ဆင်းလာသည်။ ဟန်ပန်အမူအရာသည် မိမိကိုယ်မိမိ ယုံကြည်သည့်သူတွေမှာ တွေ့ရလေ့ရှိသည့် အမူအရာမျိုးဖြစ်သည်။ ဘယ်အလုပ်ကိုမဆို အောင်မြင်အောင်လုပ်မည့်သူမျိုး ဖြစ်သည်။ စကား အလွန်နည်းသူဖြစ်သည်။ ကားဖြင့် ရောက်လာသောကြောင့် ဘာကိစ္စရှိလို့လဲမသိဟု တွေးမိသည်။

" အစ်မ နေကောင်းကြတယ်မဟုတ်လား "

" ကောင်းပါတယ်ကွယ်၊ မင်းမလဲ ပေါ်မလာတာကြာပါရောလား "

" ကျွန်တော် အလုပ်များနေတယ်၊ ရုပ်ရှင်ကုမ္ပဏီမှာ ဓာတ်ပုံဆရာ လုပ်နေတယ် "

" ရုပ်ရှင်ဒါရိုက်တာ ဆိုတာလား "

" မဟုတ်ဘူး၊ ကင်မရာမင်းပါ၊ ဒါရိုက်တာလုပ်နိုင်အောင် ကြိုးစားနေပါတယ် "

" မင်းသားလုပ်ပါလားကွဲ၊ ငါ့မောင်ရဲ့ရုပ်က မင်းသားဖြစ်နိုင်ပါတယ် "

" ကျွန်တော် ဝါသနာမပါဘူး၊ ကင်မရာမင်းကနေ ဒါရိုက်တာအထိ ရည်ရွယ်ထားပါတယ် "

အောင်နိုင်လင်းသည် မခင်အေး၏ အနီးမှာထိုင်ပြီး ဘူ
ကိုစိပ်ခွဲနေသည့် မိုးမိုးကို သေသေချာချာ စိုက်ကြည့်နေသ
မိုးမိုးက သူ့ကို ကြည့်နေမှန်းသိလို့ ခေါင်းငုံ့ထားသည်။ အောင်
လင်းသည် မိုးမိုးကို သေသေချာချာကြည့်နေပြီးမှ ဖြေးဖြေး
သည်။

" အစ်မနဲ့ညီမလေး ကျွန်တော်နဲ့ ခဏလိုက်ခဲ့ပါလား

" ဟေ . . . ဘယ်ကိုလဲ၊ ဘာလုပ်ဖို့လဲ "

" ကျွန်တော့်ဓာတ်ပုံ စတူဒီယိုကိုပါ၊ ဒီညီမလေးကို အ
ပြင်ပြီး ဓာတ်ပုံရိုက်ချင်တယ် "

" ဟယ်ဘာလုပ်ဖို့လဲ "

" ဘာလုပ်ဖို့လဲဆိုတော့ လုပ်လို့ရတာအကုန်လုပ်ဖို့
ဓာတ်ပုံပြိုင်ပွဲဝင်မယ်၊ မဂ္ဂဇင်းမျက်နှာဖုံးသုံးမယ်၊ ပြက္ခဒိန်ထု
မယ်ပေ့ါ အစ်မရယ်၊ ဒီအတွက် ထိုက်တန်တဲ့ကြေးရမှာပါ "

" ဟယ် . . . အဲဒါတွေ မမျှော်လင့်ပါဘူးကွယ်၊
လုပ်ချင်တာကို ကူညီတဲ့အနေနဲ့လိုက်ခဲ့ပါဆိုလျှင် လိုက်ခဲ့မ
ဘယ်ကိုသွားရမလဲ၊ ဘယ်လောက်ကြာမလဲ "

" ရုပ်ရှင်ကုမ္ပဏီပိုင်ခြံထဲကိုပါ။ နည်းနည်းကြာမယ်၊ ည
စောင်းမှ ပြန်ရောက်နိုင်မယ် "

" တစ်နေကုန်မယ်ဆိုလျှင်တော့ အစ်မလိုက်လို့မဖြစ်
နင့်ညီမကိုသာ ခေါ်သွား "

" မသင့်တော်ပါဘူး အစ်မရယ်၊ အစ်မပါ လိုက်ခဲ့ပါ "

" ဘာဖြစ်လို့ မသင့်တော်ရမှာလဲကွဲ့၊ မင်းဟာ မိကော
ဖခင်သားသမီးမဟုတ်လား၊ မင်းနာမည်နှင့် ကားနံပါတ်ကို



ထားပ့ါမယ်၊ အစ်မတို့ဘဝဟာ ဒါထက်ပိုပြီး နိမ့်ကျနွမ်းပါးစရာ
အကြောင်း မရှိတော့ပါဘူး၊ ဆန်ကောဆင်နင်းတော့ တိုးပြီးမပြား
ပါဘူးကွဲ့ "

အောင်နိုင်လင်းသည် မခင်အေးကို တအံ့တသြကြည့်မိ
လျက်သားဖြစ်သွားသည်။ ဆန်ကောဆင်နင်းတိုးမပြား၊ နင်
မိကောင်းဖခင် သားသမီးမဟုတ်လား၊ ကားနံပါတ်နှင့် နာမည်
ကို မှတ်ထားပါမယ်ဆိုသည့် စကားတွေကို ပြောလိုက်သော
မခင်အေးကို အထင်ကြီးလေးစားသွားမိသည်။ မိမိကို ယုံကြည်
စိတ်ချသည့်အတွက်လည်း ဝမ်းသာသွားသည်။

မိမိသည် မြစ်ဝကျွန်းပေါ်ဒေသရှိမြို့တစ်မြို့က သာမန်ကုန်
သည်မျိုးရိုးက ပေါက်ဖွားသူဖြစ်သည်။ မိကောင်းဖခင်သားသမီး
ဖြစ်သည်။ မဟုတ်တာမလုပ်၊ မမှန်တာကိုမပြော၊ မိမိတတ်နိုင်
သည့်ဘက်က ကူညီချင်သည်။ ဓာတ်ပုံပညာနှင့် ရုပ်ရှင်အနုပညာ
ကို ဦးလေးနှင့်ပေါင်းမိရာက ဝါသနာပါခဲ့သည်။ ဓာတ်ပုံဆရာ၊
ရုပ်ရှင်ကင်မရာမင်း ဦးဝကြီးသည် အမေ၏အစ်ကိုဖြစ်သည်။

မခင်အေး၏ခွင့်ပြုချက်အရ မိုးမိုးသည် အောင်နိုင်လင်း၏
မော်တော်ကားဖြင့် လိုက်ပါသွားတာကို ရွှေညောင်ပင်ဆိုက္ကားဂိတ်
က ဆိုက္ကားသမားတွေက ကြည့်နေကြသည်။ ဆိုက္ကားသမားတွေ
ထဲက အောင်မြင့်က အကြော်တဲကိုလာမေးသည်။

" ဒေါ်ခင်အေး မိမိုးကို ဘယ်ကိုလွှတ်လိုက်တာလဲ "

" ဓာတ်ပုံရိုက်မလို့တဲ့ဟေ့၊ အဲဒီလူငယ်က ရုပ်ရှင်ကင်မရာ
မင်း အောင်နိုင်လင်းတဲ့ "

“ ရိုးရိုးသားသားဟုတ်ရဲ့လား ဒေါ်ခင်အေးရယ်၊ ကျွန်တော်တို့တော့ လိုလိုမယ်မယ်ဆိုပြီး ကားနံပါတ်ကိုမှတ်ထားလိုက်တယ် ”

“ မရိုးသားတော့လည်း ရဲကိုတိုင်ရုံပေါ့ကွယ်၊ ကားနံပါတ်ရော လူနာမည်ပါအလွတ်ရပါတယ်၊ လမ်းဘေးက ညောင်ပင်အောက်မှာ တဲထိုးပြီးနေရတဲ့ မိန်းကလေးပဲကွယ်၊ အနိုင်ကျင့်ပြီး စော်ကားချင်လည်း စော်ကားကြပေါ့၊ မတရားလုပ်တဲ့သူတို့ တရားဥပဒေက အပြစ်ပေးလိမ့်မယ် ”

အောင်မြင့်ကျေနပ်သွားသည်။ မခင်အေးလည်း ကျေနပ်သွားသည်။ ဆိုက္ကားသမားတွေသည် မိမိတို့သားအမိကို ပစ်မထားဘူး၊ စောင့်ကြည့်စောင့်ရှောက်နေတယ်ဆိုတာကိုသိလို့ ကျေနပ်သွားသည်။

မခင်အေးသည် ခေတ်ပညာကိုးတန်း၊ ဆယ်တန်းမျှသာ သင်ယူခဲ့ဖူးသော်လည်း မခင်အေးမှာ ထူးခြားသည့်အာရုံခံစားမှုနှင့် လူကဲခတ်ခန့်မှန်းတတ်မှု မွေးရာပါအသိပညာတစ်ခုတတ်မြောက်နေသည်။

သီရိရတနာအိမ်မှာနေစဉ်က သီရိရတနာအိမ်က လူတွေကို အကဲခတ်တာ တိတိကျကျမဟုတ်တောင် အနီးစပ်ဆုံးမှန်ခဲ့သည်။

ကိုကိုခင်မောင်ကြီးသည် လူရိုးလူကောင်းဖြစ်သည်။ အိမ်ဖော်အိမ်စေကို မိသားစုဝင်လို သဘောထားဆက်ဆံသည်။ ကိုကို၏စိတ်နေသဘောထားကိုကြိုက်လို့ မိမိကိုလာရောက်ဆက်ဆံသူဟာ ကိုကိုလို့ထင်ပြီး နိုးနေလျက်ဖြင့် အလိုတူအလိုပါလက်ခံခဲ့တာဖြစ်သည်။ နောက်နေ့နံနက်မှာ ကိုကို၏ အမူအရာကို



အကဲခတ်ကြည့်ရာ ညကလူဟာ ကိုကို မဟုတ်ဟုသိလိုက်သည်။

ကိုတင်နွယ်သည် ဂုဏ်သရေရှိ လူကြီးလူကောင်း ခေတ်ပညာတတ်ဖြစ်သည်။ အလွန် လျှို့ဝှက်ပိရိသူဖြစ်သည်။ ပြုံးခဲရယ်ခဲသည်။ ရက်စက်ယုတ်မာသူမဟုတ်သော်လည်း ကာမဂုဏ်အာရုံခံစားလိုစိတ်ပြင်းပြသူဖြစ်သည်။ လိင်စိတ်ပြင်းထန်သူ ဖြစ်သည်လို့ပြောလျှင် ပိုမှန်သည်။ မိမိကို လာရောက်ဆက်ဆံသူဟာ ကိုတင်နွယ် မဟုတ်ဘူးလို့ ပြောနိုင်တာက အဲဒီညတွေမှာ ကိုတင်နွယ်သည် ရန်ကုန်မှာမရှိဘဲ မန္တလေးမှာ ရောက်နေလို့သာဖြစ်သည်။ ကိုတင်နွယ်သာ အဲဒီနှစ်ညလုံး ရန်ကုန်မှာရှိနေပါက ဒီလူသည် ကိုတင်နွယ်မှတစ်ပါး အခြားလူမဖြစ်နိုင်၊ ကိုတင်နွယ်သာ ဖြစ်ရမည်။

မောင်လေးမောင်မောင်ဦးသည် အဲဒီတုန်းက အသက် ၁၆ နှစ်ရှိနေပြီဆိုသော်လည်း မိမိနှင့်ပတ်သက်လာလျှင် လိင်စိတ်လုံးဝ မရှိသည့် ပီဘိကလေးသာဖြစ်သည်။ မောင်လေးသည် ရှက်တတ်သည်။ မိမိကို အစ်မကြီးတစ်ယောက်လိုချစ်ပြီး နွဲ့ဆိုးဆိုးတတ်တာကလွဲလို့ မိမိကို ဘယ်တော့မှ အနိုင်မကျင့်သောကလေးဖြစ်သည်။

မမလေးသီရိခင်သည် မာနကြီးသည်။ ထက်မြတ်သည်။ မဟုတ်မခံ အလွန်ခက်ထန်သည်။ သို့သော် အလွန်ဟန်ဆောင်ကောင်းသည်။ ဒီလိုစိတ်ထားရှိသူဖြစ်လို့ မမလေး အသက်တိုလိမ့်မည်ဟုတွေးမိခဲ့သည်။

မိမိကိုယ်မိမိလည်း အာရုံခံစားကြည့်ပြီး စိတ်ကသိနေသည်။ မိမိသည် ဒီလိုဘဝမျိုးဖြင့် ဒီလိုချည်းနိမ့်ကျစွာမနေရဘဲ

တစ်နေ့တစ်ချိန်မှာ အကြောင်းတစ်စုံတစ်ရာကြောင့် အိုဇာတာ ကောင်းလိမ့်မည်ဟု ယုံကြည်နေသည်။

သမီးလေးမိုးမိုးသည် ရုပ်ဆင်းရူပါ ချောမောလှပခြင်း ကိုယ်ခန္ဓာ အချိုးအစားပြေပြစ်ခြင်း၊ စိတ်သဘောထား နူးညံ့ သိမ့်မွေ့ ကောင်းမွန်ခြင်းတို့ကြောင့် စိတ်ကောင်းနှလုံးကောင်း ရှိသူက မြှောက်စားတာကိုခံရလိမ့်မည်ဟု ယုံကြည်နေသည်။ ယုံကြည်တာဟာ အထင်သာဖြစ်သည်။ အထင်နှင့် လက်တွေ့ ဘဝ လွဲတတ်တာလည်းရှိသည်။

ဦးဝကြီးနှင့် အောင်နိုင်လင်းတို့ ပထမဦးဆုံးမာတ်ပုံလာ ရိုက်ကြစဉ်က၊ ဦးဝကြီးကိုကြည့်ပြီး ဒီဦးလေးကြီး အသက်ရှင် ဆယ်ပြည့်အောင်နေရမည်မဟုတ်လို့ စိတ်ကတွေးလိုက်မိသည်။ ခန္ဓာကိုယ်က ဝလွန်းသည်။ အသက်ရှုတာ မောနေသည်။ ခြေခုံ တွေမို့မောက်နေသည်။ အစားမဆင်ခြင်၊ အကြော်တွေကို အဝ အပြီစားသည်။ ရယ်လိုက်လျှင် အသံမထွက်ဖြစ်နေသည်။ အသက်မရှည်ဘူးလို့ သတိထားလိုက်မိသည်။

အောင်နိုင်လင်းသည် စကားနည်းသည်။ ဝါသနာပါသည့် အလုပ်ကို စူးစူးစိုက်စိုက်လုပ်မည့်သူဖြစ်သည်။ ပညာကို တန်ဖိုး ထားမည့်သူဖြစ်သည်။ မတရားတာကိုမလုပ်၊ မဟုတ်တာကိုမ ပြောတတ်သည့် ရုပ်လက္ခဏာရှိသူဖြစ်သည်။

မခင်အေးသည် တောင်တွေးမြောက်တွေးဖြင့် အကြော် ကြော်ရင်း၊ ရောင်းရင်း သမီးကိုပြန်လာပို့မည့် အောင်နိုင်လင်း၏ မော်တော်ကားကို မျှော်နေမိသည်။

○

## ( ၃၄ )

အဲဒီနေ့က ညနေ ၅ နာရီလောက်ကျမှ အောင်နိုင်လင်း ၏ကားဖြင့် သမီး ပြန်ရောက်လာသည်။ သမီး၏မျက်နှာမှာ မိတ်ကပ် လိမ်းထားတာတွေ့ရသည်။ နှုတ်ခမ်းနီဆိုးထားသည်။ သေသေချာချာကြည့်တော့မှ အတော်ကျွမ်းကျင်သည့် မိတ်ကပ် ပညာရှင်က အလှပြင်ထားတာ သတိထားမိသည်။ မျက်လုံးမှာ လည်း ကာရှယ်၊ လိုင်နာ ဆေးဆိုးထားတာ တွေ့ရသည်။ အောင်နိုင်လင်းက မိုးမိုးကို မခင်အေးလက်သို့ အပ်သည်။

" အစ်မရဲ့ သမီးကို ဘေးမသီရန်မခ ပြန်ပို့ပြီနော် "

" ကျေးဇူးပါပဲကွယ်၊ အဆင်ပြေတယ်မဟုတ်လား "

" ပြေပါတယ်၊ ညီမလေးက စကားနည်းတယ်၊ ထိုင်ဆို ထိုင်နေတာပဲ၊ ဘာမှလည်းပြန်မပြောဘူး၊ ကျွန်တော်တို့လိုချင် တဲ့ပုံ အကုန်ရတယ် "

" ပြီးရောပေါ့ကွယ်၊ အဲဒီပုံတွေက ဘယ်တော့ကြည့်ရမလဲ"

" ကြည့်ချင်လျှင် မနက်ဖြန်ကြည့်လို့ရပါတယ်၊ ဒီပုံတွေက မဂ္ဂဇင်းမျက်နှာဖုံး၊ ပြက္ခဒိန်၊ အလှပြိုင်ပွဲဝင်မည့် ဓာတ်ပုံတွေဖြစ်လို့ ကရုစိုက်ပြီးကူးရဆေးရမယ်၊ အချိန်နည်းနည်းယူရမယ် "

အောင်နိုင်လင်းသည် သူ၏နေ့စဉ်မှတ်တမ်းစာအုပ်ကြားမှာ ညှပ်ယူလာသည့် ငွေကျပ်တစ်ရာတန်ငါးရွက်ကို မခင်အေးကိုပေးသည်။

" အစ်မ ဒီပိုက်ဆံကိုလက်ခံပြီး ဒီစာရွက်မှာ လက်ခံရရှိကြောင်း လက်မှတ်ထိုးပေးပါ "

" ဟယ် . . . ဘာတွေလဲကွယ်၊ မယူပါဘူး "

" ယူပါ အစ်မရယ်၊ ဒါက ဓာတ်ပုံအရိုက်ခံတဲ့ ညီမလေးကို ကုမ္ပဏီရုံးက ပေးတာပါ "

" ပိုက်ဆံလိုချင်လို့ ဓာတ်ပုံအရိုက်ခံတာမဟုတ်ပါဘူး၊ မင်းအလုပ်ကို ကူညီတာပါ "

" ဟုတ်ပါတယ်၊ ဒါက ကျွန်တော့အလုပ် မဟုတ်တော့ဘူး၊ ရုပ်ရှင်ကုမ္ပဏီရဲ့အလုပ် ဖြစ်နေလို့ပါ "

မခင်အေးသည် သူ လက်မှတ်ထိုးခိုင်းသည့် ငွေရပြေစာစာရွက်ကလေးမှာ လက်မှတ်ထိုးပေးလိုက်သည်။ အောင်နိုင်လင်းသည် ပိုက်ဆံငါးရာကို မခင်အေး လက်ထဲထည့်ခဲ့ပြီး ကားမောင်းထွက်ခွာသွားလေတော့သည်။

ညအိပ်ရာဝင်တော့မှ သမီးကို မေးကြည့်သည်။ သမီးပြောပြလို့သိရတာက ရုပ်ရှင်ကုမ္ပဏီပိုင်ခြံထဲက ဓာတ်ပုံစတူဒီယိုထဲကိုခေါ်သွားသည်ဟုဆိုသည်။ စတူဒီယိုထဲမှာ ပိတ်ဖြူကားချပ်ကြီးတွေ၊ နိုင်ငံခြားက ဝယ်ယူလာတာဟုယူဆရသည့် ဆယ်ပေပတ်လည်ခန့်ကြီးသော တောတောင်ပုံ၊ ပန်းခြံပုံ၊ မြို့ရှာပုံ ပန်းချီကားကြီးတွေ၊ ကိုယ်လုံးပေါ်မှန်ကြီးတွေ၊ မီးဆလိုက်၊ မီးမောင်းကြီးတွေရှိကြောင်း ပြောပြသည်။



" ကိုအောင်နိုင်လင်းက သမီးကို စတီဒီယိုထဲက ဧည့်ခန်းမှာ စောင့်ခိုင်းထားပြီး လူကြီးတစ်ယောက်နဲ့ အမျိုးသမီးတစ်ယောက်ကို သွားခေါ်တယ်၊ သူသွားခေါ်တဲ့လူကြီး ရောက်လာပြီး သမီးကို ကြည့်တယ်၊ ကြိုက်တယ်လို့ပြောပြီး ဓာတ်ပုံရိုက်ခွင့်ပြုတယ် "

" လာကြည့်တဲ့လူက ဘယ်သူလဲ "

" ရုပ်ရှင်ကုမ္ပဏီပိုင်ရှင် သူဌေးတဲ့ "

" သမီးကိုမြင်တော့ သူက ဘာပြောလဲ "

" နာမည်မေးတယ်၊ သမီးနာမည်ပြောလိုက်တော့ မိုးပေါ်ကကျလာတာလားလို့ ပြောပြီးရယ်နေတယ် "

" သမီးကို ချောတယ်လို့ပြောလား "

" မပြောဘူး၊ ကြိုက်တယ်လို့ပြောတယ်၊ သူနဲ့အတူပါလာတဲ့ အမျိုးသမီးက မိတ်ကပ်လိမ်းပေးတယ်၊ အဝတ်အစား အမျိုးမျိုးတွေဝတ်ခိုင်းတယ်၊ ကိုအောင်နိုင်လင်းက ဓာတ်ပုံရိုက်တယ်"

သမီးပြောပြချက်အရဆိုလျှင် အောင်နိုင်လင်းသည် ရုပ်ရှင်ကုမ္ပဏီ၏ ဓာတ်ပုံဆရာ၊ ကင်မရာမင်းဖြစ်သည်။ ရုပ်ရှင်မင်းသမီးဖြစ်နိုင်သည့် ရုပ်ရည်ရှိသူကိုရှာဖွေပြီး ဓာတ်ပုံရိုက်၊ ကုမ္ပဏီပိုင်ရှင်သူဌေးကိုတင်ပြရသည့် တာဝန်ရှိသူဖြစ်မည်။

သမီးကို မြန်မာထိုင်မသိမ်းအဝတ်အစားဖြင့် ရိုက်သည်။ မြို့သူလို ခေတ်ဆန်ဆန် အဝတ်အစားဖြင့်ရိုက်သည်။ တောသူမလို ဝတ်ဆင်ခိုင်းပြီးရိုက်သည်။ နောက်ဆုံးမှာ ရေကူးဝတ်စုံဖြင့် ရိုက်လိုက်ရသည်။ မတ်တတ်၊ ထိုင်လျှက်၊ အိပ်လျှက်၊ ရယ်လျှက်၊ မခို့တရို့ပြုံးလျှက် ပုံပေါင်းငါးဆယ်ခန့် ရိုက်ယူသည်ဟု သိရ သည်။

ပုံပြောင်းရန် အဝတ်အစားလဲတိုင်း အမျိုးသမီးကြီး၏အကူအညီဖြင့် အတွင်းခန်းမှာ လဲရသည်ဟုဆိုသည်။ သမီးကို နေ့လည်စာကျွေးသည်။ သူဌေး၏ ရုံးခန်းနှင့်တွဲလျှက်မှာရှိသော စားသောက်ခန်းမှာ သူဌေးနှင့်အတူစားခဲ့ရသည်။ သူဌေးနှင့်အတူ ကုမ္ပဏီက လူကြီးတွေပါရှိနေကြသည်။ လူကြီးတွေအားလုံးပင် အသက်ငါးဆယ်ကျော်၊ ခြောက်ဆယ်အရွယ် အဘိုးကြီးတွေချည်းဖြစ်သည်။ လူကြီးတွေ နေ့လည်စာသုံးဆောင်တာကို အမျိုးသမီးတစ်ယောက်က စားပွဲထိုးသည်။ သမီးကို မိတ်ကပ်နှင့် အလှပြင်ပေးသည့် အမျိုးသမီးကြီးနှင့် ကိုအောင်နိုင်လင်းတို့လည်း လူကြီးတွေနှင့်အတူ တစ်ဝိုင်းထဲထိုင်စားခွင့်ရကြသည်။ သမီးက ကိုအောင်နိုင်လင်းနှင့် အလှပြင်အမျိုးသမီးကြီးရဲ့ကြားက ထိုင်ခုံမှာ ထိုင်ရသည်။ ကြောက်နေသည့်အတွက် ထမင်း နည်းနည်းပဲ စားနိုင်သည်။ သူဌေးက ကိုအောင်နိုင်လင်းကို ထမင်းစားရင်း မေးသည်။

" ကိုအောင်နိုင်လင်း ဓာတ်ပုံရိုက်တာပြီးပလား "

" မပြီးသေးဘူး အန်ကယ်၊ ထမင်းစားပြီးဆက်ရိုက်မယ်၊ ပုံနှစ်ဆယ်လောက်ရိုက်ဦးမယ် "



" သမီးနာမည် မိုးဟုတ်လား "

" ဟုတ်ကဲ့ "

" မိုးနတ်နွယ်ဆိုလျှင် ပိုကောင်းမယ်၊ သမီးက ချောတော့ ...ည့်ကောင်းပါတယ် "

လူကြီးတွေက ပြောပြီးရယ်ကြသည်။ သမီးကရှက်လို့ ...ခေါင်းငုံ့ပြီး ထမင်းစားနေသည်။ ဇွန်းခက်ရင်းဖြင့်စားရလို့ ...စားတတ် ဖြစ်နေသည်။ နည်းနည်းပဲ စားနိုင်သည်။

" သမီး အသက်ဘယ်လောက်ရှိပြီလဲ "

" အမေပြောတာ ၁၆ နှစ်တဲ့ "

" ဟဲ့ ကိုယ့်အသက်ကိုကိုယ် မသိဘူးလား "

" အမေပြောတဲ့အတိုင်းပဲ မှတ်ထားပါတယ် "

" ကျောင်းနေဖူးလား၊ ဘယ်နှစ်တန်းအောင်လဲ "

" ကျောင်းမနေဖူးဘူး၊ တစ်တန်းမှမအောင်သေးဘူး "

" ဟေ... စာဖတ်တတ်သလား၊ ရေးကော ရေးတတ်သလား "

" ဟုတ်ကဲ့ ဖတ်တတ်ပါတယ်၊ ရေးတတ်ပါတယ် "

" ဟိုစာတွေဖတ်ပြစမ်း "

" ရှုတိုင်းယဉ်ကုမ္ပဏီကြီး၊ အသံထွက်ရုပ်ရှင်ရိုက်ကူးရေး၊ ...ဓာတ်ပြားထုတ်လုပ်ရေးနှင့် ရောင်စုံပုံနှိပ်လုပ်ငန်း၊ ကုမ္ပဏီဒါရိုက်...တာအဖွဲ့ဝင်များ ... "

" တော်ပြီ၊ တော်ပြီ၊ သမီးစာဖတ်တတ်တယ်ဆိုတာယုံပြီ"

ကုမ္ပဏီလူကြီးများသည် သမီးကို လမ်းဘေးကအကြော်တဲမှာနေသည့် ကလေးမဆိုတာအထိ သိထားကြပြီးဖြစ်ဟန်တူသည်။ ပညာအရည်အချင်း ဘယ်လောက်ဆိုတာကို မသိလို့မေးတာဖြစ်မည်။ သမီး၏ ပညာအရည်အချင်းကို အောင်နိုင်လင်းကိုယ်တိုင်မသိသေးဖြစ်မည်။

" ကောင်းတယ်၊ တစ်တန်းမှမအောင်တာ ကောင်းတယ်မြန်မာစာ ရေးတတ်ဖတ်တတ်တယ်ဆိုလျှင် သုံးလို့ရပြီ၊ ပညာတတ်လျှင် ပညာမာနနဲ့ ဆရာသမားတွေကို ကံဇကောဇ လုပ်ချင်ကြတယ်၊ သမီးက ဆရာသမားနှင့် မိဘစကားကို နားထောင်ပါ လိမ်မာအောင်နေပါ "

နေ့လည်စာစားပြီးတော့ ဓာတ်ပုံစတူဒီယိုထဲကို ပြန်သွားပြီး ကိုအောင်နိုင်လင်းက ဓာတ်ပုံတွေဆက်ရိုက်သည်။ ညနေ-၄ နာရီလောက်မှ ဓာတ်ပုံရိုက်လို့ပြီးသွားသည်။

o

## ( ၃၅ )

မခင်အေးနှင့် သမီးမိုးမိုးတို့၏ နေ့စဉ်ဘဝသည် သံပတ်ပေးထားသောနာရီ၏ လက်တံနှစ်ချောင်းလို ဖြစ်နေသည်။ မခင်အေးသည် နံနက် ၅ နာရီမှာ အိပ်ရာကထသည်။ ဘုရားရှိခိုးသည်။ ကွယ်လွန်သွားကြပြီဖြစ်သည့် အဖေနှင့်အမေကို အမျှဝေသည်။ ကမ္ဘာသူကမ္ဘာသားတွေနှင့် သတ္တဝါအားလုံးကို မေတ္တာပို့သည်။

မိမိ၏ စိတ်အာရုံမှာပေါ်လာသူ မှန်သမျှတွေကို မေတ္တာပို့ရာမှာ သီရိရတနာက မိသားစုတွေအားလုံးကိုလည်း မျက်စိမှာမြင်လာအောင်ကြည့်ပြီး တစ်ယောက်ချင်းကို မေတ္တာပို့သည်။

ကွယ်လွန်ခဲ့ကြပြီဖြစ်သည့် ဘဘကြီးနှင့်မေမေကြီးတို့ကို အမျှဝေသည်။ ကိုတင်နွယ်၊ မမလေး၊ ကိုကို၊ မောင်လေး မောင်မောင်ဦး၊ မောင်လေးကိုသတိရတော့၊ မောင်လေးကို

အောက်မေ့တဲ့စိတ်၊ လွမ်းစိတ်ဖြင့် မေတ္တာပို့ဖို့မေ့ပြီး မျက်ရည်
လာသည်။

မောင်လေး အသက်ဘယ်လောက်ရှိပြီလဲ၊ မိမိတော
အသက် ၃၇ နှစ်ရှိပြီဖြစ်လို့ မောင်လေး၏အသက် ၃၅ တော
ပါရောလား၊ ဘွဲ့ရပြီးလို့ အိမ်ထောင်ကျနေရောမည်၊ သားသ
တွေရနေရော့မည်။ မောင်လေးကို တွေ့ချင်သည်။ သီရိရတန
မိသားစုကိုတွေ့ချင်သည်။ သီရိရတနာအိမ်ကြီးကို ပြန်သွား
အမေနှင့်အတူနေခဲ့သည့် အိမ်ကလေးမှာ နေလို့ရသည်
မမလေးက လက်ခံမှာသေချာသည်။

အဲဒီလိုဆိုလျှင် မိမိရဲ့ဘဝဟာ သီရိတနာမိသားစု၏ အိ
ဖော်အိမ်စေဘဝ သံသရာ ပြန်လည်သွားတော့မည်ဖြစ်သည်
အဲဒီအိမ်ကလေးမှာနေလျှင် မိမိ၏သမီး မိုးသည် မိမိလို အဖြ
မျိုးနှင့်ကြုံရပြန်လျှင် ဘယ်လိုလုပ်မလဲ၊ မခင်အေး ကြောက်ပြီး
ကြက်သီးထသွားသည်။

အို . . . ဘုရားရှိခိုးရင်း ငါ ဘာတွေစဉ်းစားနေပါလိမ့်
သတိရပြီး ဦးသုံးကြိမ်ချပြီး ဘုရားရှိခိုးကို အဆုံးသတ်လိုက်သည်
ငါ လုပ်ရမည့်အလုပ်က အမေမသေမီက ငါ့ကိုမှာခဲ့သည့် စကား
ကိုနားထောင်ပြီး အဲဒီတာဝန်ကို ထမ်းဆောင်ရမည်ဟုသတိရ
လိုက်သည်။

" ဘဝကို သတ္တိရှိရှိရင်ဆိုင်ပါ၊ ညည်း ဦးစားပေးလုပ်ရမဲ့
အလုပ်က ငါ့မြေးလေးရဲ့အဖေကို ရှာဖွေဖော်ထုတ်ပေးဖို့ပဲ "

မခင်အေးသည် အမေဒေါ်အေးတင် မကွယ်လွန်မီက
ပြောခဲ့သည့်စကားကို ပြန်လည်ကြားယောင်လာသည်။ ဒီနေ့



အထိ သမီး၏အဖေကို ရှာဖွေဖော်ထုတ်ရေးအလုပ်ကို လုံးဝ
မလုပ်ရသေးဖြစ်နေသည်။ သမီးကတော့ လူတိုင်းကို မိမိ
ပြောနေကျ စကားအတိုင်းပင် ယုံကြည်နေသည်။ သူ့အဖေနှင့်
လမ်းခွဲခဲ့သည့်အချိန်မှာ သူ့ကို ကိုယ်ဝန်ပါလာသည်ဟူ၍
ဖြစ်သည်။ သမီးသည် သူ့အဖေနှင့်ပတ်သက်ပြီး တစ်ခါမျှမမေးဘဲ
သူ့မှာ အဖေမရှိဘူးဆိုသည့်ပုံဖြင့် နေတာတွေ့ရသည်။

ဘုရားရှိခိုးပြီးသောအခါ နေ့စဉ်လုပ်နေကျအလုပ်ကို ဆက်
လုပ်သည်။ ညဦးက လှီးစိပ်ထားသည့် ဘူးသီးစိပ်တွေမုန့်နှစ်တွေ
ဖြင့် အကြော်မျိုးစုံကို စတင်ကြော်သည်။ သမီး အိပ်ရာကနိုးလာ
လျှင် ရပ်ကွက်ထဲလှည့်ရောင်းရန်နှင့် မုန့်ဟင်းခါးဆိုင်တွေက
ဖောက်သည်တွေလာယူလျှင် အသင့်ဖြစ်အောင် စောစော
အလုပ်လုပ်သည်။

အကြော်ဖို၏သဘာဝအရ နံနက်ပိုင်းမှာ ဆိုင်ထိုင်စားသူ
နည်းသည်။ ညနေပိုင်းမှာသာ ဆိုင်ထိုင်စားသူများသည်။ နံနက်
ပိုင်းမှာတော့ မုန့်ဟင်းခါးဆိုင်တွေက ဖောက်သည်တွေနှင့်
ရပ်ကွက်ထဲလည်ပြီး သမီး ရောင်းဖို့အတွက် ဦးစားပေးကြော်
ရသည်။ ဆိုင်ရှေ့ကိုလာရပ်သည့် ဆွမ်းခံကိုယ်တော်တွေကိုလည်း
အကြော်ဆွမ်းလောင်းသည်။

အကြော် ကြော်ရင်း ထမင်းဟင်းချက်သည်။ နံနက်စာနှင့်
ညစာကို တစ်ခါတည်းချက်သည်။ မိမိဆာလျှင် မိမိက အလျင်
စားသည်။ သမီးကဆာလျှင် သမီးက အလျှင်စားသည်။
သားအမိနှစ်ယောက် အတူစားရခဲ့သည်။

နေ့လည်မှာ ခဏတဖြုတ်နားသည်။ ရပ်ကွက်ထဲက ဈေး
ပြေးပြီး လိုတာတွေဝယ်သည်။ ညနေ ၄ နာရီလောက်က
အကြော်ဖိုမှာ ပြန်ထိုင်ရပြန်သည်။ သမီးက စားသူတွေကို
ထိုးသည်။ ည ၉ နာရီ၊ ၁၀နာရီလောက်အထိ အကြော်ရော
ရသည်။ ည-၁၀ နာရီကျော်မှ ဆိုင်သိမ်း၊ ထမင်းမစားရသေး
ထမင်းစားသောက်ပြီးလျှင် မခင်အေးက ဘုရားရှိခိုးသည်။
က စာဖတ်သည်။ မကြာမီ မီးခွက်မှုပ်ပြီး သားအမိနှစ်ယော
အိပ်ရာဝင်ကြသည်။

ဒီလိုပဲ နေ့စဉ် လှုပ်ရှားရုန်းကန်နေကြသည်။ သံပတ်
ထားသည့် နာရီ၏လက်တံနှစ်ချောင်းလို ပုံမှန်လည်ပတ်နေ
သည်။

၀

## ( ၃၆ )

ဒီနေ့တော့ မခင်အေးသည် အကြော်ထုပ်ရန်အသုံးပြုသည့် သတင်းစာအဟောင်းက နာရေးကြော်ငြာတစ်ခုကို မျက်ထိုးတည့် ပြီးဖတ်မိသည်။

( ဒေါ်သီရိခင်၊ အသက်-၅၅ နှစ် )

မခင်အေး အထိတ်တလန့်ဖြစ်သွားသည်။ ဘုရားဘုရား ဟု စိတ်ထဲက ဘုရားတလိုက်မိသည်။ ဒီနာမည်နှင့် ဒီအသက် အရွယ်သည် မမလေးသီရိခင်ပဲ ဖြစ်ရမည်ဟု သိလိုက်ပြီး ဆီစွန်း နေသည့် သတင်းစာက နာရေးကြော်ငြာကို တုန်တုန်ယင်ယင်ဖြင့် ဖတ်သည်။

သီရိရတနာရောင်းဝယ်ရေး ကုမ္ပဏီပိုင်ရှင် (ဦးဘခင်၊ ဒေါ်တင်မကြီး) တို့၏သမီး၊ သံရုံး ရုံးအဖွဲ့မှူး ဦးခင်မောင်ကြီး၊ ဒေါ်ရှိစီလင်းတို့၏ ညီမ၊ ဦးတင်နွယ်၏ ချစ်လှစွာသော ဇနီး၊

သီရိရတနာ ဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ… ဦးမောင်မောင်ဦး၊ ဒေါ်သဂြီဦးတို့၏ မိခင်၊ မောင်ချစ်ပို… အသည်းလေးတို့၏ အဖွားသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး… ကွယ်လွန်သွားပါသဖြင့် ကြံတောသုသာန်တွင် ဂူသွင်းသင်္ဂြိုဟ်… ပါမည်။)

မခင်အေးသည် နာရေးသတင်းကိုဖတ်ရင်း မျက်ရည်… ကျလာသဖြင့် နာရေးသတင်းအပြည့်အစုံကို မမြင်နိုင်ဖြစ်သွား… သည်။

မမလေး၊ မမလေးသီရိခင်၊ ဘာကြောင့် ကွယ်လွန်တာ… လိမ့်၊ နှမြောလိုက်တာ မမလေးရယ်၊ မိမိကို အိမ်ဖော်အိမ်ဖေ… သဘောမထားဘဲ၊ ပညာသင်ပေးခဲ့သည်။ မိသားစုထဲကတ… ယောက်လို့ သဘောထားခဲ့သည်။ အမေ့ကိုလည်း မိဘ… သဘောထားသည်။ ကျေးဇူးကြီးမားသည့် မမလေး ဘာကြော… ငယ်ငယ်ရွယ်ရွယ်ဖြင့် ကွယ်လွန်တာပါလိမ့်၊ အလောင်းကိုတော… မမြင်လိုက်ရပါလား မမလေးရယ် ဟုတွေးမိပြီးရှိုက်ငိုမိသည်။

သီရိရတနာမိသားစု၏ ကျေးဇူးတွေကို မှတ်မိသလော… ပြန်လည်မြင်ယောင်လာသည်။ အဖေမရှိတော့သည့်အခါ ဘာ… ကြီးနှင့်မေမေကြီးတို့က အမေ့ကိုမေးသည်။

" အေးတင် နင်ဘယ်လိုစဉ်းစားထားသလဲ၊ ဒီမှာပဲဆ… နေချင်သလား၊ နင့်ရွာကိုပြန်ချင်သလား၊ ဒီမှာပဲဆက်နေချ… တယ်ဆိုလျှင်နေ၊ နင့်သမီးကိုလည်း ပညာသင်ပေးမယ်၊ နင့်ရွာ… ကိုပြန်မယ်ဆိုလျှင် နင်လုပ်ကိုင်စားလို့ရအောင် ငါ ငွေတစ်သောင်း… တိတိပေးလိုက်မယ်၊ ရင်းနှီးလုပ်ကိုင်စားပေါ့ "



အဲဒီတုန်းက အမေသည် ငွေတစ်သောင်းကိုယူပြီး ရွာကို ပြန်သွားလျှင် မိမိတို့မိသားစု၏သမိုင်းသည် တစ်မျိုးတစ်ဖုံပြောင်း သွားနိုင်သည်။ အမေက ငွေတစ်သောင်းကိုမယူဘဲ သီရိရတနာ မိသားစုနှင့်အတူ တစ်သက်လုံးနေသွားမယ်လို့ပြောခဲ့သည်။

မခင်အေး အသက်ငါးနှစ်ပြည့်သောအခါ မေမေကြီးက အမေ့ကိုခေါ်မေးသည်။ အေးတင်၊ နင့်သမီးငါးနှစ်ပြည့်ပြီမဟုတ်လား၊ ကျောင်းမထားချင်ဘူးလားဟုမေးခဲ့သည်။ အမေက ကျောင်းထားချင်ပါသည်ဟုဖြေခဲ့သည်။ အဲဒီတုန်းက မေမေကြီး ပြောခဲ့သည့်စကားကို ပြန်လည်ကြားယောင်လာသည်။

" ကျောင်းထားချင်ရင် ကျောင်းအပ်ဖို့လုပ်၊ မနက်ပိုင်း တက်ရတဲ့ ကျောင်းမှာအပ်၊ သမီးကိုဈေးပို့တဲ့ကားနဲ့ နင့်သမီးကို ကျောင်းပို့ခဲ့လို့ရတယ်၊ ကျောင်းဆင်းချိန်ကျတော့ နင်သွားကြိုပေါ့၊ အိမ်ကကားကြုံလျှင်လည်း ဝင်ခေါ်လာလိမ့်မယ် "

ဘဘကြီးနှင့်မေမေကြီးတို့ကစပြီး မိမိတို့သားအမိပေါ်မှာ မိသားစုဝင်တွေလို သဘောထားခဲ့သည်။ ဘဘကြီးနှင့်မေမေကြီးတို့ကွယ်လွန်ခဲ့ကြတဲ့အခါ မမလေးသည် မိမိတို့သားအမိကို ပိုပြီး အားကိုးလာသည်။ မိမိသာ ဆယ်တန်းအောင်ခဲ့မည်ဆိုလျှင် ယူနီဘာစီတီကို ဆက်တက်ခိုင်းမှာသေချာသည်။ မိမိကို လင်ကောင်း သားကောင်းရှာပေးစားပြီး သီရိရတနာမိသားစုဝင် အဖြစ် မမလေး ရည်ရွယ်ထားတာကို အမေရော မိမိပါ သတိထားမိခဲ့သည်။

အဲဒီလို ကျေးဇူးရှိသည့် မိသားစုဖြစ်လို့ ဒီမိသားစုရဲ့ ကျေးဇူးကို အသက်ပေးပြီးဆပ်နိုင်မှကျေမယ်လို့ အမေက ပြောခဲ့

[illegible]သည်၊ မိမိ၏ ကိုယ်ဝန်ပြဿနာ ဖြစ်လာသောအခါ [illegible]ပြောခဲ့သည့်စကားကို ပြန်လည်ကြားယောင်မိသည်။

“ ဒီမိသားစုရဲ့ကျေးဇူးကို ဆပ်ဖို့အတွက် ဒီခြံထဲကထွ[illegible] သွားတာ အကောင်းဆုံးကျေးဇူးဆပ်နည်းပဲ သမီး၊ အမေ[illegible] ထွက်သွားကြမယ် ”

သတင်းစာအဟောင်းက နာရေးကြော်ငြာ အဟောင်း[illegible] ဖတ်ရင်း မခင်အေး တွေးနေမိသည်။ ကိုတင်နွယ် ဘယ်လို[illegible] ပါလိမ့်၊ ကိုကို အိမ်ထောင်ပြုလိုက်ပြီ၊ ကိုကို့ ဇနီးနာမည် ရှိစီလင်[illegible] တဲ့၊ သူ့ရုံးက စာရေးမဆိုတာ ဖြစ်လိမ့်မည်။ မောင်လေး[illegible] မောင်မောင်ဦးတောင် အိမ်ထောင်ကျပြီပဲ၊ သူ့ဇနီးက သင်္ကြီးတဲ့ မောင်လေးသည် ဆောက်လုပ်ရေးအင်ဂျင်နီယာတွဲ့ ရတာဖြစ် လိမ့်မည်။ မောင်ချစ်ပိုနှင့် အသည်းလေးဆိုတာ မောင်လေးရဲ့ သားလေးနှင့် သမီးလေး ဖြစ်ပေလိမ့်မည်။ အရာရာတိုင်းဟာ ပြောင်းလဲခဲ့ပါရောလား၊ သီရိရတနာက ထွက်ခွာလာခဲ့တာ ဘာလိုလိုနဲ့ သမီးမိုးမိုးရဲ့ တစ်သက်ရှိပြီဖြစ်လို့ နှစ်ပေါင်း နှစ်ဆယ်တောင် ပြည့်တော့မယ်ပါလားဟု သတိထားလိုက်မိ သည်။

အကြော်ရောင်းရာမှပြန်လာသည့် သမီးမိုးမိုးကို မြင်လိုက် လို့ မခင်အေး မျက်ရည်သုတ်လိုက်သည်။ သို့သော် မငိုဟန် ဆောင်တာနောက်ကျသွားခဲ့သည်။ မျက်ရည်ကို သုတ်နိုင်ခဲ့သော် လည်း နှပ်ညှစ်တာကို သမီးမိုးမိုး မြင်သွားခဲ့သည်။

“ အမေ ငိုနေတာလား ”

“ မငိုပါဘူး သမီးရယ် ”



“ မငိုပါဘူးသာဆိုတယ်၊ မျက်ရည်သုတ်ပြီး နှပ်ညှစ်နေ တယ်ပါလား ”

“ မီးခိုးလို့ပါသမီးရယ် ”

မခင်အေးက မပိမယိလိမ်လိုက်သော်လည်း အကင်းပါး ပြီး ဉာဏ်ကောင်းလှသည့် မိုးမိုးက သူ့အမေငိုနေတယ်ဆိုတာ ကိုသိလိုက်သည်။ သူ့အမေ ကိုင်ထားသည့် သတင်းစာအဟောင်း မှာ ဘာသတင်းပါသလဲ ဆွဲယူကြည့်သည်။ မခင်အေးက သတင်း စာမျက်နှာကို ပိတ်လိုက်သည့်အတွက် ဘာသတင်းကိုဖတ်ပြီး ဝမ်း နည်းပန်းနည်းဖြစ်သွားတယ်ဆိုတာကို မိုးမိုး မသိနိုင်ဖြစ်သွား သည်။ မိုးမိုးက အားပေးစကားပြောသည်။

“ ဝမ်းသာစရာပဲဖြစ်ဖြစ်၊ ဝမ်းနည်းစရာပဲဖြစ်ဖြစ်၊ သမီးကို လည်းအသိပေးပါ အမေရယ်၊ သမီးလည်း အမေနှင့်အတူ မျှဝေ ခံစားပါ့မယ် ”

မခင်အေးသည် မျက်ရည်လက်ကျန်တွေကို စင်သွား အောင် သုတ်ပစ်လိုက်သည်။ သီရိရတနာနှင့် ပတ်သက်သည့် အတိတ်ဇာတ်ကြောင်းတွေကို သမီးမသိအောင် အထူးလျှို့ဝှက် ထားမည်ဟု ဆုံးဖြတ်ထားပြီးဖြစ်သည်။

သီရိရတနာက အတိတ်ဇာတ်ကြောင်းတွေကို သမီးမိုးမိုး မသိအောင် အထူးလျှို့ဝှက်ထားသော်လည်း မိမိကိုယ်တိုင်က မမေ့နိုင်လို့ အချိန်ရှိသရွေ့ တွေးနေမိသည်။

ကိုတင်နွယ်သည် မမလေးထက် ၂ နှစ်ခန့်သာပိုကြီးသည်။ မမလေးအသက်- ၅၅ နှစ်ဆိုတော့ ကိုတင်နွယ် ၅၇ နှစ်ခန့်သာ ရှိဦးမည်။ အရွယ်ကောင်းတုန်းဖြစ်သည်။ ကိုတင်နွယ်သည်

မမလေး မရှိတော့သည့်အတွက် နောက်အိမ်ထောင်ပြုနိုင်သည်။ မမလေး ရှိစဉ်ကပင် မိုးကုတ်မှာ အငယ်အနှောင်းရှိသည်ဟု အမေ ပြောဖူးသည်။ အိမ်ဖော်မိန်းကလေးနှင့် မသင်္ကာဖွယ်ရာ တွေ့ရလို့ မမလေးက အိမ်ဖော်မိန်းကလေးကို အလုပ်ဖြုတ်လိုက်ရသည်လို့တောင် အမေပြောခဲ့ဖူးသည်။ ဒီစကားတွေသာ အမှန်ဆိုလျှင် ကိုတင်နွယ်သည် မိန်းမ မရှိလျှင် မနေတတ်သည့် လူမျိုးဖြစ်မည်။ မမလေး ကွယ်လွန်သွားပြီဖြစ်လို့ နောက်အိမ်ထောင်ပြုနိုင်သည်။

ကိုတင်နွယ် နောက်အိမ်ထောင်ပြုလျှင် မောင်လေးမောင်မောင်ဦး စိတ်ဆင်းရဲတော့မည်။ ကိုတင်နွယ် နောက်အိမ်ထောင်မပြုပါစေနဲ့လို့ ဆုတောင်းနေမိသည်။

ကိုကိုသည် အိမ်ထောင်ပြုလိုက်ပြီဆိုတော့ သီရိရတနာမှာ နေသေးလား၊ အိမ်ခွဲနေသလား သိချင်လိုက်တာ၊ ကိုကိုဟာ မိမိရဲ့ခင်ပွန်းဖြစ်လာလျှင် ကောင်းမှာပဲလို့ စိတ်ကူးယဉ်ခဲ့မိသည်။ ကိုကိုသည် မိမိထက်အသက်နှစ်ဆယ်ကျော်ကြီးသော်လည်း ကိုကိုက အရမ်းနုပျိုသည်။ ကိုကို အသက်သုံးဆယ်ကျော်အရွယ်မှာ အသက်နှစ်ဆယ်ကျော်အရွယ်လို့ ထင်ရလောက်အောင် ကိုကို၏ ရုပ်ရည်က နုပျိုခဲ့သည်။ မိမိကို ညအခါမှောင်ထဲမှာ သားမယား အဖြစ်ဆက်ဆံခဲ့သူဟာ ကိုကိုဖြစ်ပါစေလို့ ဆုတောင်းခဲ့မိသည်။ မိမိသည် ကိုကို့ကို ကြည်ညိုလေးစားပြီး ချစ်ကြိုက်နေခဲ့တယ်ဆိုတာကို ကိုကို ကိုယ်တိုင်လည်း မသိသလို၊ အမေသည်လည်း သေသည်အထိ သိမသွားတာဟာ ကံကောင်းသည်ဟုပြောရမည်ဖြစ်သည်။ မိမိကို ညအမှောင်ထဲမှာလာပြီး သားမယားအဖြစ်



ဆက်ဆံသူကို ကိုကိုလို့ထင်ပြီး အလိုတူအလိုပါ မိမိလိုက်လျောခဲ့တာကို အမေသိမသွားလို့ ကံကောင်းသည်ဟုတွေးမိတာဖြစ်သည်။

မမလေး မရှိတော့ဘူးဆိုတော့ ဗိုလ်ချုပ်ဈေးက သီရိရတနာ စိန်ရွှေအရောင်းဆိုင် ပိတ်ထားရသလား၊ ကိုတင်နွယ်တစ်ယောက်တည်း ဆိုင်ထိုင်နေသလား၊ သိချင်လိုက်တာ၊ မမလေး မရှိတော့သည့်အတွက် သီရိရတနာအိမ်မှာ မိမိရှိနေလျှင် အတန်အသင့် အဆင်ပြေနိုင်သည်။ အခုတော့ဘယ်လိုများနေကြလေသလဲမသိလို့တွေးပြီး သက်ပြင်းချလိုက်သည်။

၀

## ( ၃၇ )

ဒီနှစ် နွေဦးပေါက်ရာသီ၏ နံနက်ခင်းတစ်ခုမှာ ဘယ်က ရောက်လာမှန်းမသိရသည့် ဥဩငှက်တစ်ကောင်သည် ဆိုက္ကား ဂိတ်ရှိ ညောင်ပင်ထက်က လွမ်းလွမ်းဆွေးဆွေး အော်မြည်နေ သည်။ အဖော်ကွဲလို့ လွမ်းတေးကို သီဆိုနေတာလား၊ ချစ်တဲ့ သူနှင့် မကြာမီဆုံဆည်းရတော့မည်ဖြစ်လို့ ဝမ်းသာပြီး နွေဦးကို ကြိုဆိုနေတာလားဆိုတာ ကာယကံရှင် ငှက်ကလေးသာ သိပေ လိမ့်မည်။

အကြော်သည် မခင်အေးမှာတော့ ကိုးလ၊ ဆယ်လမျှကြာ အောင် ဝမ်းဖြင့်လွယ်ပြီးမွေးခဲ့ရသည့် သမီးမိုးမိုးကလွဲပြီး လွမ်းရ ဆွေးရမည့်သူမရှိလို့ ဘယ်သူ့ကို လွမ်းရမှန်းမသိဖြစ်နေသည်။ ဘဝမှာ ယာယီအနာဂတ်ပျောက်နေသည့်အတွက် မေးကိုလက် ထောက်ပြီး တစ်နေရာကို အဓိပ္ပာယ်မဲ့ ငေးမောကြည့်နေမိသည်။



မခင်အေး ငေးမောကြည့်နေသည့် မြင်ကွင်းထဲကို ဆလွန်း ကားတစ်စီး မောင်းဝင်လာနေတာကို မြင်လိုက်သည်။ ဆလွန်း ကားသည် မခင်အေး၏ အကြော်တဲရှေ့မှာ ရပ်လိုက်သည်။ အကြော်စားဖို့လာတဲ့ သူဌေးများဖြစ်နေသလား ထင်လိုက်မိသေး သည်။ ဒီလိုကားမျိုးဖြင့် အကြော်လာစားသည့် သူဌေး တစ်ယောက်မှ မရှိသေးလို့ စဉ်းစားရခက်နေသည်။

မခင်အေး စဉ်းစားနေစဉ်မှာပင် ခာတ်ပုံဆရာလေး အောင်နိုင်လင်းနှင့်အတူ မမြင်ဖူးသေးသည့် အသက်ခြောက် ဆယ်အရွယ် လူကြီးတစ်ယောက်တို့ ကားပေါ်က ဆင်းလာကြ သည်။ အကြော်တဲ၏ အတွင်းခန်းမှာ မဂ္ဂဇင်းစာအုပ်ကို ဖတ်နေ သည့် မိုးမိုးက တိုးတိုးပြောသည်။

" အမေ အဲဒါ ရုပ်ရှင်ကုမ္ပဏီကလူကြီး "

" ဟေ၊ လုပ်ပါဦးဟဲ့သမီးရဲ့၊ အထဲမှာ ဝင်ထိုင်ကြမလား မလားမသိဘူး "

အကြော်တဲအတွင်းမှာ ခင်းစရာလည်းမရှိ၊ နေရာလည်း မရှိလို့ မခင်အေး ပြာယာခပ်နေစဉ် အောင်နိုင်လင်းက မိတ် ဆက်ပေးသည်။

" အန်ကယ် ဟောဒါ မိုးမိုးရဲ့ အမေပဲ၊ အစ်မ ဟောဒါ ရွှေတိုင်းယဉ်ကုမ္ပဏီရဲ့ မန်နေဂျာ ဦးအောင်မြိုင်ပဲ၊ အစ်မနဲ့ အလုပ် စကားပြောချင်လို့ လိုက်လာတာ "

" သမီးနာမည် ဘယ်လိုခေါ်လဲ "

" မခင်အေးပါရှင် "

ဦးအောင်မြိုင်သည် အောင်နိုင်လင်း၏ လက်ထဲက ပြက္ခဒိန်တွေကိုဆွဲယူပြီး မခင်အေးကို ကမ်းပေးသည်။ မခင်အေးက လှမ်းယူလိုက်သည်။ ပြက္ခဒိန် သုံးစောင်လုံးသည် သမီးမိုးမိုး၏ ပုံတွေကို မျက်နှာဖုံးတင်ထားသော ပြက္ခဒိန်တွေဖြစ်နေသည်။ ရှုတိုင်းယဉ်ကုမ္ပဏီကထုတ်သော ပြက္ခဒိန်သုံးမျိုးဖြစ်သည်။ မိုးမိုး ရေကူးဝတ်စုံဖြင့်ထိုင်ပြီး မခို့တရို့ပြုံးနေပုံ၊ သာမန်အရပ်ဝတ်ဖြင့် ခပ်စောင်းစောင်းထိုင်ပြီး ပြုံးနေပုံ၊ မင်းသမီးအဝတ်အစားဖြင့် ဇာပုဝါကို ရွရွကိုင်ပြီး ရပ်နေပုံတွေဖြစ်သည်။ ဓာတ်ပုံသုံးပုံဖြင့် ပြက္ခဒိန်သုံးမျိုး ထုတ်ထားခြင်းဖြစ်သည်။ အောင်နိုင်လင်းနှင့် ဦးအောင်မြိုင်တို့သည် အကြော်စားသူထိုင်ခုံမှာ ထိုင်ချလိုက်ကြသည်။

မခင်အေးမှာ ဧည့်သည်တွေကို ဘာမှဧည့်ခံစရာမရှိသည့်အတွက် အကြော်တွေကိုပဲ ချကျွေးရတော့သည်။ ရေနွေးကြမ်းအိုးပူပူကိုလည်း ချပေးလိုက်သည်။ အောင်နိုင်လင်းက မခင်အေးကို သူတို့နှင့်အတူလာထိုင်ရန် မေတ္တာရပ်ခံသည်။

" အစ်မ ခဏလောက်ဒီကိုကြွပါ၊ အန်ကယ်က စကားပြောချင်ပါတယ်တဲ့ "

မခင်အေးသည် အားနာစွာဖြင့်ပင် အောင်နိုင်လင်း၏ အနီးက ထိုင်ခုံမှာ ဝင်ထိုင်ပြီး ဦးအောင်မြိုင်နှင့် မျက်နှာချင်းဆိုင်နေရာယူလိုက်သည်။

" အန်ကယ်တို့လာတဲ့ကိစ္စက သမီးလေးမိုးမိုးကို ရုပ်ရှင်သရုပ်ဆောင်သင်တန်း တက်ခိုင်းဖို့ ခွင့်တောင်းဖို့လာတာပါ "



ဦးအောင်မြိုင်၏ စကားကိုကြားတော့ မခင်အေး အရမ်းအံ့ဩသွားသည်။ ဝမ်းသာသွားသော်လည်း ဖြစ်နိုင်မည်မထင်လို့အံ့ဩသွားခြင်းဖြစ်သည်။

" သမီးကဘာမှမတတ်တာ ဘယ်လိုသရုပ်ဆောင်နိုင်မှာလဲ "

" မတတ်တာကို တတ်အောင်သင်ပေးဖို့အတွက် သရုပ်ဆောင်သင်တန်း တက်ရမယ်လို့ပြောတာပေါ့ တူမကြီးရယ် "

" သင်တန်းက ဘယ်လောက်ကြာမလဲ၊ ဘယ်မှာတက်ရမှာလဲ "

" ကုမ္ပဏီသင်တန်းခန်းမမှာ တက်ရမယ်၊ ဘယ်လောက်ကြာမယ်ဆိုတာ မပြောနိုင်ဘူး၊ သင်တန်းတက်ရင်း အလုပ်လုပ်လုပ်ရင်း သင်တန်းတက်ရမယ်၊ သရုပ်ဆောင်ပညာဆိုတာ သင်လို့ပြီးဆုံးတယ်ဆိုတာ မရှိဘူး၊ ရုပ်ရှင်ပညာဆိုတာ အပြောအဆို၊ အမူအယာသာမက၊ အဆိုနှင့်အကကိုလည်း သင်ရမယ်၊ သင်နေရင်း အလုပ်လုပ်နေရမယ် "

မခင်အေး ဦးနှောက်ခြောက်သွားသည်။ သမီးက အချိန်ပြည့်သင်တန်းတက်နေရမည်ဆိုလျှင် အခက်အခဲဖြစ်မည်။ သားအမိနှစ်ယောက်တည်းရှိတာ၊ သမီးမရှိပါက မိမိကိုကူညီမည့်သူမရှိဖြစ်တော့မည်။ ရပ်ကွက်ထဲလည်ပြီး အကြော်ရောင်းမည့်သူမရှိဖြစ်တော့မည်။ သင်တန်းကာလနှင့် နေ့စဉ်အချိန်ဇယားကို ရှင်းအောင်မေးမှ ဖြစ်တော့မည်ဟုတွေးမိသည်။

" သင်တန်းက ဘယ်အချိန်တက်ရမှာလဲ၊ သမီးကို ဘယ်အချိန်လာခေါ်ပြီး ဘယ်အချိန်ပြန်ပို့မလဲ သိပါရစေရှင် "

ဦးအောင်မြိုင် ခေါင်းကုတ်လိုက်သည်။ ဘာပြောရမှန်းမသိလို့ အောင်နိုင်လင်းကို အကူအညီတောင်းသည့်အနေဖြင့် ကြည့်သည်။ ရှင်းပြလိုက်ပါကွာဆိုသည့်သဘော ဖြစ်သည်။

" ဒီကို လာလည်းမခေါ်ဘူး၊ ပြန်လည်းမပို့ဘူး၊ အစ်မတို့သားအမိကို အခုတစ်ပါတည်းခေါ်သွားပြီး ကုမ္ပဏီကခြံထဲမှာပဲထားတော့မှာ၊ အစ်မရဲ့သမီးကို ဒီနေ့ကစပြီး အလုပ်ခန့်မလို့လာပြောတာ၊ လခပေးမယ်၊ နေစရာအခန်းပေးမယ်၊ လိုက်ခဲ့ဖို့လာပြောတာ "

" ဟယ် . . . အဲဒါဆိုလျှင်တော့ စဉ်းစားပါရစေဦး၊ သမီးရဲ့ဆန္ဒကိုလည်း မေးရဦးမယ် "

" စဉ်းစားတာတော့စဉ်းစားပေါ့ အစ်မရယ်၊ မိုးရဲ့ဆန္ဒကိုတော့ အခုမေးလည်းရတာပဲ "

မိုးမိုးသည် အကြော်ဖိုအနီးမှာထိုင်ပြီး နားထောင်နေသည့်အတွက် ပြောနေကြတာတွေအားလုံးကို ကြားနေသည်။ မခင်အေးကို ကြည့်နေသည်။ မခင်အေးကလည်း သမီးမျက်နှာကို ပြုံးပြီးကြည့်လိုက်သည်။ အောင်နိုင်လင်းက အခုမေးလျှင်ရတာပဲဆိုသည့်အတွက် မေးရတော့သည်။

" သမီး ဘယ်လိုသဘောရလဲ "

" အမေ့သဘော၊ အမေသဘောတူလျှင် သမီးလည်းသဘောတူတယ် "

" သဘောမတူစရာဘာရှိလဲ အစ်မရယ်၊ ကုမ္ပဏီက မိုးကိုရုပ်ရှင်မင်းသမီးခန့်နေတာပဲ၊ လခလည်းပေးမယ်၊ နေစရာလည်းပေးမယ်၊ ပညာလည်း သင်ပေးမယ်၊ ရုပ်ရှင်ခြံထဲမှာ ကျွန်တော်လည်းရှိပါတယ် အစ်မရယ်၊ ဘာမှစိုးရိမ်စရာ မရှိပါဘူး၊ မိုးဟာအစ်မနှင့်အတူ အမြဲရှိနေမှာပါ "

ကုမ္ပဏီပိုင်ရုပ်ရှင်ခြံထဲက အိမ်မှာ သားအမိနှစ်ယောက်အတူနေရမည်ဆိုလို့ မခင်အေး စိတ်အေးသွားသည်။ သဘောတူလိုက်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။ ဒါပေမဲ့ အခုချက်ချင်းကြီးတော့ မလိုက်ချင်သေးပါ၊ ဒီညတစ်ညလောက် စဉ်းစားရင်းသားအမိနှစ်ယောက် တိုင်ပင်ချင်သေးသည်။ နက်ဖြန်လောက်ဆိုလျှင် အဖြေပေးနိုင်လိမ့်မည်ဟုထင်သည်။

" ဖြစ်နိုင်ပါတယ် ဦးရယ်၊ ဒီနေ့တော့ မလိုက်ပါရစေနဲ့၊ နက်ဖြန်ခါ မောင်အောင်နိုင်လင်းကိုပဲ လွှတ်လိုက်ပါ၊ သမီးတို့ဆုံးဖြတ်ပြီး ကိစ္စပြီးအောင်ဆောင်ရွက်ပါ့မယ် "

ဦးအောင်မြိုင်နှင့် အောင်နိုင်လင်းတို့ ပြန်သွားကြသောအခါ မခင်အေးတို့ သားအမိနှစ်ယောက် ပြက္ခဒိန်အဖုံးကဓာတ်ပုံတွေကိုကြည့်ရင်း တိုင်ပင်ကြသည်။ ပြက္ခဒိန်မျက်နှာဖုံးဓာတ်ပုံထဲက မိုးမိုး၏ အလှသည် ရုပ်ရှင်မင်းသမီးတစ်ယောက်၏အလှဖြစ်တယ်ဆိုတာကို အခုမှ မခင်အေး သတိပြုမိသည်။

" ငါ့သမီးက တကယ်လှတယ်တော့ "

" အမေလည်း လှပါတယ် အမေရယ်၊ အမေလှလို့ သမီးလှတာပါ၊ သမီးရဲ့အဖေလည်း ချောသလားဟင် "

မခင်အေး ဘာပြောရမှန်းမသိ ဖြစ်သွားသည်။ သမီးရဲ့အဖေဟာချောသလား၊ မချောဘူးလားပြောနိုင်ဖို့ နေနေသာသာ၊

ဖြူသလား၊ မည်းသလားတောင် မသိရှာသာမက၊ ဒီသမီးဟာ ဘယ်သူနဲ့ရမှန်းတောင်မသိလို့ ဘာပြောရမှန်းမသိဖြစ်နေသည်။ ဒါပေမဲ့ မပြောလို့မဖြစ်သည့်အတွက် မသိတဲ့အကြောင်းကို ရမ်းပြောလိုက်ရသည်။

" ချောပါတယ် သမီးရယ်၊ ချောလို့လည်း အမေကြိုက်ခဲ့မိတာပေါ့ "

" သမီးရဲ့အဖေကို သမီးမြင်ဖူးချင်တယ် အမေ၊ သမီးအဖေ့ကို တွေ့ချင်တယ် "

" အမေ စုံစမ်းကြည့်ပါဦးမယ်၊ သတင်းအစအနရလျှင် သမီးကို ပြောမယ် "

ဒီကိစ္စ မြန်မြန်စကားစဖြတ်သွားလျှင် ပြီးရောဆိုပြီး ဖြတ်လိုက်သည်။ သမီးကို ရုပ်ရှင်သရုပ်ဆောင်သင်တန်း တက်ခိုင်းမည့်ကိစ္စကို ဆက်လက်ဆွေးနွေးကြသည်။

" ကိုအောင်နိုင်လင်းက ပြောတယ်၊ အဲဒီရုပ်ရှင်ကုမ္ပဏီက သင်တန်းပေးပြီး မွေးထုတ်တဲ့ ရုပ်ရှင်သရုပ်ဆောင်မင်းသားနှင့် မင်းသမီးဆယ်ယောက်ရှိတယ်တဲ့၊ သမီးကိုလည်း သရုပ်ဆောင်သင်တန်း တက်ခွင့်ရအောင် သူတင်ပြပေးမယ်လို့ ပြောဖူးတယ်"

" သမီးက ရုပ်ရှင်မင်းသမီးလုပ်ချင်လား "

" ဖြစ်နိုင်လျှင် လုပ်ချင်တာပေါ့ အမေရယ် "

" လုပ်ချင်တယ်ဆိုလည်း လုပ်ပေါ့အေ့၊ တို့ဘဝက ဒီထက်ပိုပြီး ဆိုးစရာအကြောင်းမရှိပါဘူး "



အကြော်သည်မလေး မိုးမိုးကို ရှုတိုင်းယဉ်ကုမ္ပဏီက ရုပ်ရှင်မင်းသမီးအဖြစ် ရွေးချယ်လိုက်ပြီဆိုတဲ့ သတင်းသည် ရွှေညောင်ပင်ဆိုက္ကားဂိတ်ကတဆင့် တစ်ရပ်ကွက်လုံးကို ပျံ့သွားလေတော့သည်။ ဆိုက္ကားသမားတွေက ဝမ်းသာအားရ လာရောက်နှုတ်ဆက်ကြသည်။

" ဟဲ့ မိမိုး၊ နင် မင်းသမီးဖြစ်သွားပြီဆို "

" အစ်မ မခင်အေး၊ ရုပ်ရှင်မင်းသမီးအမေ ဖြစ်သွားလို့ ကျုပ်တို့ကို မေ့မသွားနဲ့ဦး "

" ကျုပ်တို့ကိုလည်း လူကြမ်းသရုပ်ဆောင်ဖြစ်အောင် ပြောပေးဦးနော် "

မခင်အေးတို့သားအမိကို ဝမ်းသာအားရ လာရောက်နှုတ်ဆက်ကြသူတွေကို ပြုံးပြရယ်ပြလုပ်နေရသည်။ မိမိတို့သားအမိကို နှစ်ပေါင်းနှစ်ဆယ်မျှကြာအောင် ဒီနေရာမှာနေခွင့်ပြုခဲ့သည့် ဒီရပ်ကွက်ကပြည်သူတွေကို ဘယ်တော့မှမမေ့ဘူး၊ ကျေးဇူးဆပ်နိုင်တဲ့အခါ ကျေးဇူးဆပ်ပါရစေလို့ ပြန်ပြောလိုက်သည်။

○

## ( ၃၈ )

ဒေါ်ခင်အေးသည် သူ့သမီး တစ်သက်လို့ဆိုရမည့် နှစ်ပေါင်းနှစ်ဆယ်ကျော် ဖြတ်သန်းခဲ့သည့် ကာလတွေကို ပြန်လည်တွေးတောနေမိသည်။

ရှုတိုင်းယဉ်ကုမ္ပဏီက ဓာတ်ပုံဆရာ၊ ရုပ်ရှင်ဒါရိုက်တာ အောင်နိုင်လင်းက အငှားယဉ်တစ်စီးဖြင့် မိမိတို့သားအမိကို ခေါ်သွားခဲ့သည်။ အကြော်တဲမှာနေသည့် မိမိတို့သားအမိပိုင် ပစ္စည်း ဘာမှ များများစားစားမရှိသဖြင့် အဝတ်အစားနှင့် အိုးခွက် ပန်းကန်တွေကို ကားပေါ်တင်ပြီး လိုက်သွားခဲ့ကြသည်။ ရွှေညောင်ပင်ဆိုက္ကားဂိတ်က မိတ်ဟောင်းဆွေဟောင်းတွေကို အပြီးအပိုင် နှုတ်ဆက်ထွက်ခွာခဲ့ကြသည်။

အောင်နိုင်လင်းသည် မိမိတို့သားအမိကို ရှုတိုင်းယဉ်ရုပ်ရှင်ခြံဆိုသည့်နေရာကို ခေါ်သွားသည်။ သမီးကပြောပြသည်။



သူဓာတ်ပုံအရိုက်ခံဖို့လာတာ ဒီခြံပဲဟုပြောသည်။ ကုမ္ပဏီကပိုင်သည့် စတူဒီယိုခြံကြီးဖြစ်သည်။ မင်္ဂလာဒုံလေယာဉ်ကွင်းနှင့် နီးသည်ဟုယူဆရသည်။ လေယာဉ်ကွင်းက လေယာဉ်တက်သံ၊ ဆင်းသံတွေကိုကြားနေရသည်။

ခြံကြီးထဲကို ရောက်သွားသောအခါ ကုမ္ပဏီ၏ရုံးအဆောက်အဦးကြီးနှင့် မနီးမဝေးမှာရှိသည့် ငါးခန်းတွဲတိုက်တန်းလျားတစ်ခုရဲ့အပေါ်ထပ် အခန်းတစ်ခန်းမှာ နေရာချထားပေးသည်။ တိုက်တန်းလျားသည် ငါးခန်းတွဲဆိုသော်လည်း အပေါ်ထပ်ငါးခန်း၊ အောက်ထပ်ငါးခန်းရှိသဖြင့် ဆယ်ခန်းရှိသော တိုက်တန်းလျားဖြစ်သည်။ အိမ်သာနှင့်ရေချိုးခန်းတွေပါရှိသဖြင့် မိသားစုနေလို့ကောင်းသည့် အခန်းဖြစ်သည်။

ဒီလို တိုက်တန်းလျားသုံးလုံးရှိသည်ဟု အောင်နိုင်လင်းက ပြောပြသည်။ သမီးက အလုပ်သင်သရုပ်ဆောင် အဆင့်သာရှိသေးလို့ ဒီလိုအခန်းမှာ နေရတာဟုဆိုသည်။ ရုပ်ရှင်သရုပ်ဆောင်ခေါင်းဆောင်မင်းသမီး ဖြစ်သွားပါက လုံးချင်းတိုက်ခန်းဖြင့် နေရမည်ဟု ပြောသည်။

ဆယ်ခန်းရှိသည့် တိုက်တန်းလျားမှာ အတူနေခဲ့ရသူတွေက သရုပ်ဆောင်သင်တန်းတက်နေသူတွေရှိသလို ရုပ်ရှင်ကုမ္ပဏီ၏ မီးထိုး၊ မှန်ထိုး အလုပ်သမားတွေကအစ၊ လက်သမားတွေ၊ ပန်းရံတွေနှင့် ပန်းချီဆရာတွေ၏ မိသားစုတွေပါနေထိုင်တာ တွေ့ရသည်။

ရုပ်ရှင်ခြံထဲကို ရောက်တဲ့နေ့မှာပင် ရုပ်ရှင်ကုမ္ပဏီနှင့် နှစ်ဦးနှစ်ဘက် သဘောတူညီချက်တွေကို လက်မှတ်ထိုးရသည်။

သင်တန်းကာလမှာ လစာသုံးရာကျပ် လစဉ်ပေးမည်။ ကုမ္ပဏီက ရိုက်ကူးနေသည့် ရုပ်ရှင်ကားတွေမှာ အခမဲ့ပါဝင်သရုပ်ဆောင် ပေးရမည်။ သင်တန်းကာလပြီးဆုံးလို့ ကုမ္ပဏီက ကြိုက်ပါက ငါးနှစ်စာချုပ်ဖြင့် ရှုတိုင်းယဉ်ကုမ္ပဏီ၏ သရုပ်ဆောင်အဖြစ် ဇာတ်ကားတွေမှာ ပါဝင်သရုပ်ဆောင်ပေးရမည်။ သမီး၏ နာမည်ကို မိုးမိုးမှ မိုးနတ်နွယ်ဟု ပြောင်းလိုက်ကြသည်။

ရှုတိုင်းယဉ်ကုမ္ပဏီမှာ နေခဲ့ရစဉ်က ဒေါ်ခင်အေး စိတ်ချမ်းသာတာတစ်ခုရှိသည်။ ကုမ္ပဏီက တာဝန်ရှိသူလူကြီးတွေ အားလုံးသည် အသက်ငါးဆယ်ကျော် ခြောက်ဆယ်ကျော်အရွယ် တွေ ဖြစ်သည့်အပြင် တကယ့်လူကြီးလူကောင်းတွေဖြစ်သည်။ ရုပ်ရှင် ဒါရိုက်တာတွေထဲမှာလည်း လူငယ်ဆိုလို့ အလုပ်သင်ဒါရိုက်တာ အောင်နိုင်လင်း တစ်ယောက်သာရှိသည်။ အောင်နိုင်လင်းက လည်း သမီးကို ညီမလေးလို စောင့်ရှောက်သည်။ ကူညီသည်။ အားပေးစကားပြောသည်။ ပညာသင်ပေးသည်။ သမီးသည် ဒါရိုက်တာ အောင်နိုင်လင်းတင်သည့် မင်းသမီးလို့တောင် ပြောလို့ ရသည်။

ရှုတိုင်းယဉ်ခြံထဲမှာ နေခဲ့ရစဉ်က စိတ်ချမ်းသာခဲ့သလို စိတ် ညစ်စရာနှင့်လည်း ကြုံခဲ့ရသည်။ ရုပ်ရှင်သရုပ်ဆောင်သင်တန်း သူတွေထဲက တစ်ယောက်သည် သမီးကို မနာလိုမျက်မုန်းကျိုး ဖြစ်ပြီး အတိုက်အခိုက်၊ အတွဲ့အထောင်တွေ လုပ်ခဲ့သည်။ ကုမ္ပဏီ လူကြီးတွေကို ပလူးပလဲလုပ်ပြီး သမီးကို ထုတ်ပယ်ပစ် သည်အထိ အရေးယူနိုင်အောင် ကတုံးကတိုက်လုပ်ခဲ့သည်။



သမီး၏နာမည် မိုးနတ်နွယ်ဆိုတာကို ပြိုင်သည့်အနေဖြင့် သူ့နာမည်ကို မိုးနတ်မယ်လို့ ပြောင်းသည်။ သမီးကို မနာလိုဖြစ် ပြီး ရန်ရှာနေလို့ စိတ်ညစ်ခဲ့ရသည်။ ဒီလိုဖြစ်လာသည့်အခါ အောင်နိုင်လင်းက သမီး၏ နာမည်ကို မိုးနတ်နွယ် မှ မိုးနတ်ကြွေနွယ် လို့ပြောင်းပြီး သရုပ်ဆောင်စေသည်။ သမီးက ဘာမှမပြောဘဲ အောင်နိုင်လင်း စီစဉ်သည့်အတိုင်း သဘော တူသည်။ မိုးနတ်နွယ် မှ မိုးနတ်ကြွေနွယ် ဖြစ်ခဲ့သည်။ မူလ နာမည် မိုးနတ်နွယ် ဆိုတာကလည်း အောင်နိုင်လင်းပေးခဲ့သည့် နာမည်ဖြစ်သည်။

ရုပ်ရှင်သရုပ်ဆောင်သင်တန်းသူ ငါးယောက်နှင့် သင်တန်း သားငါးယောက် စုစုပေါင်း ဆယ်ယောက်ကို ကုမ္ပဏီကလူကြီး တစ်ယောက်နှင့် အောင်နိုင်လင်းတို့ ဦးဆောင်ပြီး ငါးနိုင်ငံလေ့ လာရေးခရီးသွားကြမည်ဆိုသောအခါ မိုးနတ်မယ်သည် သမီးကို အရွေးမခံရအောင် နှိမ့်ချသည့်စကားတွေ ပြောခဲ့သေးသည်။

" နိုင်ငံခြားကို သွားရမယ်ဆိုတော့ ပညာအရည်အချင်းကို ကြည့်ပြီး ရွေးချယ်သင့်တယ်၊ အနည်းဆုံး ဆယ်တန်းအောင်သူ တွေကိုသာ စဉ်းစားသင့်ပါတယ် "

သူက ဆယ်တန်းအောင်သည့်အပြင် ကွန်ဗင့်ကျောင်းသူ ဖြစ်လို့ ကျောင်းမနေဖူးသည့်သမီးကို ပြုတ်ကျန်ရစ်အောင် အဆို တင်သွင်းတာဖြစ်သည်။ နိုင်ငံခြားတိုင်းပြည်တွေကို သွားလျှင် အင်္ဂလိပ်စကား ကျွမ်းကျင်သူကို ဦးစားပေးသင့်သည်ဆိုသည့် သဘော တင်ပြခြင်းဖြစ်သည်။

ကုမ္ပဏီက ရွေးချယ်ရေးအဖွဲ့ဝင် လူကြီးတွေကလည်း ဒီအဆိုကိုတော့ မူအားဖြင့် လက်ခံကြသည်။ သမီးကတော့ နှုတ်နည်းသူပီပီ ခေါင်းငုံ့ပြီး ငြိမ်နေသည်။ ဒီကိစ္စမှာလည်း အောင်နိုင်လင်းသည် သမီးအတွက် ကာကွယ်ပြောဆိုပေးခဲ့သည်။

" သွားမည့်ခရီးဟာ လေ့လာရေးခရီးပါ၊ အင်္ဂလိပ်စကားမပြောတတ်လည်း အရေးမကြီးပါဘူး၊ ကျွန်တော်လည်း မပြောတတ်ပါဘူး၊ ရောက်တဲ့နိုင်ငံမှာ ဒေသစကားပြန်ရှိပါမယ်၊ ဒီခရီးအတွက် ပညာအရည်အချင်းကို စဉ်းစားစရာမလိုဘူးလို့ထင်ပါတယ်၊ ရုပ်ရည်၊ အကျင့် စာရိတ္တ၊ သရုပ်ဆောင် အရည်အချင်းတွေအပေါ်မှာသာ အမှတ်ပေး ရွေးချယ်သင့်ပါတယ် "

အောင်နိုင်လင်း၏ တင်ပြချက်ကို ကုမ္ပဏီလူကြီးတွေက လက်ခံပြီးစဉ်းစားလို့ သမီး လိုက်ပါခွင့်ရခဲ့သည်။ ထိုင်း၊ ဖိလစ်ပိုင်၊ ဟောင်ကောင်၊ ကိုရီးယားနှင့် ဂျပန်၊ ငါးနိုင်ငံလေ့လာရေးခရီး လိုက်ပါသွားခဲ့ရသည်။ အဲဒီနိုင်ငံတွေက ရုပ်ရှင်စတူဒီယိုကြီးတွေမှာ ရုပ်ရှင်ရိုက်နေတာတွေကို လေ့လာခဲ့ကြသည်။

ရှုတိုင်းယဉ်ကုမ္ပဏီမှာ သရုပ်ဆောင်သင်တန်း ပြီးဆုံးသောအခါ သမီးသည် ကုမ္ပဏီကပေးသလောက်ကိုယူပြီး ငါးနှစ်တိတိအလုပ်လုပ်ပေးခဲ့သည်။ စာချုပ်ကာလငါးနှစ်အတွင်းမှာ ဇာတ်ကားကြီးပေါင်း ဆယ်ကားလောက်ကို ပါဝင်သရုပ်ဆောင်ခဲ့ရသည်။ ဇာတ်ကားတစ်ကားအတွက် သရုပ်ဆောင်ခ ရှစ်ထောင်ပေးသည့်အခါပေးသည်။ တစ်သောင်းပေးသည့်အခါပေးသည်။ လခပေးသလို ပေးခြင်းဖြစ်သည်။ သရုပ်ဆောင်ခအမြင့်ဆုံး



ရသည့် နိုင်ငံကျော်မင်းသား၊ မင်းသမီးကြီးတွေတောင် သရုပ်ဆောင်ခ တစ်သောင်း၊ တစ်သောင်းခွဲရသည့် ခေတ်ဖြစ်လို့ သမီးရသည့် သရုပ်ဆောင်ကြေး မနည်းပါဟုတွေးရတော့မည်။ ရုပ်ရှင်စတူဒီယိုထဲမှာ နေစရာအိမ်ပေးထားသည့်အတွက် စားလောက်သည့်အပြင် ပိုလျှံပါသည်။ ကုမ္ပဏီ၏ကျေးဇူးကို ပြန်ဆပ်သည့်အနေဖြင့် ကျေကျေနပ်နပ် အမှုထမ်းခဲ့သည်။

သင်တန်းကာလအတွင်းမှာ သမီးကို ဇာတ်ပို့ဇာတ်ရံအဖြစ်သုံးသည်။ သင်တန်းပြီးဆုံးခါနီးမှာ ကုမ္ပဏီသည် ရာဇဝင်နောက်ခံကားတွေနှင့် သိုက်သမိုင်းကားတွေကို ရိုက်ကူးသဖြင့် ရုပ်ချောသည့် သမီးကို အဓိကသရုပ်ဆောင်အခန်းတွေမှာ ထည့်သုံးရာမှ ခေါင်းဆောင်မင်းသမီးဖြစ်လာခဲ့သည်။ သမီးကို ခေါင်းဆောင်မင်းသမီးတင်တာလည်း လူငယ်ဒါရိုက်တာ အောင်နိုင်လင်း ပင်ဖြစ်သည်။

ကုမ္ပဏီနှင့် ချုပ်ဆိုထားသည့် ငါးနှစ်စာချုပ်ပြည့်သောအခါ ကုမ္ပဏီက သမီးကို သွားလိုရာသွားနိုင်ပြီဟု ခွင့်ပြုသည်။ ဆိုလိုတာက၊ တခြားကုမ္ပဏီတွေက ဇာတ်ကားတွေကိုလည်း လက်ခံရိုက်ကူးနိုင်ပါပြီလို့ ပြောခြင်းဖြစ်သည်။ ဘယ်ကိုသွားရမှန်းမသိ၊ ဘယ်သူ နှင့် ဆက်သွယ်ရမှန်းမသိသဖြင့် ရှုတိုင်းယဉ်ကုမ္ပဏီမှာ တစ်နှစ်လောက် ဆက်လုပ်နေခဲ့သေးသည်။

သမီးသည် ရုပ်ရှင်သရုပ်ဆောင် မင်းသမီးအဖြစ်ဖြင့် နာမည် အထိုက်အလျောက် ရနေပြီဖြစ်သည့်အပြင် ရှုတိုင်းယဉ်ကုမ္ပဏီနှင့် ချုပ်ဆိုထားသည့် စာချုပ်လည်း နှစ်စေ့ရုံသာမက ကျော်လွန်နေပြီဖြစ်သည့်အတွက် ရှုတိုင်းယဉ်ကုမ္ပဏီပိုင် စတူဒီ

ယိုခြံထဲက ထွက်ခဲ့ကြသည်။ ကျောက်မြောင်းရပ်ကွက်ထဲက အိမ်တစ်လုံးကို ဝယ်ပြီးနေခဲ့သည်။

ကျောက်မြောင်းရပ်ကွက်ထဲက အိမ်မှာနေသည့် ကာလမှာ မောင်အောင်နိုင်လင်းသည် သမီးကို လက်ထပ်ပါရစေလို့ တောင်းဆိုလာသည်။ ဝမ်းသာသလိုလို၊ ဝမ်းနည်းသလိုလိုဖြစ်သွားသည်။ အောင်နိုင်လင်းသည် မိမိတို့သားအမိ၏ ကျေးဇူးရှင်ဖြစ်ရုံသာမက မိသားစုလိုလည်းဖြစ်နေသည်။ သမီးကို ညီမငယ်တစ်ယောက်လို စောင့်ရှောက်ခဲ့သည့်အပြင် သူတာဝန်ယူရိုက်ကူးသည့် ဇာတ်ကားမှာ သမီးကို ခေါင်းဆောင်မင်းသမီး တင်ရိုက်ခဲ့သည်။

အောင်နိုင်လင်းသည် သူကိုယ်တိုင်က ရှုတိုင်းယဉ်ကုမ္ပဏီ၏ မိသားစုဝင်ဖြစ်သော်လည်း သမီးကို ရှုတိုင်းယဉ်ကုမ္ပဏီ၏ လောင်းရိပ်အောက်က ဆွဲထုတ်ပြီး စင်တင်ပေးခဲ့သူဖြစ်သည်။ လမ်းဘေးမှာ တဲထိုးပြီးနေရသည့် အကြော်သည်ဘဝမှ ပြည်သူသိ ရုပ်ရှင်မင်းသမီးဖြစ်အောင် လုပ်ပေးခဲ့သူဖြစ်သည်။

သမီး၏ဘဝနှင့် အရည်အချင်းကို နားလည်သည့် အောင်နိုင်လင်းသည် သမီးကို လက်ထပ်ခွင့်တောင်းလျှင် ကောင်းမှာပဲလို့ တွေးခဲ့ဖူးသည်။ ဂုဏ်သရေရှိ မိသားစုကလာသော ခေတ်ပညာတတ် လူငယ်ရုပ်ရှင်ဒါရိုက်တာ ဖြစ်သည်။ အသားဖြူသည်။ ယောကျ်ားပီသသည့် ရုပ်ရည်ရှိသူဖြစ်သည်။ သမီးထက် ဆယ်နှစ်ကျော် အသက်ကြီးတာသာ ပြောစရာရှိသည်။

သမီးသည် အောင်နိုင်လင်းကို ဆက်ဆံရာတွင် ဆရာနှင့်တပည့်လို၊ အစ်ကိုနှင့်ညီမလို ဆက်ဆံသည်။ သမီးသည်



သူ့ကိုယ်သူ ကလေးတစ်ယောက်လို ခံယူထားပုံရသည်။ ခေါ်လျှင် ထူးသည်။ မေးလျှင်ဖြေသည်။ ခိုင်းတာကိုလုပ်သည်။ အဲဒီ စရိုက်သည် ဒါရိုက်တာတွေကြိုက်သည့် သရုပ်ဆောင်ကောင်းတစ်ယောက်၏စရိုက်ဟု အောင်နိုင်လင်းက ပြောဖူးသည်။ တကယ်တော့ သမီးသည် အသက်နှစ်ဆယ်ကျော်နေပြီဖြစ်သည်။ မိမိ၏ အသက် ၄၅ နှစ်ဖြစ်လို့ သမီးတောင် အသက် ၂၅ နှစ်ရှိပါရောလားဟု သတိရလိုက်သည်။

အောင်နိုင်လင်းသည် သမီးကို လက်ထပ်ခွင့်တောင်းသည့်နေ့က ရိုက်ကွင်းကအပြန်မှာ သမီးကို သူကိုယ်တိုင်လိုက်ပို့သည်။ အခါတိုင်းနေ့တွေမှာ ဒရိုင်ဘာက လာကြိုသည်။ ပြန်ပို့သည်။ ဒီနေ့မှာတော့ မိမိကို ပြောစရာရှိလို့ဖြစ်မည်။ သူကိုယ်တိုင် ကားမောင်းပြီး သမီးကို ပြန်ပို့သည်။

“ အစ်မ ကျွန်တော် မိုးကို လက်ထပ်ပါရစေ ”

မခင်အေးကဘာမှ မအံ့သြသည့်အမူအရာဖြင့် သမီးကို ကြည့်လိုက်သည်။ သမီးကလည်း အမေ့သဘောဆိုသည့်မျက်နှာဖြင့် မခင်အေး၏ပခုံးကို ခေါင်းမှီပြီးမှိန်းနေသည်။ ရိုက်ကွင်းမှာ ပင်ပန်းလာပုံရသည်။

မခင်အေးသည် သမီးကို ဖက်လိုက်ပြီး နဖူးကစို့ထွက်နေသည့် ချွေးတွေကို သုတ်ပေးနေရင်းမှ အောင်နိုင်လင်းကို ပြောလိုက်သည်။

“ အစ်မ ဘာပြောစရာလိုသေးလို့လဲ ငါ့မောင်ရယ်၊ နင်တို့ချင်း မေတ္တာရှိတယ်ဆိုလျှင်ပြီးတာပဲ ”

“ မိုးက အစ်မကို ပြောပါဆိုလို့ ခွင့်တောင်းတာပါ ”

" အစ်မ ဝမ်းသာစွာဖြင့် ခွင့်ပြုပါတယ်ကွယ်၊ အစ်မတို့သား အမိနှစ်ယောက်ရဲ့ဘဝထဲကို မိသားစုဝင်အဖြစ် ဝင်ရောက်ချင်တဲ့ ငါ့မောင်ကို အစ်မ ကြိုဆိုပါတယ်၊ လက်ထပ်မဲ့ကိစ္စတွေကို မင်းတို့ နှစ်ယောက် တိုင်ပင်ပြီးလုပ်ကြပါ "

" ကျွန်တော့်ဘက်က အဆင်သင့်ဖြစ်တဲ့အထိ အချိန်ဆွဲ ထားချင်ပါတယ်၊ ကျွန်တော် အလုပ်အားတဲ့အချိန်နဲ့ ငွေကြေး ပြည့်စုံ လုံလောက်တဲ့အထိဆိုပါတော့၊ အဓိကအကြောင်းက တော့ ရွာကိုပြန်ပြီး ကျွန်တော့် အဖေနှင့် အမေကို အကြောင်း ကြား အသိပေးပြီး နှစ်ဘက်မိဘ စုံစုံလင်လင် မင်္ဂလာပွဲဖြစ်ချင် လို့ပါ "

" အေးပါ၊ မင်း အဆင်ပြေသလိုလုပ်ပါ "

အောင်နိုင်လင်း၏ မိဘများသည် ရေဝတီတိုင်းက မြို့တစ် မြို့မှာ နေထိုင်သည့် စပါးကုန်သည်၊ ဆန်ကုန်သည်တွေလို့ သိရ သည်။ မိဘတွေကို အသိပေးပြီးမှ လက်ထပ်မည်ဟုဆိုသည်။

၀

# ( ၃၉ )

အောင်နိုင်လင်း ပြန်သွားပြီးနောက် မခင်အေးသည် သမီး ကိုဖက်ပြီး နဖူးကဆံပင်တွေကို သိမ်းတင်ပေးပြီးမေးသည်။

" သမီးကို သူက လက်ထပ်ခွင့်တောင်းသလား "

မိုးက ခေါင်းညိတ်ပြသည်။ ဆရာနှင့်တပည့် ဒါရိုက်တာနှင့် သရုပ်ဆောင်မင်းသမီး နေ့စဉ်တွေ့နေကြသည့်အပြင် တစ်ဦးနှင့် တစ်ဦး သံယောဇဉ်ဖြစ်စရာ အကြောင်းတွေကလည်း ရှိခဲ့ကြ လေတော့ တစ်နေ့မှာ ဒီအခြေအနေဖြစ်လာလိမ့်မည်လို့ ကြိုတွက် ထားခဲ့သည်။

" ဘယ်တုန်းက ခွင့်တောင်းတာလဲ "

" ပထမ ဇာတ်ကားကြီး ရိုက်ပြီးကတည်းကဆိုတော့ ခြောက်လလောက်ရှိပြီ "

" သမီးက အခုမှ အဖြေပေးလိုက်တာလား "

မိုးက ခေါင်းခါပြသည်။ ဆရာ့ကို မိုးလက်ထပ်ပါ့မယ်လို့ မပြောလိုက်ဟုဆိုသည်။ ဘာအဖြေမှ မပေးလိုက်ဘဲ အမေ့ကို ပြောပါလို့သာ ပြောလိုက်သည်ဟုဆိုပါသည်။ မခင်အေးသည် သမီးကို လက်နှစ်ဘက်ဖြင့်ဖက်ပြီး ပါးချင်းကပ်ထားလိုက်သည်။ လိမ္မာလိုက်တဲ့ သမီးလေးရယ်ဟု စိတ်ထဲကပြောလိုက်သည်။

" မောင်အောင်နိုင်လင်းကို သမီး ချစ်နိုင်ပါ့မလား "

" ဆရာက သမီးကိုချစ်တာပဲ၊ သမီးကလည်း ဆရာ့ကို ချစ်နိုင်ပါတယ် "

" အမေသဘောတူလို့ မချစ်ဘဲ ယူလိုက်ရတယ်ဖြစ်မှာစိုးလို့ပါ သမီးရယ် "

" ဆရာ့လို သိက္ခာရှိတဲ့အနုပညာရှင်တစ်ယောက်ကို ဘာကြောင့် မချစ်နိုင်ရမှာလဲ အမေရယ်၊ ဆရာက သမီးကို လက်ထပ်ခွင့်တောင်းတော့ သမီး ဝမ်းသာသွားတယ် "

" ဒါဆိုလျှင်တော့ အကောင်းဆုံးပေါ့ သမီးရယ် "

" အကောင်းတကာ့ အကောင်းဆုံးဖြစ်သွားအောင် အမေ့ကို သမီး တစ်ခုအကူအညီ တောင်းချင်တယ်၊ အမေ ကူညီပါနော် "

" ဘာများလဲ သမီးရယ်၊ အမေက ဘာများကူညီရမှာလဲ ပြော၊ သမီး ဖြစ်ချင်တာမှန်သမျှ အမေ ဖြစ်အောင်လုပ်ပေးမယ် "

ဒေါ်ခင်အေးသည် သမီး၏မျက်နှာကိုကြည့်ပြီး မေးသည်။ သမီးဖြစ်ချင်တာမှန်သမျှကို ဖြစ်အောင်လုပ်ပေးမည်ဟု ဆုံးဖြတ်ထားသည်။ မိုးသည် သူ့မိခင်၏ ရင်ခွင်မှာ မျက်နှာအပ်ပြီးနှိုး



အရွယ် သမီးငယ်လေး နှိုးဆာလို့ မိခင်ကို နှိုးလိုက်ခိုင်းသလို အသံမျိုးဖြင့် ပြောသည်။

" သမီး မင်္ဂလာဆောင်တဲ့အခါ အမေ့အနားမှာ သမီးရဲ့ အဖေ ရှိစေချင်တယ်၊ အဖေ့ကို ရှာပေးပါ အမေရယ်နော် "

ဒေါ်ခင်အေးသည် မမျှော်လင့်သည့်စကားကိုကြားလိုက်ရသည့်အတွက် အလန့်တကြားဖြစ်သွားသည်။ ရုတ်တရက်ဖြစ်သွားလို့လန့်ပြီး သမီးကိုဆောင့်တွန်းလိုက်မိသည်။ နောက်မှသတိရပြီး သမီးကို ခပ်ဖွဖွလေးပြန်ဖက်ထားလိုက်သည်။

ဒုက္ခပဲလို့ သတိရလိုက်သည်။ အောင်နိုင်လင်းက နှစ်ဘက်မိဘအစုံအလင်ဖြင့် မင်္ဂလာပွဲလုပ်ချင်သည်လို့ ပြောသွားသည့်အပေါ်မှာ အခြေခံပြီး သမီးဘက်ကလည်း အဖေနှင့်အမေကို ပွဲထုတ်ချင်တာဖြစ်မည်။ ပြဿနာတော့တက်ပြီ၊ ဒုက္ခတော့များပြီလို့ သိလိုက်သည်။ သမီးဖြစ်ချင်တာမှန်သမျှကို ဖြစ်အောင်လုပ်ပေးမည်ဟု ကတိပေးပြီးဖြစ်သည်။

" အဖေ ရှိတဲ့နေရာကို ပြောပါ၊ သမီး သွားခေါ်ပါ့မယ် အမေရယ် "

ဒေါ်ခင်အေးသည် ဆူးခြုံထဲမှာ အသိုက်လုပ်ထားသည့် ဘူးတောင်းအသိုက်ထဲက သဗ္ဗတ်အူ၏အစကို ရှာရမည့်သူကဲ့သို့ စိတ်ရှုပ်သွားသည်။

မကြာသေးခင်က သမီး ခေါင်းဆောင်ရိုက်ကူးခဲ့သည်။ ရုပ်ရှင်ဇာတ်ကားထဲက ဇာတ်ဝင်ခန်းမှာပြောသလို " ညည်းအဖေ သေပြီ " လို့ စောစောက ပြောထားခဲ့လျှင် အကောင်းသားဟု တွေးမိသည်။ တစ်ခါကညး ကိစ္စပြီးသွားမည်ဖြစ်သည်။

သမီးငယ်ငယ်တုန်းက သူများတွေကို လိမ်ညာပြောတာကို သမီး ကြားဖူးနေတာကတစ်မျိုး၊ ရုပ်ရှင်သရုပ်ဆောင်ဖြစ်လာလို့ သိချင်တယ်ဆိုပြီးမေးလာလို့ ပြောမိတာကတစ်မျိုး ဖြစ်နေသည်။

သမီးငယ်ငယ် လမ်းဘေးက အကြော်သည်ဘဝတုန်းက တော့ သမီးအဖေနှင့် ပတ်သတ်ပြီးမေးလာသမျှကို လိမ်ညာပြီး ပြောခဲ့သည်။ သမီးကို ကိုယ်ဝန်ခြောက်လလောက်အကြာမှာ စိတ်သဘောချင်းမတိုက်ဆိုင်လို့ လမ်းခွဲခဲ့သည်လို့ ပြောခဲ့သည်။

နောက်တော့ သမီးကို အမှန်အတိုင်းဖွင့်ပြောလိုက်သည်။ သမီးရဲ့အဖေဟာ ဘယ်သူဖြစ်တယ်ဆိုတာကို အမေ တကယ် မသိပါဘူးလို့ ပြောလိုက်သည်။ သမီးသည် ဘယ်ဟာကိုယုံရမှန်း မသိဘဲ သံသယစိတ်ဖြင့် ခေတ္တငြိမ်သွားခဲ့သည်။ သို့သော် ဖြစ်နိုင်ခြေအရှိဆုံးဖြစ်သည့် သဘောချင်းမတိုက်ဆိုင်လို့ သူ့ကို ကိုယ်ဝန်ခြောက်လမှာ လမ်းခွဲခဲ့ကြသည်ဆိုတာကို ယုံကြည်နေပုံ ရသည်။

သမီး၏ အဖေ အလိုရှိသည့်ဝေဒနာသည် စန္ဒယားဆရာ နှင့် သူဌေးသမီးဇာတ်လမ်းကို ရိုက်ကူးသည့်အချိန်က စတင်ခဲ့ သည်။ အောင်နိုင်လင်းက လက်ထပ်ခွင့်တောင်းသည့်အခါ အဖေ လိုချင်သည့်ဝေဒနာ ပိုမိုပြင်းထန်လာသည်။ အောင်နိုင်လင်းက နှစ်ဘက်မိဘအစုံအလင်ဖြင့် မင်္ဂလာပွဲကျင်းပချင်သည်ဆိုသည့် စကားကြောင့် ပိုဆိုးသွားသည်။

ဒေါ်ခင်အေးသည် သက်မကြီးချလိုက်သည်။ ဆူးခြုံထဲမှာ ရောက်နေသည့် စာဖူးတောင်းသိုက်ထဲက သဗ္ဗတ်အူကို အစဖော် ပေးရတော့မည်ဖြစ်သည်။



" သမီးကို ကိုယ်ဝန်ခြောက်လရှိတဲ့အချိန်မှာ သမီးအဖေ နဲ့အမေလမ်းခွဲခဲ့တယ်ဆိုတဲ့ စကားကိုသမီးယုံကြည်နေတာလား"

မိုးက နှုတ်နည်းသူပီပီ ပြုံးပြီးခေါင်းညိတ်သည်။ အဖေနဲ့ သဘောချင်း မတိုက်ဆိုင်လို့ ကွာရှင်းခဲ့ကြတယ်လို့ ယုံကြည်နေတဲ့ အကြောင်း ခေါင်းညိတ်ပြီး အဖြေပေးတာဖြစ်သည်။

" မဟုတ်ဘူး သမီး၊ သမီး ငါးနှစ်သမီးအရွယ်လောက်မှာ အမေ့ကို မေးဖူးလို့ အမေ အမှန်အတိုင်းဖြေခဲ့ဖူးပြီ၊ နောက်တစ်ခါ သမီး သရုပ်ဆောင်သင်တန်းတက်တော့မေးလို့ အမေ အမှန်အ တိုင်းပြောခဲ့ပြီးပြီ၊ သမီးရဲ့အဖေ ဘယ်သူဘယ်ဝါဆိုတာကို အမေ တကယ်မသိပါဘူး သမီးရယ် "

မခင်အေး၏အသံမှာ ရှိုက်သံပါသွားသဖြင့် မိုးက အမေ့ကို သနားပြီး ဖက်ထားလျှက်မှ ပါးချင်းကပ်ထားလိုက်သည်။ မခင်အေးသည် ပင့်သက်ကိုဝအောင်ဆွဲရှူပြီး ဖြေးဖြေးမှုတ်ထုတ် လိုက်သည်။ သမီးတစ်သက် နှစ်ပေါင်းနှစ်ဆယ်ကျော် လျှို့ဝှက် ဖုံးကွယ်ထားခဲ့သည့် မိမိ၏ အဖြစ်မှန်ကို မချွင်းမချန် ပြောပြ လိုက်သည်။

၂၅ နှစ်ကြာမျှ ဖွင့်မပြောဘဲထားခဲ့သည့် သီရိရတနာခြံကြီး ထဲမှာ ဖြစ်ခဲ့သည့် ညအမှောင်ဇာတ်လမ်းကို ၂၅ မိနစ်မျှဖြင့် ပြီးပြည့်စုံအောင် ပြောပြလိုက်သည်။

မိုးသည် သူ့မိခင် ဒေါ်ခင်အေးကို အထင်မသေးသည့် အပြင် သနားသွားသည့်အတွက် လက်နှစ်ဘက်ဖြင့် သိုင်းဖက်ပြီး ပါးချင်းကပ်ထားလိုက်သည်။

" သမီးအဖွားရဲ့သတ္တိနှင့် မာနကြောင့် သီရိရတနာမိသားစုထဲက ထွက်ခဲ့ကြတယ်၊ သီရိရတနာမိသားစုရဲ့ကျေးဇူးကို ဘဝပျက်ခံပြီး ဆပ်မယ်ဆိုတဲ့သတ္တိနှင့် အပြစ်မရှိတဲ့ ငါ့မြေးလေးကို အသက်ရှင်အောင် မွေးထုတ်ပြမယ်ဆိုတဲ့ မာနကြောင့် အဖေမဖော်နိုင်တဲ့ သမီးကို အမေမွေးခဲ့ရပါတယ်သမီးရယ် "

ဒေါ်ခင်အေးက ရှိုက်သလိုပြောပြီး လှိုက်ဖိုမောနေသဖြင့် မိုးက သူ့အမေ ဒေါ်ခင်အေး၏ရင်ဘတ်ကို လက်ဖြင့်ဖိထားရသည်။ ဒေါ်ခင်အေးသည် နှစ်ပေါင်းနှစ်ဆယ်ကျော် တစ်ခါမှ မပြောခဲ့ဖူးသည့် သီရိရတနာဆိုသည့် စကားလုံးတွေကို အများအပြား ပြောလိုက်ရသည်။

" သမီးရဲ့အဖေ ဘယ်သူလဲဆိုတာ အမေ တကယ်မသိဘူးဆိုတာကို ယုံပြီလားသမီး "

မိုးက သူ့အမေရဲ့ မျက်နှာကိုကြည့်ပြီး ခေါင်းညိတ်ပြသည်။ ဒေါ်ခင်အေး၏ နဖူးမှာစို့ထွက်နေသည့် ချွေးစိုတွေကိုလက်ကိုင်ပုဝါဖြင့် တို့ယူသုတ်ပေးသည်။

" အဲဒီတော့ သမီးဘာလုပ်ချင်လဲ၊ ဘာဖြစ်ချင်လဲ၊ အမေဘာလုပ်ပေးရမလဲ "

" သမီးလုပ်ချင်တာကို လုပ်ခွင့်ပြုပါ "

" သမီး ဘာလုပ်ချင်လဲ "

" အဖေအလိုရှိသည်ဆိုပြီး သတင်းစာထဲမှာ ကြော်ငြာထည့်ချင်တယ် "



ဒေါ်ခင်အေးသည် သမီးမိုးနတ်က္ကန္ဒာနွယ်၏ မျက်နှာကို တအံ့တဩကြည့်လိုက်မိသည်။ အဖေလိုချင်လို့ မိမိ၏ အရှက်နှင့် ဂုဏ်သိက္ခာကို ဂရုမစိုက်ဘဲ တိုင်းသိပြည်သိ ကြေညာဖို့ ဆုံးဖြတ်သည့် သမီး၏သတ္တိကို အံ့ဩနေမိသည်။ သမီးတောင် မရှက်လျှင် အမေလည်း မရှက်တော့ပါဘူးဆိုသည့်ပုံဖြင့် သမီး လုပ်ချင်တာလုပ်ဆိုသည့်သဘော ခေါင်းညိတ်ပြလိုက်သည်။

နေ့စဉ်ထုတ်သတင်းစာတွေမှာ ရုပ်ရှင်သရုပ်ဆောင်မိုးနတ်က္ကန္ဒာနွယ်၏ အဖေအလိုရှိသည် ကြော်ငြာပါလာပြီး နောက်အပတ်မှာထွက်လာသည့် ဂျာနယ်နှင့်မဂ္ဂဇင်းတွေမှာ ရုပ်ရှင်မင်းသမီး မိုးနတ်က္ကန္ဒာနွယ်နှင့် အင်တာဗျူးသတင်းတွေ ပါလာသည်။

## ( ၄၀ )

သတင်းစာနှင့် ဂျာနယ်တွေမှာ ကြော်ငြာနှင့်အင်တာဗျူး သတင်းတွေပါလာပြီး တစ်ပတ်၊ ဆယ်ရက်လောက်အကြာမှာ ရုပ်ရှင်မင်းသမီး မိုးနတ်က္ကနွယ်၏အိမ်ရှေ့ကို အနက်ရောင်မာစီဒီး အမျိုးအစားကားကြီးတစ်စီး ရောက်လာပြီး ဟွန်းတီးသည်။ ခြံစောင့်ကြီးက တံခါးကို အနည်းငယ်ဖွင့်ဟပြီးကြည့်သည်။ မာစီဒီးကား အနက်ရောင်ကြီးကို အသက်ခြောက်ဆယ်ကျော်အရွယ် လူကြီးတစ်ယောက်က ကိုယ်တိုင်မောင်းလာတာဖြစ်သည်။

" ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ ခင်ဗျာ "

" မင်းသမီးရဲ့အမေ ဒေါ်ခင်အေးနဲ့ တွေ့ချင်ပါတယ် "

" ဘယ်သူလို့ပြောရမလဲခင်ဗျာ "

" သီရိရတနာအိမ်ကလို့ ပြောလိုက်ပါ "



ခြံစောင့်ကြီးသည် ဝင်းတံခါးကိုပြန်ပိတ်လိုက်ပြီး အိမ်ဘက်ကို ခပ်သွက်သွက်လျှောက်သွားသည်။ မင်းသမီး၏ အမေနှင့် တွေ့ချင်သည်ဆိုသည့်အတွက် အရေးကြီးပုဂ္ဂိုလ်ဖြစ်လိမ့်မည်။ ရုပ်ရည်ကလည်း ခံ့ညားသည်။ မောင်းလာသည့်ကားကလည်း မာစီးဒီးအမျိုးအစား ဖြစ်နေသည်။ နှိုက်နှိုက်ချွတ်ချွတ် မမေးမစစ်ရဲလို့ ဒေါ်ခင်အေးကို ပြေးပြီးသတင်းပို့သည်။

" ဧည့်သည်လူကြီးတစ်ယောက်က တွေ့ချင်လို့တဲ့ "

" ဘယ်သူတဲ့လဲ "

" နာမည်မေးလို့မရဘူး၊ သီရိရတနာအိမ်ကလို့ ပြောလိုက်တဲ့ "

" ဟယ် "

ဒေါ်ခင်အေးသည် ကိုယ့်နားကို ကိုယ်မယုံဖြစ်သွားသည်။ သီရိရတနာဆိုတဲ့အသံကြားလိုက်ရလို့ ပါးစပ်က ဟယ်ကနဲအသံထွက်သွားသည်။ ၂၅ နှစ်မျှကြာအောင် သီရိရတနာဆိုတဲ့နာမည်ကို မပြောမိအောင် သတိထားနေခဲ့လို့ မကြားဖူးတာလည်းကြာပြီ၊ ဒီရက်ပိုင်းကာလတွေမှာ မပြောမဖြစ်လို့ အတိတ်ဇာတ်ကြောင်းတွေကို ပြန်ပြောရာမှာ သီရိရတနာဆိုသည့်နာမည်တွေပါနေခဲ့သည်။ အခုတစ်ခါ သီရိရတနာက လူကြီးတစ်ယောက်က တွေ့ချင်သည်ဆိုလို့ မိုးနတ်က္ကနွာနွယ်ပါ တအံ့တဩဖြစ်သွားသည်။ ဒေါ်ခင်အေးက ပြာပြာသလဲ ခွင့်ပြုလိုက်ရသည်။

" သွားသွား၊ မြန်မြန်သွား၊ တံခါးဖွင့်ပေးလိုက် "

ဒေါ်ခင်အေးရော မိုးနတ်က္ကနွာနွယ်ပါ ခြံထဲဝင်လာသည့် အနက်ရောင်ကားကြီးကို ကြည့်နေကြသည်။ မာစီဒီးကားကြီးကို

မြင်လိုက်ကတည်းက သီရိရတနာကကားဆိုတာကို ဒေါ်ခင်အေး သိလိုက်သည်။ ဘဘကြီးနှင့် မေမေကြီးတို့လက်ထက်ကစပြီး မမလေး သီရိခင်လက်ထက်တိုင်အောင် အမြတ်တနိုးစီးခဲ့ကြသည့် မာစီဒီးကားကြီးဖြစ်သည်။ တအားရင်ခုန်နေလို့ အသက်ရှူဖို့တောင် မေ့နေသည်။

ကားကြီးသည် ဒေါ်ခင်အေးနှင့် သမီးမိုးနတ်ကဿာနွယ်တို့ ရပ်ကြည့်နေကြသည့် အနားကိုရောက်အောင် ဖြေးဖြေးမောင်းလာပြီး ငြိမ့်ငြိမ့်လေးရပ်သွားသည်။ ကားမောင်းလာသည့် လူကြီးသည် ကားပေါ်ကဆင်းလိုက်ပြီး ဒေါ်ခင်အေးကို ကြည့်လိုက်သည်။ ဒေါ်ခင်အေး အံ့ဩလွန်းလို့ ပါးစပ်အဟောင်းသားဖြစ်နေသည်။ သတိလစ်သလိုဖြစ်နေရာမှ သတိရလာပြီး ဧည့်သည်ကို နှုတ်ဆက်လိုက်ရသည်။

" အစ်ကိုလေး၊ ကိုတင်နွယ် "

ကားပေါ်ကဆင်းလာသူ ဦးတင်နွယ်ဆိုသူသည် ဒေါ်ခင်အေးကို အသာပွေ့ဖက်ပြီး ပါးချင်းကပ်ထားလိုက်သည်။ ဝမ်းသာဝမ်းနည်းလေသံဖြင့် ပြောသည်။

" မိပေါက် အစ်ကိုလေးကို ခွင့်လွှတ်ပါ "

ဦးတင်နွယ်က သီရိရတနာအိမ်မှာ ဒေါ်ခင်အေးနေခဲ့စဉ်က ငယ်နာမည်ဖြစ်သည့် မိပေါက်စ၊ မိပေါက်ဆိုသည့် နာမည်ကိုခေါ်ပြီး အစ်ကိုလေးကို ခွင့်လွှတ်ပါလို့ လှိုက်ဖိုရှိုက်မောသည့် အသံဖြင့် ပြောသည်။ ဒေါ်ခင်အေးကိုဖက်ပြီး ပါးချင်းကပ်ထားသည်။ ဒေါ်ခင်အေးကလည်း ဦးတင်နွယ်ကို ခပ်ဖွဖွပြန်ဖက်ထားမိသည်။ သီရိရတနာ၏ သံယောဇဉ်တွေ မကုန်သေးလို့ဖြစ်သည်။



ဦးတင်နွယ်က ခွင့်လွှတ်ပါလို့ပြောတာဟာ ဘာကိုခွင့်လွှတ်ရမလဲ၊ ဘာအတွက်ခွင့်လွှတ်ရမလဲဆိုတာ မိုးနတ်ကဿာနွယ် နေနေသာသာ၊ ဒေါ်ခင်အေးကိုယ်တိုင်တောင် မသိဖြစ်နေသည်။ သီရိရတနာဂေဟာမှာ အတူနေခဲ့ကြစဉ်က အိမ်ဖော်မ မိပေါက်ကို စေ့စေ့တောင်မကြည့်သည့် သူဌေးကြီးသည် အခုတော့ ဒေါ်ပေါက်စခေါ် ဒေါ်ခင်အေးကို တယုတယ ပွေ့ဖက်ပြီး ပါးချင်းကပ်ထားသည်။ ဦးတင်နွယ်က မိုးကို လက်ညှိုးထိုးပြီးမေးသည်။

" ဒါ ဒါဟာ မိပေါက်ရဲ့သမီးလား "

" ဟုတ်တယ် အစ်ကိုလေး "

ဦးတင်နွယ်သည် ဒေါ်ခင်အေးကို ဖက်ထားသည့်လက်ကို ဖြုတ်လိုက်ပြီး မိုးနတ်ကဿာနွယ်ကို ပြေးဖက်လိုက်သည်။ ငိုရှိုက်သံဖြင့် ခေါ်နေသည်။

" သမီး၊ သမီးလေး . . . ဖေဖေလေ သမီးရဲ့ အဖေပါကွယ် "

ဒေါ်ခင်အေးရော မိုးနတ်ကဿာနွယ်ပါ တအံ့တဩဖြစ်နေကြသည်။ နှစ်ယောက်အတူ အိပ်မက်မက်နေကြတာများလားလို့တောင်ထင်မိသည်။ ဒေါ်ခင်အေးသာ အိမ်မက်ကလန့်နိုးလာသလိုဖြစ်ပြီး သမီးကိုဖက်ထားသည့် ဦးတင်နွယ်ကို တအံ့တဩကြည့်နေသည်။

ဦးတင်နွယ်သည် မိမိကိုဖက်ပြီး မိပေါက် အစ်ကိုလေးကို ခွင့်လွှတ်ပါလို့ ပြောနေသည်။ သမီးကိုဖက်ပြီး သမီးလေး လို့ခေါ်သည်။ သမီးရဲ့အဖေပါလို့ ပြောသည်။ ဇာတ်လမ်းက ရှုပ်နေရာမှ

ရှင်းလာပြီဖြစ်သည့်အတွက် ပိုပြီးရှင်းသွားအောင် အိမ်ထဲမှာထိုင်ပြီး ရှင်းမှဖြစ်တော့မည်ဟု သတိရလိုက်သည်။ အိမ်ထဲကိုဝင်ကြရန် ရပ်နေကြရာမှ အထဲကိုဝင်လိုက်ကြသည်။

ဧည့်ခန်းထဲကိုရောက်သောအခါ အိမ်ရှင် ဒေါ်ခင်အေးက ဘယ်သူက ဘယ်နေရာမှာထိုင်လို့ နေရာချထားမပေးမီပင် ဦးတင်နွယ်က ဒေါ်ခင်အေးကိုရော မိုးနတ်ကဿနွယ်ကိုပါ ပခုံးဖက်ပြီး သုံးယောက်အတူ ထိုင်လို့ရသည့် ဆိုဖာကြီးပေါ်မှာ အတူထိုင်လိုက်ကြသည်။ ဦးတင်နွယ်က အလယ်မှာထိုင်ပြီး ဒေါ်ခင်အေးနှင့် မိုးနတ်ကဿနွယ်တို့၏ ပခုံးတွေကို ဖက်ထားလိုက်သည်။

" သတင်းစာက ကြော်ငြာနှင့် ဂျာနယ်တွေမှာပါတဲ့ အမေးအဖြေတွေကို ဖတ်ရတယ်၊ သမီးရဲ့အမေ မခင်အေးရဲ့အသက် ၁၈ နှစ်အရွယ်က ညအမှောင်ထဲမှာ မှားယွင်းစွာ ကျူးလွန်ခဲ့တာ ဟောဒီက သမီးရဲ့အဖေပါ။ သမီးအလိုရှိနေတဲ့ အဖေဟာ ဟောဒီက အဖေပါပဲ၊ သမီးလေး အဖေ့ကို ခွင့်လွှတ်ပါ။ အေး . . . အစ်ကိုလေးကို ခွင့်လွှတ်ပါ "

ဦးတင်နွယ်သည် မိုးကိုဖက်ထားလျက်မှ ပြောလိုက်၊ ဒေါ်ခင်အေးကို ဖက်ထားလျက်မှ လှည့်ပြောလိုက်ဖြစ်နေသည်။ မိုးကတော့ ယုံရခက်၊ မယုံရခက်ဖြစ်နေသည်။ ဒေါ်ခင်အေးကတော့ ယုံတစ်ဝက်၊ မယုံတစ်ဝက်ဖြစ်နေသည်။ ဦးတင်နွယ်ကို မျက်လုံးပြူးပြီး ကြည့်နေသည်။

" မိပေါက်၊ အစ်ကိုလေးပြောတာ မယုံဘူးလား "



" အဲဒီညတွေမှာ အစ်ကိုလေး ရန်ကုန်မှာ မရှိဘူးလေ၊ မန္တလေး ရောက်နေခဲ့တယ်မဟုတ်လား၊ မန္တလေးကနေ ဖုန်းဆက်လို့ ကျွန်မကိုယ်တိုင် တယ်လီဖုန်းပြန်ဖြေခဲ့တာပဲ "

ဦးတင်နွယ်က ပြုံးပြီးခေါင်းခါလိုက်သည်။ ဒေါ်ခင်အေးနှင့် မိုးတို့ကို ဖက်ထားသည့် သူ့လက်တွေကို ဖြုတ်ချလိုက်ပြီး လက်နှစ်ချောင်းကို ပေါင်နှစ်ချောင်းပေါ်မှာတင်လိုက်သည်။ ဒေါ်ခင်အေးကို ပြုံးကြည့်ပြီးဖြေးဖြေးပြောသည်။

" အဲဒါ မန္တလေးက ဆက်တာမဟုတ်ဘူး၊ ရန်ကုန်မြို့ထဲကဆက်တာ "

ဒေါ်ခင်အေးသာမက မိုးပါ တအံ့တသြဖြစ်သွားသည်။ ဦးတင်နွယ်က လွန်ခဲ့သည့် ၂၅ နှစ်က သူကျူးလွန်ခဲ့သည့် လိင်ဖောက်ပြန်မှုကို ဇာတ်ကြောင်းပြန်ပြီး ဖွင့်ချဝန်ခံသည်။

၀

## ( ၄၁ )

ကိုတင်နွယ်သည် မိကောင်းဖခင်တို့၏သား၊ ဂုဏ်သရေရှိ ဘုရားဒါယကာ၊ ကျောင်းဒါယကာ၊ သူဌေးကြီး၊ သူဌေးမကြီးတို့၏သားမက်၊ ခေတ်ပညာတတ် လူကြီးလူကောင်းဆိုသည့် ဂုဏ်ထူးဝိသေသတွေကြောင့် အနေအထိုင်၊ အပြောအဆို၊ ကိုယ်အမူအရာ၊ နှုတ်အမူအရာတွေကို အထူးသတိထားပြီး အဆင့်မီအောင် ကြိုးစားနေရသည်။ မိမိရောက်ရှိနေသည့် ဘဝသည် မိမိ၏ ပင်ကိုယ်ဗီဇစရိုက်နှင့် မကိုက်သည့်အတွက် အောင့်နေရတာ အတော်ပင်ပန်းသည်။

ကိုတင်နွယ်၏ဇနီး သီရိခင်သည် ဥစ္စာပေါ၊ ရုပ်ချောသူဌေးသမီးဖြစ်နေသည့်အပြင် ပါးနပ်ထက်မြက်သည့် ခေတ်ပညာတတ်ဖြစ်နေသည့်အတွက် ကိုတင်နွယ်ကို ကျွမ်းကျင်စွာကိုင်တွယ်ထားနိုင်သည်။ ကိုတင်နွယ် မလှုပ်နိုင်ဖြစ်နေသည်။



ကိုတင်နွယ်သည် မိုးကုတ်ကကျောက်တွင်းတွေကို စီမံအုပ်ချုပ်နေစဉ် လုပ်ငန်းခွင်က ဝန်ထမ်းအမျိုးသမီးတစ်ယောက်ကို အငယ်အနှောင်းအဖြစ် အိမ်တစ်ဆောင်မီးတစ်ပြောင်ဖြင့်ထားခဲ့သည်။

မိုးကုတ်လုပ်ငန်းခွင်မှာ သီရိခင် လျှို့ဝှက်ထည့်ထားသည့် လူယုံက သီရိခင်ကို သတင်းပေးလို့ သီရိခင်သိသွားသည်။ သီရိခင်သည် မိုးကုတ်ကိုလိုက်သွားပြီး ကျောက်တွင်းတွေကို ရောင်းပစ်လိုက်သည်။ ကျောက်တွင်းတွေကို အစိုးရက ပြည်သူပိုင်သိမ်းတော့မည်ဖြစ်လို့ ရောင်းပစ်တာဟု သတင်းလွှင့်ထားသည်။ ကိုတင်နွယ်ကိုလည်း မိုးကုတ်ကပြန်ခေါ်လာခဲ့သည်။ ကိုတင်နွယ်ကို ဗိုလ်ချုပ်ဈေးက ရတနာဆိုင်မှာ သီရိခင်နှင့်အတူ ဈေးရောင်းစေခဲ့သည်။

ကိုတင်နွယ်သည် သီရိခင်ရှေ့မှာ တည်တည်ငြိမ်ငြိမ်နေသည်။ အထူးသဖြင့် မိန်းမကိစ္စ သန့်သန့်လေးသမားဆိုသည့် ဂိုက်ဖမ်းထားရသည်။ ဝါသနာဗီဇကို ချိုးနှိမ်ပြီးအောင့်နေရတာ အတော်ပင်ပန်းသည်။

အိမ်ဖော်ကောင်မလေး မခင်အေးနှင့် သားသားကို အလုပ်သွားတိုင်း ကားဖြင့်တင်ခေါ်သွားပြီး ကျောင်းပို့ခဲ့ရသည်။ ကားပေါ်မှာ သီရိခင်လည်းပါသည်။ မခင်အေးကို ရှစ်တန်းကျောင်းသူလောက်အထိ စိတ်မဝင်စားခဲ့သော်လည်း မခင်အေး ဆယ်တန်းကျောင်းသူဖြစ်လာပြီး မျက်နှာရော ကိုယ်လုံးကိုယ်ပေါက်ပါ လှလာသောအခါ စိတ်ဝင်စားလာသည်။ သီရိခင်

မသိအောင်၊ မရိပ်မိအောင် ခိုးကြည့်မိသည်။ မခင်အေးကို မြင်လိုက်လျှင် ရင်ခုန်သည်။ မခင်အေးကို စိတ်ညွှတ်နေတော့သည်။

ဆယ်တန်းကျောင်းသူ မခင်အေးနှင့် ရှစ်တန်းကျောင်းသားသားသားတို့ကို ဈေးသွားရင်းကျောင်းပို့လျှင် မိမိ၏ဘေးမှာ ထိုင်နေသည့် ဇနီးသီရိကို စိတ်မဝင်စားဘဲ အိမ်ဖော်ကျောင်းသူ မခင်အေးကို စိတ်ဝင်စားနေသည်။ သီရိခင် ဆွတ်ဖျန်းထားသည့် အကောင်းစား ပဲရစ်ရေမွှေးနံ့ကို မွှေးတယ်လို့မထင်ဘဲ၊ ကားနောက်ခန်းမှာ ထိုင်လိုက်လာသည့် မခင်အေး လိမ်းလာသည့် ရှင်မတောင်သနပ်ခါးအနံ့က မွှေးနေသည်။

မခင်အေး ဆယ်တန်းကျရှုံးလို့ ကျောင်းကထွက်လိုက်ပြီး ကျောင်းမတက်ဘဲနေသည့်အခါ မခင်အေးကို နေ့စဉ် မတွေ့မမြင်ရတော့လို့ တွေ့ချင်သည်။ မြင်ချင်သည်။ မိမိတို့လင်မယား ဈေးသွားပြီးမှ မခင်အေးက အိပ်ရာကနိုးသဖြင့်မခင်အေးကို နေ့စဉ်မမြင်ရ မတွေ့ရ ဖြစ်နေသည်။ ဒေါ်အေးတင်က နေမကောင်းလို့ ဝိုင်းကူလုပ်ပေးရန် အိမ်ကြီးကို မခင်အေး စောစောလာသည့်နေ့မှသာ တစ်ခါတစ်လေ မြင်တွေ့ခွင့်ရတော့သည်။

ဂုဏ်သိက္ခာမဲ့စွာဖြင့် မရှက်မကြောက် ဝန်ခံရလျှင် မခင်အေးကို မြင်လိုက်ပြီဆိုလျှင်ရင်ခုန်သည်။ မခင်အေး၏ ပါးနှစ်ဘက်ကို အားပါးတရ နမ်းပစ်ချင်သည်။ မိမိ၏ဘေးနားမှာ မိမိ၏ ဇနီးသီရိ ရှိနေသည့်အတွက် မခင်အေးကို စိတ်မဝင်စားယောင်၊



မကြည့်ယောင်ဆောင်ထားရသည်။ မခင်အေး လာချပေးသည့် ကော်ဖီနှင့်မုန့်ကို စားသောက်တာ ဗိုက်ထဲကို ဘယ်လိုဝင်သွားမှန်းမသိအောင် စိတ်လှုပ်ရှားခဲ့ရသည်။

တစ်ခါမှာတော့ မိုးကုတ်ကိုသွားဖို့ အကြောင်းပေါ်လာသည်။ မိုးကုတ်က ထာပွဲတစ်ခုမှာ ကျောက်အရိုင်းတုံးတွေ လေလံတက်ဆွဲဖို့ကိစ္စဖြင့် မိုးကုတ်ကိုသွားရန်ဖြစ်သည်။ တစ်ပတ်၊ ဆယ်ရက်ခန့်ကြာအောင် အိမ်ကထွက်နေရမည်ဖြစ်လို့ ဒီအခွင့်အရေးကို အသုံးချပြီး မခင်အေးကို အားရပါးရ ချစ်နိုင်အောင် ကြိုးစားမည်ဟု ဆုံးဖြတ်လိုက်သည်။

မန္တလေးကို ညရထားဖြင့်သွားမည်ဟု သီရိခင်ကို ပြောပြီး ညနေ ၄ နာရီခန့်မှာ အိမ်ကထွက်သွားခဲ့သည်။ ရန်ကုန်မြို့ထဲက ဟိုတယ်မှာ ခေတ္တတည်းခိုနေသည်။ ညသန်းခေါင်မှာ ဟိုတယ်က ထွက်လာပြီး အိမ်ခြံဝင်းထဲကိုပြန်ဝင်ခဲ့သည်။ အိမ်ကြီးနောက်မှာ ရှိသည့် မခင်အေးတို့သားအမိနေသည့် အိမ်ကလေးကိုသွားပြီး မခင်အေးကို အားရပါးရချစ်လိုက်မိသည်။

မိုးလင်းသည့် နောက်နေ့နံနက်မှာ ဟိုတယ်ကထွက်ပြီး အိမ်ကို ဖုန်းဆက်သည်။ အိမ်ကြီးပေါ်မှာ သန့်ရှင်းရေးလုပ်နေသည့် မခင်အေးကိုယ်တိုင် တယ်လီဖုန်းကိုင်သည်။ မိပေါက်လား နှင့် မမလေး ဈေးသွားပြီလား စသည်ဖြင့်မေးခဲ့သည်။ သိလျက်သားနဲ့ ယုတ္တိရှိအောင် မေးခဲ့တာဖြစ်သည်။ ငါ မန္တလေးကို ရောက်ပြီ၊ နက်ဖြန် မိုးကုတ်ကိုတက်မယ်လို့ပြောလိုက်၊ ပြန်လာမည့်နေ့ကို ဖုန်းဆက်မယ်လို့ ပြောလိုက်စသည်ဖြင့် ပြောခဲ့သည်။ မန္တလေးက

ပြောတာမဟုတ်၊ ရန်ကုန်မြို့တွင်းက ပြောနေတာဖြစ်သည်။ အဲဒီနေ့ နံနက် ၁၀ နာရီလောက်မှာ လေယာဉ်ဖြင့် ရန်ကုန်မှ ထွက်ခွာသွားခဲ့သည်။

အချိန်အတော်ကြာကပင် ပြင်းပြနေခဲ့သော မခင်အေးကို အားရပါးရ ချစ်ချင်သည့်ဆန္ဒ ပြည့်ဝသွားလို့ နေသာထိုင်သာ ဖြစ်သွားသည်။ ဒါပေမဲ့ အားမရသေး မဝသေးဖြစ်နေသည်။ အခြေ အနေပေးလျှင်ချစ်ချင်သေးသည်။

မိုးကုတ်မှာ အလုပ်ကိစ္စတွေပြီးလို့ တစ်ပတ်၊ ဆယ်ရက် အကြာမှာ ရန်ကုန်ကိုပြန်ရောက်လာသောအခါ အိမ်ကိုတန်း မပြန်သေးဘဲ ဟိုတယ်မှာ ခေတ္တတည်းခိုနေသည်။ ဆယ်တန်း ကျောင်းသူ အိမ်ဖော် မခင်အေးကို ချစ်လို့မဝသေးသည့်အတွက် ဒီညလည်းစွန့်စားပြီး ချစ်ဦးမည်ဟုရည်ရွယ်သည်။

အဲဒီနေ့ နံနက်မှာ အိမ်ကိုဖုန်းခေါ်သည်။ အိမ်ကြီးပေါ်မှာ သန့်ရှင်းရေးလုပ်နေသည့် မခင်အေးပင် တယ်လီဖုန်းကိုင်သည်။ ငါ မိုးကုတ်က မန္တလေးကို ပြန်ရောက်နေပြီလို့ နင့်မမလေးကို ပြောလိုက်၊ ဒီနေ့ ညရထားနဲ့ ပြန်လာမယ် နက်ဖြန် မနက် ရောက်မယ်၊ ဘူတာမှာ လာမကြိုနဲ့၊ တိုင်စီနဲ့ပြန်ခဲ့မယ် စသည် ဖြင့်ပြောခဲ့သည်။ ဒါလည်း မန္တလေးက ဖုန်းခေါ်တာမဟုတ် ရန်ကုန်မြို့တွင်းက ခေါ်တာဖြစ်သည်။

အဲဒီနေ့ ညသန်းခေါင်အချိန်မှာ ဟိုတယ်ကထွက်လာပြီး အိမ်ခြံဝင်းထဲကိုဝင်ခဲ့သည်။ မခင်အေးရှိသည့် အိမ်ကလေးကို သွားပြီး မခင်အေးရဲ့ အိပ်ရာဘေးမှာ လှဲအိပ်ချလိုက်သည်။



မခင်အေးရဲ့ပါးနှစ်ဘက်ကို အားရပါးရနမ်းပြီး ဝအောင် ချစ်ပစ်လိုက်သည်။ မခင်အေးက အိပ်ပျော်နေရာမှနိုးလာပြီး ကိုကို ခင်မောင်ကြီးလားလို့ မေးတော့ ဟုတ်တယ်လို့ ခေါင်းညိတ်ပြခဲ့သည်။ ဆန္ဒပြည့်ဝလို့ ကျေနပ်သွားသောအခါ မခင်အေးရဲ့ ပါးနှစ်ဘက်ကို ရွှရွှလေးနမ်းခဲ့ပြီး အိမ်လေးပေါ်က ပြေးဆင်း လာခဲ့သည်။

အဲဒီနေ့ နံနက် ၉ နာရီလောက်မှာ အငှားယာဉ်ဖြင့် အိမ်ကို ဝင်သည်။ အခုမှ မန္တလေးက ရောက်လာလေဟန်လုပ်ခဲ့သည်။ မခင်အေးကို နှစ်ကြိမ်တိုင် ကာမဆက်ဆံခဲ့သူဟာ မိမိမဟုတ် ဘူးဆိုသည့် အထောက်အထားဖြစ်အောင် အကြံအဖန်လုပ်ခဲ့ တာဖြစ်သည်။ အမှန်တော့ မခင်အေးကို နှစ်ကြိမ်တိတိ ကာမ ဆက်ဆံခဲ့သူဟာ မိမိကိုယ်တိုင်သာဖြစ်သည်။ မခင်အေးရခဲ့သော ကိုယ်ဝန်သည် မိမိ၏ကိုယ်ဝန်ဖြစ်သည်။ မိုးနတ်ကွန္တာနွယ်သည် မိမိ၏ သမီးအရင်းဖြစ်သည်။

○

## ( ၄၂ )

ဦးတင်နွယ်သည် သူ၏ ကာမဖောက်ပြန်မှုကြီးကို မရှက်မကြောက် ဖွင့်ဟဝန်ခံလိုက်ရသည့်အတွက် မောသွားသည်။ သက်ပြင်းချလိုက်သည်။

“ မိပေါက် အစ်ကိုလေးကို ခွင့်လွှတ်ပါ၊ အစ်ကိုလေးရဲ့ သွေး ဟောဒီ သမီးလေးကို တွေ့ချင်လို့လာခဲ့တာပါ ”

ဒေါ်ခင်အေးရော မိုးနတ်က္ကန္ဒာနွယ်ပါ ဦးတင်နွယ်ရဲ့ လက်မောင်းတစ်ဘက်စီကို ဆုပ်ကိုင်ပြီး ဦးတင်နွယ်ရဲ့ ပခုံးတစ်ဘက်စီမှာ ခေါင်းမှီထားလိုက်ကြသည်။ ခွင့်လွှတ်ပါတယ်ဆိုတဲ့ သဘောဖြစ်သည်။

“ အခုအချိန်ကစပြီး မိပေါက်ကို အေးလို့ပဲခေါ်တော့မယ်၊ အေးကို အစ်ကိုလေး ချစ်ပါတယ် အေးရယ် ”



ဦးတင်နွယ်သည် ဒေါ်ခင်အေးကို ဖက်ပြီးပါးချင်းကပ်ထားလိုက်သည်။ ဦးတင်နွယ်၏ အပြုအမူတွေနှင့် လှုပ်ရှားမှုတွေဟာ ဟိုနေ့ညတွေက လှုပ်ရှားမှုတွေနှင့် တထေရာတည်းတူညီတာကို သတိပြုမိသည်။ ဟိုနေ့ညက ရှူရှိုက်ခဲ့ရသည့် ကိုယ်သင်းနံ့ ရေမွှေးနံ့အငွေ့အသက်တွေကို ဦးတင်နွယ်ဆီက ရနေသေးသည်။

ဟိုနေ့ညက လူ့ဆီကရခဲ့သည့် ရေမွှေးနံ့သည် မောင်လေးမောင်မောင်ဦးဆီက တစ်ခါတစ်လေရသည့် ရေမွှေးနံ့ဖြစ်နေတာကို သတိထားမိခဲ့သည်။ မောင်လေးမောင်မောင်ဦးသည် လူပျိုပေါက်ကလေးပီပီ သူ့အဖေနှင့်အမေ၏ အိပ်ခန်းထဲမှာရှိသည့် မှန်တင်ခုံက အလှပြင်ပစ္စည်းတွေကို ယူသုံးတတ်သည်။ ဒါကြောင့် ဖြစ်မည်၊ ဟိုညက ဟိုလူ့ဆီကရခဲ့သည့် ရေမွှေးနံ့သည် မောင်လေးမောင်မောင်ဦးဆီက တစ်ခါတစ်လေ ရတတ်သည့် ရေမွှေးနံ့နှင့် တူနေတာ ဖြစ်မည်။ ဟိုညက ဟိုလူသည် မောင်လေးမောင်မောင်ဦး၏အဖေ ကိုတင်နွယ် ဖြစ်သည်ဆိုတာ သေချာသလောက်ဖြစ်သည်။

မခင်အေးသည် ဦးတင်နွယ်ဟာ သမီးမိုး၏ အဖေ ဆိုတာ ယုံကြည်သွားသည့်အတွက် ဦးတင်နွယ်၏ လက်မောင်းကိုဖက်ကိုင်ပြီး ဦးတင်နွယ်၏ပခုံးမှာ မှီနေလိုက်သည်။ မိမိကို အပျိုဖြစ်စမှာ ကာမကျူးလွန်သွားသူကို နှစ်ပေါင်း၂၅ နှစ်ကျော်မှသိရတွေ့ရတော့သည်။ မခင်အေးသည် မိုး၏ လက်ကိုလှမ်းဆွဲပြီး ဦးတင်နွယ်၏ လက်မောင်းကို ကိုင်ခိုင်းလိုက်သည်။ မိုးကလည်း

ဦးတင်နွယ်ဟာ သူအလိုရှိနေတဲ့ အဖေဆိုတာ ယုံကြည်သွားသည့်အတွက် ဦးတင်နွယ်၏ လက်မောင်းကိုဖက်ထားလိုက်သည်။ ဦးတင်နွယ်က မိုး၏နဖူးဆံစပ်ကို မွှေးမွှေးပေးပြီး တိုးတိုးပြောသည်။

" သမီးလေး၊ ဖေဖေ့ကို ခွင့်လွှတ်ပါသမီးရယ်၊ ဖေဖေ လို့ ခေါ်စမ်းပါ "

" ဖေဖေ၊ ဖေဖေ့ကို သမီးအလိုရှိနေတယ် "

" ဒီနေ့ဒီအချိန်ကစပြီး သမီး လိုချင်တာရပါပြီ သမီးရယ်"

မိသားစု ပြန်လည်ဆုံတွေ့သည့်နေ့ ဖြစ်သွားသည်။ မခင်အေး ဘဝမှာ တစ်ခါမှ မမျှော်လင့် မစဉ်းစားရဲသည့်အပြင် စိတ်တောင်မကူးရဲသည့် ကိုတင်နွယ်ကို လင်တော်ရတော့မည်ဆိုသည့်အတွက် ဘဝ၏ဆန်းကျယ်ပုံကို အံ့သြနေမိသည်။ ကိုတင်နွယ်ကို ခင်ပွန်းလုပ်ရတော့မည်ဆိုတော့ ကိုတင်နွယ်၏ ဇနီး မမလေးသီရိခင်ကို သတိရလာသည်။ အကြော်ထုတ်သည့် သတင်းစာအဟောင်းမှာ မမလေး၏ နာရေးကြော်ငြာကိုတွေ့လို့ မမလေး ကွယ်လွန်တာကို သိပြီးဖြစ်သည်။ မမလေး ဘာရောဂါနှင့် ဆုံးတယ်ဆိုတာကို သိချင်သည်။

" မမလေး ဘာရောဂါနဲ့ဆုံးတာလဲ "

" နင့်မမလေး ဆုံးတာကိုသိသလား "

ဒေါ်ခင်အေးက ခေါင်းညိတ်ပြလိုက်သည်။ သတင်းစာထဲမှာ နာရေးကြော်ငြာတွေ့လို့ ငိုခဲ့ရကြောင်းပြောပြလိုက်သည်။

" နင့်မမလေးဟာ မာနကြီးတယ် ဒေါသလည်းကြီးတယ်၊ ဒါပေမဲ့ ဒေါသကိုအပြင်မထွက်နိုင်အောင် ထိန်းချုပ်ရလွန်းတဲ့



အတွက် အသက်ရှုကြပ်ပြီး နှလုံးရောဂါ၊ သွေးတိုးရောဂါတွေဖြစ်လာတယ်၊ အဲဒီရောဂါတွေက သူ့ကိုသတ်လိုက်တာပေါ့ကွယ် "

နံနက်စောစော အိပ်ရာကအထမှာ မူးတယ်၊ မူးတယ် ဆိုပြီး အိပ်ရာမှာ ပြန်လှဲအိပ်ချလိုက်ရာမှ သတိလစ်သွားခဲ့သည်။ ဆေးရုံကိုပို့တာ လမ်းမှာတင် အသက်ပျောက်သွားခဲ့သည်။ ကြံတောသုသာန်က ဘဘကြီးနှင့် မေမေကြီးတို့ရဲ့ အုတ်ဂူတွေအနီးမှာကပ်လျှက် ဂူသွင်းသဂြိုလ်သည်။ မမလေး ကွယ်လွန်သွားသည့်အခါ ကိုတင်နွယ်သည် အကြီးအကျယ်တုန်လှုပ်သွားပြီး အနိစ္စသဘာဝနှင့် လောကနိယာမကို သတိသံဝေဂရခဲ့သည်ဟု ဆိုပါသည်။

" မမလေး ဆုံးတော့ အသက်ဘယ်လောက်ရှိပြီလဲ "

" နာရေးကြော်ငြာကိုဖတ်ရတယ်ဆို၊ အဲဒီမှာပါသားပဲ "

" မေ့နေပြီ "

" နင့်မမလေး ဆုံးတော့ အသက် ၅၅ နှစ်ပဲရှိသေးတယ်၊ ကျန်းကျန်းမာမာကြီး၊ အကောင်းပကတိ အိပ်ရာဝင်ခဲ့တာ၊ မိုးလင်းတော့ ရုတ်တရက်ဆုံးတယ်၊ ဆုံးပြီလို့ပြောတော့ ဘယ်သူမှ မယုံကြဘူး "

ဒေါ်ခင်အေးသည် မမလေးသီရိခင်ကိုသတိရပြီး မျက်ရည်စို့လာသည်။ မမလေးသည် သူ့ဟာသူ ဒေါသမာနကြီးသော်လည်း မိမိတို့ သားအမိပေါ်မှာ ညှာတာသည်။ နားလည်ခွင့်လွှတ်သည်။ ဒါပေမဲ့ မာနကြီးသူပီပီ မတောင်းပန်တတ်၊ မချော့တတ်သည့်အတွက် ရှိုင်းသည်ဟုထင်စရာရှိသည်။ သူ့ဌေးသမီး၊ ဥစ္စာပေါ၊ ရုပ်ချော၊ ခေတ်ပညာတတ်ဖြစ်လို့ မာနကြီးမည်ဆိုလည်း

ကြီးလောက်ပါသည်။ မိမိတို့သားအမိ သူ့အိမ်မှာမနေတော့ဘူး။ ရွာကိုပြန် တော့မည်ဆိုသည့်အခါ မသွားပါနဲ့လို့ မတောင်းပန်ဘူး။ မချော့ဘူး၊ သွားခွင့်ပြုခဲ့သည်။ မိမိတို့သားအမိ သီရိရတနာ အိမ်ကထွက်သွားတာဟာ သီရိရတနာမိသားစုအတွက် အတော်ကသိကအောက် ဖြစ်သွားမည်ဆိုတာကိုသိလျှက်နှင့် ထွက်ခွာခဲ့ကြတာဖြစ်သည်။

" နင့်မမလေးမှာ နှလုံးရောဂါဖြစ်ဖို့အတွက် အကြောင်းတွေ အများအပြားရှိတဲ့အထဲမှာ နင်တို့သားအမိ သီရိရတနာအိမ်က ထွက်သွားတဲ့အကြောင်းလည်းပါတယ်၊ ကိုခင်မောင်ကြီး မိန်းမယူတဲ့ အကြောင်းလည်းပါတယ်၊ သားသား လက်ထပ်ပြီးတော့ သူနှင့်အတူမနေဘဲ အိမ်ခွဲနေတဲ့ကိစ္စလည်း ပါတယ်၊ တစ်ခြားအကြောင်းတွေလည်း ရှိသေးတယ်၊ အကြောင်းတွေက အများကြီးပဲ၊ အဲဒီမကျေနပ်ချက်တွေကို အပြင်မထွက်ရအောင် ရင်ထဲမှာ စုဆောင်းပြီးအောင်းထားတော့ သွေးတိုးပြီး ဦးနှောက်သွေးကြော ပြတ်သွားတာပေါ့ကွယ် "

အကြောင်းတွေ အများအပြားအနက်က အခြားအကြောင်းတွေဆိုတာ ကိုတင်နွယ်ကို မကျေနပ်တာတွေလည်း ပါမည်ဟု ဒေါ်ခင်အေးက တွေးမိသည်။ မောင်လေးသည် မမလေးကိုယ်တိုင် သဘောကျလို့ ပေးစားသူနှင့် လက်ထပ်သော်လည်း သီရိရတနာမှာမနေဘဲ ယောက္ခမဘက်က အမွေရသည့် အိမ်မှာ သွားနေသည့်အတွက် မမလေး မကျေနပ်ဟုသိရသည်။

" မောင်လေးက အခုဘယ်မှာနေလဲ "

" သီရိရတနာခြံထဲမှာပဲ "



" အစ်ကိုလေးနဲ့အတူလာနေပြီပေါ့ "

" သူ့အမေဆုံးပြီးမှ သီရိရတနာကို ပြန်လာပြီး ခြံထဲမှာ တိုက်တစ်လုံး သီးသန့်ဆောက်နေတယ်လေ "

" အဲဒီတော့ အစ်ကိုလေးက ဘယ်သူနဲ့နေလဲ "

" ဘယ်သူမှမရှိဘူး၊ တစ်ယောက်တည်းနေရတယ်၊ နက်ဖြန်ကစပြီး ဟောဒီက အေးနဲ့အတူနေတော့မယ်၊ သမီးပါ ဖေဖေနဲ့ လိုက်နေပါသမီးရယ် "

ဒေါ်ခင်အေး အသက်လေးဆယ်ကျော်မှ ရည်းစားစကားအပြောခံလိုက်ရသလို ရှက်သွားသည်။ ခေါင်းငုံ့ထားလျှက်မှ ဦးတင်နွယ်၏ပခုံးကို မှီနေလိုက်သည်။ ဘဘကြီးနှင့် မေမေကြီးတို့ လက်ထက်ကတည်းက နေခဲ့ကြသည့် သီရိရတနာတိုက်ဟောင်းကြီးမှာ ကိုတင်နွယ် တစ်ယောက်တည်းနေရသည်ဆိုသည့်အတွက် ကိုတင်နွယ်ကို သနားသွားသည်။

သီရိရတနာခြံကြီးသည် ပေ ၂၀၀ ပတ်လည်လောက်ကျယ်သည်။ လုံးချင်းတိုက်လေးလုံးလောက် တန်းစီပြီးဆောက်လို့ ရလောက်အောင် မြေနေရာကျယ်ဝန်းသည်။ မောင်လေးသည် ဆောက်လုပ်ရေးအင်ဂျင်နီယာဖြစ်သည့်အတွက် သီရိရတနာခြံဝင်းထဲမှာ တိုက်တွေနောက်ထပ်ဆောက်နိုင်သေးသည်။

မိုးသာ ဒီအိမ်ကို မဝယ်ရသေးဆိုလျှင် မိမိတို့သားအမိသည် သီရိရတနာ ကိုလိုက်သွားပြီး ကိုတင်နွယ်နေသည့် တိုက်ကြီးမှာ နေလို့ရသည်။ အောင်နိုင်လင်းက မိုးနှင့် လက်ထပ်ပြီးလျှင် နေဖို့ဆိုပြီးဝယ်ခိုင်းလို့ ဒီတိုက်ကိုဝယ်လိုက်တာ ဖြစ်သည်။ မိုးအိမ်ဝယ်ပြီးမှ နေစရာနေရာတွေ ပေါများလာခြင်း ဖြစ်သည်။

" ကိုကိုက ဘယ်မှာနေလဲ "

" အင်းလျားလမ်းမှာ "

" ကလေး ရပြီလား "

" သားတစ်ယောက်ရပြီ "

သီရိရတနာနှင့်ပတ်သက်ပြီး အတော် ဇာတ်ရည်လည်သွားပြီဖြစ်သည်။ အကြော်ထုတ်သည့် သတင်းစာပါနာရေးကြော်ငြာကို ဖတ်ပြီးကတည်းက သီရိရတနာမိသားစု၏ အခြေအနေကို တစ်စိပ်တစ်ပိုင်း သိခဲ့သည်။ ကိုကို မိန်းမယူလိုက်ပြီ၊ မောင်လေး လက်ထပ်ပြီးလို့ ကလေးနှစ်ယောက်တောင်ရနေပြီ၊ သီရိရတနာ မိသားစုနှင့် ပတ်သတ်လာလျှင် မောင်လေးမောင်မောင်ဦးကို လွမ်းသည်။

" မောင်လေးကို တွေ့ချင်တယ် "

" တွေ့ချင်လျှင် တွေ့ပေါ့၊ ဒီနေ့ပဲတွေ့လိုက် "

ဦးတင်နွယ်သည် တယ်လီဖုန်းကို ကောက်ကိုင်လိုက်ပြီး နံပတ်တွေကို နှိပ်ခေါ်သည်။ သူ့အိမ် သို့မဟုတ် မောင်မောင်ဦးဆီကို ဆက်တာဖြစ်မည်။

" သားသား ရုံးကို ဘယ်အချိန်သွားမလဲ "

" .......... "

" မသွားနဲ့ဦး၊ ဖေဖေပြန်လာမှသွား၊ သားတွေ့ချင်နေတဲ့သူကို ခေါ်လာခဲ့မယ် "

" .......... "

" ဘယ်သူဆိုတာ တွေ့လျှင်သိလိမ့်မယ်၊ သိဂီကိုလည်း ပြောထား၊ ဖေဖေ အခုလာခဲ့မယ် "



ဦးတင်နွယ်သည် တယ်လီဖုန်းပြန်ချလိုက်ပြီး ထိုင်ရာမှထရပ်လိုက်သည်။ ကဲ သွားကြမယ်ဆိုသည့်ဟန်ဖြင့် မိုးကို ကြည့်လိုက်သည်။

" သမီးပါလိုက်ခဲ့၊ သမီးရဲ့အစ်ကိုနဲ့ ယောင်းမရော၊ တူလေး၊ တူမလေးတွေကိုပါ တွေ့ရမယ်၊ သမီး မေမေ ငယ်ငယ် က နေခဲ့တဲ့အိမ်လေးကို လိုက်ကြည့်ပါဦး "

ဒေါ်ခင်အေးရော မိုးနတ်က္ကနွာနွယ်ပါ ကမန်းကတန်း ဖိးလိမ်းပြင်ဆင်ပြီး အဝတ်အစားလဲလိုက်ကြသည်။ ဖိးလိမ်းပြင်ဆင်ပြီး သစ်သစ်လွင်လွင် ဝတ်စားဆင်ယင်လိုက်သောအခါ သမီးမိုး၏အလှက ဘာမျှအံ့သြစရာမရှိသော်လည်း အသက် ၄၅ နှစ်ရှိနေပြီဖြစ်သည့် ဒေါ်ခင်အေး၏ အလှကိုမြင်ပြီး ဦးတင်နွယ် ရင်ခုန်ရပြန်သည်။

ခြံစောင့်က ဝင်းတံခါးဖွင့်ပေးသည်။ စောစောက ခြံထဲကို ဝင်လာသည့် ကားကြီးပေါ်မှာ ဒေါ်ခင်အေးရော၊ မိုးပါလိုက်သွားတာမြင်လိုက်ရသဖြင့် ခြံစောင့်ကြီးတောင် အံ့သြသွားသည်။ ကားမောင်းလာသူ အဘိုးကြီးဟာ သာမန်လူမဟုတ်ဘူးဆိုတာ သိလိုက်သည်။

○

## ( ၄၃ )

သီရိရတနာဂေဟာရှိရာ သီရိရတနာခြံဝင်းကြီးထဲကို ဝင်လာတော့ ဒေါ်ခင်အေး၏ရင်မှာ ဝေဒနာမျိုးစုံကို ခံစားရပြီးဆို့တက်လာသည်။ မိမိ၏အသက် တစ်ဆယ့်ရှစ်နှစ်အထိ ဒီအိမ်ကြီးနှင့် ဒီခြံကြီးထဲမှာ နေခဲ့သည်။ ဒီအိမ်ကြီး၊ ဒီခြံကြီးနှင့် သမီးတစ်သက် ၂၅ နှစ်တိတိ ဝေးကွာနေခဲ့သည်။ အခုဒီနေရာကို ပြန်ရောက်လာလို့ ဝမ်းသာဝမ်းနည်းဖြစ်နေသည်။

သီရိရတနာမိသားစုထဲမှာ အမှုထမ်းခဲ့သည့် အဖေ ကွယ်လွန်ခဲ့သည်။ ဘဘကြီးနှင့် မေမေကြီးတို့ ကွယ်လွန်ခဲ့ကြပြီ။ အိန္ဒိယကိုပြန်သွားသည်ဆိုသည့် ဘဘူကြီးကို သတိရလာသည်။ သူ့မိခင်နိုင်ငံမှာ အသက်ရှင်လျက်ရှိပါသေးရဲ့လား၊ မမလေးသီရိခင်ကို သတိရပြီး မျက်ရည်တွေကျလာသည်။ အမေ၊ အမေ အမေ . . .၊ အမေ ဒေါ်အေးတင်ကို သတိရသည့်အချိန်မှာ



တော့ ဒေါ်ခင်အေးသည် ဆို့နင့်လာသည့်ရင်ကို မထိန်းနိုင်တော့လို့ မျက်နှာကို လက်ဝါးနှစ်ဘက်ဖြင့်အုပ်ပြီး အားရပါးရ ငိုချလိုက်သည်။ ဒီတော့မှ ရင်ထဲမှာပေါ့သွားသည်။

ဦးတင်နွယ်၏ကား ခြံထဲကိုဝင်လာပြီဆိုသည့်အခါ မောင်မောင်ဦး၏မိသားစုက သူတို့ကို တိုက်ရှေ့က ရပ်ကြည့်နေကြသည်။ ဦးတင်နွယ်နှင့်အတူပါလာသည့် ဧည့်သည်ဟာ ဘယ်သူပါလိမ့်ဆိုသည့်အကြည့်ဖြင့် လှမ်းကြည့်နေကြသည်။

ဦးတင်နွယ်က ကားကို သီရိရတနာဂေဟာ၏ ဆင်ဝင်အောက်မှာရပ်ပြီး ကားပေါ်ကဆင်းလိုက်သည်။ ဒေါ်ခင်အေးနှင့် မိုးမိုးတို့လည်း ကားပေါ်ကဆင်းလိုက်ကြသည်။ ဒေါ်ခင်အေးသည် မောင်မောင်ဦးကို လှမ်းကြည့်လိုက်သည်။ မောင်လေးတောင် လူကြီးဖြစ်နေပါရောလားဟု သတိထားလိုက်မိသည်။ ဦးတင်နွယ်က လှမ်းခေါ်လိုက်သည်။

" သားရေ . . . ဒီကိုလာပေါ့၊ သမီး သီဂီနှင့် ကလေးတွေပါခေါ်လာခဲ့ "

သီရိရတနာ၊ အိမ်ကြီး၏အောက်ထပ်က ဧည့်ခန်းထဲကို ဝင်လိုက်ကြသည်။ ဒေါ်ခင်အေးအဖို့တော့ အဟောင်းတွေဟာ အသစ်တွေဖြစ်ပြီး လွမ်းမောစရာတွေချည်း ဖြစ်နေတော့သည်။ ဒီအိမ်ကြီးရဲ့ ဒီနေရာမှာ မိမိသည် အိမ်ဖော် အိမ်စေဘဝဖြင့် သန့်ရှင်းရေးလုပ်ခဲ့ရတဲ့ နေရာပါလားလို့ သတိရလိုက်သည့်အတွက် ဆို့နင့်စွာခံစားနေရသည်။

အိမ်ကြီး၏အောက်ထပ်က ဧည့်ခန်းမှာ နေရာယူပြီး မကြာမီ မောင်မောင်ဦးတို့မိသားစု ဧည့်ခန်းထဲကို ဝင်လာကြသည်။

မောင်မောင်ဦးနှင့် သူ့မိသားစုသည် ဒေါ်ခင်အေးနှင့် မိုးကို တစ်ခါမျှမမြင်ဖူးလို့ မသိသလိုပုံစံဖြင့် ကြည့်နေကြသည်။ ဒေါ်ခင်အေးသည် မောင်မောင်ဦးကို မြင်ကတည်းက ပြေးဖက်ပြီး နှုတ်ဆက်ချင်နေသည်။

" သားသား၊ နင်သူ့ကို မမှတ်မိဘူးလား "

ဦးတင်နွယ်က ဒေါ်ခင်အေးကို လက်ညှိုးထိုးပြပြီး ပြောသည်။ မောင်မောင်ဦးသည် ဒေါ်ခင်အေးကို တအံ့တသြကြည့်ပြီး မင်တက်မိသလိုဖြစ်နေသည်။ သိသလိုလို၊ မြင်ဖူးသလိုလိုဖြင့် မသေမချာ ဖြစ်နေသည်။ ဒေါ်ခင်အေးသည် မောင်မောင်ဦးကို ချစ်တဲ့စိတ်၊ အောင့်မေ့တဲ့စိတ်ကို မအောင့်နိုင်တော့သဖြင့် ထိုင်ရာမှထပြီး မောင်မောင်ဦးကို လှမ်းဖက်လိုက်သည်။

" မောင်လေး . . . ၊ မမအေးလေ "

ဒေါ်ခင်အေးသည် မောင်မောင်ဦး၏ မျက်နှာကိုကြည့်ပြီး လွန်ခဲ့သည့် ၂၅ နှစ်က ၁၆ နှစ်သားလေး မောင်မောင်ဦးကို ပွေ့ဖက်သလို ဖက်လိုက်သည်။ ဒီတော့မှ မောင်မောင်ဦးသည် ဒေါ်ခင်အေး၏မျက်နှာကို သေသေချာချာကြည့်ပြီး မေးသည်။

" ဒါ . . . ဒါ. . . ဒါ မမ၊ မခင်အေး၊ မမအေး ဟုတ်တယ်နော် "

ဒေါ်ခင်အေးက ဝမ်းသာဝမ်းနည်းဖြစ်ပြီး ပါးစပ်က အသံထွက်မဖြေနိုင်လို့ ခေါင်းတဆတ်ဆတ်ညိတ်ပြီး မောင်မောင်ဦးကိုဖက်ထားလိုက်သည်။



ဒီတော့မှ အသက် ၄၀ ကျော်နေပြီဖြစ်သည့် ဦးမောင်မောင်ဦး သည် ပီဘိ ၁၆ နှစ်သားလေးလိုဖြစ်သွားပြီး ဒေါ်ခင်အေးကိုဖက်ထားတော့သည်။ သူငယ်ငယ်က နွဲ့ဆိုးဆိုးပြီး အနိုင်ကျင့်ဆွဲဖက်၊ တွန်းလှဲလုပ်ခဲ့တာတွေကို သတိရလာသည်။

မောင်နှမနှစ်ယောက် အားပါးတရ ဖက်နေကြပြီး မျက်ရည်အသီးသီး သုတ်နေကြတာကိုကြည့်ပြီး ဦးတင်နွယ်က ဝမ်းသာနေသည်။ မောင်မောင်ဦး၏ဇနီး သီဂီတို့သားအမိတွေက အံ့သြနေကြသည်။ ဇာတ်ပေါင်းနေကြပြီဖြစ်လို့ မိုးနတ်ကန္နာနွယ်၏ ကဏ္ဍက အရေးပါလာသည်။ ဦးတင်နွယ်က မိတ်ဆက်ပေးရသည်။

" သား ဟောဒါ သားရဲ့ ညီမလေးပဲ၊ သားနဲ့ အဖေတူအမေကွဲ ညီမလေး "

မောင်မောင်ဦးရော သီဂီတို့သားအမိကပါ မိုးကို ဝိုင်းကြည့်နေကြသည်။ မြင်ဖူးသလိုလိုထင်ပြီး ကြည့်နေကြသည်။ သီဂီက အရဲစွန့်ပြီး မေးသည်။

" ရှုပ်ရှင်မင်းသမီး မိုးနတ်ကန္နာနွယ်လား မသိဘူး "

" ဟုတ်ပါတယ် မမရယ် "

" ဘယ်လိုကြောင့် သားရဲ့ညီမလေး ဖြစ်ရတာလဲ ဖေဖေ"

ရှုပ်ရှင်မင်းသမီး မိုးနတ်ကန္နာနွယ်နှင့် မောင်မောင်ဦးတို့ အဖေတူ အမေကွဲ မောင်နှမ တော်ပါသည်ဆိုသည့်အကြောင်းကို မောင်မောင်ဦးသာမက မောင်မောင်ဦး၏ ဇနီးမသီဂီကပါ သိချင်လို့ စိတ်ဝင်တစား နားထောင်နေသည်။

"ဒီသမီးဟာ ဟောဒီ နင့်မမအေးရဲ့သမီး၊ သားနဲ့ ဘယ်လို မောင်နှမတော်တယ်ဆိုတာကို ပြောပြမယ်လာ၊ အားလုံးထိုင်ကြ"

ရှုပ်ရှင်မင်းသမီး မိုးနတ်ကျွန်ုနွယ်ဟာ၊ မမအေးရဲ့ သမီး ဆိုပါလား၊ မောင်မောင်ဦးဟာ မိုးနတ်ကျွန်ုနွယ်ရဲ့ အဖေတူအမေကွဲ အစ်ကိုဆိုပါလား၊ မိုးနတ်ကျွန်ုနွယ်ဟာ မောင်မောင်ဦးရဲ့ အဖေတူအမေကွဲ ညီမဆိုပါလား၊ နားရှုပ်ကုန်ကြသည်။ ရှုပ်နေတာကို ရှင်းပြမည့် အဓိကပုဂ္ဂိုလ်က ထိုင်ကြပါဆိုလို့ နီးရာထိုင်ခုံတွေမှာ ဝင်ထိုင်ပြီး နားစွင့်နေကြသည်။ ဦးတင်နွယ်က မချိုမချဉ် မျက်နှာကို အောက်ငုံ့ပြီး လေသံနှိမ့်ပြောသည်။

"သားနှင့်သမီးတို့ ဖေဖေ့ကို ခွင့်လွှတ်ကြပါ။ ဖေဖေဟာ စည်းမစောင့်ဘဲ မခင်အေးကို မေတ္တာနယ်ကျွံမိခဲ့ပါတယ်၊ မခင်အေးမှာ ဖေဖေရဲ့ သန္ဓေသား ကိုယ်ဝန်ရှိသွားခဲ့တယ်ဆိုတာကို ဖေဖေ လုံးဝ မသိခဲ့ပါဘူး၊ ဒီလဆန်းမှာထွက်လာတဲ့ သတင်းစာတွေမှာ သမီး မိုးနတ်ကျွန်ုနွယ်ရဲ့ အဖေအလိုရှိသည် ကြော်ငြာကိုဖတ်ရတော့မှ မခင်အေးမှာ ဖေဖေနဲ့ ရခဲ့တဲ့ သမီး ရှိနေတယ်ဆိုတာကို သိရတာပါ။ သိလျှင်သိခြင်းပဲ မခင်အေးနဲ့ သမီး ရှိတဲ့နေရာကို လိုက်သွားခဲ့ပါတယ်၊ သားနဲ့တွေ့ရအောင် တစ်ပါတည်း ခေါ်လာခဲ့တာပါ"

ဦးတင်နွယ်က သားမောင်မောင်ဦးနှင့် ချွေးမသိဂီကို ပြောပြရာမှာ မခင်အေးတို့သားအမိကို ပြောပြသလောက် အသေးစိပ်ပြီး မပြောတော့ဘဲ မခင်အေး သိရှိရတာနာခြံထဲမှာ



နေစဉ်က မေတ္တာနယ်ကျွံပြီး မခင်အေးကို နှစ်ကြိမ်တိတိ ကာမဆက်ဆံခဲ့မိကြောင်းကိုသာ ဖွင့်ဟဝန်ခံလိုက်သည်။

နားထောင်နေကြသူတွေထဲက မခင်အေးတို့သားအမိနှင့် မသိဂီတို့က နားရှက်လို့ မျက်နှာတွေ အောက်ငုံ့ထားကြသည်။ သမိုင်းကရှိင်းခဲ့သည်။ ဒါပေမဲ့ ဇာတ်လမ်းကပြီးခဲ့ပြီ၊ နှစ်ပေါင်း ၂၅ နှစ်ကြာခဲ့ပြီ၊ ဘာထူးတော့မှာလဲ၊ ဘာတတ်နိုင်မှာလဲ၊ အဆိုးဆုံးတွေဖြစ်ပြီးခဲ့ပြီမို့ အကောင်းဆုံးဖြစ်အောင် ခရီးဆက်ကြဖို့သာ ရှိတော့သည်။

ဇာတ်ပေါင်းပြီဖြစ်လို့ ဇာတ်လမ်းစခဲ့သည့် နေရာလေးကို မခင်အေးက သွားကြည့်ချင်သည်ဆိုလို့ ခြံကြီးနောက်က အိမ်ကလေးကို သွားကြည့်ကြသည်။ အိမ်ကလေးသည် လူမနေတာ နှစ်ပေါင်းနှစ်ဆယ် ကျော်ပြီဖြစ်လို့ ခြုံတွေပေါက်နေသည်။ ဖုံတွေတက်နေသည်။ ပင့်ကူတွေအုံဖွဲ့နေသည်။ မခင်အေး အိပ်ခဲ့သည့် နေရာလေးမှာ ဖျာဟောင်းလေးတစ်ချပ် စုတ်စုတ်ပြတ်ပြတ်ဖြင့် ရှိနေသေးတာ တွေ့ရသည်။

မခင်အေးက သူအိပ်ခဲ့သည့် နေရာလေးကိုကြည့်သည်။ အမေ ဒေါ်အေးတင်အိပ်ခဲ့သည့် နေရာကိုကြည့်သည်။ အမေ ဒီနေရာလေးမှာ ဘုရားရှိခိုးခဲ့သည်။ မိမိရဲ့ အပျိုဘဝကို ဒီနေရာလေးမှာ ဆုံးရှုံးခဲ့ရသည်ဟု ကြည့်ပြီး ဝမ်းနည်းလာသည်။

"သမီး၊ ဒီနေရာမှာ သမီးအမေရဲ့ဗိုက်ထဲကို သမီး ရောက်ခဲ့တယ်"

ဦးတင်နွယ်က ဒေါ်ခင်အေးအပျိုဘဝက အိပ်ခဲ့သည့်နေရာကို လက်ညှိုးထိုးပြပြီး မိုးနတ်ဣန္ဒနွယ်ကို ပြောသည်။ မိုးက ဦးတင်နွယ်၏လက်ကိုကိုင်ပြီး သူ့အမေ ဒေါ်ခင်အေး၏ လက်နှင့် ပူးကိုင်ထားလိုက်သည်။ နှစ်ယောက်လုံးရဲ့ မျက်နှာတွေကိုကြည့်ပြီး ခေါ်သည်။

" ဖေဖေ နဲ့ မေမေ "

" သမီး၊ သမီး "

ကြည်နူးမြူးပျော်စရာ မြင်ကွင်းလေးဖြစ်သွားသည်။ ဒေါ်ခင်အေးသည် ဦးတင်နွယ်ထက် မောင်မောင်ဦးကို အလွမ်းသယ်နေသည်။

" မောင်လေး၊ နင်ငယ်ငယ်က ဒီနေရာလေးမှာ စာကျက်ရင်းအိပ်ပျော်သွားခဲ့တာ မှတ်မိသေးရဲ့လား "

" မမှတ်မိတော့ဘူး "

" လွန်ခဲ့တဲ့ ၂၅ နှစ်က၊ သားအိပ်ရာကနိုးလာတော့ သားရဲ့ကြီးကြီး ဒေါ်အေးတင်နဲ့ သားရဲ့မမအေးတို့ ရွာကိုပြန်သွားကြပြီလို့ သားရဲ့ မေမေက ပြောတော့ သားငိုခဲ့တာကိုရော မှတ်မိရဲ့လား "

" အဲဒါတော့ မှတ်မိတယ် "

" အဲဒီနေ့က မစားနိုင်၊ မအိပ်နိုင်ဖြစ်နေတယ်လေ "

ဒေါ်ခင်အေးသည် မောင်မောင်ဦး၏လက်ကိုဆွဲကိုင်ထားလိုက်သည်။ အဲဒီတုန်းက ဒေါ်ခင်အေးကလည်း မောင်မောင်ဦး



ကိုခွဲခဲ့ရလို့ လွမ်းနေခဲ့သည်။ သူ့မေတ္တာ ကိုယ့်မေတ္တာဆိုတဲ့သဘောဖြစ်မည်။ ဦးတင်နွယ်ကို ပြုံးကြည့်ပြီးမေးလိုက်သည်။

" အဲဒီတုန်းက ကျွန်မတို့သားအမိ ဒီအိမ်က ထွက်သွားတာဘာကြောင့်လို့ အစ်ကိုလေးထင်သလဲ "

" ဘာကြောင့်လဲဆိုတာကို နင့်မမလေးနဲ့ အစ်ကိုလေးတို့စဉ်းစားခဲ့ကြတယ်၊ အေးရဲ့ မမလေးဟာ သေတဲ့အထိ ဘာကြောင့်ဆိုတာကို သိမသွားဘူး၊ အစ်ကိုလေးကတော့ အေးရဲ့အဖြစ်ကို ဒေါ်အေးတင်သိသွားပြီး ဒီအိမ်က ယောကျ်ားတွေရဲ့အန္တရာယ် ကိုကြောက်လို့ ထွက်သွားတယ်လို့ ထင်ခဲ့မိတယ် "

" မဟုတ်ဘူး၊ ဒီအိမ်ကယောကျ်ားတွေကို မကြောက်ဘူး၊ ကျွန်မမှာ ကိုယ်ဝန်ရှိနေပြီလို့ အမေသိတဲ့အခါ သီရိရတနာမိသားစုရဲ့ ကျေးဇူးကိုဆပ်တဲ့အနေနဲ့ ထွက်သွားခဲ့ကြတာ "

ဒေါ်ခင်အေး၏စကားသည် ဦးတင်နွယ်၏ရင်ကိုထိသွားသဖြင့် ဒေါ်ခင်အေးကိုရော၊ မိုးကိုပါ လှမ်းဖက်လိုက်သည်။ ပင့်သက်ရှူပြီးပြောသည်။

" အေးတို့သားအမိ နစ်နာခဲ့တဲ့ဘဝအတွက် အစ်ကိုလေးပြန်လည်ပေးဆပ်ပါရစေ အေးရယ်၊ အေးနဲ့ သမီးလေးကိုအနီးကပ် စောင့်ရှောက်ပါရစေ "

" အေးရဲ့ လက်ကျန်ဘဝကို သီရိရတနာမှာ ပြန်လည်အခြေချပါ့မယ် အစ်ကိုလေးရယ် "

" သမီး လိုချင်နေတဲ့ အဖေရလို့ သမီးဘဝ ပြည့်စုံသွားပါပြီ ဖေဖေ "

အမှောင်ညဇာတ်လမ်းကို တည်ဆောက်ခဲ့သည့် တစ်ခါက အိမ်ကလေးမှ ပြန်လည်ထွက်ခွာလာခဲ့ကြသည်။ ဒေါ်ခင်အေး အတွက်တော့ သီရိရတနာက နေရာတိုင်းဟာ လွမ်းမော ဖွယ်ဖြစ်နေတော့သည်။ လူမှုန်းသိတတ်စ ငယ်ဘဝက နေခဲ့သည့် နေရာဖြစ်သည်။ အသက် ၁၈ နှစ်အရွယ်မှာ ဒီနေရာက ထွက်ခွာ သွားခဲ့သည့်အချိန်မှာ မိမိ၏ဗိုက်ထဲမှာ သမီးပါလာခဲ့သည်။

၂၅ နှစ်ကြာပြီးနောက် ဒီနေရာကို ပြန်ရောက်လာတော့ အတိတ်လွမ်းဝေဒနာကို ခံစားနေရသည်။

ပြန်လည်ဆုံစည်းမိကြသည့် သီရိရတနာမိသားစုကြီးသည် အိမ်ကလေးမှ အိမ်ကြီးထဲကို ပြန်ရောက်လာကြသည်။ ဒေါ်ခင်အေးသည် သီရိရတနာအိမ်ကြီးကို အလွမ်းပြေလျှောက် ကြည့်သည်။ အပေါ်ထပ်၊ အောက်ထပ်က ထမင်းစားခန်း၊ မီးဖိုခန်းပါမကျန် ကြည့်ပြီး သွားလေသူတွေကို သတိရနေသည်။ ကိုကိုခင်မောင်ကြီးကိုလည်း တွေ့ချင်သေးသည်။

မောင်မောင်ဦးသည် ပျောက်နေသည့် ကစားစရာအရုပ် ကိုပြန်တွေ့သည့် ကလေးတစ်ယောက်ပမာ ဒေါ်ခင်အေး နောက် က တကောက်ကောက်လိုက်ပါပြီး စကားတွေပြောနေသည်။

“ မမအေး မရှိတော့ဘူးဆိုတော့ ကျွန်တော်ငိုလိုက်ရတာ မမအေးရယ် ”

“ မမအေးလည်း မောင်လေးကို အမြဲသတိရနေတယ် ”

သီရိရတနာအိမ်ကြီး အောက်ထပ်ကဧည့်ခန်းထဲကို ပြန် ရောက်ကြသည့်အခါ ဦးတင်နွယ်က သမီးမိုးနတ်ကြွန္နာနွယ်နှင့်



သားမောင်မောင်ဦးတို့ကို အဖေတူအမေကွဲ မောင်နှမအရင်း ဆိုတာ အသိအမှန်ပြုစေလိုသည့်သဘောဖြင့် သားနှင့်သမီးကို လက်ချင်းကိုင်စေသည်။ တစ်ဦးကိုတစ်ဦး ဖက်စေသည်။

မောင်မောင်ဦးနှင့် မိုးနတ်ကြွန္နာနွယ်တို့ တစ်ဦးကိုတစ်ဦး ဖက်နေကြစဉ်မှာ ဦးတင်နွယ်နှင့် ဒေါ်ခင်အေးတို့က သားနှင့် သမီးကို သိုင်းဖက်လိုက်ကြသည်။ မိသားစု ပြန်လည်ဆုံတွေ့သည့် အထိမ်းအမှတ် ပြုလုပ်လိုက်ကြသည်။

“ ဖေဖေက မြန်မာရုပ်ရှင်တွေ အကြည့်နည်းတဲ့အတွက် သမီး ပါဝင်သရုပ်ဆောင်တဲ့ ဇာတ်ကားတွေကို မကြည့်ဖူးသေး ဘူး၊ သမီးအတွက် မိုးနတ်ကြွန္နာနွယ်ဆိုတဲ့ ဒီနာမည်ကို ဘယ်သူ ပေးတာလဲ၊ နာမည်မှာ နွယ်ဆိုတဲ့ အမည်ပါနေတဲ့အတွက် အေး ပေးတဲ့နာမည်ဖြစ်ရမယ် ”

“ မဟုတ်ဘူး အစ်ကိုလေး၊ သမီးမှာ နာမည်လည်းမရှိဘူး၊ ကျောင်းလည်းမနေသေးဘူး၊ ရုပ်ရှင်သရုပ်ဆောင်သင်တန်း တက်ရတော့မည်ဆိုတဲ့အခါ နာမည်မရှိလို့ သမီးကို သင်တန်း တက်ခိုင်းတဲ့ မောင်အောင်နိုင်လင်းက ပေးတဲ့နာမည်ပါ၊ သမီး က ကြာသပတေးသမီးမို့ မိုးနတ်နွယ်လို့ ပေးခဲ့တယ်၊ သမီးနှင့် အတူ သင်တန်းတက်နေတဲ့ ဘွဲ့ရသင်တန်းသူတစ်ယောက်က မိုးနတ်မယ်လို့ နာမည်ယူလိုက်တဲ့အတွက် သူ့ဆရာက မိုးနတ်နွယ် ကို မိုးနတ်ကြွန္နာနွယ်လို့ ပြောင်းလိုက်တယ် ”

ဦးတင်နွယ်ရော၊ မောင်မောင်ဦးတို့ပါ တအံ့တဩ ဖြစ်ကြ ရသည်။ ရုပ်ရှင်မင်းသမီး မိုးနတ်ကြွန္နာနွယ်သည် ကျောင်းမနေ

ဖူးရှုံသာမက၊ နာမည်တောင်မရှိသေးဟု သိရသောအခါ အံ့ဩရှုံသာမက စိတ်မကောင်းဖြစ်ကြရသည်။ ဒေါ်ခင်အေးတို့သားအမိနှစ်ယောက်သည် ဘဝကို ပင်ပန်းဆင်းရဲစွာ ဖြတ်သန်းခဲ့ကြရတာဖြစ်မည်ဟု တွေးမိကြ၍ဖြစ်သည်။

" ကျွန်မက သမီးကို သမီးလို့ပဲခေါ်ခဲ့တာပါ။ ကျွန်မတို့နေခဲ့တဲ့ရပ်ကွက်က ဆိုက္ကားသမားတွေနဲ့ ရပ်ကွက်ထဲကလူတွေက သမီးကို မိုး၊ မိုးမိုး၊ မိမိုး လို့ အမျိုးမျိုးခေါ်ခဲ့ကြတယ်၊ ကျွန်မတို့သားအမိ သူတို့ရပ်ကွက်ထဲက အကြော်တဲကိုရောက်လာတဲ့ နေ့က မိုးသည်းသည်းရွာလို့တဲ့၊ သမီးကို ဆိုက္ကားသမားတွေက မိမိုးလို့ ခေါ်ကြရာက အဲဒီနာမည် အတည်ဖြစ်သွားတယ်၊ ကြာသပတေးသမီးဖြစ်လို့ နေ့သင့်နံသင့်လည်း ဖြစ်သွားတယ်၊ အဲဒါ မိုးမိုး ကနေ မိုးနတ်နွယ် ဖြစ်တယ်၊ နောက်ဆုံး မိုးနတ်ကူနွာနွယ် ဖြစ်သွားတယ် "

ဦးတင်နွယ်သည် မိမိ၏ရင်သွေး သမီးလေးရဲ့ ကြမ်းတမ်းစွာဖြတ်သန်းခဲ့ရတဲ့ ဘဝခရီးကြမ်းကို ရိပ်စားမိပြီး သနားသွားသည်။ သမီးရဲ့ ပခုံးကိုဖက်ပြီးပြောသည်။

" ဘာပဲဖြစ်ဖြစ် သမီးနှင့်ဖေဖေ ပြန်လည်ဆုံတွေ့ဖို့အတွက် ပဋ္ဌာန်းဆက်ပါတယ်၊ ရေစက်ပါတယ်၊ သမီးရဲ့နာမည်မှာ ဖေဖေ့နာမည် နွယ်ဆိုတာပါနေတာဟာ သမီးဟာ ဖေဖေ့သမီးအစစ်ပဲဆိုတာကို သက်သေပြနေတာပဲ "



ဟုတ်ပါ့။ ဒေါ်ခင်အေးတောင် သတိမထားမိ၊ အခုမှ ဦးတင်နွယ် ပြောလို့သိတော့သည်။ အတော် ထူးခြားကံကောင်းသည့် တိုက်ဆိုင်မှုဖြစ်သည်။ မိသားစု ပြန်လည်ပေါင်းသင်းနေထိုင်ကြဖို့သာ လိုတော့သည်။

မောင်မောင်ဦးက ရုံးသွားရဦးမည်ဖြစ်လို့ ဒေါ်ခင်အေးနှင့် မိုးကို နှုတ်ဆက်ပြီး ထွက်သွားသည်။ မသီဂီက ဦးတင်နွယ်နှင့် ဧည့်သည်တွေကို နေ့လည်စာကျွေးသည်။ နေ့လည်စာစားပြီးတော့ မိုးက ရိုက်ကွင်းကိုသွားစရာရှိသည်ဆိုလို့ ဦးတင်နွယ်က ဒေါ်ခင်အေးတို့ သားအမိကို ကားဖြင့် ကိုယ်တိုင်မောင်းပြီး ပြန်ပို့သည်။

ဦးတင်နွယ်သည် ဒေါ်ခင်အေးနှင့် မိုးကို သူတို့အိမ်မှာထားခဲ့ပြီး ပြန်လာသောအခါ ရင်ထဲမှာ ဟာဟာတာတာ ဖြစ်နေသည်။ မခင်အေးကို တရားဝင်လက်ထပ်ပြီး သမီးနှင့်အတူ နေဖို့စိတ်စောနေသည်။

○

# ( ၄၄ )

ဒေါ်ခင်အေးနှင့် မိုးတို့အိမ်သို့ ဦးတင်နွယ် ရောက်လာသည့်အချိန်ဟာ နံနက် ၇ နာရီပဲရှိသေးသည်။ မိုးတောင် အိပ်ရာက မထသေးသည့်အချိန်ဖြစ်သည်။ အိမ်ထဲကို ဝင်သွားတော့ အိမ်ဖော် ကောင်မလေးကိုသာ ဧည့်ခန်းမှာတွေ့သည်။

ဦးတင်နွယ်သည် ဆန္ဒစောနေလို့ ညကလည်း ကောင်းစွာ အိပ်မပျော်ဖြစ်နေခဲ့သည်။ ဒေါ်ခင်အေးကို အသက် ၁၈ နှစ်အရွယ် ဆယ်တန်းကျောင်းသူဘဝကစပြီး ရင်ခုန်နေခဲ့တာဖြစ်သည်။ မိမိရဲ့ ဂုဏ်နှင့်သိက္ခာကို မငဲ့နိုင်ဘဲ အရဲစွန့်ပြီး မလုပ်သင့်တာကို လုပ်ခဲ့မိသည်။

အခုတော့ မခင်အေးက အသက်လေးဆယ်ကျော်၊ မိမိက အသက်ခြောက်ဆယ်ကျော်မှ ပြန်ဆုံကြပြီး တရားဝင်လက်ထပ်



ယူမည်ဆိုသည့်ဆန္ဒဖြင့် စိတ်လှုပ်ရှားပြီး အိပ်မပျော်လို့ မိုးလင်းခါနီးမှ တစ်မှေးလောက် အိပ်ပျော်သွားသည်။ စောစောနိုးပြီး ဆက်အိပ်လို့ မရတော့သည့်အတွက် ဒေါ်ခင်အေး ရှိရာကို စောစောထွက်လာခဲ့တာဖြစ်သည်။

အိမ်ဖော်မလေးက သွားပြောလို့ ဒေါ်ခင်အေး အပေါ်ထပ်ကဆင်းလာသည်။ သူလည်း အတွေးအမျိုးမျိုးကြောင့် အိပ်မပျော်ဘဲ စောစောနိုးနေတာဖြစ်မည်။ ကပိုကယို အနေအထား မဟုတ်ဘဲ ဖီးလိမ်းပြင်ဆင်ပြီး သပ်ယပ်စွာ ဝတ်စားထားသည်။ ဒီနေ့လည်း ဦးတင်နွယ် လာဦးမည်ဆိုတာကို သိနေလို့ဖြစ်မည်။

ဦးတင်နွယ်က ထိုင်နေရာမှ ထလာပြီး ဒေါ်ခင်အေး၏ လက်ကိုဆွဲကိုင်လိုက်သည်။ ဒေါ်ခင်အေးကလည်း အလိုက်သင့် လိုက်ပါသွားပြီး နှစ်ယောက်ထိုင် ဆိုဖါပေါ်မှာ အတူယှဉ်တွဲ ထိုင်ချလိုက်ကြသည်။

“ အစ်ကိုလေး အစောကြီးရောက်လာပါလား ”

“ ညက တစ်ညလုံး အိပ်လို့မပျော်ဘူး၊ မနေ့ကတည်းက ဖြစ်နိုင်လျှင် ဒီအိမ်မှာညအိပ်ချင်တယ်၊ မသင့်တော်လို့ ပြန်သွားရတာ ”

ဒေါ်ခင်အေးက ပြုံးပြီးခေါင်းငုံ့ထားသည်။ ဦးတင်နွယ်ကတော့ ဒေါ်ခင်အေး အပျိုလေးဘဝကတည်းက ရင်ခုန်ပြီး သမာဓိ ပိုးပိုးနေခဲ့တာဖြစ်သည်။ နောက်ဆုံး မနေနိုင်တော့လို့ မလုပ်သင့် မလုပ်ထိုက်တာကို လုပ်ခဲ့မိသည်။

ဒေါ်ခင်အေး အတွက်တော့ ဦးတင်နွယ်သည် အလွန်ရိုသေလေးစားရသည့် မမလေးသီရိခင်၏လင်၊ သူဌေးသားမက်၊

ခေတ်ပညာတတ်၊ ဂုဏ်သရေရှိလူကြီး လူကောင်းဖြစ်လို့ လင်အဖြစ် စိတ်ကူးဝံ့ဖို့ဆိုတာအသာထားလို့ ရဲရဲတောင်မကြည့်ရဲသည့်ဘဝဖြင့် နေခဲ့ရသည်။ မိမိကို ညအမှောင်ထဲမှာ နှစ်ကြိမ်တိတိ သားမယားအဖြစ် ဆက်ဆံခဲ့တာ ဦးတင်နွယ်လို့ သိရသည့်အခါ အရမ်းအံ့သြခဲ့ရသည်။ ဦးတင်နွယ်မဟုတ်ဘဲ ကိုကိုခင်မောင်ကြီးသာဆိုလျှင် ကောင်းမှာပဲလို့ တွေးခဲ့မိသည်။ အခုတော့ ဦးတင်နွယ်သည် သမီး၏အဖေအရင်း ဖြစ်နေသည့်အတွက် အဖေလိုချင်နေသည့် သမီးအတွက် ဦးတင်နွယ်ကို လက်ထပ်တော့မည်ဟု ဆုံးဖြတ်ထားသည်။

" အေးနဲ့ အစ်ကိုလေးတို့ တရားဝင်လက်ထပ်ကြရအောင်၊ အေး ဘယ်လိုသဘောရလဲ "

" အစ်ကိုလေး သဘောပါ၊ အေး သဘောတူပါတယ် "

" အစ်ကိုလေးကြောင့် အေးတို့သားအမိ ဒုက္ခရောက်ခဲ့ရတဲ့ နစ်နာဆုံးရှုံးမှုကို အစ်ကိုလေး ပြန်လည်ပေးဆပ်ချင်တယ်၊ အခုအချိန်ကစပြီး အေးရဲ့ဘဝ သာယာလှပ အေးချမ်းပါစေ့မယ်၊ အစ်ကိုလေး ကတိပေးပါတယ် "

ဦးတင်နွယ်က ပြောပြီး ဒေါ်ခင်အေးရဲ့ လက်ချောင်းတွေကို ဆုပ်ကိုင်ဖျစ်နယ်ပေးနေသည်။ ဒေါ်ခင်အေးက ကျေနပ်သည့်သဘောဖြင့် ဦးတင်နွယ်၏ပခုံးမှာ ခေါင်းမှီထားလိုက်သည်။ ဒီအချိန်မှာ အိမ်ရှေ့က ဆလွန်းကားတစ်စီး ဆိုက်ရောက်လာသည်။ မိုးကို လာခေါ်သည့် ရုပ်ရှင်ကုမ္ပဏီက ကားဖြစ်နေသည်။ ဆလွန်းကားပေါ်က မောင်အောင်နိုင်လင်း ဆင်းလာသည်။ မင်းသမီးကို ခင်ပွန်းလောင်း ရုပ်ရှင်ဒါရိုက်တာကိုယ်တိုင် လာခေါ်တာဖြစ်သည်။ အောင်နိုင်လင်းက ဧည့်သည်မဟုတ်သည့်အတွက် အိမ်ရှင်တစ်ယောက်သဖွယ် ဧည့်ခန်းထဲကို ဝင်လာပြီး ဒေါ်ခင်အေး၏ အနီးကဆိုဖာမှာ ဝင်ထိုင်လိုက်သည်။



" မိုး မနိုးသေးဘူးလား အစ်မ "

" နိုးနေပါပြီ၊ ရေချိုးနေတယ်၊ မင်းကို မိတ်ဆက်ပေးရဦးမယ်၊ ဟောဒါ မိုးရဲ့ဖေဖေ ဦးတင်နွယ်၊ အစ်ကိုလေး သူက မကြာမီ သမီးနဲ့လက်ထပ်တော့မည့် ရုပ်ရှင်ကုမ္ပဏီပိုင်ရှင် ဒါရိုက်တာ အောင်နိုင်လင်း၊ သမီးကို ရုပ်ရှင်မင်းသမီးဖြစ်အောင် ပခုံးနဲ့ထမ်းတင်ခဲ့တဲ့ ကျေးဇူးရှင်ပဲ "

အောင်နိုင်လင်းသည် ထိုင်ရာမှ ဆတ်ကနဲထပြီး ဦးတင်နွယ်ကို လက်အုပ်ချီသည်။ မိုးရဲ့အဖေဆိုသည့်အတွက် အံ့သြသည့် အမူအရာတော့ဖြစ်သွားသည်။ ဘာဖြစ်လို့လဲဆိုတော့ ဒေါ်ခင်အေး နှင့် မိုးရဲ့အဖေဟာ မိုး ကိုယ်ဝန်ခြောက်လလောက်ကပင် စိတ်သဘောချင်းမတိုက်ဆိုင်လို့ ကွဲခဲ့ကြသည်လို့ သိထား၍ဖြစ်သည်။ အခု ဘယ်လိုပြန်ရောက်လာပြီး အတူတွဲထိုင်နေကြတာပါလိမ့်ဆိုတဲ့ အတွေးဖြင့် အံ့သြသွားတာဖြစ်မည်။ ဘာပဲဖြစ်ဖြစ် မိုးရဲ့အဖေဆိုသည့်အတွက် ယောက္ခမလောင်းဖြစ်လို့ ရှိသေသဖြင့် လက်အုပ်ချီလိုက်တာဖြစ်သည်။

" မိုးကို ရုပ်ရှင်သရုပ်ဆောင်ဖြစ်အာင် တွန်းပို့ တင်ပေးခဲ့တာကတော့ဟုတ်ပါတယ်၊ ကျေးဇူးရှင်တော့ မဟုတ်ပါဘူး၊ မိုးမှာ သရုပ်ဆောင်အရည်အချင်းရှိလို့ မင်းသမီး ဖြစ်လာတာပါ။ သူ့အရည်အချင်းနဲ့သူ ဖြစ်လာတာပါ "

“ မင်းရဲ့ ပံ့ပိုးမှုကြောင့်ဖြစ်လာတာပါကွယ်၊ မင်းနဲ့သာ မတွေ့လျှင် အစ်မတို့သားအမိ အကြော်သည်ဘဝက တက်မှာ မဟုတ်ပါဘူး ”

ဒေါ်ခင်အေးက အောင်နိုင်လင်း၏ ကျေးဇူးကို ဖော်ထုတ်ပြောနေသဖြင့် ကာယကံရှင် အောင်နိုင်လင်းက ဘာမှမပြောတော့ဘဲ ငြိမ်ပြီးနားထောင်နေလိုက်တော့သည်။ မိုး အပေါ်ထပ်ကဆင်းလာတာ မြင်လိုက်ကြလို့ မိုးကို ဝိုင်းကြည့်နေကြသည်။ ဦးတင်နွယ်က အသက် ၂၅ နှစ်တောင်ရှိနေပြီဖြစ်တဲ့ မိမိရဲ့သမီးအရင်းကို ကြည့်လို့မဝဖြစ်နေသည်။ မိုးကို သူ့ဘေးမှာလာထိုင်ဖို့ခေါ်သည်။

“ သမီး လာ ဒီမှာထိုင် ”

မိုးက ဦးတင်နွယ်၏ အနီးမှာဝင်ထိုင်ပြီး ဦးတင်နွယ်လက်မောင်းကိုဖက်ကိုင်ထားလိုက်သည်။ တကယ့်ကို အဖေ ငတ်နေသည့် သမီးတစ်ယောက်ဆိုတာ ပြလိုက်ခြင်းဖြစ်သည်။ မိုးသည် ရုပ်ရှင်သရုပ်ဆောင် မင်းသမီးဆိုသော်လည်း တည်ငြိမ်အေးဆေးသည်။ စကားနည်းသည်။ အပိုစကားမပြောတတ်၊ မူရာမာယာမများတတ်၊ မိမိ တစ်ခါမျှ မမြင်ဖူး၊ မတွေ့ဖူးသည့် အဖေအရင်းနှင့် ပြန်တွေ့သောအခါ ရုပ်ရှင်ဇာတ်ကားတွေထဲမှာလို သဘာဝလွန် အမူအရာတွေမလုပ်ဘဲ သဘာဝကျသည့် ဝမ်းသာမှုကိုပဲပြသည်။

မိုး၏ အဲဒီပင်ကိုယ်စရိုက်ကို ဒါရိုက်တာ အောင်နိုင်လင်းက ကြိုက်တာဖြစ်သည်။ မိုး အောင်မြင်တာဟာ အဲဒီလို သဘာဝ



ကျသည့် သရုပ်မှန်အမူအရာကြောင့်ဟု ပြောဖူးသည်။ မိုးသည် ဒါရိုက်တာသင်သည့်အတိုင်း တိတိကျကျ သရုပ်ဆောင်သည်။ မိမိ အတွေးအခေါ် အယူအဆဖြင့် ကိုယ်လုပ်ချင်တာလုပ်မည်ဆိုပြီး အပိုအလိုမလုပ်သည့်အတွက် ဒါရိုက်တာတွေက သဘောကျသည်။

မိုးမှာ ထူးခြားသည့် ပါရမီဇာတ်ခံတစ်ခုတော့ရှိသည်။ ဇာတ်လမ်းအရ ဇာတ်ရုပ်ပီအောင် သရုပ်ဆောင်ရတော့မည်ဆိုလျှင် ဝတ္ထုထဲကဇာတ်ကောင်စရိုက် ပူးဝင်ပြီး ပင်ကိုယ်စိတ်ပျောက်ကာ သရုပ်ဆောင်တော့သည်။ ဒါရိုက်တာက ကတ်လို့ အော်ပြီးဖြတ်လိုက်တာနဲ့ ပူးကပ်ဝင်ရောက်နေသည့် ဝတ္ထုထဲက ဇာတ်ကောင်စရိုက် ပြေးထွက်ပျောက်ကွယ်သွားတော့သည်။ အဲဒါဟာ မိုး၏ ထူးခြားချက်ဖြစ်သည်။ မိုး၏ အဲဒီထူးခြားချက်ကို အောင်နိုင်လင်းက သတိထားမိပြီး သဘောကျနေတာဖြစ်သည်။

မိုး စကားနည်းတာနှင့် သရုပ်လွန် ဟန်မဆောင်တတ်တာဟာ သူ့အဘိုး၊ ဒေါ်ခင်အေး၏အဖေ ဦးခင်ထွန်းကို တူတာဖြစ်မည်ဟု ဒေါ်ခင်အေး တွေးမိသည်။ ဒေါ်ခင်အေးသည် သူ့အဖေ ဦးခင်ထွန်း၏ စရိုက်ကို ကောင်းစွာမသိလိုက်သော်လည်း အမေ ဒေါ်အေးတင် ပြောဖူးတာကိုမှတ်မိနေသည်။

“ ညည်းအဖေက လူအေး၊ စကားနည်းတယ်၊ ဟန်ဆောင်ပန်ဆောင်မတတ်ဘူး ”

အမေ ပြောဖူးသည့်စကားကို ကြားယောင်ပြီး သမီးမိုး၏ စရိုက်သည် အဖေ့ စရိုက်ဖြစ်လိမ့်မည်ဟု ဒေါ်ခင်အေး တွေးမိသည်။ မိုးက သူ့အဖေနှင့် အောင်နိုင်လင်းကို မိတ်ဆက်ပေးသည်။

" ဆရာ ဒါ မိုးရဲ့ဖေဖေ ဦးတင်နွယ်၊ မိုးရဲ့မေမေနဲ့ စိတ်သဘောချင်းမတိုက်ဆိုင်လို့ ကွဲကွာနေကြရာမှ အခု ပြန်ပေါင်းကြတယ် "

" ဝမ်းသာလိုက်တာ အန်ကယ်ရယ်၊ မိုးရဲ့ မင်္ဂလာပွဲမှာ နှစ်ဘက်မိဘအစုံအလင် ဖြစ်သွားတာပေါ့ "

" အန်ကယ်လည်း ဝမ်းသာပါတယ်၊ ငါ့တူ မိဘတွေက ဘယ်ကလဲ "

" ဟင်္သာတမြို့ကပါ။ စပါးကုန်သည်၊ ဆန်ကုန်သည်တွေပါ၊ ဆန်စက်ပိုင်ရှင်ပါ "

" ကုန်သည်မျိုးရိုးကနေ ဘယ်လိုကြောင့် ရုပ်ရှင်ဒါရိုက်တာဖြစ်သွားတာလဲ "

" ကျွန်တော့်ဦးလေးကြောင့်ပါ၊ ရှုတိုင်းယဉ်ကုမ္ပဏီရဲ့ ကင်မရာမင်း ဦးဝကြီးရဲ့ အိမ်မှာနေပြီး တက္ကသိုလ်တက်ရင်းကနေ ဦးလေးရဲ့ အလုပ်ကို ကူလုပ်ပေးရင်း ဝါသနာပါသွားတာပါ။ ပထမတော့ ဓာတ်ပုံဆရာ၊ ကင်မရာမင်းလုပ်မလို့ပဲ၊ နောက် တော့ ဒါရိုက်တာလုပ်ဖြစ်သွားတယ်၊ အခုတော့ မိုးရဲ့ နာမည်ကို ကြိုက်လို့ ဣန္ဒာနွယ်ရုပ်ရှင်ကုမ္ပဏီထောင်လိုက်တယ် "

အခုတော့ ဣန္ဒာနွယ်ရုပ်ရှင်ထုတ်လုပ်ရေးက ကိုယ်ပိုင်မင်းသမီးမိုးနတ်ဣန္ဒာနွယ်နှင့် ရွှေညောင်ပင်ဆိုက္ကားဂိတ်က ဆိုက္ကားသမားတွေနှင့် အလုပ်လက်မဲ့တွေကို မီးထိုး၊ မှန်ထောင်၊ လူကြမ်းသရုပ်ဆောင် တွေအဖြစ် အလုပ်ပေးထားသည်ဟု ဆိုပါသည်။ ရွှေညောင်ပင် ဆိုက္ကားဂိတ်ဆိုတာ ဒေါ်ခင်အေးနှင့် မိုးတို့ အကြော်သည်ဘဝ ဖြင့်နေခဲ့သည့် ရပ်ကွက်ထဲက ဆိုက္ကားဂိတ်ဖြစ်သည်။ အဲဒီဂိတ်က ဆိုက္ကားသမားတွေကို ရုပ်ရှင်လုပ်သားတွေအဖြစ် အလုပ်ခန့်ထားသည်ဟုဆိုသည်။ ဒါက ဒေါ်ခင်အေးနှင့် မိုးတို့ရဲ့ မေတ္တာရပ်ခံချက်ကြောင့် အောင်နိုင်လင်းက အလုပ်ခန့်တာဖြစ်သည်။



အောင်နိုင်လင်းက နာရီကိုကြည့်သည်။ မိုးကလည်း နံရံကနာရီကိုမော့ကြည့်သည်။ သူတို့အလုပ်ရှိရာ ရိုက်ကွင်းကိုသွားစရာရှိတာဖြစ်မည်။

" ကျွန်တော်တို့ အလုပ်သွားလိုက်ပါဦးမယ် အန်ကယ်၊ ရိုက်လက်စ ဇာတ်ကားရိုက်ပြီးသွားလျှင် မိုးနှင့်ကျွန်တော် လက်ထပ်ကြတော့မယ် "

" ကောင်းပါတယ်၊ လုပ်စရာရှိတာလုပ်ကြ "

အောင်နိုင်လင်းနှင့် မိုးတို့သည် ဦးတင်နွယ်နှင့် ဒေါ်ခင်အေးတို့ကို နှုတ်ဆက်ပြီး သူတို့အလုပ်ရှိရာကို ကားမောင်းပြီး ထွက်ခွာသွားကြသည်။

သမီးနှင့်သားမက်လောင်းတို့ ထွက်ခွာသွားကြပြီဆိုသည့် အခါ တိုက်ကြီးထဲမှာ ဦးတင်နွယ်နှင့် ဒေါ်ခင်အေး နှစ်ယောက်တည်းသာ ကျန်ခဲ့တော့သည်။ အိမ်ဖော်မိန်းကလေးက မီးဖိုဆောင်မှာ သူ့အလုပ်တွေသူလုပ်နေသည်။

ဧည့်ခန်းကြီးထဲမှာ နှစ်ယောက်တည်းရှိသည့်အခါ ဦးတင်နွယ်၏ရင်မှာ ငယ်ချစ်ဝေဒနာတွေ ပြန်ပေါ်လာသည်။ ငယ်ဂုဏ်ဖော်ချင်စိတ်တွေ ဖြစ်လာသည်။ ဒေါ်ခင်အေးကို အသာအယာ ဆွဲဖက်လိုက်သည်။ ဒေါ်ခင်အေးကလည်း အလိုက်သင့် ယိမ်းယိုင် ပူးကပ်သွားလိုက်သည်။ ဦးတင်နွယ်က ဒေါ်ခင်အေး၏ပါးကို ရွရွလေး မွှေးလိုက်သည်။

ဒေါ်ခင်အေး၏ဘဝမှာ လိင်မတူသော ယောကျ်ားတစ်ယောက်၏အနမ်းကို မိမိကိုယ်တိုင်သိလျက်ဖြင့် အနမ်းခံရတာ ဒါဟာ ပထမဦးဆုံးအကြိမ်ဖြစ်သည်။ ဦးတင်နွယ်၏ အနမ်းကို ခံရတာကတော့ ဒါဟာ ပထမဦးဆုံးအကြိမ်မဟုတ်၊ ဦးတင်နွယ် ခိုးနမ်းတာကို အသက် ၁၈ နှစ်အရွယ်မှာ နှစ်ကြိမ်ခံခဲ့ရပြီးဖြစ်သည်။ အဲဒီတုန်းက နှစ်ကြိမ်အနမ်းခံခဲ့ရတာဟာ အခုတစ်ခါ အနမ်းခံရတာလောက် ရင်မခုန်ခဲ့တာကို သတိပြုမိသည်။

" ဒီနေ့ပဲ တရားရုံးကိုသွားပြီး အေးကို တရားဝင်လက်ထပ်ချင်တယ် "

ဒေါ်ခင်အေးက အသက် ၁၈ နှစ်အရွယ် ဆယ်တန်းကျောင်းသူလေးလိုဖြစ်သွားပြီး ဦးတင်နွယ်ရင်ခွင်မှာ ခေါင်းမှီပြီး သဘောတူကြောင်း ခေါင်းညိတ်ပြလိုက်သည်။

ဒေါ်ခင်အေးက သဘောတူတော့ ဦးတင်နွယ်က ဒေါ်ခင်အေး၏လက်ကိုဆွဲပြီး ထရပ်လိုက်သည်။ ကဲ သွားကြမယ် ဆိုသည့်သဘောဖြစ်သည်။ တရားရုံးကို သွားကြတော့မည်ဆိုတော့ ဒေါ်ခင်အေးက အဝတ်အစားလဲဦးမည်ဟုဆိုသည်။



ဒေါ်ခင်အေး အဝတ်အစားလဲရန် အပေါ်ထပ်ကိုတက်မည်ဆိုတော့ ဦးတင်နွယ်ကပါ ဒေါ်ခင်အေး၏လက်ကိုကိုင်ပြီး အပေါ်ထပ်ကို တက်လိုက်သွားသည်။ အပေါ်ထပ်မှာ ဒေါ်ခင်အေး၏ အိပ်ခန်းရှိသည်။ ဒေါ်ခင်အေး အဝတ်အစားလဲရန် အိပ်ခန်းထဲကိုဝင်သွားလျှင် ဦးတင်နွယ်ကလည်း ဒေါ်ခင်အေး၏ အိပ်ခန်းထဲကို ဝင်လိုက်သွားမှာသေချာသည်။

တစ်ခုတော့ စဉ်းစားစရာရှိသည်။ အပေါ်ထပ်မှာ ဘုရားခန်းလည်းရှိသည့်အတွက် တူစုံမောင်မယ် ဘုရားဝတ်ပြုပြီး ရာသက်ပန် ရိုးမြေကျ ပေါင်းရပါစေသားလို့ ဆုတောင်းဖို့အတွက် အပေါ်ထပ်ကို တက်လိုက်သွားတာလည်းဖြစ်နိုင်သည်။

ဝဝဝ

**ပြီးပါပြီ**
**ညားသူတိုင်းချစ်နိုင်ကြပါစေ။**
**အဏ္ဏဝါစိုးမိုး**

ဒီတစ်ခေါက်သွားတက်ရမယ့် သင်္ဘောမှာ R/O မရှိဘူးဆိုရင်
ဒီစာအုပ်ကိုဆောင်သွားမှဖြစ်မယ်

## ဦးစိုးမြင့် (Radio officer)

## ဒီပ်ဆောင် R/O




**ထွက်နေပါပြီ**

◆စာမူခွင့်ပြုချက်အမှတ် - ၁၂၇/၂၀၀၂(၂)။

**အဏ္ဏဝါစာပေ**

အမှတ် ၃၅၇(က)၊ ပြည်သာယာလမ်း၊ (၁၆/၃)ရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
☎ ၅၇၈၆၆၀၊ ၀၉-၅၁၆၆၄၁၂။

ရေဒီယိုဆက်သွယ်ရေးအရာရှိ ဦးစိုးမြင့်၏ သင်္ဘောသားလုပ်သက် (၁၈)နှစ်အတွင်းမှာ သင်္ဘောကုမ္ပဏီ (၇)ခု၊ သင်္ဘော (၁၃)စီးတွင် အမှုထမ်းရင်းရောက်ခဲ့ဖူးသည့် နိုင်ငံပေါင်း (၆၅) နိုင်ငံက အတွေ့အကြုံများကို ရေးသားထားပါသည်။

စာရေးသူနှင့် ထိတွေ့ဆက်စပ်ခဲ့ဖူးသည့် သင်္ဘောသားလောကမှ ပုဂ္ဂိုလ်များ၊ သင်္ဘောသား သူငယ်ချင်းများ၊ မိတ်ဆွေများ၏ အမည်များနှင့် ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာများကို နေရာဒေသ၊ အချိန်ကာလနှင့်တကွ ဖော်ပြထားပါသည်။




**ထွက်နေပါပြီ**

စာမူခွင့်ပြုချက်-၄၀၀၅၅၆၀၅၀၆။ မျက်နှာဖုံးခွင့်ပြုချက်-၄၀၀၆၅၁၀၅၀၇။

**အဏ္ဏဝါစာပေ**

အမှတ် ၃၅၇(က)၊ ပြည်သာယာလမ်း၊ (၁၆/၃)ရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
☎ ၅၇၈၆၆၀၊ ၀၉-၅၁၆၆၄၁၂။